တောင်စလင်းဆရာတော်

## ဦးဝိစိတ္တ (ဝါခင်းကုန်း)

ဟောကြားတော်မူသော

# ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း

တရားတော်

၉၂

၂၅၅၃၁

တောင်စလင်းဆရာတော်

ဦးတိက္ခ (ဝါခင်းကုန်း)

ဟောကြားတော်မူသော

# ညီတော် အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း တရားတော်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် (၃၂/၉၁) (၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၁၅/၉၁) (၁၀)

*

ပထမအကြိမ်–ပုံနှိပ်ထုတ်ဝေခြင်း

*

၁၉၉၁ ခု၊ နိုဝင်ဘာလ

*

အုပ်ရေ[၂၀၀၀]

*

အဖုံးရိုက်–သီရိနန္ဒာ ပုံနှိပ်တိုက်

*

တန်ဖိုး ၃၀ ကျပ်

ဦးနန္ဒ (၀၂၅၄၅)၊ မော်ကွန်းသစ်စာပေ၊ အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးနန္ဒ (၀၃၅၉၇) သီရိနန္ဒာ ပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

**ဘဒ္ဒန္တကုမာရ**

(အဂ္ဂမဟာပဏ္ဍိတ)

တွဲဖက်အကျိုးတော်ဆောင်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

မဟာဝိသုတာရာမကျောင်းတိုက်၊ မကွေးမြို့။

စာအမှတ် ——    နေ့စွဲ၊ ၁၃၅၃ ခုနှစ် [illegible] လဆုတ်-၄-ရက်။

သို့

ဆရာတော်ဦးတိက္ခ

ကျောင်းခလေးတိုက်

မန္တလေးမြို့

ပေးပို့အပ်လာပါသော " [illegible] မရှိနိုင် [illegible] တရားတော် " စာမူကို အစအဆုံး ဖတ်ရှုကြည့်ရာ ဤတရားတော်တွင်ပါရှိသည့် [illegible] အားထုတ်ဖွယ်ရာများ၊ သံဝေဂယူဖွယ်အကြောင်းအရာများ၊ ဝိပဿနာ [illegible] လမ်းများ စသော [illegible] ပါဝင် [illegible] များ၊ [illegible] တရားတော် [illegible] ကြောင်း မှတ်ချက်ပြုအပ်ပါသည်။

(လက်မှတ်)

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
မဟာဝိသုတာရာမတိုက်သစ်
မကွေးမြို့။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်
၁၃၅၀-ခုနှစ်

## "ရွှေစက်တော်အရှင်၏ မိတ်ဆက်"

ဤအရှင်သည် ဆရာတော် ဦးတိက္ခကို ၁၃၃၉-ခုနှစ်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ပန်းပင်ကြီးလမ်း တရားပွဲ၌ စတင်တွေ့ဆုံခဲ့ရသည်။ ဆရာတော်က မန္တလေးမှအကြွ၊ ဤအရှင်က ရွှေစက်တော်မှအလာ ဓမ္မကထိက ဝန်ဆောင်ခြင်းဖြင့် ဆုံဖြစ်ကြရသည်။ ပန်းပင်ကြီးလမ်း တရားပွဲ အကျိုးဆောင် ဒါယကာကြီး ဦးမြင့်စွမ်းက ဆရာတော်နှင့် ဤအရှင်၏ တရားပွဲစဉ်များကို တာဝန်ယူ စီစဉ်ပေးသဖြင့် ပို၍ ရင်းနှီးခွင့် ရခဲ့ပါသည်။

ဆရာတော်သည်—

(က) ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း
(ခ) ရှင်ကောဏ္ဍည ပရိနိဗ္ဗာန်စံခန်း
(ဂ) ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း
(ဃ) ရှင်ဝက္ကလိ ပရိနိဗ္ဗာန်စံခန်း
(င) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံခန်း

စသည်တို့ကို ကျွမ်းကျင်စွာ အဟောကောင်းခြင်းဖြင့် ဓမ္မကထိကနယ်တွင် ထင်ရှားလာခဲ့ပေသည်။

## (သ) "ဒွေစက်တော်အရှင်၏မိတ်ဆက်"

၁၃၄၆ - ခုနှစ်တွင် ဝက္ကလိထေရာပဒါန်နှင့် ရှင်ဝက္ကလိ ပရိနိဗ္ဗာန်စံခန်းကို စာအုပ်ထုတ်ဝေကာ စာပေနယ်သို့ ဆရာ တော် ဝင်လာခဲ့သည်။

စူဠဂေါသိင်္ဂသုတ္တန် ဟောစဉ် တရားတော်ကိုလည်း ဒုတိယ မြောက် ထုတ်ဝေခဲ့ပေသည်။

ဤအရှင်သည် ဆရာတော် တာဝန်ယူ စီစဉ်ပေးသဖြင့် မန္တလေးမြို့တွင် တရားဟောခွင့် ရခဲ့၏။ တောင်စလင်းတိုက်၊ မဟာအောင်မြေ ဓမ္မဗိမာန် (သိန်း ၂၀ တန်) ရေစက်ချအလှူ ပွဲတွင် ဤအရှင်က တစ်ကဏ္ဍ ပါဝင်ဟောပြောခွင့် ရပြန်ပါ သည်။

၁၃၅၂-ခုနှစ် ဝါတွင်း မန္တလေးသို့ တရားပွဲရောက်သော အခါ—

"ဦးတေဇော တပည့်တော် ရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း စာမူပြုထားတယ်၊ အရှင်ဘုရားလဲ ဟောဖူးနေတဲ့ တရားပဲ၊ စာအုပ်ဖြစ်လာဖို့ ကြည့်ရှုဆောင်ရွက်ပါ"ဟု တာဝန်ပေးအပ် သဖြင့် ရန်ကုန်ရောက်သောအခါ စာပေစိစစ်ရေးနှင့် သာသ နာရေးဌာနများတွင် စာမူခွင့်ပြုချက်ရရန် စီစဉ်ရပါသည်။

ထို့နောက် စာမူတွင် မာတိကာစဉ်ခြင်း၊ မူရင်းကျမ်းတို့နှင့် တိုက်ဆိုင်ခြင်း၊ စကားလုံး ကျစ်လျစ်အောင် တည်းဖြတ်ခြင်း များ ပြုခဲ့ပါသည်။

စာမူ စီစဉ်ထားပုံမှာ တိပ်ခွေငါးခွေမှ ကူးယူထားခြင်း ဖြစ်ရာ နှစ်ညတာဟောကြားခဲ့သော တရားဖြစ်၍ ပြည့်စုံလှ ပါသည်။ စာအုပ်အဖြစ်မူ—

(၁) စကားပလ္လင်အပိုင်း

(၂) ရှင်အာနန္ဒာ မထေရ်လောင်း ကမ္ဘာတစ်သိန်းမှ ဆုတောင်းခဲ့ပုံအပိုင်း

(၃) နောက်ဆုံးဘဝ အနုပိယသရက်ဥယျာဉ်တွင် ရဟန်း ပြုတော်မူပုံ

(၄) အရှင်အာနန္ဒာ၏ သောတာပန်တည်ပုံ

(၅) မြတ်စွာဘုရားထံတွင် အလုပ်အကျွေးရာထူး ရရှိရန် တောင်းဆုလေးပါး ပယ်ဆုလေးပါး တောင်းခဲ့ပုံ၊ ဧတဒဂ်ငါးတန်ရာထူးခံ၍ သာသနာနယ်တွင်ထင်ရှား ခဲ့ပုံ၊ ၂၅-နှစ်ကြာ မြတ်စွာဘုရားအားပြုစုလုပ်ကျွေး ခဲ့ပုံ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပုံ၊ ဇေတဝန် ကျောင်း ပြန်ရောက်သောအခါ မြတ်စွာဘုရားအား လွမ်းဆွတ်၍ ရှင်အာနန္ဒာငိုကြွေးနေပုံ

(၆) တစ်ညဉ့်တာ ရသော အချိန် အတွင်း ရဟန္တာဖြစ် အောင် အားထုတ်ခဲ့ပုံ၊ ပထမ သင်္ဂါယနာ တင်ပွဲ ဆင်နွှဲတော်မူကာ သာသနာပြုလုပ်ငန်းများ ဆောင် ရွက်တော်မူပုံ

# (စ) "ရွှေစက်တော်အရှင်၏မိတ်ဆက်"

(၇) သက်တော် ၁၂၀-ရှိသောအခါ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်ကြား ရောဟိနီမြစ် ကောင်းကင်ယံ၌ နိဗ္ဗာန်စံဝင်ခါနီး တရားဓမ္မ ဟောပြခဲ့ပုံ-

ဝသည်ဖြင့် ပြည့်စုံစွာ ဟောကြား တင်ပြထားပေသည်။

စာပေနယ်တွင် ရှင်အာနန္ဒာ အကြောင်းအရာကို ဝါတစ်စောင် ပေတစ်ဖွဲ့ထဲ၌ ရှာဖွေမတွေ့နိုင်ပါ။ သုတ်မဟာဝါပါဠိ၊ အဋ္ဌကထာ၊ အင်္ဂုတ္တရပါဠိ၊ အဋ္ဌကထာ၊ ထေရာပဒါန်ပါဠိ၊ အဋ္ဌကထာ၊ ထေရဂါထာပါဠိ၊ အဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာစသည်တို့မှရှာဖွေစုဆောင်း စုပေါင်းရခြင်း ဖြစ်ပါသည်။

သာသနာတော်တွင် အကျိုးပြု ထင်ရှား လှသော ရှင်အာနန္ဒာ အကြောင်းအရာကို တစ်စုတစ်စည်းတည်း ဖတ်ရှု ကြည်ညိုနိုင်စေရန် စာအုပ်ထုတ်ဝေသော ဆရာတော်ဦးဘိက္ခအား လေးစားဂုဏ်ယူမိရပါသည်။

အသင်စာရှုသူသည် ဆရာတော်ဦးတိက္ခ၏ တတိယမြောက် ဖြစ်သော **ညီတော်အာနန္ဒာပရိနိဗ္ဗာန်စံခန်း** တရားစာအုပ်ကို ဖတ်ရှု၍ သာသနာတော်၌ ကြည်ညိုလေးစား ဗဟုသုတပွား ပြီဆိုပါက ဆရာတော်၏ သဒ္ဓါ, ပညာ, စေတနာ, ဝီရိယ

တို့ကို တစ်မှားမှား လေးစား လာလိမ့်မည် ဖြစ်ကြောင်း အကျဉ်းချုပ် မိတ်ဆက် ထင်ပြလိုက်ရပါသည်။

အသိပညာ၊ ဟူသည်မှာကား
ဆရာတို့ထံ၊ နည်းခံတိုးဝင်
မသင်ပမေး၊ အရေးမကား
မတတ်ကြွားဘူး။

(မဃဒေဝ၊ ၂၃၆)

**အနန္တမေတ္တာဖြင့် ....**

**ရွှေစက်တော်အရှင်တေဇောဘာသ**
သာသနာပြုဓမ္မကထိကနှင့် ဂန္ထကာရက
ရွှေစက်တော်ကျောင်း၊ ကျောင်းလမ်း၊
ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊
ဗဟန်း၊ ရန်ကုန်မြို့။

## “မှာတမ်းပြု၍ မှတ်တမ်းတင်ပါသည်”

၁။ ဆရာတော်ဦးတိက္ခ(ဝါခင်းကုန်း)ဟု သိရလိုက်သည်နှင့် တစ်ပြိုင်နက် အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း၊ အရှင်သာရိပုတ္တရာ၊ အရှင်ကောဏ္ဍည၊ အရှင်ဝက္ကလိ ပရိနိဗ္ဗာန်စံခန်း စသော တရားတော်များဖြင့် နာမည်ကျော်ကြားခဲ့သောဆရာတော်ဟု သိလွယ်နိုင်ပါသည်။ ထိုပရိနိဗ္ဗာန်စံခန်းတရားတော်များကို စာအုပ်အဖြစ် ထုတ်ဝေပါရန် ဓမ္မပရိသတ်များ၏ တောင်းပန်လျှောက်ထားချက်များအရ အရှင်ဝက္ကလိ ပရိနိဗ္ဗာန်စံခန်း တရားတော်ကို စာအုပ်အဖြစ် ထုတ်ဝေပြီး ဖြစ်၍ ဓမ္မပရိသတ်များလက်သို့ ပေးအပ်ပြီး ဖြစ်ပါသည်။ ယခုတစ်ခါ ညီတော်အာနန္ဒာ မထေရ်မြတ်၏ ပရိနိဗ္ဗာန်စံခန်း တရားတော်ကို စာအုပ်အဖြစ်သို့ ရောက်ရှိအောင် ထုတ်ဝေပါရန် ဓမ္မပရိသတ်များ၏ တောင်းပန်ချက်များကို အလေးထားသောအားဖြင့် ဤညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း တရားတော် စာအုပ်ထုတ်ဝေလိုက်ရပါသည်။

၂။ ယင်းစာအုပ်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ညီတော်ဖြစ်သော အရှင်အာနန္ဒာမထေရ်မြတ်၏ ဘဝတစ်သက်တာမှတ်တမ်းအဖြစ်လည်းကောင်း၊ ဘုရားရှင်

အား လုပ်ကျွေးပြုစုခဲ့ပုံများကို လည်းကောင်း၊ ပရိနိဗ္ဗာန်စံသွားပုံများကိုလည်းကောင်း၊ သိသင့်သိထိုက်သောအချက်အလက်များစွာကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည်တို့ဖြင့် ညှိ၍ ဝေဝေဆာဆာဖြစ်အောင် ဖော်ကျူး ဟောကြားထားသော တရားတော်ဖြစ်၍ ဓမ္မပရိသတ်များ ကျေနပ်အားရ နှစ်သိမ့်လိမ့်မည်ဟု ယုံကြည်ပါသည်။

၃။ ဤစာအုပ်ကို ဖတ်ရှုမှတ်သားကြရသော ဓမ္မပရိသတ်များအတွက်၊ ဓမ္မရသ၊ ဓမ္မပီတိများ ပြည့်ဝစွာခံစားနိုင်လိမ့်မည်ဟု တင်မိပါသည်။ ၎င်းစာအုပ်၌ ချွတ်ချော်မှားယွင်းမှုများ ပါရှိခဲ့သော် ဟောကြားတော်မူသော ဆရာတော်၏ ချွတ်ယွင်းမှုများမဟုတ်ဘဲ၊ ပြုစုစီစဉ်သူ၏ သတိလစ်ဟင်းမှုများသာ ဖြစ်ပါသည်။သည်းခံခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း မှာတမ်း ပြုပါရစေ။

၄။ ဤစာအုပ်ဖြစ်မြောက်အောင် အဘက်ဘက်မှ အားပေး ကူညီပါဝင် လှူဒါန်းခဲ့ကြသော—

(က) မိတ်ဆက်နိဒါန်းရေးသားချီးမြှင့်ပေးသည့် ရွှေစက်တော်ဆရာတော်အားလည်းကောင်း၊

(ခ) မတည်အလှူငွေထည့်ဝင်လှူဒါန်းပူဇော်သော-ဦးကျော်လင်း-ဒေါ်အေးမြင့် - သား

(ည) မှာတမ်းပြု၍မှတ်တမ်းတင်ပါသည်

မောင်အောင်ခိုင်သူ (ဆင်ရယာနာသေအေးပေါ့လိပ် မိသားစု) ပဲခူးမြို့အားလည်းကောင်း၊

(ဂ) အမေထွေထွေ ပါဝင်လှုပ်ရှားပေးသော နိုင်ငံကျော် ဓမ္မကထိက ရွှေစက်တော် အရှင် တေဇောဘာသ အရှင်မြတ်နှင့်ဦးဇောတိက(စိပင်) ဦးပဏ္ဍိတ (ဆောင်စလင်း)၊ ဦးအာစိဏ္ဏ (ကျွန်းတော)၊ ဦးဇာဂရ(မန်းတိုင်းက-ဘ-သ)၊ မော်တော်ယာဉ်ဖြင့် ပါဝင် အကူအညီ ပေးသော ကိုသန်းနိုင်အောင်၊ မခင်မြူမြူ မိသားစု (စမ်းချောင်း)နှင့် ဓမ္မဒါနကုသိုလ်ရှင်များအား လည်းကောင်း၊

ဆရာတော်၏ကိုယ်စား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

**ပြုစုစီစဉ်သူ**

**အရှင်နေမိန္ဒ**
တောင်စလင်းတိုက်သစ် ဘာဝနာဌာန
၆၂-လမ်း၊ ပြည်ကြီးမျက်ရှင်လေးကောင်းရပ်
မန္တလေးအရှေ့မြောက်မြို့နယ်
မန္တလေးတိုင်း
ဖုန်း—၂၂၅၈၇

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အာသိသပတ္တနာဂါထာ | ၁ |
| ၂။ | စကားပလ္လင် | ၃ |
| ၃။ | ပညာရည်နှိုင်း သောက်စို့ရာကျောင်း | ၄ |
| ၄။ | ကျေးဇူးရှင် ဆရာတော်များ | ၄ |
| ၅။ | ဓမ္မာနုဂ္ဂဟနဲ့ ပစ္စယာနုဂ္ဂဟ | ၅ |
| ၆။ | ဝပ်နည်းဝပ်သာ ဓမ္မပူဇာ | ၆ |
| ၇။ | သာသနာမှာ ရှင်အာနန္ဒာအလား ကျေးဇူးကြီးမား | ၇ |


### အရှင်အာနန္ဒာ၏ အတိတ်ဘဝ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | အာခံတွင်းက ကြားညိုနှိုင်းသင့်အောင် သာဓုခေါ် | ၉ |
| ၉။ | တောဒက် ငါးတန့်ရ ရှင်အာနန္ဒာ | ၁၀ |
| ၁၀။ | ရှင်အာနန္ဒာ့ အတိတ်ဇာတ်ကြောင်း | ၁၂ |
| ၁၁။ | ပဒုမုတ္တရဘုရားနဲ့ အာနန္ဒာလောင်းသုမန ဖတူမိကဲ့ | ၁၂ |
| ၁၂။ | သူပုန်ရန်အောင်မြင်သော သုမန | ၁၃ |

၁၃။ အလုပ်အကျွေးရဟန်းကို အားကျသည့် အာနန္ဒာအလောင်း ၁၅
၁၄။ ပဒုမုတ္တရဘုရားအား ဆွမ်းလှူ ၁၆
၁၅။ သောဂမြို့၌ ကျောင်း ၁၂၀ ဆောက်လှူ ၁၈
၁၆။ ဝါတွင်းသုံးလလုံး အလုပ်အကျွေးပြု ၂၀
၁၇။ ဘုရားအလုပ်အကျွေးအဖြစ် ဆုတောင်း ၂၁
၁၈။ ပဒုမုတ္တရဘုရား ဗျာဒိတ်ပေးတော်မူခြင်း ၂၄
၁၉။ ဒါန သီလ ဘာဝနာ ကုသိုလ်တွေ ကြိုးစားဆည်းပူး ၂၅

## အရှင်အာနန္ဒာ၏ မျက်မှောက်လူ့ဘဝ

၂၀။ နောက်ဆုံးဘဝ ညီတော်အာနန္ဒာဖြစ်လာ ၂၇
၂၁။ ဂေါတမမြတ်ဘုရား ပွင့်တော်မူလာ ၂၈

## အရှင်အာနန္ဒာမထေရ် အလုပ်အကျွေး တာဝန်မယူမီကာလ

၂၂။ အာနန္ဒာမင်းသား ရဟန်းပြုပြီ ၃၃
၂၃။ အရှင်အာနန္ဒာရဲ့ဆရာရင်း အရှင်ပုဏ္ဏမထေရ် ၃၄
၂၄။ ငါစွဲပျောက်ရေး ဦးစွာဟောကြား ၃၅
၂၅။ ကြေးမုံနဲ့မှန် တူသလား ၄၀
၂၆။ ခန္ဓာ ၅ ပါး အကြောင်းပြု ငါပေါ်တာ ၄၂
၂၇။ ညီတော်အာနန္ဒာ တရားနှလုံးသွင်းပြီ ၄၃
၂၈။ ရုပ်ဟာမြဲလား၊ မမြဲဘူးလား ၄၇
၂၉။ ခန္ဓာ ၅ ပါးပါးသည် အနိစ္စ-ဒုက္ခ-အနတ္တာ ၄၈

၃၀။ ငါ့ဥစ္စာ-ငါ ငါ့အတ္တမဟုတ် ၅၀
၃၁။ တဏှာ-မာန-ဒိဋ္ဌိတွေနဲ့ မရှုရ ၅၀
၃၂။ သတိပဋ္ဌာန်လေးပါး ရှုပုံ ၅၃
၃၃။ တင်ရှားတဲ့ ရုပ် ဝါယောကို အရင်ရှု ၅၄
၃၄။ အနိစ္စာနုပဿနာဉာဏ် ၅၈
၃၅။ ပေါ်တာပျောက်တာသိနေရင် မာနပြုတ် ၆၀
၃၆။ ဆင်းရဲတာသိရင် တဏှာစွဲပြုတ် ၆၁
၃၇။ ကိုယ့်အလိုအတိုင်းမဖြစ် သိရင် ဒိဋ္ဌိစွဲပြုတ် ၆၂
၃၈။ စလွတ်ပလွတ်သမားတွေကို သတိထား ၆၄
၃၉။ ရှင်အာနန္ဒာ သောတာပန်ဖြစ်သွားပြီ ၆၈
၄၀။ အရှင်ပုဏ္ဏသည် အရှင်အာနန္ဒာရဲ့
ဆရာသမားအရင်း ၇၁
၄၁။ ဘုရားရှင် ဝါတော် ၂၀၊ သက်တော် ၅၅ နှစ်
ထိ အလုပ်အကျွေးမမြဲခဲ့ ၇၂

## အရှင်အာနန္ဒာမထေရ် အလုပ်အကျွေး တာဝန်ယူပြီးကာလ

၄၂။ အမြဲလုပ်ကျွေးမယ့်ပုဂ္ဂိုလ် လိုပြီ ၇၄
၄၃။ သံဃာတော်များ ဓမ္မသံဝေဂဖြင့်
အလုပ်အကျွေးတောင်း ၇၅
၄၄။ အရှင်အာနန္ဒာအလုပ်အကျွေးရာထူး
တောင်းပုံ ၇၆
၄၅။ ဘုရားမြတ်စွာ အကြောင်းနှစ်ချက်ဖြင့်
လက်ခံတော်မူ ၈၂

၄၆။ အရှင်အာနန္ဒာအား တေဒဂ် ၅ ခုဖြင့် ချီးမြှောက်ခံရ ၈၅
၄၇။ မြတ်စွာဘုရား သွေးဝမ်းရောဂါဖြင့်ထန်လာ ၈၇
၄၈။ အာယုပါလက ဖလသမာပတ်နဲ့ သွေးဝမ်း ထိန်းချုပ် ၈၉
၄၉။ ဆယ်လလွန်တဲ့အခါ ပရိနိဗ္ဗာန်ပြုမယ်လို့ အာနန္ဒာကို မိန့်ကြား ၉၀
၅၀။ ပါဝါပြည်၌ စုန္ဒအာမ်းဘုဉ်းပေး ၉၁
၅၁။ ဆယ်လပြည့်ချိန် ဝမ်းသွေးထပ်သွား ၉၄
၅၂။ ဝက်ပျို့သားကြောင့် သွေးဝမ်းသွားတာ မဟုတ် ၉၅
၅၃။ ကုသိနာရုံသို့ ဆက်လက်ကြွချီ ၉၇
၅၄။ အကြောင်း ၃-ချက်ကြောင့် ကြွရ ၉၈
၅၅။ ပင်ပန်းလို့ ခရီးတစ်ထောက်နား ရေသုံးဆောင် ၉၉
၅၆။ အရှင်အာနန္ဒာ ရေနှောက်လို့ စိတ်မချမ်းသာ ၁၀၀
၅၇။ ဘုန်းတော်ကြောင့် လျှည်းကူးချောင်းရေ ကြည်လင် ၁၀၃
၅၈။ ကကုဒါမြစ်တွင် ရေသောက် ရေချိုးတော်မူ ၁၀၄
၅၉။ သုဘာတာနဲ့ စုန္ဒကို ဆွမ်းနှစ်မျိုး အကျိုးတူပုံ ဟောကြား ၁၀၅
၆၀။ ကုသိနာရုံရောက်ရောက်ချင်း အရှင်အာနန္ဒာ ညောင်စောင်းခင်းရ ၁၀၅

၆၁။ တောမှာမွေး၊ တောမှာဘုရားဖြစ်၊ တောမှာပရိနိဗ္ဗာန်ပြု ၁၀၆
၆၂။ မြတ်ဘုရား၏ နောက်ဆုံးမှာတမ်းစကား ၁၀၈
၆၃။ ညီတော်အာနန္ဒာ သောကတွေ ဖြစ်ရရှာ ၁၁၀
၆၄။ အရှင်အနုရုဒ္ဓါမထေရ်က သောကဖြေပေး ၁၁၁
၆၅။ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူ ၁၁၂
၆၆။ အသီးသီး သံဝေဂတွေယူကြ ၁၁၄
၆၇။ ညီတော်အာနန္ဒာ, နောင်ဘုရား မရှိတော့လို့ ကြက်သီးမွေးညင်းထ ကြောက်လန့် ၁၁၄
၆၈။ အနာဂါမ် ရဟန္တာမှလွဲ၍ အားလုံးငိုကြ ၁၁၆
၆၉။ ၇-ရက်သုံးလီ ၂၁-ရက်ပူဇော်ပွဲကျင်းပ ၁၁၆
၇၀။ ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ရဖို့ စစ်တပ်ချီလာ ၁၁၈

**အရှင်အာနန္ဒာမထေရ်၏ ရဟန်းကိစ္စ ပဓာနလုပ်ငန်း ၁၂၀**

၇၁။ သံဃာ ၇-သိန်း သင်္ဂါယနာတင်ဖို့စည်းဝေး ၁၂၀
၇၂။ အရှင်အာနန္ဒာ သာဝတ္ထိမြို့သို့ကြွတော်မူ ၁၂၁
၇၃။ မြတ်စွာဘုရား ဘယ်မှာလဲဘုရား ၁၂၂
၇၄။ အရှင်အာနန္ဒာ မျက်ရည်မဆည်နိုင် ၁၂၃
၇၅။ ဒကာ ဒကာမတွေလဲ လူးလိမ့်ကာငိုကြွေး ၁၂၄
၇၆၊ ဇေတဝန်ကျောင်းတော်ကြီးလဲ တိတ်ဆိတ် ငြိမ်သက် ၁၂၆

၇၇။ အရှင်အာနန္ဒာ ဂန္ဓကုဋီတိုက်အတွင်း
စိတ်တွေချောက်ချား ၁၂၈
၇၈။ မြတ်စွာဘုရားကို အမျိုးမျိုးတမ်းတ
ငိုကြွေး ၁၂၉
၇၉။ မျက်ရည်ကျတာ မကောင်းပါ ၁၃၂
၈၀။ နက်သားတစ်ယောက် လာ၍သတိပေး ၁၃၄
၈၁။ အရှင်အာနန္ဒာ သတိရ တရားဟောပြော ၁၃၅
၈၂။ သုဘဒ္ဒရဟန်းကြီးကို ဆုံးမ ၁၃၈
၈၃။ သင်္ဂါယနာတင်ပွဲမှာ အရေးပါတဲ့ဉာဏ်
၄-မျိုးရ ရဟန္တာ ၄၉၉ ပါး ရွေးချယ် ၁၃၉
၈၄။ သောတာပန် အရှင်အာနန္ဒာကို သံဃ
ဆန္ဒဖြင့် ရွေးကောက် ၁၄၁
၈၅။ သင်္ဂါယနာတင်ရန် ရာဇဂြိုဟ်မြို့ကိုရွေးချယ် ၁၄၂
၈၆။ အဇာတသတ်မင်း၏ ပစ္စည်း ၄-ပါးနဲ့
သင်္ဂါယနာတင်ပြီ ၁၄၃
၈၇။ သံဃာ့အလယ်မှာ ကိလေသာစော်နံတယ်လို့
အရှင်အာနန္ဒာ ပြက်ရယ်ခံရ ၁၄၅
၈၈။ သင်္ဂါယနာပွဲမှာ ရဟန္တာအဖြစ်နဲ့ဝင်မယ်လို့
ဆုံးဖြတ်ချက်ချ ၁၄၆
၈၉။ အရှင်အာနန္ဒာ ရဟန္တာဖြစ်ဖို့ တရား
အားထုတ်ပြီ ၁၄၇
၉၀။ ပစ္စုပ္ပန်တည့်တည့်ပေါ်ခိုက် အသိကပ်
မြင်အောင်ရှု ၁၄၈

၉၁။ သွားတာကို သွားတယ်သိတိုင်း အသိမဆိုရ ၁၅၀
၉၂။ ဘယ်သူသွားသလဲ ၁၅၄
၉၃။ နာမ်နဲ့ ရုပ်တရားတွေရဲ့ ဖြစ်စဉ်သဘော ၁၅၆
၉၄။ ယောကျ်ားမိန်းမ အမြင်ပျောက်
နာမ်ရုပ်မြင်ရင် ဒိဋ္ဌိဝိသုဒ္ဓိ ၁၅၉
၉၅။ ဝိပဿနာဉာဏ်ခေါ်း နာမရူပ ပရိစ္ဆေဒဉာဏ် ၁၆၁
၉၆။ အကြောင်းကို သိမ်းဆည်းတော့
ပစ္စယပရိဂ္ဂဟဉာဏ် ၁၆၀
၉၇။ ပေါ်မှု ပျောက်မှုကို သုံးသပ်တဲ့
သမ္မသနဉာဏ် ၁၆၂
၉၈။ ဖြစ်,ပျက်မြင်ရင် မဂ္ဂင်ရှစ်ပါး သို့ပြီ ၁၆၆
၉၉။ အရှင်အာနန္ဒာ ဝီရိယလွန်ကဲနေ ၁၇၁
၁၀၀။ အရှင်အာနန္ဒာ သူ့ကိုယ်သူ သတိပေး ၁၇၃
၁၀၁။ အရှင်အာနန္ဒာ ရဟန်းကိစ္စပြီးသွားပြီ ၁၇၄
၁၀၂။ အရှင်မဟာကဿပမထေရ်ကြီးက အရှင်
အာနန္ဒာ ရဟန္တာဖြစ်ကြောင်း ကြေညာ ၁၇၇
၁၀၃။ ၇-လအကြာ သင်္ဂါယနာတင်ပွဲပြီးစီး ၁၇၉

အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန်စံဝင်ခန်း ၁၈၀

၁၀၄။ သာသနာတော် တည်တံ့ပြန့်ပွါးရေး
ကြိုးစားဆောင်ရွက် ၁၈၀
၁၀၅။ သက်တော်ရှည် ပုဂ္ဂိုလ်များ ၁၈၂
၁၀၆။ ကနေ့ခေတ်နဲ့ ရှေးခေတ် ၁၈၄

# မာတိကာ


၁၀၇။ ဝိသမလောဘသမားတွေကြောင့် အသက်တို ၁၈၈

၁၀၈။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော့မယ်ဟု သံဃာအား ပန်ကြား ၁၈၈

၁၀၉။ ကပိလဝတ်နဲ့ ကောလိယပြည် ငြင်းခုံ ၁၈၉

၁၁၀။ အရှင်အာနန္ဒာရန်ပွဲငြိမ်းရေးဆောင်ခြင်တော်မူ ၁၉၂

၁၁၁။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပွဲ ရောဟိနီ မြစ်ဆိပ် ကမ်းလုံးညွတ် ၁၉၂

၁၁၂။ ရောဟိနီမြစ်ထက်ကောင်းကင်၌ အရှင်အာနန္ဒာကြွလာ ၁၉၄

၁၁၃။ ရန်ငြိမ်းကြောင်း တရားဟောကြား ၁၉၅

၁၁၄။ စာပေဗဟုသုတ မရှိသူ နွားနဲ့တူ ၁၉၆

၁၁၅။ ပညာရှိကို ဆည်းကပ်ပါ ၂၀၂

၁၁၆။ ဗဟုသုတရှိတဲ့ ရဟန်းကို ပူဇော်ပါ ၂၀၄

၁၁၇။ အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီ ၂၁၇

၁၁၈။ ရောင်ခြည်တော် အမျိုးမျိုးပြတဲ့ ဓာတ်ပေါင်းစုကြီး ၂၂၀

၁၁၉။ ရောဟိနီမြစ်ကမ်း နှစ်ဖက် ပျံ့ဝဲကွန့်မြူး ၂၂၁

၁၂၀။ ကောဇာခေတ် ငြိမ်းပြီး ဓာတ်တော်မိုးရွာ ၂၂၃

၁၂၁။ ပဋ္ဌာန နိဂုံး ၂၂၈

၁၂၂။ ဓမ္မဒါန ကုသိုလ်ရှင်များ ၂၃၁

## “ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း”

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### အာသီသပတ္ထနာဂါထာ

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ကာလေ ဝဿံ စိရံ ပဇံ။
ဒေဝေါ ဓမ္မေန တပ္ပေတု၊
ရာဇာ ရက္ခတု မေဒနိံ။ ။

သဒ္ဓမ္မော၊ ဘုရားပစ္စေကာ အရိယာသခင် သူတော်စင်တို့ သွန်သင်မိန့်မှာ သုံးရပ်သော သာသနာတော်မြတ်ကြီးသည်။ စိရံ၊ နှစ်ပေါင်းများမြောင် ငါးထောင်သာသနာ ရှည်မြင့်ကြာအောင်။ တိဋ္ဌတု၊ အဝိဇ္ဇာမှောင်ခွင်း ထိန်ထိန်လင်း၍ ပွင့်လင်းမသွေ တည်ပါစေသတည်း၊ ဒေဝေါ၊ မိုးရိပ် တိမ်တောင် အာကာဘောင်ကို အခေါင်နှိမ်ချိုး ပိုင်စိုးကြောင့်ကြပ် ပဇ္ဇုန်နတ်သည်။ ကာလေ၊ ကောက်ပဲသီးနှံ ရှာသင့်ရှာချိန်တန်သော

အခါကာလများ၌။ စိရုံ၊မိုးဦး မိုးလယ် တသွယ်မိုးနှောင်း ရှည်ကြာညောင်းအောင်။ ဝဿံ့ဝဿန္တော၊မိုးရေကိုဆောင် တိမ်တောင်အုံမဲ နဘာကွဲမျှ ရွာသွန်းလောင်းလျက်။ ပဇ္ဇ၊ လယ်ယာမြေကြီး အခြေမှီး၍ ပွင့်သီးစားသုံး သတ္တဝါအားလုံး ကို။ တပေ့ပွတ္ထ၊ဝမ်းတွင်းလိုက်ဖို့ ပီတိပျို၍ နှစ်မျိုးကြည်သာ ဝမ်းမြောက်ပါစေသတည်း။ရာဇာ၊အာဏာတန်ခိုးစိုးမိုးပိုင်နှင်း ပြည့်ရှင်မင်းသည်။ မေဒနီ၊အာဏာလက်ရုံး ရှေးဘုန်းနှံ့ရာ မြေမျက်နှာကို။ ဓမ္မေန၊အဂတိလေးပါး မမှားမလိုက် တရား ပိုက်သဖြင့်။ ရက္ခတု၊ကိုယ်အတူထား၍ သနားကျင်နာ စောင့် ရှောက် နိုင်ပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

မြတ်စွာဘုရား တည်ထားတော်မူခဲ့တဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာတော် သုံးရပ်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်လျက် နှစ်ပေါင်းငါးထောင်ကျော် အရှည်တည်တံ့ ပါစေသတည်း....။

မိုးသည်လဲပဲ, ရွာသင့် ရွာချိန် တန်သော အခါများ၌ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသားတို့ လောကီစီးပွားများ ကြီးပွားတိုးတက် ချမ်းသာခြင်းသို့ ရောက်အောင် အချိန်မှန်မှန် ရွာသွန်းပါစေသတည်း။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြတဲ့ ပုဂ္ဂိုလ်တို့သည်လဲ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသားတို့၊

အပေါ်၌ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ ဘယာဂတိဆိုတဲ့ အဂတိတရားလေးပါး မမှားမလိုက် တရားပိုက်ကြကုန်သည်ဖြစ်၍ ဖြောင့်ဖြောင့်မတ်မတ် ထိန်းသိမ်း အုပ်ချုပ် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## စကားပလ္လင်

ယနေ့ သက္ကရာဇ် ၁၃၄၉-ခုနှစ်၊ နတ်တော်လဆန်း (၁၁) ရက်နေ့ ည ၇ နာရီအချိန် ပခုက္ကူမြို့ မဟာဝိဇယာ ရာမတိုက် အတွင်းရှိ ဓမ္မာသန တရားပလ္လင်၌၊ ပိဋကတ္တယဆောက ဂန္ထဓုရ ရာဇဟ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာ ဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်သစ်ကြီး၏ ပဓာန မဟာဝိနာယက ဖြစ်တော်မူသော သက်တော်(၉၂)နှစ်ရှိတော် မူသော သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ အန္တိမ သာဒုကိဋ္ဌနသဘာင် ဆင်ယင်ကျင်းပရာ အခမ်းအနား၌ ဟော ကြားအပ်တဲ့ ဝေဟရဂါထာ ပါဠိတော်အဋ္ဌကထာ အင်္ဂုတ္တရ ပါဠိအဋ္ဌကထာ၊ သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာ၊ သာရတ္ထ ဒီပနီဋီကာ စသည်တို့၌ လာရှိသော မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီး၏ ညီတော်ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ် မြတ်၏ ပရိနိဗ္ဗာန်စံခန်း ပထမပိုင်း တရားဒေသနာတော်မြတ် ဖြစ်ပါတယ်။

## ပညာရည်နို့ သောက်စို့ရာကျောင်း

ယခု ဘုန်းကြီး ချီးမြှောက် ဟောကြားတော်မူမယ့် တရားတော်က အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း တရားတော် ဖြစ်ပါတယ်။ ဒီ ဓမ္မာသနပလ္လင်ပေါ် ရောက်ရှိလာတဲ့ဘုန်းကြီးကို အားလုံး ဓမ္မပရိသတ် သိကောင်းမှ သိကြဦးမယ်ပေါ့။ သိတဲ့ ပုဂ္ဂိုလ်တွေ ပါသလို မသိသေးတဲ့ပုဂ္ဂိုလ်တွေလဲ ပါနိုင်ပါတယ်။ ဒီ ဓမ္မပလ္လင်ပေါ်ကနေပြီးတော့ တရားချီးမြှောက် ဟောကြားပူဇော်နေတဲ့ ဓမ္မကထိကဟာ ဟောဒီ မဟာဝိဇ္ဇယာရာမကျောင်းတိုက်ကြီးမှာ ပညာရည်နို့ သောက်စို့သွားခဲ့တဲ့ တပည့်အများထဲမှ တပည့်တစ်ပါး ဖြစ်ခဲ့ပါတယ်။ ဘုန်းကြီး ၁၁ ၁၆ နှစ်ကနေပြီးတော့ ၂၀ နှစ်အထိဒီမဟာဝိဇ္ဇယာရာမကျောင်းတိုက်ကြီးအတွင်းရှိ ပိဋကတ်တိုက်ကျောင်း၌ နေပြီးတော့ ပထမကြီးတန်း အောင်မြင်သည်အထိ ပညာရည်နို့သောက်စို့ခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီကျောင်းတိုက်ကြီးမှ မွေးထုတ်လိုက်တဲ့ ဓမ္မကထိကတစ်ပါးလို့ ပရိသတ်များ ကြိုတင်သိထားကြပါ။

## ကျေးဇူးရှင် ဆရာတော်များ

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ပထမ တိုက်တည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်ကတည်းက ဘုန်းကြီးများ ပညာရည်နို့ သောက်စို့ခဲ့ပါတယ်။ ထို့နောက်

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး ဦးဇောတိက၊ ထိုနောက် ဆရာတော်ဦးစန္ဒ၊ ထိုနောက် ယခု ဘဝနတ်နန်း စံမြန်းတော်မူတဲ့ သက်တော်ရှည်ဆရာတော်ဘုရားကြီး ဆရာတော် ဦးညာဏိန္ဒ၊ ပိဋကတ်တိုက်ကျောင်း ဆရာတော်ဘုရားကြီး ဦးမာလာ၊ ဆရာတော် ဦးသုဒဿန၊ ဆရာတော် ဦးဝေပုလ္လ စတဲ့ ဆရာတော်ဘုရားများသည် ဒီဓမ္မာသနပလ္လင်ပေါ်ကနေ တရားပြ၍ ချီးမြှောက်နေတဲ့ ဓမ္မကထိကပုဂ္ဂိုလ်ရဲ့ ဆရာသမား များ ဖြစ်ကြပါတယ်။ ယခု ဘဝနတ်နန်း စံမြန်းတော်မူတဲ့ ဆရာတော်ဘုရားကြီးထံမှာ ဆိုလို့ရှိရင် ဘုန်းကြီးများ ရုပသိဒ္ဓိ ကျမ်းကို ပညာရည်နို့ သောက်စို့ခဲ့ရပါတယ်။ ဘုန်းကြီးတို့ရဲ့ အပေါ်မှာ အင်မတန်မှ ကျေးဇူးကြီးမားပါတယ်။

## ဓမ္မာနုဂ္ဂဟနဲ့ ပစ္စယာနုဂ္ဂဟ

ဒီဆရာတော်ဘုရားတွေကနေ မွေးထုတ်ပေးခဲ့လို့ ကနေ့ အချိန်အခါမှာ ဘုန်းကြီးတို့ တတ်စွမ်းသလို ဆရာတော်ဘုရား ကြီးများ ပေးအပ်တဲ့ ပညာနဲ့ ဒကာ ဒကာမတွေအပိုင်းမှာ တာဝန်ယူပြီးတော့ သာသနာပြုနေရပါတယ်။ ဒီတော့ ပခုက္ကူ မြို့ ဒကာ ဒကာမတွေဆိုတာကလဲ ဘုန်းကြီးတို့ရဲ့ အပေါ်မှာ ကျေးဇူးဥပကာရ အင်မတန်ကြီးပါတယ်။ ဒကာ ဒကာမ တွေက သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ထောက်ပံ့ခဲ့ကြသလို ဆရာတော်ဘုရားကြီးများ ကနေပြီးတော့ ဓမ္မာနုဂ္ဂဟ အနေအားဖြင့် ပညာရည်နို့

သောက်စို့စေတော်မူခဲ့ကြပါတယ်။ ဒကာ ဒကာမတွေ့ရဲ့ ပစ္စယာနုဂ္ဂဟခေါ်တဲ့ ပစ္စည်းလေးပါး၊ ဆရာတော်ဘုရားကြီးများရဲ့ ဓမ္မာနုဂ္ဂဟခေါ်တဲ့ ပရိယတ္တိပညာ အဲဒီလိုအကြောင်းကြောင်းတွေကြောင့် ဒီအဆင့် ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

## ဝမ်းနည်းဝမ်းသာ ဓမ္မပူဇာ

ယခုအချိန်အခါမှာ ဘဝနတ်နန်း စံမြန်းတော်မူတဲ့ ဆရာတော် ဘုရားကြီးအားလဲ ဆရာတော်ဘုရားကြီးများသင်ကြားပေးတဲ့ပညာဖြင့် နောက်ဆုံးပူဇော်ခွင့် ရရှိတဲ့အတွက်ကြောင့် ဝမ်းသာပါတယ်။ ဒကာ-ဒကာမတွေကိုလဲပဲ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခဲ့ကြသောကြောင့် ကျေးဇူးဆပ်ခွင့် ရတဲ့အတွက်ကြောင့်လဲ ဝမ်းမြောက်ပါတယ်။

သို့သော်လဲ ဂန္ထဓုရဝဟ, ပရိယတ္တိဆောက, အဂ္ဂမဟာပဏ္ဍိတ သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီး ဘဝနတ်နန်း စံမြန်းသွားသဖြင့် ဝမ်းနည်းပါတယ်၊ ဒီတော့ ဝမ်းနည်းခြင်း ဝမ်းသာခြင်း နှစ်ရပ်ဖြင့် ဟောကြား ပူဇော်ရမှာ ဖြစ်တယ်၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

## သာသနာမှာ ရှင်အာနန္ဒာအလား ကျေးဇူးကြီးမား

အေး....ဒါကြောင့်မို့ သရာတော်ဘုရားကြီးရဲ့ဂုဏ်ကိုအာရုံပြု ကြည်ညိုပြီးတော့ ဒီပခုက္ကူမြို့မှာဆိုရင် ပရိယတ္တိဘက်က ဒေါင်ဒေါင်မြည်ပို့ချ၍ ကျမ်းဂန်များပြုစုတော်မူသွားတဲ့ ဆရာတော်ဘုရားကြီး ပံ့လွှန်တော်မူခြင်းသည် ဘုန်းကြီးတို့သာသနာမှာ အရှင်အာနန္ဒာမထေရ်မြတ် ပံ့လွှန်တော်မူဘိသကဲ့သို့ တင်စားပြီးတော့ ဘုန်းကြီးများက ဟောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသနာတော်ကို စတင်ဟောကြားကြပါစို့။

## အရှင်အာနန္ဒာ၏ အတိတ်ဘဝ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဗဟုဿုတာနံ ဘိက္ခူနံ ယဒိဒံ အာနန္ဒော။

(အံ ပါ–၂၅)

ဘိက္ခဝေ၊ ချစ်သား တစ်သီး ချစ်သမီးတို့။ ဘိက္ခဝေ၊ ချစ်သားရဟန်းတော်များတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သားသာဝကဖြစ်ကြကုန်သော။ ဗဟုဿုတာနံ၊ စာပေ ပရိယတ် နှံ့စပ်ကျွမ်းကျင် ဗဟုသုတပညာရှင် ဖြစ်ကြပေကုန်သော။ ဘိက္ခူနံ၊ များလှသိန်းသောင်း ရဟန်းတော်အပေါင်းတို့တွင်။ ယဒိဒံယော အယံအာနန္ဒော၊ အကြင် ငါဘုရားရဲ့ ညီဖွား သည်းခြာ အာနန္ဒာမထေရ်မြတ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံဧသော အာနန္ဒော၊ ထိုအာနန္ဒာမထေရ်မြတ်သည်။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံး အသာလွန်ဆုံးကြီး မှန်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

အင်း....ပရိသတ်တွေက အများကြီး၊ သာခုသံကလေးက ပျော့လိုက်တာနော်၊ ဒီဘုန်းကြီးက ညစာစားရတာမဟုတ်ဘူး၊ ဒီပရိသတ်က ညစာအပြည့်တည့်လာကြတာ၊ သာခုသံကလေးတော့ ကျယ်ကျယ်ခေါ်မှပေါ့၊ ပြန်စမ်းကြည့်ကြဦးစို့လား။

အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံး အသာလွန်ဆုံးကြီး မှန်လှပါပေသတည်း။

(သာခု၊ သာခု၊ သာခု)

အင်း.... နည်းနည်းတော့အသံကျယ်လာပြီ၊ ဒီယက်ပိုကျယ်ရင် ပိုကောင်းမယ်။

## အာခံတွင်းက ကြာညိုနံ့သင်းအောင် သာခုခေါ်

သာဓုမှဒေသာနာကာလေ သာဓု သာဓူတိ ဘာသတော။
မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံဝ ယထောဒကေ—တဲ့။

(ဓမ္မပဒ)

ဓမ္မပဒမှာ ဘုရားဟောထားတာရှိတယ်။

တရားဟောတဲ့အခါမှာ သာခုခေါ်လို့ရှိရင် ဘဝဆက်တိုင်း အာခံတွင်းက ကြာညိုပန်းနံ့များ မွေးပြီးတော့ သင်းနေတယ်တဲ့။ သာခုခေါ်တာများ ကုသိုလ်မဖြစ်ဘူးမအောက်မေ့ကြနဲ့၊

အကျိုးမရှိဘူးမျှား မထင်ကြနဲ့၊ ကြည်ကြည်ညိုညိုနဲ့ ကြည်ကြည်မြမြ ပီပီသသ သာဓုခေါ်ရင် စေတနာအပြည့်အဝနဲ့ သာဓုခေါ်ရင် ဘဝတိုင်းဘဝတိုင်း အာခံတွင်းက ကြာညိုပန်းနံ့ သင်းတယ်၊ မွှေးသတဲ့၊ သာဓုမခေါ်ရင် အာခံတွင်းက ကြာညိုပန်းနံ့ သင်းပါ့မလား ပရိသတ်။

(မသင်းပါဘုရား)

ပုပ်မယ်နော်၊ သာဓုခေါ်ရင် မွှေးပြီးတော့ နေတယ်၊ အဲဒါကြောင့်မို့ သာဓု ကြည်ကြည်မြမြ ပီပီသသခေါ်။ ပြန်စမ်းကြည့်ရအောင်။ အဂ္ဂ အဂ္ဂေါ၊ အမြတ်ဆုံး အသာလွန်ဆုံးကြီး မှန်လှပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

## တေဒဂ်ငါးတန်ရ ရှင်အာနန္ဒာ

ဘုန်းကြီးတို့ မြတ်စွာဘုရား သာသနာတော်မှာ ဗဟုသုတ ဧတဒဂ် ဗဟုသုတ နှံ့စပ်ကျွမ်းကျင်တဲ့ ရဟန်းသံဃာတော်တွေထဲမှာ ညီတော်အာနန္ဒာသည် အမြတ်ဆုံး အသာလွန်ဆုံးလို့ မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ တေဒဂ်ထားတော်မူပါတယ်။

နံပါတ် (၁) က ပရိယတ္တိဗဟုသုတရှိတဲ့ နေရာမှာ ညီတော်အာနန္ဒာ အမြတ်ဆုံး အသာဆုံး၊

နံပါတ်(၂)ကဥပဋ္ဌာကတေဒဂ်၊ မြတ်စွာဘုရားကိုလုပ်ကျွေးတဲ့နေရာမှာ ညီတော်အာနန္ဒာ အမြတ်ဆုံး အသာဆုံး၊

နံပါတ် (၃) က ဂတိမန္တ တေဒဂ်၊ ပညာကြီးတဲ့နေရာမှာ ညီတော်အာနန္ဒာ အမြတ်ဆုံး အသာဆုံး

နံပါတ် (၄) သတိမန္တ တေဒဂ်၊ သတိကောင်းတဲ့နေရာမှာ ညီတော်အာနန္ဒာ အမြတ်ဆုံး အသာလွန်ဆုံး၊

နံပါတ် (၅) ဓိတိမန္တတေဒဂ်၊ လုံ့လဝီရိယ ကောင်းတဲ့ နေရာမှာ ညီတော်အာနန္ဒာ အမြတ်ဆုံး အသာဆုံး၊

လို့ မြတ်စွာဘုရားက ညီတော်အာနန္ဒာအား တေဒဂ် ငါးတန်ဖြင့် ချီးမြှောက်တော်မူတယ်တဲ့။

ဗဟုဿုတ တေဒဂ်ရယ်၊ ဥပဋ္ဌာက တေဒဂ်ရယ်၊ ဂတိမန္တ တေဒဂ်ရယ်၊ သတိမန္တ တေဒဂ်ရယ်၊ ဓိတိမန္တ တေဒဂ်ရယ် တေဒဂ် ငါးတန်ရရှိပါတယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားသာသနာတော်မှာ သာသနာတော်ရဲ့ အမိုင်းတစ်လျှောက်မှာ တေဒဂ်ငါးတန် ဘွဲ့ထူးခံတဲ့ ပုဂ္ဂိုလ်ကိုပြပါဆိုရင် ဒီညီတော်အာနန္ဒာတစ်ပါးတည်းပဲ ရှိပါတယ် ပရိသတ်နော်။

(မှန်လှပါဘုရား)

ပရိယတ္တိမှာ အထွတ်အထိပ် ကျွမ်းကျင်တတ်မြောက်တော်မူတယ်တဲ့။ ယခု ဘဝနတ်နန်း စံမြန်းတော်မူတဲ့ ဆရာတော်ဘုရားကြီးလဲ ထိုနည်းတူစွာ တတ်မြောက်ပါတယ်။ ညီတော်အာနန္ဒာလဲ ဗဟုသုတဧတဒဂ် ရရှိပါတယ်။

## ရှင်အာနန္ဒာ့ အတိတ်ဇာတ်ကြောင်း

အဲဒီညီတော် အာနန္ဒာရဲ့ အတိတ်ဇာတ်ကြောင်းကို ဘုန်းကြီးများ အင်္ဂုတ္တိုရ်အဋ္ဌကထာအဖွင့်၊ ထေရဂါထာအဋ္ဌကထာဖွင့်နှင့်အညီ အကျဉ်းချုပ် ပြောဟောရမှာ ဖြစ်ပါတယ်။

## ပဒုမုတ္တရဘုရားနဲ့ အာနန္ဒာလောင်းသုမန ဖူးမိကွဲ

ပဒုမုတ္တရ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်ကမ္ဘာတစ်သိန်းထက်မှာ ပွင့်ထွန်းတော်မူခဲ့ပါတယ်၊ တိုင်းပြည်ကတော့ ဟံသာဝတီပြည်၊ ဘုရင်အာနန္ဒမင်းကြီးနဲ့ သုဇာတာမိဖုရားတို့မှ ပဒုမုတ္တရ မြတ်စွာဘုရားကို ဖွားမြင်တယ်၊ အာနန္ဒာရဲ့ အလောင်းကတော့ ဟံသာဝတီပြည့်ရှင် ဘုရင်အာနန္ဒမင်းကြီးနဲ့ မိဖုရားတစ်ပါးတို့က ဖွားမြင်ပါတယ်၊ နာမည်ကတော့ သုမနလို့ခေါ်တယ်၊ ပရိသတ် ဘယ်သူလို့ခေါ်သတဲ့တုံး။

(သုမနလို့ ခေါ်ပါတယ်ဘုရား)

ပဒုမုတ္တရ မြတ်စွာဘုရားနဲ့ သုမနမင်းသားဟာ ညီအစ်ကို အရင်းတော်တယ်၊ ဖတူမိကွဲတဲ့၊ အဲဒီမှာ ပဒုမုတ္တရ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းတော်မူတဲ့အခါ ခမည်း တော်ဖြစ်တဲ့ အာနန္ဒမင်းကြီးက အင်မတန်ကြည်ညိုတယ်။

အာနန္ဒမင်းကြီးက သားဘုရားကို မင်းသားများနှင့်တကွ တိုင်းသူပြည်သားတို့အား ကိုးကွယ်ခွင့်၊ ဆည်းကပ်ခွင့်၊ လုပ် ကျွေးခွင့် မပေးဘူး။ သူ့ရဲ့နန်းတွင်းသူမောင်းမ မိဿံခြွေရံ ပရိသတ်များနှင့်သာလျှင် ဆည်းကပ် ကိုးကွယ် ကြည်ညိုပြီး လုပ်ကျွေးနေတယ်။ အဲဒီအခါမှာ အာနန္ဒာအလောင်းဖြစ်တဲ့ သုမနမင်းသားဟာ နောင်တော်ဖြစ်တဲ့ ပဒုမုတ္တရမြတ်စွာဘုရား ကို ကြည်ညိုဆည်းကပ် ကိုးကွယ်ခြင်းငှာ အလိုရှိတယ်၊ ဒါပေ မယ့် အခွင့်အရေးမရဘူး။

## သူပုန်ရန် အောင်မြင်သောသုမန

တစ်နေ့ ဟံသာဝတီ တိုင်းစွန်ပြည်နားမှာ ခိုးသားခါးပြ သူပုန်သူကန်တွေထလို့ သုမနမင်းသားသည် လက်နက် ခဲယမ်း မီးကျောက်တို့ကို ဆွဲပြီးတော့ နောက်ပါ စစ်သည်အင်အား များနှင့်တကွ အသက်စွန့်ပြီး တရကြမ်း တိုက်ခိုက်နှိမ်နင်းပါ တယ်၊ အဲဒီမှာ ခိုးသားဓားပြ သူပုန်သူကန်တွေ အမြစ်ပါ ပြုတ်ပြီး ချုပ်ငြိမ်းသွားပါတယ်၊ တိုင်းတော် ပြည်တော်သို့ ပြန်လာသောအခါ ခမည်းတော် အာနန္ဒမင်းကြီးက သူ့သား တော် သုမနမင်းသားကို အားရကျေနပ်သည်ဖြစ်၍....

"သားတော်တဲ့ သားတော် နှိမ်နင်းတဲ့ အဘွက်ကြောင့် သူပုန်သူကန်ရန်တွေ အေးငြိမ်းသွားတယ်၊ သားတော် အလို ရှိတဲ့ဆုကိုတောင်းပါ"-တဲ့။

ထိုအခါ သားတော်က "ခမည်းတော်ဘုရား၊ သားတော် အလိုရှိတဲ့ဆုကို ပေးမှာလား" လို့ မေးတဲ့အခါ....

"သားတော်အလိုရှိတဲ့ဆုဆိုရင် ဘယ်လိုဆုမျိုးမဆို ခမည်း တော်ပေးမယ်" ဆိုတော့မှ သုမနမင်းသားက....

"သားတော်သည် မြို့စားအဖြစ်ကိုလဲ အလိုမရှိပါ၊ ရွာ စားအဖြစ်ကိုလဲ အလိုမရှိပါ၊ နန်းစဉ်မှာသုံးတဲ့ ကျောက်မျက် ရတနာ ရွှေငွေစသည်ကိုလဲ အလိုမရှိပါ၊ သားတော်အလိုရှိတဲ့ ဆုကတော့ နောင်တော်ဖြစ်တဲ့ ပဒုမုတ္တရ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို သားတော်အပိုင်စားတဲ့ ဘောဂမြို့သို့ ပင့်ပြီး ဝါတွင်းသုံးလ ဆွမ်းကွမ်း ဝေယျာဝစ္စမှု့တရားမွှ များ ကြားနာ နှလုံးသွင်းလိုပါတယ်၊ အဲဒီဆုကိုသာလျှင် သားတော်အား ပေးသနားတော်မူပါ" လို့ လျှောက်တယ်။

ထိုအခါ ခမည်းတော်ကြီးက....

"နှ သက္ကာ တာတ-ဒီဆုတော့မယူနဲ့။ အညံ ဝဒေဟိ-မင်း တစ်ခြားဆုကိုတောင်း၊ အဲဒါတော့ ငါကိုယ်တော်အရှင်မြတ် မပေးနိုင်ဘူး" လို့ ပြောတော့—

"ခမည်းတော်ဘုရား၊မင်းမှာသစ္စာလူမှာကတိဆိုတာ ရှိပါတယ်။ သားတော်အလိုရှိတဲ့ဆု ဘာမဆိုပေးမယ်လို့ အမိန့်ရှိပြီးမှ ဒီဆုကိုတော့ မပေးဘူးလို့ဆိုခဲ့လို့ရှိရင် ခမည်းတော်ကြီးမှာ သစ္စာပျက်နိုင်ပါတယ်" "ပရိသတ် ဘာပျက်နိုင်တုန်း"

(သစ္စာပျက်နိုင်ပါတယ်ဘုရား)

လူသားဖြစ်သောကြောင့်လဲ ကတိပျက်နိုင်ပါတယ်။ အဲဒီလို သံတော်ဦးတင်မှ အာနန္ဒမင်းကြီးက "ကောင်းပြီ ဒီလိုဆိုရင် သားတော်တဲ့၊သင့်နောင်တော်ဖြစ်တဲ့ ပဒုမုတ္တရမြတ်စွာဘုရား ပင့်ခွင့်ပေးခဲ့လို့ရှိရင် ဝါတွင်းသုံးလ ပင့်ဆောင်ပြီး ဗုဒ္ဓ,ဓမ္မ,သံဃ ဝေယျာဝစ္စပြုပေတော့"လို့ အခွင့်ပေးလိုက်တဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ သုမနမင်းသား ပဒုမုတ္တရမြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းတော်သို့လာခဲ့ပါတယ်။

## အလုပ်အကျွေးရဟန်းကို အားကျသည့် အာနန္ဒာအလောင်း

ကျောင်းတော်ရောက်တဲ့အခါ ပဒုမုတ္တရမြတ်စွာဘုရားကို လုပ်ကျွေးနေတာက ဘယ်သူတုံးဆိုရင် သုမနမထေရ်တဲ့။ မင်းသားနာမည်က သုမန၊အလုပ်အကျွေးနာမည်ကလဲ သုမန-နာမည်ချင်း တူတယ်၊ သုမနမထေရ်ထံ ချဉ်းကပ်ပြီးတော့ "အရှင်ဘုရား တပည့်တော်သည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ညီတော်ဖြစ်ပါကြောင်း၊ နောင်တော် မြတ်စွာဘုရားကို ဖူးမြော်ချင်တဲ့အတွက် လာရောက်ပါကြောင်း" လျှောက်တော့

လိုမိန့်ကြား၍ ပင့်လျှောက်မှုကိုဝမ်းမြောက်ဝမ်းသာ ပင်သက်ခံတော်မူတယ်။ အဲဒီမှာ သစ်တပ်မြို့ဆိုတာ ရှိတယ်။ ဟံသာဝတီပြည်ရဲ့အနီးမှာပေါ့။ သစ်လုံးတွေကာရံတဲ့မြို့နဲ့ တူပါတယ်။ အဲဒီမြို့မှာ ပဒုမုတ္တရ မြတ်စွာဘုရားနှင့် သံဃာတစ်သိန်းကို ဆွမ်းကပ်တယ်တဲ့။ ပရိသတ် ဘာကပ်သတဲ့တုံး....

(ဆွမ်းကပ်ပါတယ်ဘုရား)

## ဘောဂမြို့၌ ကျောင်း ၁၂၀ ဆောက်လှူ

ခုနစ်ရက်ကပ်သတဲ့၊ ခုနစ်ရက်ဆိုတော့ ခုနစ်သိန်းပေါ့။ အဲဒါလို ဆွမ်းကပ်ပြီး "တပည့်တော် ဘောဂမြို့သို့ပြန်၍ ကျောင်းကန်များ စီမံဆောက်ပါဦးမယ်" ဆိုပြီးပြန်သွားတယ်။ ဘောဂမြို့ရောက်တော့ သောဘဏသူဌေးရဲ့ ဥယျာဉ်မြေကို အသပြာငွေ တစ်သိန်းပေးဝယ်တယ်။ အသပြာငွေတစ်သိန်း အကုန်ခံ ကျောင်းတော်ကြီးတွေ ဆောက်တယ်။ လမ်းမှာ ခရီး ယူဇနာ ၁၂၀ ၌ တစ်ယူဇနာလျှင် တစ်ကျောင်းကျ၊ တစ်ကျောင်းကျ ဆောက်တယ်။ မြတ်စွာဘုရားကြွတဲ့အခါ၌ မပင်ပန်းဖို့၊ ပင်ပန်းတဲ့အခါမှာ နားနေဖို့ ကျောင်းပေါင်း ၁၂၀ ဆောက်ပါတယ်။

ဆောက်ပြီးပြီဆိုမှ ဝါကိုဦးလဲ ရောက်ရော ဘုရားရှင် ကိုယ်တော်မြတ်နဲ့ နောက်ပါ သံဃာတစ်သိန်းကို သုမန မင်းသားနှင့် သူ့ရဲ့နောက်လိုက်နောက်ပါ သေနာပတိတို့နှင့် တကွ ဘောဂမြို့သူမြို့သားအပေါင်း သူတော်ကောင်းတို့သည်

ကနက္ကဒဏ်ထီးများကို မိုးကြပြီးတော့ အခမ်းအနားနဲ့ ပင့်ဆောင်ကြတယ်။ တစ်ယူဇနာ တစ်ကျောင်းကျ ဆောက်ထားတဲ့ ကျောင်းများကို ခေတ္တခဏ နားနေ၍ လည်းကောင်း၊ တစ်ည ကျိန်းစက်၍ လည်းကောင်း အဲဒီလိုနဲ့ တဖြေးဖြေး ကြွချီတော်မူလာတဲ့အခါမှာ ဘောဂမြို့သို့ ရောက်ခဲ့ပါပြီ။ သောဘဏ ဥယျာဉ်ကျောင်းကြီးပေါ်သို့ ပင့်ပြီးတဲ့အခါ အားလုံးပရိသတ်တွေရဲ့ ရှေ့မှောက် သံဃာတော်တို့ရဲ့ရှေ့မှာ အဲဒီကျောင်းတော်ကြီးကို မြတ်စွာဘုရားအား လှူဒါန်းပါတယ်။

> သတသဟဿေန မေ ကီတံ၊ သတသဟဿေန မာပိတံ။ သောဘဏံ နာမ ဥယျာနံ၊ ပဋိဂ္ဂဏှ မဟာမုနိ။ ။
>
> (အံဋ္ဌ-ပ-၂၂၉ ထေရဋ္ဌ-ဒု-၄၁၃)

မဟာမုနိ၊ မုနိငါးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား။ မေမယာ၊ တပည့်တော်သည်။ သတသဟဿေန၊ အသပြာတစ်သိန်းဖြင့်။ ကီတံ၊ ဝယ်အပ်ပါပေသော။ သတသဟဿေန၊ အသပြာတစ်သိန်းဖြင့်။ မာပိတံ၊ ဖန်ဆင်းတည်ဆောက်၍ ထားအပ်ပါသော။ သောဘဏံနာမ၊ သောဘဏအမည်ရှိသော။ ဥယျာနံ၊ ဥယျာဉ်ကျောင်းတိုက်တော်ကြီးကို။ ပဋိဂ္ဂဏှ၊ ခံယူကာ သိတင်းသုံးစံနေတော်မူပါ အရှင်ဘုရား။

(သာဓု၊ သာဓု၊ သာဓု)

"အသပြာတစ်သိန်းပေးပြီး ဝယ်တဲ့ဥယျာဉ်မြေကို အသပြာငွေတစ်သိန်း အကုန်ခံပြီး တပည့်တော် ကျောင်းဆောက်လှူဒါန်းပါတယ်၊ အဲဒီဥယျာဉ်ကျောင်းတိုက်တော်ကြီးကို အလှူခံတော်မူပါ"လို့လျှောက်ထားပြီး မြတ်စွာဘုရားအား ကျောင်းတိုက်တော်ကြီးကို လှူဒါန်းအပ်နှင်းပါတယ်။

## ဝါတွင်းသုံးလလုံး အလုပ်အကျွေးပြု

အဲဒါလိုကျောင်းတိုက်တော်ကြီးကိုလဲလှူဒါန်းအပ်နှင်းပြီးရော မြတ်စွာဘုရားနှင့် သံဃာတစ်သိန်းတို့ ဝါဆိုပါတယ်။ မင်းချင်းယောကျ်ားတို့အား ဆွမ်းကွမ်းကိစ္စအတွက် အသီးသီး အသကအသက တာဝန်ပေးအပ်ပြီး သူကိုယ်တိုင်က ဥပဋ္ဌာကဘုရားရဲ့အလုပ်အကျွေး ဖြစ်ချင်တာနဲ့ ဒိပြင် တခြားကိစ္စ မပြုတော့ဘဲ ယောဂီတို့ရဲ့ အဝတ်အစားဝတ် သုမနမထေရ်နဲ့အတူ နေ့ခင်းကော် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့အနီးမှာ ဝေယျာဝစ္စ ပြုနေတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နှစ်ထပ်သင်္ကန်း, ကေသီ, သင်းပိုင် ဖွပ်လျှော်၍ ပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ ညောင်းညာတဲ့အခါမှာ အညောင်းကို ဖြေ၍ပေးခြင်း၊ ဒန်ပူသစ်သားပေးခြင်းစသည်ဖြင့်နေ့ခင်းတော်ဖြစ်တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ခြေရင်းမှာ ဝါတွင်းသုံးလပတ်လုံး အလုပ်အကျွေးပြုနေတယ်တဲ့။ ဘုရား

**သုတေသနစာကြည့်တိုက်**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်းအမှတ်၁ဆောင်၊ ရန်ကုန်။**


အလုပ်အကျွေးဖြစ်ချင်ရင် မြတ်စွာဘုရားကို လုပ်ကျွေးမှ။ မှန်ရဲ့လား ပရိသတ်။

(မှန်ပါဘယ်ဘုရား)

အဲဒီလို ပါရမီများဖြည့်၊ တရားနာ၊ တရားနှလုံးသွင်းပွားများ အားထုတ်၊ ပျော်လို့၊ ဝါတွင်း သုံးလ ကုသိုလ်ကောင်းမှုနဲ့ နေတာ၊ မင်းချင်းယောကျ်ားတွေနဲ့ မောင်းမမိဿံ ခြွေရံပရိသတ်တွေကလဲ လိုလေသေးမရှိ၊ တစ်နေ့၊ တစ်ခန့ သံဃာတစ်သိန်းတစ်သိန်း ဆွမ်းဆက်ကပ်ပြီးနေကြရ၊ တရားများနာကြရ၊ တရားများနှလုံးသွင်းကြရ၊ ပါရမီတွေ ဖြစ်ပြီးတော့ နေကြရပါတယ်။

## ဘုရားအလုပ်အကျွေးအဖြစ် ဆုတောင်း

အဲဒီလိုနဲ့ ဝါလကင်းလွတ်ပြီး သီတင်းကျွတ်တော့ ဘုတောင်းတဲ့ခွင့်ရက်က ပြည့်ပြီဖြစ်တာကြောင့် ပဒုမုတ္တရမြတ်စွာဘုရားနဲ့ သံဃာတော်တစ်သိန်းတို့ ဟံသာဝတီနေပြည်တော်သို့ ပြန်မကြွမီ တစ်နေ့မှာ ရေစက်ချ ဆုတောင်းပါတယ်။

"ဘန္တေ ယဒေတံ မယာ သတ္တာဟံ ခန္ဓာဝါရ ဒါနဝတာ ပဋ္ဌာယ ပုညံ ကတံ၊ န တံ သက္ကသမ္ပတ္တိ အာဒိနံ အတ္ထာယ၊ အထ ခေါ အဟံ အယံသုမန ထေရောပိယ အနာဂတေ ကေဿ ဗုဒ္ဓဿ ဥပဋ္ဌာကော ဘဝေယျံ။

(အံဋ္ဌ-ပ-၂၂၇)

၂၅၅၃၁

ဘန္တေ၊ ဘုန်းတော်ကြီးမားတော်မူပါသောမြတ်စွာဘုရား။ မယာ၊ တပည့်တော်သည်။ ခန္ဓာဝါရ ဒါနတော၊ သစ်တပ်မြို့မှာ လှူခဲ့သော ဆွမ်းအလှူဒါနမှ။ ပဋ္ဌာယ၊ စ၍။ ယာဒေတံ၊ ယံတော်ပုည်၊ အကြင်ဝါတွင်းသုံးလ ဆည်းပူးအားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ကို။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ကတံ၊ ပြုလုပ်၍ပြီးခဲ့ပါပြီ။ တံ၊ ထိုဝါတွင်းသုံးလ ဆည်းပူးအားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်သည်။ သက္ကာသမ္ပတ္တိအာဒိနံ၊ နတ်စည်းစိမ်အစရှိသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ န ဟောတိ၊ ရည်ရွယ်၍ လုပ်သည်မဟုတ်ပါ။ အထခေါ၊ စင်စစ်သော်ကား။ အယံသုမန ထေရောဝိယ၊ အရှင်ဘုရားရဲ့အလုပ်အကျွေး သုမနမထေရ်ကဲ့သို့။ အနာဂတေ၊ နောင်အနာဂတ်ကာလ၌။ ကေဿပဗုဒ္ဓဿ၊ တစ်ဆူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဥပဋ္ဌာကော၊ ခြေတော်ရင်းအလုပ်အကျွေးသည်။ ဘဝေယျံ၊ မြေကြီးလက်ခတ်မလွဲမှတ်သို့ တတ်အပ်ပုံသေ ဖြစ်ရပါစေတော့ အရှင်ဘုရား။

(သာဓု၊ သာဓု၊ သာဓု)

အာနန္ဒာရဲ့ အလောင်းဆုတောင်းပုံကို ဓမ္မပရိသတ် အားရုံပြုထား။ သစ်တပ်မှာလှူတဲ့ ကောင်းမှုကုသိုလ်ကိုရော၊ ဝါတွင်းသုံးလ ဆွမ်းကွမ်းကအစ ဝေယျာဝစ္စအထိ ဒါန, သီလ, ဘာဝနာ ပြုသမျှကုသိုလ်အားလုံးကို တပည့်တော် ဆည်းပူး အားထုတ်ပြီးပြီတဲ့။ အဲဒီအားထုတ်တဲ့ ကုသိုလ်များဟာ န တံ သက္ကာသမ္ပတ္တိအာဒိနံ အတ္ထာယ၊ နတ်ပြည်ရောက်ဖို့လုပ်တာမဟုတ်ပါ၊

နတ်ပြည်အတွက် မဟုတ်ပါဘူးတဲ့။ အထခေါ်၊ အမှန်စင်စစ် ကတော့၊ အယံသုမန ထေရောဝိယ၊ အရှင်ဘုရား အလုပ် အကျွေး သုမနမထေရ်ကဲ့သို့။ ကောသဗ္ဗဒ္ဒာသ၊ တစ်ဆူ သော မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ ခြေတော်ရင်းအလုပ် အကျွေးသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏—တဲ့။ ဆုတောင်းက တိုတိုကလေးနဲ့ထိရောက်တယ်၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ဘုန်ကြီးတို့ ဒကာဒကာမတွေ ဆုတောင်းနဲ့ သုမနမင်းသား ရဲ့ ဆုတောင်းနဲ့ တူရဲ့လား ပရိသတ်။

(မတူပါဘုရား)

ဘုန်းကြီး ဒကာ ဒကာမတွေ တောင်းတဲ့ ဆုတွေကတော့ ရှည်လွန်းတယ်နော်။ "အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ အနာမျိုး ၉၆ ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးတို့မှ ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မပါဘူးလား"။

(ပါ့ပါတယ်ဘုရား)

အဲ တချို့ကျတော့လဲ "ဒီသား ဒီသမီး ဒီမြေး ဒီမြစ်တွေနဲ့ ဥမကွဲသိုက်မပျက် ငှက်ဖြစ်သော်လဲ တစ်ကိုင်းထဲနား၊ ဆင် ဖြစ် သော်လဲ တစ်ကျွန်းထဲစား"၊ အဲဒါတွေက ပိုသေးတယ်နော်၊ ဆုတောင်းတွေ၊ ဆုတောင်းတွေ၊ ဒီမှာ သုမနမင်းသားတို့

တောင်းတဲ့ဆုကတော့ "န တံ သက္ကသမ္ပတ္တိအာဒိနံ အတ္ထာယ"၊ နတ်ပြည်ရောက်ဖို့ မရည်ရွယ်ပါ။ အထခေါ အယံသုမနထေရော ဝိယ—အရှင်ဘုရားရဲ့ အလုပ်အကျွေး သုမနမထေရ်ကဲ့သို့ နောင် အခါမှာ ဘုရားရဲ့အလုပ်အကျွေးဖြစ်ပြီး ကျွတ်တမ်းဝင်ရပါ စေလို့ပဲ ဆုတောင်းပါတယ်။

## ပဒုမုတ္တရဘုရား ဗျာဒိတ်ပေးတော်မူခြင်း

ထိုအခါမှာ ပဒုမုတ္တရ မြတ်စွာဘုရား ရှေ့ညာဏ်စက္ခု ဆင်ခြင် ကြည့်ရှုတော်မူတော့

"အနာဂတေ ဂေါတမောနာမ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ၊ နောင်အနာဂတ်ကာလမှာ ဂေါတမ မြတ်စွာဘုရား ပွင့်မယ်၊ ထို ဂေါတမ မြတ်စွာဘုရား သာသနာတော်ကျတော့ အာနန္ဒာဟူသော အမည်နဲ့ ဘုရားရဲ့ ညီတော်ဖြစ်၍ အလုပ် အကျွေး ဖြစ်ပြီးလျှင်—တရားထူး တရားမြတ်ကို ကပ်ခိုဆိုက် ရောက် ပေလိမ့်မယ်"လို့ ဗျာဒိတ် ကြားတော်မူတယ်။ တကယ့် ကို ဖြစ်မှာမို့ မိန့်ကြားတာနော် ပရိသတ်။

(မှန်လှပါဘုရား)

အဲဒီလို ဗျာဒိတ်ကြားတော့ သုမနမင်းသား ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားတယ်၊ မြတ်စွာဘုရားတို့ စကားမည်သည် နှစ်ခွန်းသော စကားမရှိ၊ တစ်ခွန်းတည်းသော စကားကို ပြော

ဆိုရိုး ထုံးစံရှိသည်ဖြစ်၍ ကောန်စင်စစ် မှန်ကန်တိကျတယ်၊ ဥပဋ္ဌာက ဘုရားရဲ့ အလုပ်အကျွေး ဖြစ်မယ်ဆိုတာကို၊ ကြားလို့ ဝမ်းငံမြောက်ဝမ်းသာ ဖြစ်သွားပါတယ်တဲ့။

## ဒါန-သီလ-ဘာဝနာ ကုသိုလ်တွေ ကြိုးစားဆည်းပူး

ပဒုမုတ္တရ မြတ်စွာဘုရားနှင့် သံဃာတော်တွေ ပြန်ကြွသွား၍ သုမနမင်းသားသည်ထိုအချိန်အခါကစပြီးတော့ကမ္ဘာတစ်သိန်း ထက်ကစပြီး ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ်တွေကို ကြိုးစားပမ်းစား ဖြည့်ကျင့်ဆည်းပူး အားထုတ်နေတယ်။ အဲဒီ ဘဝကနေ စုတေ ပျက်ကြွေ အသက်သေတဲ့အခါမှာ နတ်ရွာ သုဂတိသို့ရောက်၊ နတ်ရွာသုဂတိ အတုမရှိတဲ့ ချမ်းသာကို ခံစား စံစားရပါတယ်။

ကဿပမြတ်စွာဘုရား သာသနာတော်ကျတော့ သာပန် သတို့သားတစ်ယောက် လာဖြစ်နေပါတယ်၊ ရဟန်းတော် တစ်ပါး ယာဂု လောလောပူတဲ့ သပိတ်ကို ပွေ့လာရာမှာ ပူနေတာကိုမြင်၍ "သူ့ရဲ့မှန်မြတ်တဲ့ခြုံလည်ချွတ်ပြီး လှူခဲ့တယ်။ ဒါအကျဉ်းချုပ်ပြောနေတာ ပရိသတ်နော်။

(မှန်လှပါဘုရား)

အဲဒီ ကောင်းမှု ကုသိုလ်ကြောင့် ကဿပ မြတ်စွာဘုရား သာသနာကွယ်ပြီးတဲ့နောက်မှာ ဗာရာဏသီပြည်မှာ ပြည့်ရှင်မင်းဖြစ်တဲ့အခါ ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့အား ကျောင်းသင်္ခမ်းများဆောက်လုပ် ကိုးကွယ် ကြည်ညိုတယ်လို့ ဆိုတာကိုလဲ ကျမ်းဂန်တွေမှာ တွေ့ပါတယ်။

# အရှင်အာနန္ဒာ၏ မျက်မှောက်လူ့ဘဝ

## နောက်ဆုံးဘဝ ညီတော်အာနန္ဒာဖြစ်လာ

အရှင်အာနန္ဒာအလောင်းတော်သည် နောက်ဆုံးပိတ် ဘယ်မှာလာပြီးတော့ လူဖြစ်သလဲလို့ဆိုရင် ကပိလဝတ် နေပြည်တော် အမိတ္တောဒန သာကီဝင်မင်းနှင့် မိဖုရားတို့မှ မင်းသားငယ်တစ်ပါး ဖွားမြင်လာတယ်၊ အဲဒီမင်းသားငယ်ကို အာနန္ဒမင်းသားလို့ အမည်ပေးပါတယ်။ အာနန္ဒမင်းသား ပရိသတ် ဘာမင်းသားတဲ့တုံး။

(အာနန္ဒမင်းသားပါဘုရား)

သိဒ္ဓတ္ထမင်းသားက သုဒ္ဓေါဒနနှင့် မယ်တော်မာယာတို့က ဖွားတယ်၊ အာနန္ဒမင်းသားက အမိတ္တောဒန သာကီဝင်မင်းနဲ့ မိဖုရားတို့က ဖွားတယ်၊ သိဒ္ဓတ္ထနဲ့ အာနန္ဒာတို့ဟာ ညီအစ်ကို တစ်ဝမ်းကွဲ တော်တယ်၊ ဘုန်းကြီးတို့ ဓမ္မပရိသတ်

သိတာက နန္ဒမင်းသား၊ နန္ဒမင်းသားက ခမည်းတော် သုဒ္ဓေါဒနမင်းနဲ့ မိထွေးတော် ဂေါတမီတို့က ဖွားတယ်၊ သိဒ္ဓတ္ထက သုဒ္ဓေါဒနနဲ့ မယ်တော်မာယာတို့က ဖွားတယ်၊ နန္ဒမင်းသားဟာ သိဒ္ဓတ္ထနဲ့ ဖတူမိကွဲ ညီအစ်ကိုအရင်းတော်တယ်၊ အာနန္ဒာမင်းသားက ညီအစ်ကိုတစ်ဝမ်းကွဲလို့ မှတ်ထားနော်၊

(မှန်လှပါဘုရား)

အာနန္ဒာနဲ့ နန္ဒနဲ့ ရောနေတတ်ပါတယ်။

အဲဒီလိုနဲ့ အာနန္ဒာမင်းသား ဖွားမြင်ပြီး လာခဲ့တယ်ဆိုတော့ မယ်တော် ခမည်းတော်နှင့် တိုင်းသူပြည်သားတွေရဲ့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်တဲ့ စွမ်းရည်သတ္တိနဲ့ပြည့်စုံတဲ့ မင်းသားလေးမို့ "အာနန္ဒာမင်းသား" လို့ အမည် ပေးပါတယ်။ ဒါ နောက်ဆုံးပိတ် ပစ္ဆိမဘဝပဲပေါ့ ပရိသတ်နော်။

(မှန်လှပါဘုရား)

## ဂေါတမမြတ်ဘုရား ပွင့်တော်မူလာ

ကမ္ဘာတစ်သိန်း လွန်ခဲ့ပြီလေ။ အဲဒီမှာ ဘုရားအလောင်းတော်ဖြစ်တဲ့ သိဒ္ဓတ္ထမင်းသား ၂၉-နှစ်မှာ တောထွက်၊ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်၊ ၃၅-နှစ်မှာ ဘုရားဖြစ်၍ ဣသိပတန မိဂဒါဝုန်တောမှာ ဓမ္မစကြာ ဒေသနာတော်မြတ်ကို ဟောပြောပြသ ဆုံးမတော်မူပါတယ်။ ပဉ္စဝဂ္ဂီ ငါးဦးတို့

သောတာပန်တည်တယ်လေ၊ အနတ္တလက္ခဏ သုတ္တန် ဒေသနာ တော်ဆုံးတော့ ရဟန္တာများ ဖြစ်ကြတာ အားလုံး ဝမ္မ ပရိသတ်များ နားလည်ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဣသိပတန မိဂဒါဝုန်တောမှာ ဝါကပ်တော်မူပြီးတော့ ယသ သတို့သား တို့၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကို စသည်ဖြင့် ချွေချွတ်ဆုံးမ တော်မူပါတယ်။ ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ ရသေ့ညီနောင် ရှင်တစ်ထောင်ပါ ချွတ်ပြီးမှ ဘယ်သို့ကြွသလဲ ဆိုတော့ ပြာသိုလပုသီမှာ ရာဇဂြိုဟ်မြို့သို့ကြွတော်မူပါတယ်။

ရာဇဂြိုဟ်ကြွခြင်းရဲ့ အကြောင်းကတော့ ရာဇဂြိုဟ်ပြည့်ရှင် ဖြစ်တဲ့ ဘုရင် ဗိမ္ဗိသာရမင်းက ပဏ္ဍဝတောင်ခြေမှာ တရား ကျင့်နေတဲ့ သိဒ္ဓတ္ထထံချဉ်းကပ်ပြီး ထီးနန်းစည်းစိမ်ကိုအပ်နှင်း ပါတယ်၊ လက်မခံပါဘူး။ “သဗ္ဗညုတဉာဏ်ကို ရဖို့ကြိုးစား နေကြောင်း အမိန့်ရှိပါတယ်၊ သဗ္ဗညုတဉာဏ်ရ၍ ဘုရားဖြစ် တဲ့အခါမှာ ရာဇဂြိုဟ်မြို့သို့ ဦးစွာကြွပါမည့်အကြောင်း ဝန်ခံ ကတိတောင်းခဲ့သောကြောင့် မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ အဦးဆုံးကြွခြင်းဖြစ်ပါတယ်။ မှန်ရဲ့လားပရိသတ်။

(မှန်ပါတယ်ဘုရား)

အဲဒီရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်းနှင့်တကွ ရာဇဂြိုဟ်မြို့သူ မြို့သားများကို ချွေချွတ်ဆုံးမတော်မူ၍ ရာဇဂြိုဟ်သူဌေး

ဆောက်တဲ့ကျောင်းများမှာ ကိန်းအောင်း စံနေတော်မူစဉ် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ကပိလဝတ်နေပြည်တော်က ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် သားဖြစ်တဲ့ဘုရားကို လွမ်းဆွတ်လှသည်ဖြစ်၍ ဗိုလ်ခြေတစ်ထောင်တို့ကို လွှတ်ပြီးတော့ ပင့်ဆောင်စေပါတယ်။ ဒီအခန်းတွေ ပြောရင် ဘုန်းကြီးတရားဆုံးမှ ဆုံးပါ့မလား မသိဘူး ပရိသတ်နော်။

ဗိုလ်ခြေတစ်ထောင် တစ်ထောင် လွှတ်လိုက်တာ၊ဆယ်သုတ်ကျတယ်၊ နောက်ဆုံးကျမှ ကာဠုဒါယီက ဂါထာ ခြောက်ဆယ်နဲ့ လျှောက်ထားပြီးတဲ့အခါ ကောင်းတဲ့ လတပေါင်းရာသီမှာ ဘုန်းကံကြီးမားတော်မူတဲ့ မြတ်စွာဘုရားသည် ဇာတိချက်ကြွေ မွေးရပ်မြေ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီ ဖြစ်ကြောင်း ဂါထာခြောက်ဆယ်ဖြင့် ဦးတင်လျှောက်ထားမှ မြတ်စွာဘုရားနှင့် နောက်ပါ သံဃာတော် အရှင်မြတ်တို့ အခါကောင်းတဲ့ လတပေါင်းမှာ ကပိလဝတ် နေပြည်တော်သို့ ကြွချီခဲ့ပါတယ်။

ကပိလဝတ် နေပြည်တော်သို့ ရောက်တော့ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့က "သိဒ္ဓတ္ထသည် တို့အောက်အသက်ငယ်တယ်၊ တို့လောက် အသက်ဂုဏ် မကြီးဘူး" ဆိုပြီးတော့ ရှိမခိုးဘဲနေကြ၍ အဲဒီဆွေတော်မျိုးတော်တို့ရဲ့ မာန်မာနကို ချိုးတဲ့အနေနဲ့ ကောင်းကင်က စင်္ကြံလျှောက်ပြမှ ခြေဖဝါး

စာများ သူတို့ရဲ့ခေါင်းပေါ်ချမှ အားလုံး ဦးကျိုးသွားကြ တယ်။ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် နောက်တစ်နေ့ ဆွမ်းခံဝင်တော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အိုးနားတို လက်ဆွဲ မျက်နှာမွဲနဲ့ အရပ်ထဲကို ဆွမ်းခံတာမသင့်ကြောင်း၊ ရွှေနန်းတော်ကိုကြွပြီး ဆွမ်းဘုဉ်းပေးသင့်ကြောင်း လျှောက် ထားတဲ့အခါမှာ "ဥတ္တိဋ္ဌေနပမဇ္ဇေယျ" ဆိုတဲ့ ဂါထာကို ဟော၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပန်တည် တယ်။ ရွှေနန်းတော် ရောက်တဲ့အခါကျတော့ မိထွေးတော် ဂေါတမီအား "ဓမ္မဥ္စရေ, သုစရိတံ"ဆိုတဲ့ ဂါထာဒေသနာ တော်ကို ဟောသဖြင့် မိထွေးတော်လဲ သောတာပန်တည်တယ်။ သုဒ္ဓေါဒနမင်းကြီး အဲဒီဂါထာအဆုံးမှာ အနာဂါမ်တည်သွား ပါတယ်။

အဲဒီမှာ ကပိလဝတ်ရောက်ပြီး သုံးရက်မြောက်တဲ့နေ့၊ နန္ဒ မင်းသားရဲ့ နန်းသိမ်းမင်္ဂလာ၊ ဦးသျှောင်ထုံးမင်္ဂလာ၊ ထိမ်းမြား လက်ဆက် မင်္ဂလာ၊ မင်္ဂလာသုံးပွဲ တစ်ပြိုင်နက် 'ကျင်းပတဲ့ အခမ်းအနားမှာ မြတ်စွာဘုရား ကြွတော်မူပြီးတော့ သပိတ် တော်ကို ကမ်းစေတော်မူပြီးလျှင် နိဂြောဓာရုံကျောင်းတော် သို့ ခေါ်သွားပြီး ရဟန်းပြုပေးသောအားဖြင့် နန္ဒမင်းသား

ကို ခြွေချွတ် ဆုံးမတော်မူတယ်။ နန္ဒမင်းသား ရဟန်းပြုပြီး သွားပြီ။

မြတ်စွာဘုရား ကြွလာပြီးတဲ့နောက် ခုနစ်ရက်မြောက်မှာ သားတော်ရာဟုလာကို ရှင်သာမဏေ ပြုပေးသောအားဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူတယ်။

## အရှင်အာနန္ဒာမထေရ်
## အလုပ်အကျွေး တာဝန်မယူမီကာလ

### အာနန္ဒာမင်းသား ရဟန်းပြုပြီ

သားတော်ရာဟုလာ သာမဏေပြုပြီးတဲ့နောက် များမကြာမီ ဆယ်ရက်ခန့်လောက် အချိန်ပိုင်းရောက်တော့ ကပိလဝတ် နေပြည်တော်ရဲ့အနီး အနုပိယမြို့ သရက်ဥယျာဉ်ရဲ့ အတွင်းမှာ မင်းသားခြောက်ယောက် ရဟန်း ပြုကြတယ်တဲ့။ ဘဒ္ဒိယ မင်းသား၊ အနုရုဒ္ဓမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား၊ အာနန္ဒာမင်းသား၊ ပရိသတ် မင်းသား ဘယ်နှစ်ယောက်တဲ့တုံး။

(ခြောက်ယောက်ပါဘုရား)။

အာနန္ဒမင်းသား မပါဘူးလား ပါသလား။

(ပါပါတယ်ဘုရား။)

ခေါင်းရိတ်တဲ့ ဥပါလိဆတ္တာသည်နဲ့ ဆိုတော့ အားလုံး ပေါင်း ခုနစ်ယောက်။ ဒေဝဒတ်နှင့် အာနန္ဒာနှင့် တစ်ပြိုင်နက် ရဟန်းဝတ်တာနော် ပရိသတ်။ အဲဒီမှာ အာနန္ဒာရဟန်း ဖြစ်ရော။ ဘာပြုလို့သူတို့က ရဟန်းပြုတာတုံးဆိုတော့ သိဒ္ဓတ္ထ သည် သာကီယဇာတ်ဖြစ်တယ်။ တို့ သာကီဝင်မင်းသားများ အခြံရံရှိသင့်တယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဝတ်ကြတာလို့ ဆိုပါ တယ်။ ဇာတ်အစွဲလေးပါတယ်။ အဲဒီလိုကစပြီး အာနန္ဒာ မထေရ်ဆိုတာ ဖြစ်ပေါ်ခဲ့ရပါတယ်။

## အရှင်အာနန္ဒာရဲ့ဆရာရင်း အရှင်ပုဏ္ဏမထေရ်

နောက်ဆုံးဘာဝ၊ အာနန္ဒာထေရ်သည် အရှင်ပုဏ္ဏမထေရ် မြတ်ရဲ့တရားကို ကြားနာရပါတယ်။ အရှင်ပုဏ္ဏမထေရ်ဆိုတာက ကောဏ္ဍည မထေရ်မြတ်ကြီးရဲ့ တူတော်အရင်းဖြစ်ပါတယ်။ အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးဆိုတာက ဓမ္မစကြာတရား အဦးဆုံး ကြားနာပြီး တရားဦးသိတဲ့ အဦးဆုံး ရဟန္တာဖြစ်တဲ့ မထေရ်မြတ်ကြီးပေါ့။ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ထိုမထေရ်မြတ်ကြီးရဲ့ နှမအရင်းက မန္တာဏီလို့ခေါ်တယ်၊ အဲဒီ နှမအရင်းဖြစ်သူ မန္တာဏီကမွေးတာ။ ပုဏ္ဏမထေရ်ခေါ် တယ်။ အရှင်ကောဏ္ဍည တောထွက်ခါနီးတော့ ပုဏ္ဏကိုခေါ် ပြီး ရှင်ရဟန်းပြုတယ်။ ပရိသတ်များ သင်ကြားတရားအား ထုတ်စေပြီးတော့ ရဟန္တာဖြစ်တဲ့အခါမှာ တောထွက်သွား

ပါတယ်။ အဲဒီပုဏ္ဏက ဓမ္မကထိက ဧတဒဂ်ဘွဲ့ရတယ်။ ပရိသတ်ဘာဧတဒဂ်ရတုံး။

(ဓမ္မကထိက ဧတဒဂ်ရပါတယ်ဘုရား)

အရှင်အာနန္ဒာမထေရ်မြတ်ရဲ့ ဆရာရင်းသည် ဘယ်သူလဲဆိုတော့ ပုဏ္ဏမထေရ်။ ပုဏ္ဏမထေရ်မြတ်က အရှင်အာနန္ဒာအား ဟောကြားတဲ့တရားတော် ဘယ်မှာပါသလဲဆိုတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ထေရဝဂ်(နှာ-၇၆)မှာ ပါတယ်။

ဇေတဝန်ရောင်မောင်း ရွှေကျောင်းတိုက် တော်ကြီးမှာများသောအားဖြင့် အရှင်မဟာပုဏ္ဏမထေရ်မြတ် တရားဓမ္မဟောရ ပြောရပါတယ်။ သံဃာတော်အရှင်မြတ်တွေ တရားနာကြတယ်။ ဒကာ ဒကာမတွေလဲ တရားနာကြရပါတယ်။ အဲဒီမှာ အရှင်အာနန္ဒာ မထေရ်မြတ်က ပုထုဇဉ်မျှသာရှိပါသေးတယ်။ ရှေ့ဆုံးကနေပြီး တရားနာတယ်။

## ငါစွဲပျောက်ရေး ဦးစွာဟောကြား

အရှင်ပုဏ္ဏမထေရ်မြတ်က ဓမ္မာသနပလ္လင်ပေါ်ကနေ အရှင်အာနန္ဒာအမှူးရှိတဲ့ ပရိသတ်အား ဘယ်လိုဟောကြားသလဲဆိုတော့—

"ဥပါဒါယ အာဝုသော အာနန္ဒ အသ္မိတိ ဟောတိ နော အနုပါဒါယ။"

(ခန္ဓသံ-ပါ ၈၆)

အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဥပါဒါယ၊ စွဲလမ်းသည်ဖြစ်၍။ အသ္မိတိ၊ အသ္မိဟူသော ငါစွဲသည်။ ဟောတိ၊ ဖြစ်၏။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ နောဟောတိ၊ ဖြစ်သည် မဟုတ်ချေတဲ့။

အရှင်အာနန္ဒာ၊ ငါဆိုတဲ့အစွဲဟာ စွဲလမ်းပြီးမှဖြစ်တာတဲ့။ မစွဲဘဲနဲ့ဖြစ်တာမဟုတ်ဘူး။

"ကိဉ္စ ဥပါဒါယ အသ္မိတိ ဟောတိ နော အနုပါဒါယ။"

ကိဉ္စ၊ အဘယ်သို့လျှင်။ ဥပါဒါယ၊ စွဲ၍။ အသ္မိတိ၊ အသ္မိဟူသော ငါစွဲသည်။ ဟောတိ၊ ဖြစ်သနည်း။ အနုပါဒါယ၊ မစွဲမူ၍။ နော၊ မဖြစ်သနည်း။ အနုပါဒါယ၊ မစွဲမူ၍။ နော၊ မဖြစ်သတည်း။

ဘာကိုစွဲပြီးတော့ ဖြစ်ပါသလဲလို့ဆိုရင်—

ရူပံ ဥပါဒါယ ဝေဒနံ ဥပါဒါယ သညံ ဥပါဒါယ သင်္ခါရေ ဥပါဒါယ ဝိညာဏံ ဥပါဒါယ အသ္မိတိ ဟောတိ နော အနုပါဒါယ"

(ခန္ဓ-သံ ၈၆)

အဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ရူပံ၊ ရုပ်တရားကို၊ ဝေဒနံ၊ ဝေဒနာတရားကို။ သညံ၊ သညာတရားကို။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိညာဏံ၊ ဝိညာဏ်တရားကို။ ဥပါဒါယ၊ စွဲလမ်းသည်ဖြစ်၍။ အသ္မိတိ၊ အသ္မိဆိုတဲ့ ငါစွဲသည်။ ဟောတိ၊ ဖြစ်၏။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ နော၊ ဟောတိ ဖြစ်သည်မဟုတ်ချေ။ ဣတိ၊ ဤသို့။ အာယသ္မာပုဏ္ဏော၊ အရှင်ပုဏ္ဏမထေရ်မြတ်သည်။ အာယသ္မန္တံအာနန္ဒံ၊ အရှင်အာနန္ဒာမထေရ်မြတ်ကို။ဝေါဝစနံ၊ ဤပြဆိုခဲ့တဲ့စကားရပ်ကို။အဝေါစ၊ ကောင်းစွာမသွေ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

ငါ့ရှင်အာနန္ဒာ ငါဆိုတဲ့အစွဲဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုစွဲပြီးတော့ ဖြစ်တာတဲ့။ ခန္ဓာငါးပါး၊ ပရိသတ် ခန္ဓာဘယ်နှစ်ပါးတုံး။

(ငါးပါးပါဘုရား)

"ငါ ငါနဲ့" ဓမ္မပရိသတ်တွေ မသုံးဘူးလား။

(သုံးပါတယ်ဘုရား)

"ငါပြောမယ်၊ ငါ့စကားနားထောင်၊ ငါကဒီလို" အဲဒီ ငါဆိုတဲ့ အသုံးဟာ တွင်တွင်ကြီးသုံးကြပါတယ် ဓမ္မပရိသတ်နော်။

(မှန်လှပါဘုရား)

အဲဒီ ငါက ဘာကိုအခြေခံပြီး ဖြစ်ပေါ်သလဲ ဆိုတော့– ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်၊ ခန္ဓာငါးပါးကိုစွဲပြီးတော့ အကြောင်းပြုပြီးတော့ ဖြစ်တာတဲ့။ အရှင်ပုဏ္ဏက အရှင်အာနန္ဒာကို ဟောနေတာ။ ဝိပဿနာစမယ်လို့ ပြောနေတာ။

အဲဒီ ခန္ဓာငါးပါး စွဲပြီးတော့ ငါဖြစ်တယ်လို့ ဆိုတာကို သဘောပေါက်အောင် အရှင်ပုဏ္ဏ မထေရ်မြတ်က ဆက်ပြတယ်။

"သေယျထာပိ အာဝုသော အာနန္ဒ ဣတ္ထီဝါ ပုရိသောဝါ ဒဟရောဝါ ယုဝါ မဏ္ဍနကဇာတိကော အာဒါသေဝါ ပရိသုဒ္ဓေ ပရိယောဒါတေ အစ္ဆေဝါ ဥဒကပတ္တေ သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ဥပါဒါယ ပဿေယျ။

(ခန္ဓ ပါ ၈၆)

အာဝုသော အာနန္ဒ၊ ငါ့ရှင် အာနန္ဒာ။ သေယျထာပိ၊ ဥပမာအားဖြင့် သော်ကား။ ဒဟရော၊ ငယ်သော။ ယုဝါ၊ ပျိုမျစ်သော။ မဏ္ဍနကဇာတိကော၊ သနပ်ခါး ' ပန်းမန် လိမ်းကျံတဲ့ အလေ့ရှိသော။ ဣတ္ထီဝါ၊ အမျိုးသမီးသည် လည်းကောင်း။ ပုရိသောဝါ၊ အမျိုးသားသည် လည်းကောင်း။ အစ္ဆေ၊ ကြည်လင်လှစွာသော။ ပရိသုဒ္ဓေ၊ ထက်ဝန်းကျင်မှ

စင်ကြယ်လှစွာသော။ ပရိယောဒါတော၊ ဖွေးဖွေးဆွတ် ဖြူ၍ နေသော။ အာဒါသေဝါ၊ ကြေးမုံ၌လည်းကောင်း။ အစွေ၊ ကြည်လင်လှစွာသော။ ဥဒကပတ္တေဝါ၊ ရေခွက်၌ လည်းကောင်း။ သကံမုခနိမိတ္တံ၊ မိမိရဲ့မျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ဆင်ခြင်သည်ဖြစ်၍, ဆင်ခြင်ကြည့်ရှုလတ်သည်ရှိသော်။ ဥပါဒါယ၊ မှန်ကိုစွဲ၍။ ပဿေယျသေယျထာပိ၊ မြင်ရာသကဲ့သို့။

ငါ့ရှင်အာနန္ဒာ၊ ဒီငါစွဲနှင့်ပတ်သက်ပြီးတော့ ပြောရမယ် ဆိုရင် ဆယ့်လေးငါးခြောက်နှစ်အရွယ် သနပ်ခါး ပန်းမန် လိမ်းကျံကြတဲ့ အမျိုးသားအမျိုးသမီးများဟာ၊ သနပ်ခါး လိမ်းပြီးတဲ့အခါ ကိုယ့်ရဲ့မျက်နှာရိပ်ကို မြင်ချင်တော့ ကြေးမုံ မှာကြည့်ရတယ်တဲ့။ ပရိသတ် ဘယ်မှာကြည့်ရပါလိမ့်။

(ကြေးမုံမှာကြည့်ရပါတယ်ဘုရား)

သို့မဟုတ် ကြည်လင်တဲ့ရေခွက်ထဲမှာဆိုရင်သဲ ကြည့်ရတယ် တဲ့။ ကြည့်တဲ့အခါကျတော့ မျက်နှာရိပ်မပေါ်ဘူးလား။

(ပေါ်ပါတယ်ဘုရား)

ကြေးမုံဆိုတာ ပရိသတ်သိရဲ့လား။

(သိပါတယ်ဘုရား)

ဘာကိုခေါ်ပါလိမ့်။

(မှန်-ပါဘုရား)

## ကြေးမုံနဲ့မှန် တူသလား

မှန်တဲ့နော် ဓမ္မပရိသတ်တို့ပြောတာ၊ နဂိုက ဘုန်းကြီးလဲ ဒီလိုပဲ မှန်မှတ်တာပဲ။ မှန်မဟုတ်ဘူးတဲ့။ ကြေးမုံဆိုတာ ဘယ့်နှယ်တုံး ပရိသတ်ရေ.... ဘုန်းကြီးတို့ငယ်ငယ်တုန်းက အသက်ကိုးဆယ်ကျော်ရှိတဲ့ အဘွားအိုကြီးတစ်ယောက်ကို မေးကြည့်တော့ အဲဒီအဘွားကြီးက ရှင်းပြတယ်။ "အရှင်ဘုရားတို့က ကြေးမုံဆိုတာကို မှန်ထင်နေကြတာ၊ မဟုတ်ဘူး"တဲ့။ ဒါဖြင့် ဒကာမကြီး ဘာကိုခေါ်တာတုံး" ဆိုတော့။ "တပည့်တော်တို့ ငယ်ငယ်တုန်းက မှန်မရှိဘူးဘုရားတဲ့။ ကြေးပြားကြီးကို ချောပြောင်နေအောင် ပြာနဲ့ မန်ကျည်းသီးမှည့်နဲ့ ဆပ်ပြာနဲ့ ပွတ်တိုက်ဆေးကြောပြီးမှ ပြောင်လက် အရောင်ထွက်အောင် လုပ်ရတယ်ဘုရား၊ သနပ်ခါး လိမ်းပြီးတဲ့အခါ ပြောင်လက်နေတဲ့ ကြေးမုံထဲကိုကြည့်ရတယ်"တဲ့။ ကြေးပြားကို မှန်ပြီးနေအောင် ပွတ်တိုက် ထားတာကို ကြေးမုံလို့ ခေါ်သတဲ့ ပရိသတ်ရေ။

(မှန်လှပါဘုရား)

မှန် ဟုတ်ရဲ့လား ပရိသတ်။

(မဟုတ်ပါဘုရား)

ဟော....ခုတော့ မဟုတ်ဘူး ဖြစ်သွားပြီနော်။ အဲဒီနေရာ မှန်ကပေါ်လာတော့ အစားထိုးပြီး ဒီမှန်ကိုလဲကြေးမုံ ကြေးမုံနဲ့ ခေါ်နေတာ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ဖန်ကိုပြဒါးနဲ့ထိန်းတာ မှန်ခေါ်တယ်။ ကြေးမုံကတစ်ခြား မှန်က တစ်ခြား ရှေးတုန်းကနော်။ အဲဒီမှန်ပြီးတော့ ပွတ်တိုက်ထားတဲ့ ကြေးပြားကို ကိုယ့်မျက်နှာရိပ်ကို စွေစောင်းပြီး ကြည့်ရတာ။ သနပ်ခါး ညီမညီကြည့်တော့ မျက်နှာရိပ် ပေါ်တယ်။ အဲဒီကြေးမုံမှ မတတ်နိုင်ရင် ရေခွက်ထဲ - ရေထည့်ပြီးတော့ အရိပ်ကျတဲ့နေရာ တစက်မြိတ်အောက်လို နေရာမျိုးမှာ ရေငြိမ်နေပြီဆိုမှ အဲဒီမှာ ခေါင်းနဲ့ ငုံ့ကြည့်မှ မျက်နှာရိပ် ပေါ်တယ်။ ရေခွက်ကိုကြည့်ရတာ။ ပရိသတ် ဘာကိုကြည့်ရတုံး။

(ရေခွက်ကိုပါဘုရား)

မတိုးတက်သေးတဲ့ ခေတ်ဆိုတော့ ဒီလိုပဲကြည့်ရမှာပေါ့။

အဲဒီမှာကြည့်တော့ မျက်နှာရိပ် မပေါ်ဘူးလား။

(ပေါ်ပါတယ်ဘုရား)

ဒီမျက်နှာရိပ်ပေါ်တာဟာ ကြေးမုံ သို့မဟုတ် မှန်ကို အကြောင်းပြုပြီး မျက်နှာရိပ် ပေါ်တယ်နော်။ အဲဒါ ဥပမာ စကား။

## ခန္ဓာ ၅-ပါး အကြောင်းပြု ငါပေါ်တာ

ထိုနည်းတူစွာပဲတဲ့ အရှင်မဟာပုဏ္ဏက ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်လို့ခေါ်တဲ့ ခန္ဓာငါးပါးကို အကြောင်းပြုပြီးမှ ငါခေါ်တဲ့အရိပ် ပေါ်တာတဲ့။ ငါပေါ်လာတာ မရိုသတ် ဘာပေါ်လာပါလိမ့်။

(ငါပေါ်လာတာပါဘုရား။)

ဧဝမေဝ ခေါ အာဝုသော အာနန္ဒ ရူပံ ဥပါဒါယ၊ ဝေဒနံ ဥပါဒါယ၊ သညံ ဥပါဒါယ၊ သင်္ခါရေ ဥပါဒါယ၊ ဝိညာဏံ ဥပါဒါယ အသ္မီတိ ဟောတိ နော အနုပါဒါယ(ခန္ဓ ပါ-၇၆)

အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဧဝမေဝ၊ ဤနည်းပုံယူ အလားတူသာလျှင်။ ရူပံ၊ ရုပ်ကို။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိညာဏံ၊ ဝိညာဏ်ကို။ ဥပါဒါယစွဲ၍။အသ္မီတိ၊ အသ္မိဟူသော ငါစွဲသည်။ ဟောတိ၊ ဖြစ်၏။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ နောဟောတိ၊ ဖြစ်သည်မဟုတ်ချေ။ ဣတိ၊ ဤသို့။ အာယသ္မာ ပုဏ္ဏော၊ အရှင်ပုဏ္ဏမထေရ်မြတ်သည်။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာမထေရ်မြတ်ကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ ကောင်းစွာမသွေ မိန့်ကြားတော်မူလိုက်ပါပေသတည်း....

(သာဓု၊ သာဓု၊ သာဓု)

ခန္ဓာငါးပါး အကြောင်းပြုပြီး ငါပေါ်တယ်။ မှန်ကို အကြောင်းပြုပြီးတော့ မျက်နှာရိပ် ပေါ်တယ်။ မှန်ရှိလား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ကြည့်လေ "အသ္မိ"ဆိုတဲ့ပုဒ်က ငါလို့ ပြန်လိုက်ရပေမယ့် သံယုတ်အဋ္ဌကထာက ဘယ်လို ဖွင့်ထားတုံးဆိုတော့ (သံဋ္ဌ ၂-၂၈၃)

## ညီတော်အာနန္ဒာ တရားနှလုံးသွင်းပြီ

"အသ္မိတိ ဧဝံ ပဝတ္တံ တဏှာမာနဒိဋ္ဌိ ပ ပဥ္စတ္တယ်" (သံဋ္ဌ-၂-၂၈၃)တဲ့။

အသ္မိဆိုတဲ့ပုဒ် ငါလို့ ပြန်လိုက်ရပေမယ့် အဲဒီ ငါဆိုတဲ့ စကားလုံးထဲမှာ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ပါဝင်နေတယ်။ တဏှာ မာန ဒိဋ္ဌိ။ ပရိသတ် ဘာတဲ့တုံး။

(တဏှာ မာန ဒိဋ္ဌိပါဘုရား)

ဟုတ်ပြီ၊ ငါလို့ဆိုတာက တဏှာ မာန ဒိဋ္ဌိ သုံးလုံးရဲ့အမည် လို့သာ မမှတ်ရသတ် မှတ်ထား။

(မှန်ပါဘုရား)

ကိုယ့်ရုပ်ကို အကြောင်းပြုပြီးတော့ တဏှာက နှစ်သက်တယ်၊ ကိုယ့်ရုပ်ကို မနှစ်သက်ဘူးလား။
(နှစ်သက်ပါတယ်ဘုရား)

ဒီရုပ်ကို အကြောင်းပြုပြီး မာနမထောင်ဘူးလား။
(ထောင်ပါတယ်ဘုရား)

ငါ့ရုပ်သည် မနေ့ကလဲ ဒီအတိုင်းပဲ၊ ကနေ့လဲ ဒီအတိုင်းပဲ၊ မပြောင်းလဲဘူးဆိုတော့ ဒိဋ္ဌိ မစွဲဘူးသား။
(စွဲပါတယ်ဘုရား)

ရုပ်အပေါ် တဏှာ မာန ဒိဋ္ဌိ စွဲတယ်။
ကောင်းကောင်းလေး ခံစားရလို့ရှိရင် မနှစ်သက်ဘူးလား။
(နှစ်သက်ပါတယ်ဘုရား)

ငါသာလျှင် ခံစားနိုင်တယ်ဆိုပြီးတော့ မာန မထောင်ဘူးလား။
(ထောင်ပါတယ်ဘုရား)

အင်း....မာနထောင်တယ်။ ဒီခံစားမှုကလေး မြဲတယ်ဆိုတော့ ဒိဋ္ဌိက မစွဲဘူးလား။
(စွဲပါသယ်ဘုရား)
ဝေဒနာပေါ်လဲ စွဲတယ်။

သညာ မှတ်သားမှုကလေးကို မှတ်မိတာလေးကို မနှစ်သက်ဘူးလား။

(နှစ်သက်ပါတယ်ဘုရား)

မိမိမှတ်မိတာလေး အကြောင်းပြုပြီး ငါသာလျှင် မှတ်မိတယ်၊ သင်းတို့ မမှတ်မိဘူးဆိုပြီး မာနမထောင်ဘူးလား။

(ထောင်ပါတယ်ဘုရား)

အမှတ်သညာလေးကို မြဲတယ်။ ဘယ်တော့မှ မမေ့မပျောက်ဘူးလို့ ဆိုပြီး ဒိဋ္ဌိကကော မစွဲဘူးလား။

(စွဲပါတယ်ဘုရား။)

ဩော်သညာ အပေါ်မှာလဲ တဏှာ မာန ဒိဋ္ဌိ။

ပြုလုပ်မှုသင်္ခါရ။ သင်္ခါရက အဓိပ္ပါယ် ကျယ်ဝန်းဘယ်။ သို့သော် တစ်ခုပဲ ပြောရမှာပေါ့နော်။ ပြုလုပ်တာ သင်္ခါရ။ ပရိသတ်ပြုလုပ်တာ ဘာပါလိမ့်။

(သင်္ခါရပါဘုရား။)

ကိုယ်ပြုလုပ်နိုင်တာကို နှစ်သက်တယ်၊ ငါသာလျှင် ပြုလုပ်နိုင်တယ်၊ ငါ့ရဲ့ပြုလုပ်မှုသည် မြဲတယ်လို့ဆိုတော့ သင်္ခါရ အပေါ်မှာကော၊ တဏှာ မာန ဒိဋ္ဌိ မစွဲဘူးလား။

(စွဲပါတယ်ဘုရား)

အေး ....သင်္ခါ အပေါ်မှာလဲစွဲတာပဲ။

ဝိညာဏ်အသိစိတ်ကလေးရှိတယ်။ ဒကာ ဒကာမတွေမှာ အသိစိတ်ကလေးမရှိဘူးလား။

(ရှိပါတယ်ဘုရား)

ကိုယ့်စိတ်ကလေးကို မနှစ်သက်ဘူးလား။

(နှစ်သက်ပါတယ် ဘုရား)

နှစ်သက်ရင် ဘာစွဲပါလိမ့်။

(တဏှာစွဲပါဘုရား)

ငါ့စိတ်က နင်တို့စိတ်နဲ့မတူဘူးဆိုတာ မြင့်မောက်နေတဲ့စိတ်ကို ခေါ်တယ်။ အဲဒါမာနစွဲ။ စိတ်ကို အကြောင်းပြုပြီးတက်ကြွလာတာ မာနစွဲ၊ ရှေးကလဲဒီစိတ်။ ကနေ့လဲ ဒီစိတ်ဆိုတော့ ဒိဋ္ဌိစွဲ၊တဏှာ မာန ဒိဋ္ဌိ။ဘာ ာတဲ့တုံး ပရိသတ်။

(တဏှာ မာန ဒိဋ္ဌိပါဘုရား)

ငါ့ဥစ္စာ၊ ငါ၊ အတ္တာဆိုတဲ့ စကားလုံးကို သုံးကြည့်ပေါ့။ ငါ သုံးခုမပါဘူးလား။

(ပါပါတယ်ဘုရား)

အဲဒီ ငါသုံးခုကို ချုံးလိုက်တော့ ငါတစ်လုံးထဲဖြစ်သွားရောနေ့ာ်။ ချုံလိုက်တော့ ဒီတဏှာ မာန ဒိဋ္ဌိ သုံးခုရတာပဲ။ ခန္ဓာငါးပါး အမှီပြုပြီး တဏှာ မာန ဒိဋ္ဌိခေါ်တဲ့ သံမှိုကြီး သုံးချက်စွဲနေတယ်လို့ ဓမ္မပရိသတ်အာရုံပြုထား။ ကိုယ့်ခန္ဓာ

ကို နှလုံးသွင်းထား။ ညီတော်အာနန္ဒာလဲ နှလုံးသွင်းနေတယ် ဆိုတာကို ဓမ္မပရိသတ်ကလဲ နားလည်ထားနော်။

(မှန်လှပါဘုရား)

## ရုပ်ဟာ မြဲလား မမြဲဘူးလား

အာနန္ဒာ သောတာပန်တည်ခန်းလေး ဘုန်းကြီးပြောချင်လို့။ အဲဒီမှာ အရှင်ပုဏ္ဏမထေရ်မြတ်က အစဲ့ကိုထောက်ပြပြီးမှ အဆိုပါအစွဲကိုဖြုတ်ရန်အတွက် ဝိပဿနာတရားပေးတယ်။

"တံ ကိံ မညသိ အာဝုသော အာနန္ဒ"

အာဝုသော အာနန္ဒ-ငါ့ရှင်အာနန္ဒာ၊ တံ၊ထို တပည့်တော် ဟောကြားမယ့်တရားကို။ ကိံ မညသိ-ဘယ်လို နှလုံးသွင်းမှာ တဲ့လဲ။

ငါ့ရှင်အာနန္ဒာ၊တပည့်တော် ရှေ့ဆက်ပြီးဟောတော့မယ်၊ ဟောမယ့် တရားကို ငါ့ရှင် ဘယ်လိုနှလုံးသွင်းမလဲ- လို့ မေးပါတယ်၊ ကထေတုကမျတာပုစ္ဆာ ခေါ်ပါတယ်။

"ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊

"ရူပံ-ရုပ်တရားသည်၊ နိစ္စံ ဝါ-မြဲတဲ့တရားလား၊အနိစ္စံ-ဝါ-မမြဲတဲ့တရားလားလို့ မေးတယ်။

"ရုပ်သည် မြဲသလား မမြဲဘူးလား"လို့ မေးပါတယ်။

ဝေဒနံ-ဝေဒနာသည်၊ နိစ္စံဝါ-မြဲတဲ့တရားလား၊ အနိစ္စံဝါ-မမြဲတဲ့တရားလား။

သညာ-သညာသည်၊ နိစ္စံဝါ-မြဲတဲ့တရားလား၊ အနိစ္စံ-ဝါ-မမြဲတဲ့တရားလား။

သင်္ခါရာ-သင်္ခါရတရားတို့သည်၊ နိစ္စံဝါ-မြဲတဲ့တရားတွေလား အနိစ္စံဝါ-မမြဲတဲ့တရားတွေလား။

ဝိညာဏံ-ဝိညာဏ်သည်၊ နိစ္စံဝါ-မြဲတဲ့တရားလား။ အနိစ္စံဝါ-မမြဲတဲ့တရားလား၊

အရှင်ပုဏ္ဏကမေးတယ်၊ ပရိသတ် ဘယ်သူကမေးပါလိမ့်၊

(အရှင်ပုဏ္ဏက မေးတာပါဘုရား)

အဲဒီ ငါးပွဲနေတဲ့ခန္ဓာကြီးကို အရှင်ပုဏ္ဏက နိစ္စလား၊အနိစ္စလား မေးနေတယ်၊ ဖျက်ပြတာ မှန်ရဲ့လားပရိသတ်၊

(မှန်ပါတယ်ဘုရား)

ခန္ဓာ-ငါးပါးသည် အနိစ္စ-ဒုက္ခ-အနတ္တ

ထိုအခါမှာ အရှင်အာနန္ဒာမထေရ်မြတ်က....

"အနိစ္စံ အာဝုသော"၊

အဒ္ဒုဝသော-ငါ့ရှင်၊ အနိစ္စံအမြဲမရှိပါ။ ခန္ဓာငါးပါးသည် အနိစ္စ၊ ခန္ဓာငါးပါးသည် ဘာတဲ့တုံး–

(အနိစ္စံပါဘုရား)

"ဒုက္ခံဝါ တံ သုခံဝါတိ"

ယံပန-အကြင်ခန္ဓာငါးပါး တရားသည်၊ အနိစ္စံ-အမြဲမရှိ၊ တံ-ထိုအနိစ္စဖြစ်တဲ့ ခန္ဓာငါးပါးတရားသည်၊ ဒုက္ခံဝါ-ဆင်းရဲတဲ့ တရားလား၊ သုခံဝါ-ချမ်းသာတဲ့တရားလားတဲ့။

"ဒုက္ခလား၊ သုခလား၊ ချမ်းသာလား၊ ဆင်းရဲလား" လို့ အရှင်ပုဏ္ဏကမေးတယ်။

အရှင်အာနန္ဒာ မထေရ်မြတ်က ဒုက္ခံအာဝုသော-ဆင်းရဲတဲ့ တရားပါဘုရားလို့ လျှောက်တယ်၊ ဘုန်းကြီးတို့ပရိသတ် အနိစ္စ-မမြဲတဲ့တရားဟာ၊ ဒုက္ခဆင်းရဲသလား သုခချမ်းသာသလား။

(ဒုက္ခဆင်းရဲပါတယ်ဘုရား)

အေး....ဒုက္ခတရား၊ ကိုယ့်ခန္ဓာကို နှလုံးသွင်းလိုက်ပါ၊ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ"

ယံပန-အကြင်ခန္ဓာငါးပါးတရားသည်၊ အနိစ္စံ-အမြဲမရှိ၊ ဒုက္ခံ-ဆင်းရဲ၏၊ ဝိပရိဏာမဓမ္မံ - ဖောက်ပြန်တဲ့ သဘော သဘာဝရှိ၏။

ဟုတ်ပြီတဲ့၊ အနိစ္စ-မြဲလဲမမြဲဘူးတဲ့၊ ဒုက္ခ-ဆင်းရဲလဲဆင်းရဲတယ်တဲ့၊ ဝိပရိဏာမဓမ္မ-ဖောက်လဲဖောက်ပြန်ပြီးတော့နေလို့-အနတ္တတရားဖြစ်တယ်။

## ငါ့ဥစ္စာ ငါ-ငါ့အတ္တမဟုတ်

ဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ ခန္ဓာငါးပါးတရားကြီးကို (သို့မဟုတ်) ငါငါနဲ့စွဲနေတဲ့ ခန္ဓာငါးပါးကြီးကို....

ကလ္လံ နုတံ သမနုပဿိတုံ၊ ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာတိ” သံ ၂-၈၆။

ဧတံ-ဤခန္ဓာ ငါးပါးတရားကြီးသည်၊ မမ-ငါ၏၊ သန္တကံ-ကိုယ်ပိုင်ဥစ္စာတည်း၊ ဧသော-ဤခန္ဓငါးပါးတရားသည်၊ အဟံ-ငါသည်၊ အသ္မိ-ဖြစ်၏၊ ဧသော-ဤခန္ဓာငါးပါးတရားသည်၊ မေ-ငါ၏၊ အတ္တာ-ခိုင်မာတဲ့အတ္တတည်း၊ ဣတိ-ဤသို့၊ သမနု-ပဿိတုံ-တဏှာမာနဒိဋ္ဌိတွေနဲ့ သုံးသပ်ခြင်းငှာ၊ ကလ္လံနု-သင့်တော်ပါမည်လား။

## တဏှာ-မာန-ဒိဋ္ဌိတွေနဲ့မရှုရ

အရှင်မဟာပုဏ္ဏက ဓမ္မာသနပလ္လင်ပေါ်ကနေ မေးတော်မူတယ်၊ညီတော်အာနန္ဒာက ခန္ဓာကိုယ်ကို နှလုံးသွင်းပြီး ဘယ်လို ပြန်ဖြေသလဲဆိုရင်....

"နေဝ ဟေတံ အာဝုသော"
အာဝုသော-ငါ့ရှင်၊ နေဝဟိကလို့-မသင့်တော်ပါ။

"တဏှာမာနဒိဋ္ဌိတွေနဲ့ ရှုမှတ်ခြင်းငှာ မသင့်တော်ပါ"လို့ ဖြေကြားတယ်၊ အာနန္ဒာကဖြေတာ၊ ပရိသတ် ဘယ်သူဖြေတာ ပါလိမ့်၊

(အာနန္ဒာက ဖြေတာပါဘုရား)

အာရုံပြုထား ဓမ္မပရိသတ်ရေ၊ ပြီးမှ အလုပ်သဘောလေး ပြောမယ်၊ အဲဒီမှာမှ အရှင်မဟာပုဏ္ဏမထေရ်မြတ်က၊

> တသ္မာ တိဟ အာဝုသော အာနန္ဒ ယံကိဉ္စိ ရူပံ၊ ယာကာစိ ဝေဒနာ၊ ယာကာစိ သညာ၊ ယေကေစိ သင်္ခါရာ၊ ယံကိဉ္စိ ဝိညာဏံ၊ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ၊ သဗ္ဗာ ဝေဒနာ၊ သဗ္ဗာ သညာ၊ သဗ္ဗေ သင်္ခါရာ၊ သဗ္ဗံ ဝိညာဏံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။
> (ခန္ဓ–ပါ ၈၆)

အရှင်မဟာပုဏ္ဏက တရားပေးတာ၊ အေး....ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ သင်ပြပေးသော နည်းပညာများနှင့် ဓမ္မပရိသတ်များကိုလဲ ဘုန်းကြီး ကျေးဇူးဆပ်ပါတယ်၊ ဆရာတော်ဘုရားကြီးများအားလဲ ကျေးဇူးဆပ် ပူဇော်ပါတယ်၊ ဘုရားဟော ပါဠိတော်ရွတ်ရတာ တယ်ပြီးတော့ ကြည်ညိုလွန်းလို့၊ ပရိသတ်များလဲ ကြည်ညို သဒ္ဓါစိတ်ကလေးတွေ ယိုဖိတ်ပြီးလာအောင် ရွတ်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

အာဝုသော အာနန္ဒာ-ငါ့ရှင်အာနန္ဒာ၊ တသ္မာ-ထို့ကြောင့်၊ ဣဓ-ဤသာသနာတော်၌၊ ယံကိဉ္စိ-အလုံးစုံသော၊ ရူပံ-ရုပ်သည်၊ ဝေဒနာ-ဝေဒနာသည်၊ သညာ-သညာသည်၊ သင်္ခါရာ-သင်္ခါရ တရားတို့သည်၊ ဝိညာဏံ.ဝိညာဏ်တရားသည်၊ အတ္ထိ-ရှိ၏၊ သဗ္ဗံ-အလုံးစုံသော၊ တံ-ထိုခန္ဓာငါးပါးအပေါင်းကို၊ ဧတံ-ဤခန္ဓာငါးပါးတရားသည်၊ နမမ-ငါ့ဥစ္စာမဟုတ်ပါချေတကား။ ဧသော-ဤခန္ဓာငါးပါးတရားသည်၊ အဟံ-ငါသည်၊ န-မဟုတ်ပါချေတကား။ ဧသော-ဤခန္ဓာငါးပါးတရားသည်၊ မေ-ငါ၏၊ န အတ္တာ-အတ္တမဟုတ်ပါချေ တကား။ ဣတိ-ဤသို့၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ-မှန်ကန်တဲ့ ဝိပဿနာဉာဏ်ပညာဖြင့်၊ ဒဋ္ဌဗ္ဗံ-ကောင်းစွာမသွေ ငါ့ရှင် အာနန္ဒာ ရှုမှတ်အားထုတ်သင့်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ခန္ဓာငါးပါးကို တဏှာမာနဒိဋ္ဌိမစွဲဖို့တဲ့၊ သမ္မပ္ပညာယ၊ မှန်ကန်တဲ့ ဝိပဿနာဉာဏ်ပညာနဲ့ ဒဋ္ဌဗ္ဗံ-ရှုလိုက်ပါတဲ့၊ တရား အရှုခိုင်းတာ ပရိသတ် ဘာအရှုခိုင်းတာပါလိမ့် ။

(တရားရှုခိုင်းတာပါဘုရား)

## သတိပဋ္ဌာန်လေးပါးရှုပုံ

'အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ' လို့ခေါ်တဲ့ အနုပဿနာ သုံးပါးနဲ့ အဲဒီခန္ဓာကို အမှန်အတိုင်း မြင်အောင်ရှုပါ၊ နှလုံးသွင်းပါတဲ့၊ ခန္ဓာငါးပါးကို ရှုဖို့ရာ အတွက် အစုအပုံ ခွဲလိုက်မယ် ဆိုရင် လေးစု လေးပုံရတယ်၊ ပရိသတ် ဘယ်နှစ်စုဘယ်နှစ်ပုံရတုံး။

(လေးစုလေးပုံရပါတယ်ဘုရား)

ရုပ်ကတစ်စု၊ ဝေဒနာကတစ်စု၊ စိတ်ကတစ်စု၊ ဓမ္မက တစ်စု၊ ဘယ်နှစ်စုရပါလိမ့် ပရိသတ်။

(လေးစုပါဘုရား)

ရုပ်ကျတော့ ကာယာနုပဿနာလို့ ခေါ်တယ်၊ ကာယာ နုပဿနာသတိပဋ္ဌာန်၊ ကာယ-ရုပ်အပေါင်း အနုက ထပ်ပြန် တလဲလဲ၊ ပဿနာက ရှုတဲ့၊ သတိပဋ္ဌာန်က သတိပြဋ္ဌာန်းတဲ့ အလုပ်ခေါ်တယ်။

ဝေဒနာကျတော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာက ကောင်းတဲ့ဝေဒနာ၊ မကောင်းတဲ့ဝေဒနာ၊ ကောင်း, မကောင်း ဝေဒနာ၊ အနု-ထပ်ပြန်တလဲလဲ၊ ပဿနာ-ဝိပဿနာ ရှုပြီးတော့နေတဲ့အလုပ်ကို ခေါ်တယ်။

စိတ္တာနုပဿနာကျတော့ စိတ္တက-ဖြစ်ပေါ်တိုင်းသောစိတ်၊ ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ်၊ သရာဂစိတ်၊ သဒေါသ စိတ် စသည်ပေါ့၊ အဲဒီစိတ်ကို အနုက-ထပ်ပြန်တလဲလဲ၊ ပဿနာက ရှုတာတဲ့။ ဒါကို စိတ္တာနုပဿနာ သတိပဋ္ဌာန် ခေါ်တယ်။

အဲဒီသုံးမျိုးမှ ကြွင်းကျန်တဲ့ ဓမ္မ-က ခန္ဓာမှာရှိတဲ့သဘော တရားမှန်သမျှကို အနု-က ထပ်ပြန်တလဲလဲ၊ ပဿနာ-က ရှုနေတာကို ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်။ သတိ ပဋ္ဌာန်လေးပါး' သူ့ဆိုင်ရာစုပေါင်းလိုက်တော့ လေးစုရှိတယ်။

## ထင်ရှားတဲ့ရုပ် ဝါယောကို အရင်ရှု

အဲဒီမှာ ပထမဦးဆုံး ဘာကိုရှုရမှာတုံးလို့ဆိုရင် ကာယကို ရှု၊ ပရိသတ် ဘာကိုရှုရမှာပါလိမ့်။

(ကာယကိုရှုရမှာပါဘုရား)

ရုပ်ကိုရှု၊ ဒကာ ဒကာမတွေ ရုပ် ကိုယ်ကာယကြီးသည် မထင်ရှားဘူးလား။

(ထင်ရှားပါတယ်ဘုရား)

သြဋ္ဌာရိကတ္တာ-ထင်ရှားရှိမို့ ထင်ရှားတဲ့ရုပ်တရားကြီးကို အရင်ကိုင်ရှုနေဉ်။ ဒါဖြင့် အရှင်ဘုရား ရုပ်တရားကအများကြီး၊ ဘယ်နေရာ ရှုရမှာတုန်းလို့ မေးလိမ့်မယ်၊ မြတ်စွာဘုရားက အထင်ရှားဆုံးတစ်နေရာကို ထပ်ဆင့်ရှုပြတယ်။

"ဘူတံ ဘူတ တော ပဿတိ"

ထင်ရှားတာကို ထင်ရှားတဲ့အတိုင်း ရှု တဲ့၊ ဒါဖြင့် အထင်ရှားဆုံးဆိုတော့ ဒကာ ဒကာမတွေရဲ့ သန္တာန်မှာ ဝါယောဓာတ်ကလေးရှိတယ်။

သတော ဝ အဿသတိ၊ သတော ဝ ပဿသတိ။

ထွက်လေဝင်လေ ဝါယောဓာတ်ကလေးရှိတယ်၊ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

နှာသီးဖျားက လေထွက်သွားတာ မတွေ့ဘူးလား။

(တွေ့ပါတယ်ဘုရား)

အပြင်ကလေကို အတွင်းရှိုက်သွင်းလိုက်တဲ့အခါမှာ ထိခိုက်သွားတဲ့ ဝါယောဓာတ်ကလေး မတွေ့ဘူးလား။

(တွေ့ပါတယ်ဘုရား)

ဘာခေတ်ပါလိမ့်။

(ဝါယောခေတ်ပါဘုရား)

ဝါယောခေတ်ဟာ ရုပ်လား နာမ်လားလို့မေးရင်။

(ရုပ်ပါဘုရား)

ရုပ်ဆိုတော့ ကာယ၊အဲဒီကာယလေးကိုအနုထပ်ပြန်တလဲလဲ ပဿနာ-ရှုတဲ့ သတိလေးနဲ့ ပြဋ္ဌာန်းတာ သတိပဋ္ဌာန၊ သတိ ပြဋ္ဌာန်းရှုတဲ့။ ကောင်းပြီ အဲဒီဝါယောခေတ်ကလေးကို ရှုပါ များတော့ စိတ်ကလေး တည်ငြိမ်လာပြီနော်၊ တည်ငြိမ်လာတဲ့ အခါ သမာဓိရလာတယ်လို့ ခေါ်တယ်။

"သမာဟိတော ယထာဘူတံ ပဇာနာတိ"တဲ့။

သံယုဂ်ပါဠိတော်များမှာ ' သမာဓိဖြစ်လာရင် ဟုတ်တိုင်း မှန်စွာ သိလာတယ်တဲ့၊ ဟုတ်တိုင်းမှန်စွာ သိတယ်၊ ဘယ်လို သိတုံးဆိုတော့။

"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ"

ဝါယောခေတ်ကလေးရဲ့ ပေါ်တာ ပျောက်တာကလေး၊ အနိစ္စ အချက်ထင်မြင်ပြီး လာတယ်တဲ့ ဓမ္မပရိသတ်။ သမာဓိ ရရှိ ဖြစ်ပေါ်လာတဲ့အခါ ဉာဏ်ပေါ်လာပုံ၊ ဉာဏ်က အဲဒီမှာ

ဝါယောဓာတ်လေးပေါ်တာသိ၊ ပျောက်တာသိ၊ ဘာသိတဲ့ တုံး ပရိသတ်။
(ပေါ်တာသိ ပျောက်တာသိပါဘုရား)

စိတ်ငြိမ်လာရင် ဉာဏ်ကောင်းတယ်၊ ဉာဏ်ကလေးပေါ် သွားတယ်၊ ပျောက်သွားတယ်၊ ပေါ်ခိုက် ပျောက်ခိုက်ဉာဏ်က သိနေတာ၊ သတိပြဋ္ဌာန်း ပြီးတော့သိတာ။
သတိက ရှေ့ဆောင်၊ သတိနောက်က ဉာဏ်လိုက်၊ ဝီရိယလဲ ယှဉ်ရတယ်၊ ပါရတယ်။

"အာတာပီ သမ္ပဇာနော သတိမာ"

အာတာပီ-ဆိုတာ ဝီရိယ၊ သမ္ပဇာနော က ဉာဏ်၊ သတိမာက သတိ။ အဲဒီပေါ် ပျောက်သိ၊ ပေါ်တာ ပျောက်တာသိ၊ ပရိသတ် ဘာသိတဲ့တုံး။
(ပေါ်တာ ပျောက်တာ သိပါဘုရား)

တဖြည်းဖြည်းပေါ်တယ်၊ တဖြည်းဖြည်း ပျောက်တယ်၊ လျင်မြန်စွာပေါ်တယ်၊ လျင်မြန်စွာပျောက်တယ်။ ဒါဉာဏ် သဘောပဲ။ ဖြည်းဖြည်းပေါ်တာကျတော့ သမ္မသန ဉာဏ်ပိုင်း ခေါ်တယ်။ လျင်မြန်စွာပေါ်တယ်၊ လျင်မြန်စွာပျောက်တယ် ဆိုတော့ ဥဒယဗ္ဗယဉာဏ်ပိုင်း ခေါ်တယ်။ အဲဒီ ပေါ် ပျောက် သိ ဆိုတော့ သိတာလေးက ဉာဏ်တဲ့။

## အနိစ္စာနုပဿနာဉာဏ်

ပေါ်တာ ပျောက်တာက အနိစ္စ၊ ပရိသတ် ပေါ်တာ ပျောက်တာက ဘာပါလိမ့်။
(အနိစ္စပါဘုရား)

"ဟုတွာ အဘာဝတ္တေန အနိစ္စံ" (ဥဒါန-ဋ္ဌ-၈၂) တဲ့။
ဥဒါန်း အဋ္ဌကထာက၊ ဟုတွာ၊ ပေါ်ပြီးတဲ့နောက်၊ အဘာဝတ္တေန၊ ပျောက်ပျောက်သွားသောကြောင့်။ အနိစ္စံ၊ အနိစ္စတရားတဲ့။

ပေါ်ပြီး ပျောက်နေတာ အနိစ္စ၊ ဒါကို အနုပုနုပ္ပုနံ၊ ထပ်ပြန်တလဲလဲ ခဏခဏပေါ့။ အကြိမ်တိုင်းအကြိမ်တိုင်း အဆက်မပြတ် တရစပ်၊ ပဿနာ-က ကြည့်ပြီးတော့ ရှုနေတာ၊ပေါ်တာ ပျောက်တာလေး ထပ်ပြန်တလဲလဲရှုတာ၊သိတာက ဉာဏ်၊ အနိစ္စာနုပဿနာဉာဏ်၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ဉာဏ်က နောက်က ယှဉ်နေတာ၊ ပေါ်တာပျောက်တာလေးကို သိသိနေတဲ့ ဉာဏ်ကလေးက ယှဉ်နေတယ်၊ . အနိစ္စာနုပဿနာဉာဏ်၊ ဝိပဿနာက ဘာစခန်းပါလိမ့်။

(ဉာဏ်စခန်းပါဘုရား)

ပေါ်တာ၊ ပျောက်တာသိဖို့ညဏ်၊ အဲဒါအနိစ္စာနုပဿနာ ညဏ်။

ဒုက္ခာနုပဿနာကျတော့။

"ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ" (ဥဒါန်-ဌ-ဂ၂)။

ပေါ်တာ ပျောက်တာ အနှိပ်စက် ခံနေရသည့်အတွက် ကြောင့် ဒုက္ခ။ ဒုက္ခဆိုတာ အဲဒီဝါယောဓာတ်ကလေးဟာ သင်္ခါရတရားဖြစ်သောကြောင့် ပေါ်မှု ပျောက်မှုနဲ့ အနှိပ်စက် ခံမနေရဘူးလား။

(ခံနေရပါတယ်ဘုရား)

အနှိပ်စက်ခံနေရတာသည် ဒုက္ခ။ အနု-က ထပ်ပြန်တလဲလဲ ပဿနာ-က ရှုပြီးတော့နေ၍ သိတာက ညဏ်။ ဒုက္ခာနုပဿနာ ညဏ်။ ဘာညဏ်တဲ့တုံး။

(ဒုက္ခာနုပဿနာညဏ်ပါဘုရား)

အနတ္တာနုပဿနာညဏ်ကျတော့ အနတ္တဆိုတဲ့ပုဒ်မှာ။

"အဝသဝတ္တနဋ္ဌေန အနတ္တာ"(ဥဒါန်-ဌ-ဂ၂)။

ဥဒါန်းဌကထာက ဖွင့်ထားတယ်၊ အဝသဝတ္တနဋ္ဌေန-မိမိ အလိုအတိုင်း မလိုက်ပါတဲ့အတွက်ကြောင့်။ အနတ္တာ၊အနတ္တ တရားတဲ့။

ဒီပေါ်တာ ပျောက်တာလေးက သင်္ခါရတရားတို့ရဲ့ဓမ္မတာ ဖြစ်စဉ် သဘောကလေးကို မပေါ်ပါနဲ့ မပျောက်ပါနဲ့လို့ ဘယ်သူ တားလို့ရတုံး ပရိသတ်။

(မရပါဘုရား)

ပိုင်စိုးပိုင်နင်း ဘယ်သူကဟန့်တားနိုင်တုံး။
(မတားနိုင်ပါဘုရား)
ကိုယ့်အလိုအတိုင်း ဖြစ်ရဲ့လား။
(မဖြစ်ပါဘုရား)
အစိုးရရဲ့လား။
(မရပါဘုရား)

အစိုးမရတော့ အနတ္တ။ အနေ့-ထပ်ပြန်တလဲလဲ၊ ပဿနာ-ရှုပြီးတော့ ဉာဏ်ကသိတာ။ ဒီပေါ်တာပျောက်တာလေးတစ်ခုကို အာရုံပြုပြီးတော့ အနဲ့ပဿနာဉာဏ် သုံးပါးထည့်ပြနေတာပရိသတ်။ အလုပ်သဘော ပြောနေတာနော်။

ရှင်းအောင် အာရုံပြုထား။အဲဒီမှာ ဉာဏ်ကလေးကသိတာ။ သိတဲ့အခါကျတော့။

"အနိစ္စာနုပဿနာယ သတိ အပတိဋ္ဌော မာနဂ္ဂါဟော"
(ဥပရိ-ဋ္ဌ-၄၁၇)။

## ပေါ်တာပျောက်တာသိနေရင် မာနပြုတ်

အနိစ္စာနုပဿနာသည် ပေါ်တာပျောက်တာကလေး ထပ်ပြန်တလဲလဲ သိလာပြီဆိုရင်၊ ထိုယောဂီရဲ့စိတ်မှာ မာနစွဲပြုတ်သွားတယ်တဲ့။ မြင့်မောက်တက်ကြွတဲ့မာနဆိုတာ ပေါ်တာ

ပျောက်တာမသိလို့၊ ဖြစ်တာပျက်တာမသိလို့၊ မာနထောင်တာ ဖြစ်ပါတယ်။ မသိလို့မာနထောင်တာ၊ ပရိသတ်ဘာလို့ မာန ထောင်တာတဲ့လဲ။

(ဖြစ်တာပျက်တာ မသိလို့ပါဘုရား)

ဖြစ်ပျက်သိတော့ မာနထောင်နိုင်သေးရဲ့လား။ အပတိဋ္ဌော မာနဂ္ဂါဟော-ဖြစ်ပျက်သိရင် မာနပြုတ်တယ်တဲ့။ အရှင်ပုဏ္ဏ ဟောတဲ့ ဒေသနာတော်ကို ဘုန်းကြီးက ဖွင့်ပေးနေပါတယ်။ အလုပ်သဘောလေးနော်။

ကောင်းပြီ ဒီဝါယောဓာတ်ကလေးဟာ ဖြစ်ပျက် အနှိပ် စက်ခံနေရတယ်ဆိုတာ ဒုက္ခ။ ဒုက္ခဆိုတာ ဉာဏ်ကသိနေတယ် ပေါ့လေ။

## ဆင်းရဲတာသိရင် တဏှာစွဲပြုတ်

"ဒုက္ခာနုပဿနာယသတိ အပတိဋ္ဌော တဏှာဂါဟော"
(ဥပရိ-ဋ္ဌ ၄၁၇)

ပေါ်တာပျောက်တာ နှိပ်စက်ခံနေရလို့ ဆင်းရဲတယ်လို့ ဉာဏ်ကသိတဲ့အခါမှာ တဏှာစွဲပြုတ်တယ်၊ ပရိသတ် ဘာစွဲ ပြုတ်သတဲ့တုံး။

(တဏှာစွဲပါဘုရား)

တဏှာဆိုတာက နှိပ်စက်ခံရတဲ့သဘော မသိလို့ သုခချမ်းသာတယ်ထင်နေလို့ တဏှာကစွဲတာ။ အဲဒီတော့ ပေါ်တာပျောက်တာ အနှိပ်စက်ခံရတာကို မြင်လို့ရှိရင် တဏှာစွဲပြုတ်တယ်။ တဏှာစိတ်ပြုတ်တယ်ခေါ်တယ်။ ခန္ဓာငါးပါးကြောင့်ဖြစ်တဲ့အရိပ် ငါစွဲပြုတ်တာလေးတွေ အနုပဿနာနဲ့ တွဲပြနေတာ။

## ကိုယ့်အလိုအတိုင်းမဖြစ် သိရင် ဒိဋ္ဌိစွဲပြုတ်

ကိုယ့်အလိုအတိုင်း မဖြစ်ဘူးတဲ့၊ ပေါ်တာပျောက်တာ တားမရတဲ့ အဝသနိဝတ္တနဆိုတဲ့ အနတ္တထင်ပါတယ်။ အဲဒီ အနတ္တာနုပဿနာ ဉာဏ်သဘော ဖြစ်လာလို့ရှိရင်--

"အနတ္တာနုပဿနာယ သတိ အပတိဋ္ဌော ဒိဋ္ဌိဂါဟော"
(ဥပရိ-ဋ္ဌ-၄၁၇)

ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ ပေါ်တာ ပျောက်တာလဲ တားမရဘူးလို့ ဉာဏ်ကသိနေရင် ဒိဋ္ဌိပြုတ်တယ်၊ ပရိသတ်ဘာစွဲပြုတ်ပါလိမ့်။

(ဒိဋ္ဌိစွဲပြုတ်ပါတယ်ဘုရား)

တဏှာမာနဒိဋ္ဌိ။ ငါစွဲသုံးပါး။ အနိစ္စ ဒုက္ခ အနတ္တ။ အနုပဿနာ သုံးပါး၊ ဒီငါစွဲပြုတ်ဖို့ ဘုရား ဟောထားတာဆိုတာ

ဓမ္မပရိယတ်တို့ နှားလည်ပါနော်၊ အဲဒီလိုရင်းကတော့ ပေါ် ပျောက်တစ်ခုသိဖို့ပဲ။

"ကေသွိံ ဒိဋ္ဌေ ဇာတရတ္တယံ ဒိဋ္ဌ မေဝ တဲ့၊ ဥဒါန်း အဋ္ဌကထာ။

တစ်ချက်မြင်လိုက်ရင် သုံးချက်စလုံးမြင်တာပဲ။ တချို့ကျ တော့လဲ အနိစ္စ,အရင်မြင်တယ်။ တချို့ကျတော့လဲ ဒုက္ခအရင် မြင်တယ်။ တချို့ကျတော့ အနတ္တ,အရင်မြင်တယ်။ ဒါပေမယ့် လို့ ဘာကိုပဲအရင်မြင်မြင် လက္ခဏာ-နှစ်ပါးကတော့ ပါပြီး သွားပဲလို့ ဒီလိုပြပါတယ်။

"အနိစ္စသညိ နော ဟိ မေဃိယ အနတ္တသညာ သဏ္ဌာတိ"

မေဃိယသုတ်မှာ ဘုရား ဟောထားတာရှိသွားပဲ၊ အနိစ္စ မြင်ရင် ဒုက္ခနှင့်အနတ္တ မြင်ပြီတဲ့၊ အချို့ကျတော့ အနိစ္စ အရင်မြင်တာပဲ၊ အချို့ကျတော့ ဒုက္ခ အရင်သဘောပေါက်၊ အချို့ကျတော့ အနတ္တအရင်နားလည်၊ဒါပဲကွာတယ်။သို့သော် သုံးချက်ပြီးရင် တဏှာမာနဒိဋ္ဌိတွေ ပြုတ်ရောတဲ့၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

အဲဒီလို အရှင်မဟာပုဏ္ဏမထေရ်မြတ်က—

"ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"။

ယထာဘူတံ-ဟုတ်မှန်သည့်အတိုင်း၊ သမ္မပ္ပညာယ-တဏှာ မာန ဒိဋ္ဌိအစွဲပြုတ်ရန်အလို့ငှာ။ မှန်ကန်တဲ့ အနုပဿနာ ဉာဏ်

သုံးပါးဖြင့်၊ ဒဋ္ဌဗ္ဗ-ကောင်းစွာမသေ့ ငါရှင်အာနန္ဒာ ရှုမှတ်သင့်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

## စလွှတ်ပလွှတ်သမားတွေကို သတိထား

အလွန်မှန်ကန်တဲ့ ဝိပဿနာဉာဏ်နဲ့ တရားရှုရမယ်။ တရားအားထုတ်ရမယ်။တချို့က ပြောကြတယ်၊ တရားအားထုတ်စရာမလိုပါဘူးတဲ့။ သိပြီးတာပဲတဲ့၊ ပြောသံကြားဖူးကြရဲ့လားပရိသတ်။

(ကြားဖူးပါတယ်ဘုရား)

"အံ့မယ်လေး....တရားသွားအားထုတ်နေစရာ မလိုပါဘူး၊ စိတ်ကောင်းရှိ ပြီးတာပဲ၊ ကိုယ်ကသူများကို ဘာလုပ်နေတာကျလို့ဘယ်သူ့ ဘာလုပ်နေတာကျလို့ တရားအားထုတ်နေစရာမလိုပါဘူး"တဲ့။ ဘုန်းကြီးက ကိုယ်တွေ့ကိုကြားခဲ့တာ။

ရန်ကုန် တရားဟောကြွတုန်းက ရထားပေါ် ဘုန်းကြီးနဲ့ထိုင်ခုံချင်း အတူတူထိုင်ကြတဲ့ ဝိပဿနာ ဆရာကြီးတစ်ယောက်နဲ့အတူ စကားပြောကြတော့၊ ဘုန်းကြီးက အားထုတ်ရမယ်လို့ပြောတယ်၊ သူက "အားထုတ်စရာ မလိုဘူးကိုယ်တော်"တဲ့။ ခက်နေပြီလို့။ ဒီတစ်ခါတော့ ဒီဒကာကြီးနဲ့ ငါနဲ့တွေ့နေပြီ။ သူက အားထုတ်စရာ မလိုဘူးတဲ့ ပြောတယ်။ အဲဒါနဲ့

ငြင်းကြ ခုံကြရောဆိုပါတော့။ အဲဒီဒကာကြီးဟာ ဘာပြော တုံးဆိုတော့ "အရှင်ဘုရား မသေမချင်း မှတ်ထားဘုရား၊ အားထုတ်တယ်ဆိုတာ အုပ်ထားတာ"တဲ့၊ ဘယ့်နှဲ့တုံးပရိသတ် များ ကြိုက်ကြရဲ့လား။

(မကြိုက်ပါဘူးဘုရား)

အားထုတ်တယ်ဆိုတာ ဘာတဲ့တုံး ပရိတ်သတ်။

(အုပ်ထားတာပါတဲ့ဘုရား)

အလို ဒကာကြီးက အလာကြီးပါလားလို့ ကျုပ်လဲ အံ့အား သင့်သွားတယ်။ "နေစမ်းပါဦး ဒကာကြီးရ ဘာကို အုပ် ထားတာတုံး"လို့ မေးတော့၊ "အတော် ဉာဏ်နည်းရန်ကော ကိုယ်တော်တဲ့၊ အရှင်ဘုရား မသေမချင်းမှတ်ထားတဲ့၊ အုပ် ထားတယ်ဆိုတာ ဉာဏ်ကိုမပွင့်အောင် အုပ်ထားတာလို့ ခေါ် တယ်တဲ့။ဟာ....လုပ်ပြီဟေ့လို့ "ဝိပဿနာဉာဏ်ကို ဖုံးအုပ်ထား တာခေါ်တယ်ဘုရား"တဲ့။ တရားထိုင်တယ်ဆိုတာ အုပ်ထား တာပေါ့တဲ့၊ လုပ်ပြီဟေ့လို့ ဒကာကြီးကတော့ "စလွတ် ပလွတ်တော့ လုပ်ကုန်ပြီ၊ စလွတ်ပလွတ်ဆိုတာ ပရိသတ်သိရဲ့ လား။

(မသိပါဘုရား)

မသိရင် ပရိသတ်တို့ကို ဘုန်းကြီးပြောပြမယ် မသေမချင်း မှတ်ထား၊ "စာလွတ်ပေလွတ်"ကို အမြန်ခေါ်တော့ "စလွတ်ပလွတ်"ခေါ်တယ်၊ ဘာတဲ့တုံး ပရိသတ်။

(စာလွတ်ပေလွတ်ပါဘုရား)

ဒကာကြီးလုပ်ပုံကတော့ လုပ်ပြီဟော့လို့ "စာလွတ်ပေလွတ်တွေ" သူ့ဟာက ကျမ်းဂန်လဲမပါဘူး၊ အုပ်ထားတာက ဉာဏ်ကိုအုပ်ထားတာတဲ့။ တရားထိုင်မနေနဲ့တဲ့ ကိုယ်တော်တဲ့။

ကိုင်း ဒီတစ်ခါတော့ ဒကာကြီးကို ငါ နိုင်အောင်လုပ်ရတော့မှာပဲလို့၊ "နေစမ်းပါဦး ဒကာကြီးရ ငှက်ပျောသီး သရက်သီးများ မမှည့်လို့ရှိရင် ဘာလုပ်ရတာတုံး"လို့ ကျုပ်က မေးတာကိုး။

(မှန်ပါ)

သူက မဖြေဘူး၊ မျက်နှာပျက်နေတယ်၊ ခဏခဏမေးတော့ သူက ဖြေတယ် "အုပ်ထားရတာပေါ့ ကိုယ်တော်" တဲ့၊ သူက စလွတ်ပလွတ်လုပ်တော့ ကျုပ်ကလဲ စလွတ်ပလွတ် လုပ်လိုက်ရတာပဲ။ "ငှက်ပျောသီး သရက်သီးများ အုပ်ထားတော့ မမှည့်ဘူးလား"လို့ ကျုပ်ကမေးတော့ တော်တော်နဲ့မဖြေဘူး၊ "မှည့်တာပေါ့ ကိုယ်တော်"တဲ့။ အသံ ပျော့သွားပြီ၊ အေး တရားဆိုတာ ဒီအတိုင်းပဲ ဒကာကြီး "ဉာဏ်ဆိုတာကလဲ အုပ်ထားမှ ရင့်ကျက်ပြီး မှည့်လာတာ"လို့ ပြောတော့ မျက်နှာတွေ

နိမြန်းပြီး မျက်နှာတွေပျက်ပြီး "ဒီ ကိုယ်တော်နဲ့တော့ ဆွေး နွေးလို့ မဖြစ်ပါဘူး" လို့ ဆိုပြီး ထပြေးရော၊ ဒီပြင်ခုံ ရောက် သွားရော၊ အတော် ခေါင်းမာတဲ့ ဒကာကြီးနှင့် တွေ့နေတယ် နော်၊ သူပြောတာက ကျမ်းဂန်နဲ့ မညီဘူး၊ ဘုန်းကြီးတို့ ပြော တာက ကျမ်းဂန်နဲ့ ညီတယ်။

"ကုက္ကုဋ္ဌိယာ ၊ အဏ္ဍာနိ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ တာနဿု သမ္မာ အဓိသယိတာနိ သမ္မာပရိသေဒိတာနိ"

ဆိုပြီး ဘုရားဟောထားတာ ရှိပါတယ်၊ ကြက်မဟာ သူဥ ထားတဲ့ ကြက်ဥများကို ဝပ်ပြီးတော့ ပေးရတယ်တဲ့၊ အုပ်ပြီး တော့ ထားရတယ် မဟုတ်လား။

(မှန်လှပါဘုရား)

ကြက်ဥကို အုပ်ထားတော့ မရင့်ဘူးလား။

(ရင့်ပါတယ်ဘုရား)

ရင့်တော့ အကောင်မပေါက်ဘူးလား။

(ပေါက်ပါတယ်ဘုရား)

အဲဒီတော့ အုပ်ထားတယ်ဆိုတာ ရင့်ပြီးတော့ အကောင် ပေါက်တယ် မှတ်ထားပေတော့၊ ဘုန်းကြီးက ကျမ်းဂန်နဲ့ ညီ တယ်နော်၊ အဲဒါ ဘုန်းကြီးက မပြောရသေးဘူး ငှက်ပျောသီး သရက်သီး အုပ်တာနဲ့ ထွက်ပြေးတော့ ခက်နေဖရော၊ ဘုန်းကြီးက မပြောလိုက်ရဘူး။

## ရှင်အာနန္ဒာ သောတာပန်ဖြစ်သွားပြီ

"သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"၊ ဆိုတာ ရှုရမယ်လို့ ရှင်မဟာပုဏ္ဏ ကိုယ်တိုင် အရှင်အာနန္ဒာကို မြတ်စွာဘုရား ဟောတဲ့အတိုင်း ဟောနေတာ ပရိသတ်ရဲ့၊ အဲဒီလို အရှင်အာနန္ဒာ မထေရ် မြတ်ကို တရားပေးပါတယ်။

> ဧဝံ ပဿံ အာဝုသော အာနန္ဒ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိနိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိနိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံ ပိနိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ၊ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာ ယာတိ ပဇာနာတိ။ (ခန္ဓ-ပါ ၇၇)

အာဝုသော အာနန္ဒ၊ ငါ့ရှင် အာနန္ဒာ။ ဧဝံ၊ သို့။ ပဿံ- ပဿန္တော၊ မြင်သော။ သုတဝါ၊ တရားဓမ္မ၌ ဗဟုသုတရှိသော။ အရိယသာဝကော-အရိယာ၏ တပည့်သား သာဝကသည်။ ရူပသ္မိံ-ရုပ်တရား၌၊ ဝေဒနာယ-ဝေဒနာ၌၊ သညာယ-သညာ၌။ သင်္ခါရေသု၊ သင်္ခါရတို့၌။ ဝိညာဏသ္မိံ၊ ဝိညာဏ်၌။ နိဗ္ဗိန္ဒတိ၊ ညီးငွေ့လာ၏။

ခန္ဓာငါးပါးရဲ့ ပေါ်တာပျောက်တာ၊ ဖြစ်တာ ပျက်တာ မြင်လို့ အကြိမ်များစွာ သိမြင်လာတဲ့ အခါကာလမှာ နိဗ္ဗိန္ဒ ဉာဏ် ဖြစ်ပေါ်လာတယ်၊ ဘာဉာဏ် ဖြစ်ပေါ်လာပါလိမ့်။

(နိဗ္ဗိန္ဒဉာဏ်ပါဘုရား)

ငြိုးငွေ့တဲ့ဉာဏ်ဖြစ်တာ၊ နိဗ္ဗိန္ဒဝိရဇ္ဇတိ။ နိဗ္ဗိန္ဒံ-ငြိုးငွေ့သည်ရှိသော်၊ ဝိရဇ္ဇတိ-တပ်မက်ခြင်းကင်း၏။ မဂ်ပေါ်တာကို ပြောတာ။

ဝိရာဂါ၊ တပ်နှစ်သက်ခြင်း ကင်းသောကြောင့်၊ ဝိမုစ္စတိ-ဖိုလ်ဖြင့် ကိလေသာတို့မှ လွတ်၏၊ ဖိုလ်ပေါ်တာကို ပြောတာ။

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။

ဝိမုတ္တသ္မိံ၊ ကိလေသာတို့မှ လွတ်သောဖိုလ်၌၊ ဝိမုတ္တံ-ကိလေသာတို့မှ လွတ်ပြီ၊ ဣတိ-ဤသို့၊ ဉာဏံ+ပစ္စဝေက္ခဏာ-ဉာဏ်သည်၊ ဟောတိ-ဖြစ်၏။ ပစ္စဝေက္ခဏာဉာဏ် ပေါ်တာ ပြောတာ။

ဒါ ဝိပဿနာ ဉာဏ်စဉ်ကို အမျှင်ပုဏ္ဏက ချုံးပြီးပြောတာ။

အနုပဿနာသုံးပါးနဲ့ ငါခေါ်တဲ့ တဏှာ၊ မာန ဒိဋ္ဌိ သုံးပါးနဲ့ တွဲစပ်ပုံ သဘောပေါက်ရင် ဒကာ ဒကာမများမှာ တော်တော် တန်ဖိုးကြီးပြီနော်။

(မှန်လှပါဘုရား)

ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ (ခန္ဓ—ပါ—၇၄)

ဇာတိ၊ ပဋိသန္ဓေသည်၊ ခီဏာ၊ ကုန်ပြီ၊ ဗြဟ္မစရိယံ-မဂ်ဟူသော အကျင့်သည်၊ ဝုသိတံ-ကျင့်သုံးပြီးပြီ၊ ကတံ ကရဏီယံ-

မင်္ဂလာကိစ္စ ပြုပြီးပြီ၊ အဲဒီ မင်္ဂလာဖိုလ်ပေါ်ရင် ပဋိသန္ဓေ တည်နေမှု ကုန်ပြီးတော့ မင်္ဂလာတည်းဟူသော အကျင့် ကျင့်သုံးပြီးသားဖြစ် တယ်တဲ့။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဣတ္ထတ္တာယ-၁၆ ပါးသော မင်္ဂလာကိစ္စ ရဖို့ရန်အလို့ငှာ၊ အပရံ-တစ်ပါးသော နောက်ထပ်အားထုတ်ဖွယ်သည်၊ 'န=မရှိ ပြီတဲ့။

၁၆-ပါးသော မင်္ဂလာကိစ္စအတွက် အားထုတ်ဖွယ် မရှိ ဘူးတဲ့၊ အဲဒီအခါကျမှ အားထုတ်ဖွယ် မလိုတာကို မှတ်ရမယ်။ မင်္ဂလာဖိုလ်ရပြီးမှ အားမထုတ်ရတာ ပရိသတ်။ မင်္ဂလာကိုရပြီးမှ ဘာ မလိုတာလဲ။

(အားထုတ်ဖွယ် မလိုတာပါဘုရား)

အားမထုတ်ချင်သူများ အားထုတ်တာကို သွားပြီးတော့ မပြောနဲ့နော်။

(မှန်လှပါဘုရား)

အဲဒါလို ရှင်မဟာပုဏ္ဏ မထေရ်မြတ်က တရားခမ္မကို ဟော ကြား ပြသ ဆုံးမတဲ့အခါမှာ—

အာယသ္မာ အာနန္ဒော- အရှင်အာနန္ဒာ မထေရ်မြတ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာတိ၊ ကောင်းစွာမသွေ တည်တံ့ ဆိုက်ရောက်ရှာလေတော့သတည်း။

(သာဓု သာဓု သာဓုပါဘုရား)

## အရှင်ပုဏ္ဏသည် အရှင်အာနန္ဒာရဲ့ ဆရာသမားအရင်း

အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏရဲ့ တရားကို ကြားနာပြီးတော့ သောတာပန်တည်သွားတယ်တဲ့။

အာယသ္မာ ပုဏ္ဏော မန္တာဏိပုတ္တော အမှာကံ
သတံ နဝကာနံ ဗဟုပကာရော ဟောတိ။
(ခန္ဓ-ပါ-ဂ၇)

အရှင်ပုဏ္ဏ မထေရ်မြတ်သည် ငါတို့ပေါ်မှာ အင်မတန်မှ ကျေးဇူးကြီးတယ်၊ သောတာပတ္တိမဂ်ဖိုလ်ကိုရအောင် ဟောပြောပြသ ဆိုဆုံးမပေးသည့်အတွက် အရှင်ပုဏ္ဏသည် ငါတို့ရဲ့ ဆရာသမားအရင်း။ အဲဒါလို ရှင်မဟာပုဏ္ဏအား ရှင်အာနန္ဒာ မထေရ်မြတ်က ဆရာသမားအရင်းအဖြစ် အသိအမှတ်ပြုကတယ်။ ဆရာသမားအရင်းလဲ ဖြစ်နေပါတယ်။ မှန်ရဲ့လားပရိသတ်။

(မှန်ပါတယ်ဘုရား)

တရားထူးတရားမြတ်ကို သိအောင်ပေးလို့တဲ့။ ဘုန်းကြီးတို့ ဒိကျောင်းတိုက်ကြီးရဲ့ စာချဆရာတော်များသည်လဲပဲ ဘုန်းကြီးတို့အား ပရိယတ္တိပညာများ သိအောင် ပို့ချသင်ကြားပေးသည့်အတွက် ဘုန်းကြီးတို့ရဲ့အပေါ်မှာ အင်မတန်မှကျေးဇူးကြီးမားပါတယ် ဆိုတာကိုလဲ အရှင်အာနန္ဒာ အသိအမှတ်ပြုသလို ဘုန်းကြီးတို့ကလဲ ကျေးဇူးတရားအသိအမှတ်ပြုပြီးပူဇော်နေခြင်းဖြစ်ပါတယ်။

ယနေ့ ဘုန်းကြီးတို့ ကြွလာရတာ မနက် ၄ - နာရီမှာ အစောကြီးထပြီး လာရပါတယ်။ ဒီပခုက္ကူအထိ ကားမောင်း လာရတာ ဖုန်တထောင်းထောင်းနဲ့နော်။ ပါးစပ်ထဲ ဖုန်ဝင် ပါတယ်၊ တရားမှဟောနိုင်ပါ့မလားလို့ စိတ်ထဲမှာ အောက်မေ့ ခဲ့တယ်၊ မန္တလေးမှာ တရားပွဲ ၃ - ပွဲ ဖျက်ခဲ့ရပါတယ်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဖြစ်တဲ့အတွက်ကြောင့်မို့ လို့ ဘုန်းကြီးများ ဒီပြင်ပွဲများကိုဖျက် ဒီမှာလာပြီး တရားဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ပူဇော်ရခြင်းဖြစ်ပါတယ်၊ ကျေးဇူးဆပ်ရခြင်းဖြစ်ပါတယ်ဆိုတာ ဓမ္မပရိသတ်ကိုလဲ ကြား ညှပ် အသိပေးပါတယ်နော်။

(မှန်လှပါဘုရား)

အဲဒီတော့ အရှင်အာနန္ဒာမထေရ်မြတ်သည်ငါ့တို့ရဲ့ကျေးဇူး ရှင်ဖြစ်တယ်တဲ့၊ သောတာပတ္တိမဂ်ဉာဏ် တရားထူးတရားမြတ် ကို ပေးတဲ့ အတွက်ကြောင့် ကျေးဇူး များပါတယ် ဆိုတာ ခန္ဓဝဂ်သံယုတ်ပါဠိတော်မှာ အတိအလင်းဖွင့်ပြီး ဟောကြား ထားတာ ရှိပါတယ်။

## ဘုရားရှင် ဝါတော် ၂၀၊ သက်တော် ၅၅ နှစ်ထိ အလုပ်အကျွေး မမြဲခဲ့

ညီတော်အာနန္ဒာ သောတာပန်ဖြစ်တော့ ဘုန်းကြီးတို့ မြတ်စွာဘုရားမှာ ပထမ ဗောဓိ ဝါ ၂၀ မှာ အလုပ်အကျွေး

မမြဲသေးဘူး၊ တစ်ခါတစ်ရံကျတော့ နာဂသမာလမထေရ် လုပ်ကျွေးတယ်၊ တစ်ခါတစ်ရံကျတော့ နာဂိတမထေရ် လုပ်ကျွေးတယ်၊ တစ်ခါတစ်ရံကျတော့ ဥပဝါဏမထေရ်က လုပ်ကျွေးတယ်၊ အင်း.... တစ်ခါတစ်ရံကျတော့ မေဃိယ၊ တစ်ခါတစ်ရံကျတော့ သာဂတ စသည်ဖြင့် အမျိုးမျိုးသောသာဝကတွေ ပြောင်းလဲ ပြောင်းလဲပြီး လုပ်ကျွေးကြပါတယ်၊ ပထမ ဗောဓိ ဝါတော် (၂၀) အတွင်းမှာ ညီတော်အာနန္ဒာ အလုပ်အကျွေးမဖြစ်သေးဘူး။ ဘုရားဖြစ်တော်မူပြီး ဝါတော် (၂၀) ထိ အလုပ်အကျွေး မမြဲသေးဘဲ ဖြစ်နေတယ်။

## အရှင်အာနန္ဒာမထေရ်၏ အလုပ်အကျွေးတာဝန်ယူပြီးကာလ

### အမြဲလုပ်ကျွေးမယ့်ပုဂ္ဂိုလ် လိုပြီ

တစ်နေ့သောကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့ကို—

“ဣဒါနိမှိ ဘိက္ခဝေ မဟလ္လကော”
(အံဋ္ဌ-ပ ၂၂၈)

စသည်ဖြင့် “ငါဘုရားသည် ယခုအခါမှာ သက်တော် ယိုယွင်း အိုမင်းပြီ၊ အသက်ကြီးပြီ”လို့ မိန့်တော် မူတယ်။ ဘုရားဖြစ်တဲ့ (၃၅) နှစ်ကို၊ ဝါနှစ်ဆယ် ဖြည့်လိုက်တော့ သက်တော် (၅၅) နှစ်ပေါ့။ ငါးဆယ့်ငါးနှစ်ဆိုတာ ဆုတ်

ယုတ်တဲ့ အပိုင်းရောက်ပြီ။ အသက်အရွယ်ကြီးပြီတဲ့။ မြတ်စွာဘုရားက "အဲဒီလို အသက်ကြီးပြီ ဖြစ်တော့ ငါဘုရားရှင်ကိုယ်တော်မြတ်က ဒီလမ်းသွားကြစို့လို့ ပြောတဲ့အခါမှာ၊ ငါဘုရားပြောတဲ့စကားကိုမလိုက်နာဘဲ သူတို့နည်း သူတို့လမ်း ဖြင့်သွားကြတယ်။ တစ်ချို့လဲပဲ သပိတ်ကိုမြေမှာချပြီးတော့ နှစ်ထပ်သင်္ကန်းကြီးကို မြေမှာချပြီးတော့ သွားတော်ကြတယ်။ အဲဒါကြောင့် ငါဘုရားရှင်ကိုယ်တော်မြတ်မှာ နိဗဒ္ဓုပဋ္ဌာက အမြဲလုပ်ကျွေးမယ့်ပုဂ္ဂိုလ်လိုပြီ" လို့ သံဃာပရိသတ်မှာ ဘုရားမြတ်စွာ မိန့်တော်မူတယ်။

## သံဃာတော်များ ဓမ္မသံဝေဂဖြင့် အလုပ်အကျွေးတောင်း

အဲဒီအခါ—

ဘိက္ခူနံ ဓမ္မသံဝေဂေါ ဥဒပါဒိ။

(အံဋ္ဌ-ပ ၂၂၉)

အဲဒီအခါ ရဟန်းသံဃာတော်တို့မှာ ဓမ္မသံဝေဂ ဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာက "တပည့်တော် လုပ်ကျွေးမယ်ဘုရာ့" လို့လျှောက်တယ်။ မြတ်စွာဘုရားလက်ခံတော်မမူဘူး။ အရှင်မောဂ္ဂလာန်ကလဲ "တပည့်တော် လုပ်ကျွေးမယ်ဘုရား" လို့ လျှောက်တယ်၊ လက်ခံတော်မမူဘူး။ သာဝကကြီးတွေ အားလုံး လုပ်ကျွေးချင်ကြလွန်းလို့ လျှောက်ထားကြပါတယ်၊ လက်မခံဘူး။

ညီတော်အာနန္ဒာကတော့ လုပ်ကျွေးချင်တယ်၊ ဒါပေမယ့် အခွင့်အရေးကို စောင့်ကြည့်နေတာပါပဲ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အခြားသံဃာတွေကို အကုန်ပယ်ချတယ်။ ညီတော်အာနန္ဒာ တစ်ပါးတည်း ကျန်တော့မှ သံဃာတော်တွေက– "ငါ့ရှင်အာနန္ဒာ၊ မြတ်စွာဘုရားရှင်ရဲ့ အလုပ်အကျွေး ရာထူး ဌာနန္တရကို တောင်းပါတော့လား၊ ဒီလိုအခွင့်အရေး ဆိုတာ အင်မတန်ရခဲတယ်၊ သံဃာတွေ အကုန်လုံးလျှောက် တာကို ပယ်ချတယ်။ ငါ့ရှင်တစ်ပါးတည်း ကျန်နေတာကို ထောက်ထားခြင်းအားဖြင့် ငါ့ရှင်ရဲ့ လုပ်ကျွေးမှုကို မြတ်စွာ ဘုရား လိုလားတော်မူတယ်။ အဲဒါ လျှောက်ပါတော့လား" လို့ တိုက်တွန်းကြတော့။

မြတ်စွာဘုရားက– "ချစ်သားတို့ ညီတော် အာနန္ဒာကို မတိုက်တွန်းကြနဲ့ ညီတော်အာနန္ဒာ သူ့ဆန္ဒသူ့သဘောအတိုင်း လျှောက်ထားပါစေ"လို့ အမိန့်ရှိမှ ညီတော်အာနန္ဒာသည် အခွင့်ကောင်းရပြီဆိုပြီး သင်္ကန်းလက်ကန်တော့စံပယ်တင်၍ လက်အုပ်နှစ်ဖက်ကို နဖူးပေါ်တင်၊ သံဃပရိသတ်ကြားထဲ ကနေ ရှိသေစွာ ရှေ့သို့တိုးလာပြီး ထိုခြင်းငါးပါးနဲ့ ရှိခိုး ဦးချပြီး အလုပ်အကျွေးရာထူးဆုကိုတောင်းတယ်။

## အရှင်အာနန္ဒာ အလုပ်အကျွေးရာထူးတောင်းပုံ

အာနန္ဒာ ဘယ်လိုတောင်းသလဲဆိုတော့–

သစေ မေ ဘန္တေ ဘဂဝါ အတ္တနာလဒ္ဓံ ပဏီတံ
စီဝရံ နဒဿတိ ပဏီတံ ပိဏ္ဍပါတံ နဒဿတိ ဧက-
ဂန္ဓကုဋိယံ ဝသိတုံ နဒဿတိ နိမန္တနံ ဂဟေတွာ
နာဂမိဿတိ ဧဝါဟံ ဘဂဝန္တံ ဥပဋ္ဌဟိဿာမိ။
(အံဋ္ဌ-ပ-၂၂၉)

ဘန္တေ၊ သုံးဘုံမကုဋ္ဌ အတုလကျော်ကြား နောင်တော် မြတ်စွာဘုရား။ ဘဂဝါ၊ နောင်တော် မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ တပည့်တော် အာနန္ဒာအား။ ပဏီတံ စီဝရံ၊ မွန်မြတ်သော သင်္ကန်းကို။ သစေနဒဿတိ၊ အကယ်၍ မပေးမစွန့်ခဲ့ငြားအံ့။ အတ္တနာလဒ္ဓံ၊ ကိုယ်တော်တိုင် ရအပ်သော။ ပဏီတံ ပိဏ္ဍပါတံ၊ မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ် ဘောဇဉ်ကို။ သစေနဒဿတိ၊ အကယ်၍ မပေးမစွန့် ခဲ့သည်ဖြစ်ခဲ့ငြားအံ့။ ဧကဂန္ဓကုဋိယံ၊ ဂန္ဓကုဋီတစ်ကျောင်း တည်း၌၊ ဝသိတုံ၊ နေထိုင်ခြင်းငှာ။ သစေနဒဿတိ၊ အကယ် ၍ မပေးခဲ့သည်ဖြစ်ခဲ့ငြားအံ့။ နိမန္တနံ၊ ပင့်ဖိတ်ရာသို့။ ဂဟေ- တွာ၊ ဦးစားပေးခေါ်ယူ၍။ သစေ နာဂမိဿတိ၊ အကယ်၍ မသွားသည်ဖြစ်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့ပြဆိုခဲ့ပြီးသော အင်္ဂါ လေးချက်ဖြင့်။ အဟံ၊ တပည့်တော်အာနန္ဒာသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် နောင်တော်ဘုရားရှင်ကို။ ဥပဋ္ဌ- ဟိဿာမိ၊ ကောင်းစွာရိုကျိုး လက်အုပ်မိုး၍ ရှိခိုးကာလုပ်ကျွေး ပါတော့အံ့ မြတ်စွာဘုရား။

(သာဓု၊ သာဓု၊ သာဓု)

အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ "ဘုန်းတော်ကြီးမားတော်မူတဲ့ နောင်တော် မြတ်စွာဘုရား၊ နောင်တော်မြတ်စွာဘုရားက—

(၁) ညီတော်အား မှန်မြတ်တဲ့ သင်္ကန်းမပေးရင် (သို့မဟုတ်) ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အဖိုးများစွာ ထိုက်တန်တဲ့ သင်္ကန်းများမပေးရင်လုပ်ကျွေးမယ်။

(၂) ကောင်းပေ့ဆိုတဲ့ဆွမ်းခဲဖွယ်ဘောဇဉ်၊မှန်မြတ်ပေ့ ဆိုတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တွေ ညီတော်အားမပေး မစွန့်လို့ရှိရင် လုပ်ကျွေးမယ်။

(၃) ဂန္ဓကုဋီတစ်ကျောင်းထဲမှာ နောင်တော် မြတ်စွာ ဘုရားနှင့် အတူတကွ နေထိုင်ခွင့် မပေးခဲ့လို့ရှိရင် လုပ်ကျွေးမယ်။

(၄) မြတ်စွာဘုရားပင့်ဖိတ်ရာသို့ ညီတော်အား ဦးစား ပေးပြီး ခေါ်မသွားရင် လုပ်ကျွေးမယ်"

အဲဒါ မိမိရတဲ့ ဆုအခွင့်အရေးကို ပယ်ချလိုမို့ ပယ်ဆု လေးပါးခေါ်တယ်။ သင်္ကန်းကောင်းရယ်၊ ဆွမ်းကောင်းရယ်၊ တစ်ကျောင်းတည်းနေခွင့်ရယ်၊ ပင့်ဖိတ်ရာ ဦးစားပေးခေါ်မှု ရယ် လေးမျိုး။ အဲဒါတွေမပေးရင် တပည့်တော် လုပ်ကျွေး မယ်တဲ့။ ဘာဖြစ်လို့တုံးဆိုတော့ အဋ္ဌကထာဆရာက—

"ဥပဝါဒမေဝစနတ္ထံ" တဲ့။

ပုထုဇဉ်ဖြစ်တဲ့ ရဟန်းသံဃာတွေနဲ့၊ ပုထုဇဉ်ဖြစ်တဲ့ ဒကာဒကာမတွေရဲ့ ကဲ့ရဲ့မှုမှလွတ်မြောက်စေရန်တဲ့။ ဘယ်လိုကဲ့ရဲ့နိုင်တုံးဆိုတော့ "သက်န်းကောင်းပေးလို့ ညီတော်အာနန္ဒာ လုပ်ကျွေးနေတာပါ၊ ဆွမ်းကောင်းတွေ စားနေရလို့ မြတ်စွာဘုရားနားကပ်ပြီး လုပ်ကျွေးနေတာပါ၊ ဘုရားနဲ့တစ်ကျောင်းတည်း အတူနေရမှတော့ တို့လဲလုပ်ကျွေးနိုင်တာပေါ့၊ ဂုဏ်ရှိတာကိုး၊ မြတ်စွာဘုရားက သူ့ချည်း ဦးစားပေးပေးပြီးခေါ်နေလို့မို့ မြတ်စွာဘုရားနားကပ်ပြီးတော့ဖားနေတာပါ။"

ယနေ့ ခေတ်စကားနဲ့ပြောရင် ကပ်ဖားလို့ ပြောတတ်ကြတယ်နော်။ စေတနာနဲ့ သဒ္ဓါတရားနဲ့လုပ်နေလို့ရှိရင်လဲ အဲဒီလိုပဲ ပြောနေတာပဲ။ ခက်ကုန်ပါပြီ။ ပတ်ဝန်းကျင်လူများက—

အင်း—ညီတော်အာနန္ဒာ အင်မတန်မှ လာဘ်မြင်တယ်။ အဲဒီလို မုနာလိုဝန်တို မရှုစိမ့်နိုင်တဲ့ စကားတွေနဲ့ လာပြောရင် ပြောတဲ့လူ အပြစ်မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား)

ဒါ ပုထုဇဉ်တို့ရဲ့ ဓမ္မတာ သဘာဝ။ အဲဒီအပြစ်မှလွတ်ရန်အတွက် ပယ်ချလို့မို့ ပယ်ဆုလေးပါးတဲ့ ဓမ္မပရိသတ် မှတ်ထားနော်။

(မှန်ပါဘုရား)

အခွင့်အရေး မယူဘဲနဲ့ လုပ်ကျွေးတာ၊ နောက် တောင်းဆု ၄-ပါးဆက် တောင်းတယ်။

သစေ ဘန္တေ ဘဂဝါ မယာ ဂဟိတနိမန္တနံ ဂမိဿတိ၊ သစာဟံ ဒေသန္တရဂတော အာဂတာဂတေ တာဝ ဒေဝ ဒသောတုံ လစ္ဆာမိ၊ ယဒါ မေ ကာလော ဥပဇ္ဈတိ တာဝဒေဝ ဘဂဝန္တံ ဥပသင်္ကမိတုံ လစ္ဆာမိ၊ သစေ ဘဂဝါ၊ ပရံမုခါ ဒေသိတံ ဓမ္မံ ပုနမယှံ ကထေဿတိ ဧဝါဟံ ဘဂဝန္တံ ဥပဋ္ဌဟိဿာမိ။

(အဋ္ဌ-ပ-၂၂၉၊ ထေရဋ္ဌ-၄၁၅)

ဘန္တေ-သုံးဘုံမကူ၍ အတုလကျော်ကြား- နောင်တော် မြတ်စွာဘုရား၊ ဘဂဝါ နောင်တော် မြတ်စွာဘုရားသည်။ မယာ၊ တပည့်တော်အာနန္ဒာသည်၊ ဂဟိတနိမန္တနံ- လက်ခံ၍ ထားအပ်တဲ့ ပင့်ဖိတ်မှုမျိုးကို။ သစေဂမိဿတိ-ကြွတော်မူပါဘုရားလို့ လျှောက်ထားတဲ့အခါ အကယ်၍ ကြွတော်မူခဲ့ငြားအံ့၊ အာဂတာဂတေ-ဘုရားဖူးရန် လာတိုင်းလာတိုင်း သော ဒကာ ဒကာမတို့ကို၊ တာဝဒေဝ ဖူးမြော်ခံတော်မူပါဘုရားလို့ လျှောက်ထားသည်နှင့် တစ်ပြိုင်နက်သာလျှင်၊ ဒသောတုံ-ဖူးမြော်စေရန် အလို့ငှာ၊ သစေလစ္ဆာမိ-အကယ်၍ ရခဲ့သည်ဖြစ်ငြားအံ့၊ ယဒါ-အကြင်အခါ၌၊ မေ-တပည့်တော် အာနန္ဒာအား၊ ကာလော-တရားဓမ္မ၌ ယုံမှား သံသယသည်၊ ဥပဇ္ဈတိ-ဖြစ်၏။ တဒါ-ထိုအခါ၌၊ တာဝဒေဝ-ထို ယုံမှား သံသယ ဖြစ်သည်နှင့် တစ်ပြိုင်နက်သာလျှင်၊ ဥပသင်္ကမိတုံ-ချဉ်းကပ်ခြင်းငှာ၊ သစေလစ္ဆာမိ-အကယ်၍ မေးမြန်းမှုအတွက် ရသည်ဖြစ်ငြားအံ့၊ ပရံမုခါ-မျက်ကွယ်၌၊ ဒေသိတံ-ဟောကြား

တော်မူအပ်သော၊ ဓမ္မ-တရားဒေသနာတော်မြတ်ကို၊ ပုန-နောက်ထပ်တစ်ဖန်၊ မယှံ-တပည့်တော် အာနန္ဒာအား၊ သစေ ကထေယ်ယာသိ-အကယ်၍ ပြန်ပြီးတော့ ဟောကြားခဲ့သည် ဖြစ်ငြားအံ့။ ဝေ-ဤပြဆိုခဲ့ပြီးသော အင်္ဂါလေးချက်ဖြင့်၊ ဘဂဝန္တံ-နောင်တော်မြတ်စွာဘုရားကို၊ ဥပဋ္ဌဟိဿာမိ-ကောင်းစွာရိုကျိုး လက်အုပ်မိုး၍ ရှိခိုးကာ လုပ်ကျွေးပါတော့အံ့ မြတ်စွာဘုရား။ ။

(သာဓု၊ သာဓု၊ သာဓု)

ပထမဆုံးတောင်းတဲ့ဆုကတော့....

၁။ တပည့်တော် လက်ခံထားတဲ့ ပင့်ဖိတ်မှုကို နောင်တော် မြတ်စွာဘုရားအား ကြွတော်မူပါလို့ လျှောက်တဲ့အခါ မှာ မငြင်းဘဲ ကြွလို့ရှိရင် တပည့်တော် လုပ်ကျွေးမယ် ဘုရား။

ဆိုလိုတာက အရှင်ဘုရား အာနန္ဒာ, နက်ဖြန်ခါ တပည့်တော်တို့အိမ် မြတ်စွာဘုရား ဆွမ်းစားပင့်ပေး ပါ၊ ဒကာမကြီး စိတ်ချ ကြွစေမယ်လို့ လက်ခံထား တာကို ကြွတော်မူပါလို့ လျှောက်တဲ့အခါ မငြင်းဘဲ ကြွပေးမယ်ဆိုရင် တပည့်တော် လုပ်ကျွေးမယ်။ ပြီတော့ကော—

၂။ အရပ်ဝေးမှလာကြတဲ့ ဖူးမြော်သင့် ဖူးမြော်ထိုက်ကြတဲ့ ဒကာ ဒကာမတွေကို ထွက်ပြီး အဖူးမြော်ခံပါဘုရားလို့ လျှောက်တဲ့အခါ မငြင်းဆန်ဘဲ ထွက်ပြီး အဖူးမြော်ခံလို့ရှိရင် တပည့်တော်လုပ်ကျွေးပါမယ်ဘုရား။

၃။ ထိုနောက် တရားဓမ္မများ၌ ယုံမှား သံသယ ဖြစ်တဲ့အခါမှာ အချိန်မရွေး မြတ်စွာဘုရားအနီးကို ချဉ်းကပ်ပြီး မေးမြန်းခွင့်ပြုမယ်ဆိုရင် တပည့်တော် လုပ်ကျွေးပါမယ်ဘုရား။

၄။ တပည့်တော် မပါတဲ့ တရားပွဲများမှာ ဟောခဲ့တဲ့တရားများ ကျောင်းတော်ကို ရောက်တဲ့အခါ ထပ်ဆင့်ပြီး တပည့်တော်ကို ဟောကြားအသိပေးမယ်ဆိုရင် တပည့်တော် လုပ်ကျွေးပါမယ်ဘုရား။

အဲဒါ တောင်းဆု ၄-ပါး။ ပင့်ဖိတ်ထားတဲ့ လက်ခံမှုရယ်၊ ဖူးမြော်ခွင့်ရယ်၊ တရားမေးမြန်းခွင့်ရယ်၊ ကျောင်းတော်ရောက်ရင် တရားပြန်ဟောဖို့ရယ်၊ အဲဒီ အခွင့်အရေးလေးချက်ပေးရင် တပည့်တော် လုပ်ကျွေးမယ်။ ဒါ ဘာကြောင့်တုံး။

### ဘုရားမြတ်စွာ အကြောင်း ၂ ချက်ဖြင့် လက်ခံတော်မူ

"ဉပဝါဒ မေ ာ စ နတ္ထိ"

(ထေရဂါထာ ၌- ၄၁ ၅။)

(က) ပုထုဇဉ်တွေ အကဲ့ရဲ့ လွတ်မြောက်ရန် အကြောင်း တစ်ချက်၊

ညီတော်အာနန္ဒာတို့များ မြတ်စွာဘုရားအနား လုပ်ကျွေး လိုက်ရတာ များများသလဲ၊ ပင်ပန်းဆင်းရဲလိုက်တာ သူ့ခမျာ ဘာအခွင့်အရေးမှ မရရှာဘူးလို့ ပုထုဇဉ်အန္ဓတွေက ကဲ့ရဲ့ကြ မယ်တဲ့ ပရိသတ်၊ မကဲ့ရဲ့နိုင်ဘူးလား။

(ကဲ့ရဲ့နိုင်ပါတယ်ဘုရား)

လူဆိုတဲ့အမျိုးက ကဲ့ရဲ့လိုက်, အပြစ်တင်လိုက်, ချီးမွမ်းလိုက် ဒီလိုမဟုတ်လား။

(မှန်လှပါဘုရား)

အခွင့်အရေးရတော့လဲရလို့ဆိုပြီး ကဲ့ရဲ့ကြတယ်၊ မရတော့လဲ မရလို့ဆိုပြီး ကဲ့ရဲ့တတ်ကြတယ်။ အဲဒါကြောင့် ဒီကဲ့ရဲ့မှုလွတ်ရန် အကြောင်းတစ်ချက်၊

"ဓမ္မဘဏ္ဍာဂါရိက ဘာဝ ပါရမီ ပူရဏတ္ထာယ"
(ထေရဂါထာ ဋ္ဌ-၄၁၅။)

(ခ) တရားဘဏ္ဍာတိုက် ဘဏ္ဍာစိုးအဖြစ်ကိုလဲ ရယူရန် အကြောင်းတစ်ချက်။

တရားတော်တွေ မေးခွင့်ရယ်၊ ပြန်ပြီး ဟောခွင့်ရယ် အဲဒီလို အင်္ဂါနှစ်ချက်နဲ့ ဥပဋ္ဌာကဆုကို တောင်းပါတယ်။ ပယ်ဆု ၄ ပါး, တောင်းဆု ၄ ပါး ပေါင်း ၈ ပါးနဲ့ အလုပ်အကျွေးဆု တောင်းတယ်။

အရှင်အာနန္ဒာ တောင်းတဲ့ဆုက တရားလမ်းကြောင်းလဲ ကျတယ်၊ အများနဲ့လဲ သင့်လျော်တယ်၊ သာသနာနောင်ရေး အတွက်လဲ အင်မတန်မှ မှန်ကန်တိကျသည် ဖြစ်သောကြောင့် မြတ်စွာဘုရား လက်ခံတော်မူတယ်။

အဓိဝါသေသိ ဘဂဝါ တုဏှိဘာဝေန။

ဆုရှစ်ပါးနဲ့ အလုပ်အကျွေးအဖြစ် ခွင့်ပြုလိုက်လို့ ညီတော် အာနန္ဒာ အလုပ်အကျွေးဖြစ်သွားတယ်။ ဆုရှစ်ပါးက တခြား သံဃာ မရဘူး။ ညီတော်အာနန္ဒာပဲရတယ်။

အဲဒီလို အလုပ်အကျွေးဆု ရသွားတဲ့ အချိန်မှစ၍ ညီတော် အာနန္ဒာ မြတ်စွာဘုရားအနီး အချိန်ပြည့်လုပ်ကျွေးခွင့်ရတယ်။ ညမှာဆိုရင် မြတ်စွာဘုရားသိတင်းသုံးတဲ့ ဂန္ဓကုဋီ ကျောင်း တော်ကို တစ်ညပတ်လုံး ဆီမီးဖယောင်းတိုင် ကိုင်ပြီးတော့ (၉)ပတ်လှည့်ပြီး စောင့်ကြပ်တယ်တဲ့၊ မြတ်စွာဘုရားခေါ်ရင် ကြားဖို့ ထိနမိဒ္ဓပျောက်ဖို့ဆိုပြီးတော့ လှည့်ပတ်ပါတယ်။

မြတ်စွာဘုရား၏ နှစ်ထပ်သက်နီး ဖွပ်လျှော်ခြင်း၊ ကောသိ ဖွပ်လျှော်ခြင်း၊ သင်းပိုင်ဖွပ်လျှော်ခြင်း၊ ဒန်ပူသစ်သားပေး

ခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ မြတ်စွာဘုရား ကျန်းမာရေး မကောင်းတဲ့အခါ ဆေးတိုက်ခြင်း စတဲ့ ဝေယျာဝစ္စကိစ္စများ ကို အရိပ်အကဲကြည့် သိပြီးတော့ လုပ်ကျွေးရှာတယ်၊ ပထမ ဗောဓိဝါ(၂၀)လွန်ပြီး ဒုတိယဗောဓိမှစလို့ မြတ်စွာဘုရား အား ညီတော်အာနန္ဒာ အလုပ်အကျွေးပြုလုပ်တယ်။ မြတ်စွာ ဘုရားရဲ့ အရိပ်အကဲကြည့် သိပြီးတော့ လုပ်ကျွေးလာခဲ့တဲ့ ညီတော်အာနန္ဒာ၊ မှန်ရဲ့လားပရိသတ်။

(မှန်ပါတယ်ဘုရား)

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ တောင်းဆုရှစ်ပါး အရ ညီတော်အာနန္ဒာလက်ခံထားတဲ့အတွက် ညီတော်အာနန္ဒာ လျှောက်ရင် မြတ်စွာဘုရားက ကြွပေးတယ်၊ အဖူးမြော်ခံပါ ဘုရားလို့ဆိုရင် ထွက်ပြီးတော့ဖူးမြော်ခံပေးရတယ်။ အဲဒီအခွင့် အရေးတွေ အသုံးရတာဟာညီတော်အာနန္ဒာပဲ၊ ဒီပြင်သံဃာ တွေ မရဘူး၊ ပြီးတော့ တရားဓမ္မနဲ့ပတ်သက်ပြီး မေးချင်လို့ ရှိရင် ယုံမှားသံသယဖြစ်ရင် အချိန်မရွေး မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးခွင့်ရတယ်၊ သံဃာတိုင်းမရဘူး၊ အာနန္ဒာ မပါတဲ့ တရားပွဲမှာ ဟောခဲ့တဲ့တရားကို ကျောင်းတော်ရောက် တော့ တစ်ဖန်ပြန်ဟောရတယ်၊ ညီတော်က တစ်လုံးမကျန် မှတ်ထားရတယ်။

## အရှင်အာနန္ဒာအား ဧတဒဂ် (၅) ခုဖြင့် ချီးမြှောက်ခံရ

(၁) အရှင်အာနန္ဒာ သတိအင်ဓာတ်ကောင်းတယ်၊ ဘုရား ဟောတဲ့အတိုင်း အကုန်လုံး မှတ်မိသတဲ့၊ သညာသိပ်ကောင်း

တယ်၊ သတိသိပ်ကောင်းတယ်၊ မေ့တယ်လျော့တယ် မရှိဘူးတဲ့၊ အဲဒီလို အလုပ်အကျွေးကောင်းတဲ့ အတွက်ကြောင့် "ဥပဋ္ဌာက တေဒဂ်"ကို မြတ်စွာဘုရားက ချီးမြှောက်တော်မူတယ်။

(၂) မြတ်စွာဘုရား ဟောတဲ့ သုတ်-ဝိနည်း - အဘိဓမ္မာ သုံးဖြာသော ပိဋကတ်အပေါ်မှာ ဗဟုသုတကြွယ်လို့ "ဗဟုသုတေဒဂ်"ဖြင့်လဲ မြတ်စွာဘုရား ချီးမြှောက်တော်မူပြန်ပါ သေးတယ်။

(၃) ထိုနောက် နက်နဲတဲ့ပညာနဲ့ ပြည့်စုံတဲ့ အတွက် ကြောင့်လဲ "ဂတိမန္တတေဒဂ်" ဖြင့်လဲ ချီးမြှောက်တော်မူပါ တယ်။

(၄) သတိကောင်းလို့ "သတိမန္တတေဒဂ်"လဲ ရပါတယ်။

(၅) လုံ့လဝီရိယအနေနဲ့ကလဲ အထူးပြောဖွယ် မရှိဘူး၊ ဘုရားလုပ်ကျွေးတဲ့နေရာမှာလဲ ဝီရိယ၊ ထိုပိဋကတ် စာပေတွေ ကို ဆင်ခြင်သုံးသပ်တဲ့ နေရာမှာလဲ ဝီရိယကောင်းလို့ "ဓိတိမန္တ တေဒဂ်"ဖြင့်လဲ ချီးမြှောက်တော်မူပါတယ်။

အားလုံးပေါင်း တေဒဂ် ငါးတန် ဘွဲ့ထူးခံတဲ့ ညီတော် အာနန္ဒာ— မမှပရိသတ်။

(မှန်ပါဘုရား)

သာသနာတော်မှာ ကျေးဇူးအင်မတန်များတဲ့ ညီတော်အာနန္ဒာဖြစ်ပါတယ်၊ အဲဒီမှာ ညီတော်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလေရာအရပ်သို့ နောက်က နှစ်ထပ်သင်္ကန်းကြီးကို ပခုံးပေါ်တင်၊ သပိတ်တော်ကိုပွေ့ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အရိပ်အကဲကိုကြည့်ပြီးတော့ လုပ်ကျွေးခဲ့တဲ့ ညီတော်အာနန္ဒာ။ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်၊ သဂ္ဂတိုင်း၊ ဘဂ္ဂတိုင်း၊ ကပိလဝတ်၊ ကောလိယ၊ ဒေဝဒဟ စသည် ထိုထိုမြို့ပြ ပြည်ရွာတို့သို့ လှည့်လည်ကြွမြန်း၍ သာသနာပြုနေစဉ်မှာလဲ ညီတော်အာနန္ဒာ နောက်က ပါမြဲ ပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အမြဲတမ်းပြုစုလုပ်ကျွေးပြီးနေရတဲ့ ညီတော်အာနန္ဒာ။

## မြတ်စွာဘုရား သွေးဝမ်းသွားရောဂါ ပြင်းထန်လာ

ဘုန်းတော် ကြီးမားတော် မူသည့် မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် နောက်ဆုံးအနေဖြင့် ဘယ်မှာဝါကပ်သလဲဆိုရင် ဝေသာလီပြည်ကြီးရဲ့အနီး ဗေလုဝရွာမှာ နောက်ဆုံး ဝါကပ်တော်မူတယ်၊ သက်တော် အားဖြင့် (၇၉) နှစ်အရွယ်တော်ရောက်ပြီ။ ပရိနိဗ္ဗာန်ပြုတော့ (၈၀)။ ဝါကပ်တဲ့အချိန်က (၇၉) နှစ်ပဲ ရှိသေးတယ်။ အဲဒီလို နောက်ဆုံးပိတ် ဗေလုဝရွာငယ်လေးမှာ ဝါကပ်တော့လဲ ညီတော်အာနန္ဒာ

ဘုရားရှင်အနီးမှာရှိတယ်။ အဲဒီမှာ ဘုန်းတော်ကြီးမားတော်မူပါတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား—

ဘဂဝတော ဝဿူပဂတဿ ခရော အာဗာဓော ဥပ္ပဇ္ဇိ လောဟိတပက္ခန္ဒိကာ မရဏန္တိကာ ဝေဒနာ ဝတ္တန္တိ။

(ဒီ-၂-၁၀၂)

ဝဿူပဂတဿ၊ ဝါကပ်ပြီးသော။ ဘဂဝတော၊ ဘုန်းတော်ကြီးမားတော်မူပါသော မြတ်စွာဘုရားအား။ ခရော၊ ပြင်းထန်သော။ အာဗာဓော၊ ရောဂါဝေဒနာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်ခဲ့ပြီ။ လောဟိတပက္ခန္ဒိကာ၊ သွေးသွန်ခြင်းရှိသော။ မရဏန္တိကာ၊ သေခြင်း၏အဆုံးရောက်ကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဝတ္တန္တိ၊ ဖြစ်ပေါ်၍လာကုန်၏။

ဗေလုဝရွာမှာ မြတ်စွာဘုရား ဝမ်းသွေးသွန်ရောဂါ ပြင်းစွာဖြစ်လာတယ်၊ သွေးတွေဒလဟောဆင်းတာ၊ ဝမ်းတော်လားတာ၊ ဘာလားတာတွေတုံး။

(ဝမ်းတော်လားတာပါဘုရား)

ညီတော်အာနန္ဒာသည် သွေးတွေပေကျံနေတဲ့ သင်္ကန်းတော်များကို ဖွပ်လျှော်ဆေးကြော၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ခြေဆုပ်လက်နယ်ပြု၊ ဆေးများပါကပ်လှူ

မျှာပျာသလဲ ကြောင့်ကြစိုက်ပြီး ပူစုနေရှာတယ်။ အဲဒီအခါမှာ ဘုန်းတော်ကြီးမားတော်မူသည့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ငါရှဲဝမ်းသွေးသွန်ရောဂါသည် ကေန်စင်စစ် ပရိနိဗ္ဗာန်စံရမယ့် ရောဂါဖြစ်ဘယ်။ ဤဗေလုဝရွာငယ်လေးမှာပင် ပရိနိဗ္ဗာန်ပြုနိုင်တယ်။ ဗေလုဝရွာငယ်ကလေးမှာပင် ပရိနိဗ္ဗာန်စံရမယ့် ဝေဒနာပါတကား။

## အာယုပါလကဖလသမာပတ်နဲ့ သွေးဝမ်းထိန်းချုပ်

ယခုတံ အနာမဋ္ဌေတွာ ဥပဋ္ဌာကေ=လုပ်ကြောင်ဒကာ ဒကာမတွေကိုလည်း မပန်ကြားရသေး။ အနပလောကေတွာ ဘိက္ခုသံဃံ = ရဟန်းသံဃာတွေကိုလဲ မပန်ကြားရ သေးတဲ့အတွက်ကြောင့်။ န ခေါ မေ တံပဋိရူပံ=ပရိနိဗ္ဗာန်စံဖို့ မသင့်သေးချေ။ အင်း....ဒကာဒကာမတွေကိုလဲ မပန်ကြားရသေး။ ရဟန်းသံဃာတွေကိုလဲ အသိမပေးရသေး။ ပြီးတော့ ချွတ်ဆုံးမရမယ့် လူနတ်ဗြဟ္မာ သတ္တဝါတွေလဲ ကျန်နေသေးတယ်။ ဒါတွေကိုလဲ မြတ်စွာဘုရားမြင်တော်မူသောကြောင့် ပရိနိဗ္ဗာန်စံမယ့်ရောဂါကြီးကို ဗေလုဝရွာမှာပင် အာယုပါလက ဖလသမာပတ်ဖြင့် ထိန်းချုပ်တော်မူလိုက်တယ်။ တရားနှင့် ထိန်းချုပ်တာ။ ပရိသတ် ဘာနဲ့ထိန်းချုပ်တာလဲ။

(တရားနဲ့ထိန်းချုပ်တာပါဘုရား)

အာယုပါလက အသက်ကိုစောင့်ရှောက်တဲ့ ဖလသမာပတ်ပေါ့။ အဲဒီမှာ တရားရှုပြီးတော့ ဝီရိယအင်အား ကောင်းကောင်းနဲ့ ရှုချလိုက်တော့ ဝမ်းသွေးသွန် အကုန်ရပ်သွားတာပဲ။ ဒါကို အာယုပါလက ဖလသမာပတ် ခေါ်တယ်။ ထိန်းလို့ရတယ်။ လွန်နေကျွန်နေတဲ့ရောဂါပါ ထိန်းနိုင်တယ်။ သာမန်ရောဂါများ တရားရှုရင်ပျောက်တယ်ဆိုတာ သဘောပေါက်ပါ ပရိသတ်။

(မှန်လှပါဘုရား)

## ဆယ်လလွန်တဲ့အခါ ပရိနိဗ္ဗာန်ပြုမယ်လို့ အာနန္ဒာကို မိန့်ကြား

အဲဒီတော့ ညီတော်အာနန္ဒာဟာ မြတ်စွာဘုရားသက်သာသွားမှသောကငြိမ်းရှာတယ်၊ မြတ်စွာဘုရားကိုကြည့်ရှုအကဲခတ်ပြုစုတဲ့ ညီတော်အာနန္ဒာခမျာ စိတ်မချမ်းမသာ ဖြစ်ရှာတယ်။ မြတ်စွာဘုရားသက်သာသွားမှ ဖြေသာတော့တယ်။ မြတ်စွာဘုရားက အာယုပါလက ဖလသမာပတ်ဖြင့် ထိန်းချုပ်တော်မူပြီးတော့ ဒသမာသစ္စယေန- ဆယ်လ လွန်တဲ့ အခါမှာ ပရိနိဗ္ဗာန်ပြုမယ်တဲ့။ အဲဒီဆယ်လကို အာယုပါလက သမာပတ်နဲ့ ထိန်းထားတာ။

ဗေလုဝရွာကနေ မြတ်စွာဘုရား ဘယ်ကြွတုံးဆိုတော့ သာဝတ္ထိပြည်ကြွတယ်၊ သာဝတ္ထိပြည်ကနေပြီးတော့ ရာဇဂြိုဟ်

ကြ၊ ရာဇဂြိုဟ်ကနေ ဥက္ကာစေလမြို့ကြ၊ ဒေသစာရီ လှည့်လည်ပြီးတော့ တရားဟောသွားတာနော်။

(မှန်လှပါတုရား)

အဲဒီမှာ မြတ်စွာဘုရား ကြွပြီးတော့လာခဲ့ရာ ဘယ်ရောက်တုံးဆိုတော့ ဝေသာလီပြည် မဟာပုန်ကျောင်း ပြန်ရောက်တော်မူတယ်။ မဟာဝုန်ရောက်မှ ပစ္ဆိမဗုဒ္ဓဝစန မိန့်ကြားပါရန် သံဃာထုပရိသတ်ကြီး သံဃာတွေကလဲ မရေမတွက်နိုင်အောင် အလွန်များတယ်။ ပရိနိဗ္ဗာန်စံကာနီးနေလို့ မျက်ခြည်မပြတ် ဘုရားနောက်က တကောက်ကောက်လိုက်နေကြတာ။ သံဃာထုပရိသတ်ကြီးဟာ အင်မတန်များပါတယ်။ ဟန္ဒဒါနိဘိက္ခဝေ- ဆိုတဲ့ ပစ္ဆိမဗုဒ္ဓဝစန ဂါထာကိုလည်း မိန့်ကြားတော်မူခဲ့ပါတယ်။

## ပါဝါပြည်၌ စုန္ဒဆွမ်းဘုဉ်းပေး

အဲဒီကနေဘယ်ဆက်ကြွတုန်းဆိုတော့ ဗန္ဓုရွာက တစ်ဆင့် ပါဝါပြည် ရောက်လာတယ်။ ညီတော်အာနန္ဒာနောက်က လုပ်ကျွေးလျက် ပါလာတယ်။ ပါဝါပြည်ရောက်တော့ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒက ဘုန်းတော်ကြီးမားတော် မူတဲ့ မြတ်စွာဘုရား သူ့ရဲ့ကျောင်းမှာ ရောက်လာတယ်လို့ဆိုတော့ ညနေပိုင်းလာပြီး မြတ်စွာဘုရားအား ရှိခိုးဦးချဖူးမြော်တယ်။

အဲဒီမှာ မြတ်စွာဘုရားက တရားပါဟောအပြီး ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒက နက်ဖြန်ခါ နံနက်အတွက် ဆွမ်း လျှောက်ပါတယ်။

အဓိဝါသေတု ဘန္တေ သွာတနာယ ဘတ္တံ သဒ္ဓိံ ဘိက္ခုသံဃေန၊ အဲဒီလိုလျှောက်ပါတယ်။ မြတ်စွာဘုရား ဆွမ်း လက်ခံလိုက်ပါတယ်။ ကဆုန်လပြည့်နေ့အတွက် နံနက်ပိုင်း ဆွမ်း လျှောက်တာ။ ရွှေပန်းထိမ်သည်ရဲ့သားက အိမ်ပြန်သွားပြီး ဆွမ်းကွမ်းများ ချက်ပါတယ်တဲ့။ အထူးအားဖြင့် "သူကရ မဒ္ဒဝ"ခေါ်တဲ့ ဝက်ပျို့သားဟင်းများလဲ ပါပါတယ်၊ ဓမ္မ ပရိသတ်။ နောက်တစ်နေ့ နံနက်ကျတော့ မြတ်စွာဘုရားနှင့် သံဃာတော်အရှင်မြတ်တွေ ကြွလာတယ်။ အိမ်ထဲရောက်တော့ ဆွမ်းပွဲမှာ မြတ်စွာဘုရားက သူကရမဒ္ဒဝခေါ်တဲ့ ဝက်ပျို့ သားဟင်းကိုမြင်တော့ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒကို အမိန့် ရှိတယ်။

ယံ တေ စုန္ဒ သူကရမဒ္ဒဝံ ပဋိယတ္တံ တေန
မံ ပရိဝေသ။

(ဒီ ၂-၁၂၈)

အဲဒီ သူကရမဒ္ဒဝ ဝက်ပျို့သားဟင်းကို ငါ့ဘုရားကို ကပ်။

ယံ ဝါ ပနညံ ခါဒနီယံဝါ ဘောဇနီယံဝါ
ဘိက္ခုသံဃံ ပရိဝေသ။

ကျန်တာကို သံဃာကိုကပ်, ခိုင်းတယ်။

မြတ်စွာဘုရားက သူကရမဒ္ဒဝခေါ်တဲ့ ဝက်ပျိုသားဟင်းကို ဘုဉ်းပေးပါတယ်။ သံဃာတွေကတော့ မဘုဉ်းပေးရဘူး။ ဘာ့ကြောင့်တုံးဆိုတော့ အဲဒီဝက်ပျိုသားဟင်းထဲမှာ စကြဝဠာတိုက်တစ်သောင်းမှာရှိကြတဲ့ နတ်တွေက ဘုရားပရိနိဗ္ဗာန်စံတော်မူမှာကို သိတာနဲ့ နတ်သြဇာတွေ အပြည့်အဝထည့်ထားတာနော်။ ဘုရားရဲ့ဝမ်းမီးက အစာကို ကြေညက်စေနိုင်တယ်တဲ့။ရဟန်းသံဃာတွေရဲ့ ဝမ်းမီးက အစာမကြေညက်စေနိုင်ဘူး။ဥပဒ်ဖြစ်နိုင်တယ်။သံဃာတွေမှာ ဒီ ဝက်ပျိုသားကိုစားရင် အစာမကြေနိုင်ဘူး။ ဒါသတိပြု၊ အဲဒါကြောင့် မြတ်စွာဘုရားက ငါဘုရားကိုကပ်၊ သံဃာတွေကို မကပ်နဲ့ ပယ်ချတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကျတော့ ဝက်ပျိုသားဟင်းကျန်ရင် တံ သောဗ္ဘနိဂ္ဂဏှာဟိ - ကျင်းထဲတူးပြီးတော့ မြှုပ်ပစ်လိုက်လို့ ခိုင်းတယ်။ စုန္ဒက အကုန် မြှုပ်ပစ်လိုက်တယ်။ ဘုရား တစ်ပါးထဲပဲ ဘုဉ်းပေးတယ်။ သံဃာတွေလဲ မဘုဉ်းပေးဘူး။ဆွမ်းဘုဉ်းပေးပြီးမှ မြတ်စွာဘုရား ဆွမ်းအနုမောဒနာ ပြုပြီး ပြန်ကြွသွားပါတယ်။

ဒီသူကရမဒ္ဒဝနှင့်ပတ်သက်ပြီး ပြောစရာတွေ အမြောက်အမြားရှိပါတယ်။ ရန်ကုန်မှာ ဒီနောက်ဆုံးဆယ်လကို ဘုန်းကြီးဟောတာ (၁၃)ည ဟောရတယ်။ အဲဒီမှာ သူကရမဒ္ဒဝနှင့်ပတ်သက်ပြီး ဘုန်းကြီးလက်လှမ်းမီသလောက် ကျမ်းဂန်များနှင့် ဟောထားတာရှိပါတယ်။

## ဆယ်လပြည့်ချိန် ဝမ်းသွေးထပ်သွား

အဲဒီနောက် မြတ်စွာဘုရား ကျောင်းတော်လဲရောက်ရော ယခုနင်က "အာယုပါလကဖလ သမာပတ်ကိုမဝင်စားတော့ပြီ" လို့ စိတ်ကိုတိုးကုံးချပြီး မရှုမှတ်ဘဲနဲ့ လွှတ်လိုက်တဲ့အခါမှာဝမ်း သွေးတွေ ဒလဟောကျသွားတယ်တဲ့။ ဝမ်းသွေးသွန်တယ်၊ ပရိသတ် ဘာပါလိမ့်။

(ဝမ်းသွေးသွန်ပါတယ်ဘုရား)

အဲဒီ ကျောင်းတော်ရောက်တော့ ဝမ်းတော်ပြန်လားတာ ကိုး။ တချို့က သူကရမဒ္ဒဝခေါ်တဲ့ ဝက်ပျိုသားကြောင့် မြတ်စွာဘုရား ဝမ်းသွားတယ်လို့ မတရားစွပ်စွဲနေကြတဲ့ပုဂ္ဂိုလ် တွေရှိနေတယ်။ ဝက်သားကြောင့် မဟုတ်ဘူး။ ဟို ဗေလုဝ ရွာလေးမှ စပြီး ဝမ်းလားခဲ့တာကို ဖလသမာပတ်နဲ့ ထိန်းချုပ် ထားခဲ့တာ။ ယခု ကဆုန်လပြည့် ဆယ်လပြည့်တဲ့နေ့ သွမ်းစား ပြီးအပြန်ကျောင်းတော်ရောက်တော့ ဝမ်းတော်သွားတာ။ ဝက် ပျိုသားကြောင့်ဝမ်းသွားတာဆိုရင်ကျောင်းရောက်ရောက်ချင်း ဒီဝမ်းသွားဖို့ မဟုတ်ဘူး။ ညနေပိုင်း မိုးချုပ်မှ သွားရမှာ မဟုတ်လား ပရိသတ်။

(မှန်လှပါဘုရား)

## ဝက်ပျိုသားကြောင့် သွေးဝမ်းသွားတာမဟုတ်

ဝက်ပျိုသားကြောင့်လို့ အပြောများတတ်တယ်။ မသိလို့ရှိ လျှင် အဲဒီမှာ ဥဒါန်းအဋ္ဌကထာ အဖွင့်ကလဲရှိတယ်။

"ဘဂဝတောဟိ ဗေလုဝဂါမကေ ဃေဝ
သာဝေဒနာ ဥပ္ပန္နာ။

ဗေလုဝရွာကလေးကဖြစ်ခဲ့တဲ့ ဝေဒနာပါတဲ့။

"သမာပတ္တိဗလေန ဝိက္ခမ္ဘိတာ န ဥပ္ပဇ္ဇိံသု"

အာယုပါလက ဖလသမာပတ်ဖြင့် ပယ်ခွာထားသော ကြောင့် ဒီဝမ်းသွေး မဖြစ်ပေါ်ခဲ့ခြင်း မှန်ပါတယ်လို့ ဥဒါန်း အဋ္ဌကထာက ဖွင့်ပါတယ်။ အဲဒီတော့ ဘာ့ကြောင့် ဒီလိုဆယ် လထိအောင်နေသလဲ။

"ဒိဝသေဒိဝသေသမာပတ္တိဟိ ပတိပ္ပဏာမ နတော"

(ဥဒါန္ဋ-၃၉၂)

လို့ အဋ္ဌကထာက ဆက်ဖွင့်တယ်။ နေ့တိုင်းနေ့တိုင်း အာယု ပါလကဖလသမာပတ်နဲ့ ဝီရိယကောင်းကောင်းနဲ့ ရှုပြီးတော့ နှလုံးသွင်း ထိန်းသိမ်းထားတဲ့အတွက်ကြောင့် ဒီဝမ်းသွေးများ ဟာ မဆင်းဘဲနေခြင်း ဖြစ်ပါတယ်တဲ့။

ကဆုန်လပြည့်နေ့ရောက်တဲ့အခါကျတော့ ဘာဖြစ်လာတုံး၊ ဝမ်းတော်သွားတာကတော့ အဓိပ္ပာယ်ကဒီလို ဓမ္မပရိသတ်။

သတ္တန္နံ သံဝေဂဇနနတ္ထံ (ဥဒါန-ဋ္ဌ-၃၆၂)

သတ္တဝါတွေ သံဝေဂဖြစ်စေရန် ဆိုပြီးတော့ဖလသမာပတ်ကို အစောကြီးလွှတ်လိုက်တာ ဝမ်းကိုထိန်းပြီး ကုသိနာရုံပြည်အရောက်သွားရင်ဖြစ်တယ်၊ နောင်လာနောက်သား ဒကာဒကာမများ သံဝေဂဖြစ်စေရန်ဆိုပြီး အဲဒီမှာ ဝမ်းသွေးများလွှတ်လိုက်တာ။ ဘယ်လိုတုန်းဆိုတော့ "ငြောင် ငါ ဒီဝေဒနာခံစားရတာဟာ ငါမှမဟုတ်ဘူး၊ မြတ်စွာဘုရားလဲ ဒီလိုခန္ဓာရှိရင် ရောဂါဝေဒနာ ခံစားရတယ်" လို့ သိစေတယ်။

အဲဒီမှာ ဝမ်းတော်များ လားတဲ့အခါကျတော့ မဖွံ့မပုရိသခေါ်တဲ့ အလယ်အလတ်အားရှိတဲ့ အမျိုးသား ကုဋေတစ်သောင်း၊ ရိုးရိုးဆင်အား ကုဋေ တစ်ထောင်၊ ဆဒ္ဒန်ဆင်ဆယ်စီးအားရှိတဲ့ မြတ်စွာဘုရားရဲ့ အင်အားတွေဟာ အကုန်လုံးလျော့ကျသွားတယ်၊ ဝမ်းသွေးသွန်တော့ အားပျော့သွားတယ်။

ဘုရားကိုယ်တော်မြတ် အားပျော့ပျော့နဲ့ ရှေ့ဆက်ပြီး ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းတောကို အရောက်သွားနိုင်တာဟာ ရှေ့ပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့ ဆွမ်းအင်အားနဲ့ သွားနိုင်တာတဲ့ အဋ္ဌကထာဖွင့်ပြတယ်။

"သစေ အာဘုတ္တာယ ဥပ္ပဇ္ဇိဿတိ"

အကယ်၍ မျှားတဲ့ ရွှေပန်းထိမ်သည်သားရဲ့ ဝက်ပျို့သား ဆွမ်းကို မဘုဉ်းပေးဘဲ ဝမ်းတော်လားခဲ့လို့ရှိရင် "အသိခရော ဥပ္ပဇ္ဇိဿတိ" အင်မတန် ရောဂါပိုပြင်းမယ်။

"သိနိဒ္ဓဘောဇနံ ဘုတ္တာဘိ တနုကာ ဝေဒနာ အဟောသိ" (ဒီ၊ ဋ္ဌ-၁၅၉-၃၆၃)

အဲဒီဝက်ပျို့သား ဘုဉ်းပေးရတဲ့အတွက်ကြောင့် မြတ်စွာ ဘုရား ဝေဒနာမှ သက်သာတဲ့အကျိုးကို ရတယ်။

အဲဒီတော့ ဝက်ပျို့သားကြောင့် ဝမ်းသွားတာ မဟုတ်ဘူး ဆိုတာ ပရိသတ်နားထဲမှာ ရှင်းရဲ့လား။

(ရှင်းပါတယ်ဘုရား)

## ကုသိနာရုံသို့ ဆက်လက်ကြွချီ

အားတွေကုန်သွားတော့ ကျန်ရှိတဲ့အားနဲ့ ရွှေပန်းထိမ်သည် ရဲ့သား ဆွမ်းကြောင့် ဖြစ်တဲ့အားနဲ့ ကုသိနာရုံသို့ ဆက်ကြွပါ တယ်။

"အာယာမာနန္ဒ ယေန ကုသိနာရာ ဥပဝတ္တနံ မလ္လာနံ သာလဝနံ တေနုပသင်္ကမိဿာမ" (ဒီ-၂-၁၃၀)

ညီတော်အာနန္ဒာ ကုသိနာရုံခရီး ဆက်ကြစို့ရဲ့လို့ မြတ်စွာဘုရားက ခေါ်တယ်၊ အဲဒီလိုခေါ်တော်မူတဲ့အခါ ညီတော်အာနန္ဒာနဲ့ နောက်ပါသံဃာတော်များပါ ပါဝါပြည်ကနေ ကုသိနာရုံပြည်သို့ ထွက်ခဲ့ပါပြီ။ လမ်းခရီးအကြားမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ၂၅-ကြိမ် နားတော်မူရတယ်။ ပါဝါပြည်နဲ့ ကုသိနာရုံပြည်က ၃-ဂါဝုတ်ဝေးတယ်။ တစ်ဂါဝုတ်လျှင် ၃-မိုင်ဆိုတော့ ၉-မိုင်ဝေးတဲ့ခရီး။ တစ်ဂါဝုတ် ၄ မိုင်နှင့်တွက်ရင် ၁၂-မိုင်ခရီး၊ မြတ်စွာဘုရား ၂၅-ကြိမ် နားရတယ်။ မပင်ပန်းဘူးလား။

(ပင်ပန်းပါတယ်ဘုရား)

## အကြောင်း ၃-ချက်ကြောင့် ကြွရ

ဘာဖြစ်လို့ ကုသိနာရုံအရောက် အပင်ပန်းခံ ကြွဘာတုံး ဆိုတော့ အကြောင်းသုံးချက်ရှိတယ်။

၁။ မဟာသုဒဿနသုတ္တန် ဟောဖို့ အကြောင်းတစ်ချက်၊

၂။ နောက်ဆုံးပိတ် ကောင်းမှုကုသိုလ်ပြုခဲ့တဲ့ သုဘဒ္ဒပရိဗိုဇ် ခြွေချွတ်ရန် အကြောင်းတစ်ချက်၊

၃။ ဒီနောက် မင်းဆရာကြီး ဒေါနပုဏ္ဏား အကြောင်းပြုပြီး တော့ ခုနစ်ပြည်ထောင်မင်းတို့ သွေးချောင်းစီးမှုမှ တားဆီးနိုင်စေရန် အကြောင်းတစ်ချက်။

အဲဒီအကြောင်း ၁-ချက်ကြောင့် သတ္တဝါတွေအတွက် အပင်ပန်းခံ ကြရတာ။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေ ဒုက္ခမဖြစ်ဖို့ အပင်ပန်းခံတာနော်။

(မှန်လှပါဘုရား)

မဟာကရုဏာလို့ အမည်တပ်တာ ပိုမှန်တယ်။

## ပင်ပန်းလို့ ခရီးတစ်ထောက်နား "ရေသုံးဆောင်

အဲဒီလို အပင်ပန်းခံပြီးတော့ ကြွတဲ့အခါ နေပူတဲ့ ကဆုန်လမှာ....

အထ ခေါ ဘဂဝါ မဂ္ဂါ ဩက္ကမ္မ ယေန အညတရံ ရုက္ခမူလံ တေနုပသင်္ကမိ(ဒီ-၂-၁၂၉)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ခရီးပင်ပန်း လှပြီဖြစ်၍ လမ်းခရီးအကြား၌ သွားနေကျ လမ်းမကြောင်း ကနေ ဖယ်ခဲ့ပြီး အရိပ်ကောင်းတဲ့ သစ်တစ်ပင်ရင်းသို့ ချဉ်းကပ် တော်မူပါတယ်။ ညောင်ပင်ဆိုကြပါစို့။ သံဃာအများစု ခိုလှုံနိုင်တဲ့ အဲဒီ ညောင်ပင်အခြေမှာ မြတ်စွာဘုရားက အာနန္ဒာအား မိန့်ကြားတော်မူပါတယ်။

"ကိလန္တောသ္မိ အာနန္ဒ" ညီတော် ငါဘုရား ပင်ပန်း တော်မူတယ်၊ "စတုဂ္ဂုဏံ သင်္ဃာဋိံ ပညပေဟိ" နှစ်ထပ် သင်္ကန်းကြီး လေးခေါက်ချိုးပြီး ခင်းပေးစမ်း၊ "နိသီဒိဿာမိ"

ငါဘုရား ထိုင်တော်မူမယ်။ အမိန့်ရှိ၍ ညီတော်အာနန္ဒာက သူ့ပခုံးပေါ်မှာပါလာတဲ့ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ချိုးပြီး ညောင်ပင်ခြေမှာ ခင်းပေးတယ်။ မြတ်စွာဘုရားအတော်ပန်းနေပြီ။ ခန္ဓာရှိတာကိုး၊ မှန်ရဲ့လားပရိသတ်။

(မှန်ပါတယ်ဘုရား)

ခန္ဓာရှိရင် ရောဂါရှိတယ်တဲ့။ ခန္ဓာရှိရင် ဘာရှိပါလိမ့်။

(ရောဂါရှိပါတယ်ဘုရား)

ပင်ပန်းနေပြီ၊ ဝမ်းသွေးကသွန်ထားတော့ အားတွင်းကတေဇောအပူတွေ လွန်ကဲနေတဲ့ လက္ခဏာပေါ့။

"ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိ" ညီတော် ငါဘုရားရေဆာတော်မူတယ်၊ ရေခပ်ပေးစမ်းပါ၊ ရေသောက်ချင်တယ်"ဆိုတော့ ညီတော်အာနန္ဒာက ပညောင်ပင်ရိပ်ကနေလှမ်းမျှော်ကြည့်လိုက်တယ်။

## အရှင်အာနန္ဒာ ရေနှောက်လို့ စိတ်မချမ်းသာ

အဲဒီအခါမှာ ရေခပ်ရမယ့် ချောင်းငယ်ကလေးမှာ လှည်းပေါင်း ငါးရာတို့ ဖြတ်သန်းနေတာကို မြင်ရသောကြောင့်....

"ဣဒါနိ ဘန္တေ ပဉ္စမတ္တာနိ သကဋသတာနိ အတိက္ကန္တာနိ"

(ဒီ-၂-၁၂၉)

ဘုန်းတော်ကြီးမားတော်မူပါသော မြတ်စွာဘုရား။ ယခု အခါ လှည်းပေါင်းငါးရာတို့ ဖြတ်သန်းနေသည်ဖြစ်သော ကြောင့် ချောင်းရေနောက်ကျုပြီး အနယ်မှုန်တွေထ လှိုင်း ကြက်နှပ်တွေ ဖြစ်နေပါတယ်။ ရေသုံးဆောင်ခြင်းငှာ မသင့်ပါဘုရား။

"အယံ ကကုဒါနဒီ အစ္ဆောဒကာ သာတောဒကာ သီတောဒကာ သုပ္ပတိတ္ထာ ရမဏီယာ"

ဟိုရှေ့ ခပ်လှမ်းလှမ်းမှာ ကကုဒါမြစ် ရှိပါတယ်။ ကကုဒါ မြစ်ဟာ ချိုသောရေ အေးသောရေ ကြည်လင်သောရေ ရှိပါ တယ် မြတ်စွာဘုရား။

"ဧတ္ထ ဘဂဝါ ပါနီယဥ္စ ပိဝိဿတိ ဂတ္တာနိစ သီတိကရိဿတိ"

ကကုဒါမြစ်ကျမှ ရေသောက်တော်မူပါ၊ သုံးဆောင်တော်မူ ပါ၊ ခန္ဓာကိုယ်တော်လဲ အေးမြအောင်ပြုခြင်းငှာ သင့်ပါတယ် မြတ်စွာဘုရား။ ယခုအချိန် ရေသုံးသပ်ခြင်းငှာ၊ ရေသောက် ခြင်းငှာ မသင့်ပါလို့ အာနန္ဒာက လျှောက်ထားတယ်။

"ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လဲ ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိ-ငါဘုရား ရေသောက်တော်မူလိုတယ်ညီတော်ငဲ့ မိန့် တော်မူတော့ လှည်းပေါင်းငါးရာ ဖြတ်နေကြောင်း၊ ရေတော့

နောက်ကျ နေကြောင်း သောက်သုံးခြင်းငှာ မသင့်ကြောင်း ညီတော်အာနန္ဒာက ဒုတိယအကြိမ်လျှောက်ထားတယ်။

တတိယအကြိမ်မြောက် မြတ်စွာဘုရားက "ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိ ပါဏီယံအာဟရ" ရေသောက်ချင်တယ် ရေခပ်ခဲ့ဆိုတော့ အဲဒီမှာ ညီတော်အာနန္ဒာမငြင်းဆန်နိုင်တော့ ဘူး။ မြတ်စွာဘုရားရဲ့သပိတ်တော်ကိုယူဆောင်ပြီး နေပူကျဲကျဲ ညောင်ပင်အရိပ်ကထွက်ကြွရတယ်။ ဩော် ဘုန်းတော်ကြီး မားတော်မူတဲ့ နောင်တော် မြတ်စွာဘုရား့ရဲ့ စကားကို မပယ် ရှားချင်လို့သာ ထွက်ခဲ့ရ၊ ချောင်းရေတွေက နောက်နေတယ်။ ညီတော်ရှင်အာနန္ဒာ စိတ်မကြည်မသာ ဖြစ်နေတာပေါ့လေ၊ ချောင်းရေနားကပ်လာ၊ ရေတွေကလဲ မဲနောက်၊ အနယ်အမှုန် တွေကလဲထ၊ နောက်ကျုလို့ ဒုက္ခပဲ၊ နောင်တော် မြတ်စွာ ဘုရားက ရေဆာတယ်ဆိုလို့ မငြင်းသာလို့သာ ထွက်ခဲ့ရတယ်။ ရေကလဲ နောက်ကျုလို့၊ နောင်တော်မြတ်စွာဘုရားနှင့် မသင့် ပါဘူး။ ဒါပေမယ့်လေ ငြင်းဆန်လို့ မသင့်ဘူးဆိုပြီး အဲဒီမှာ သပိတ်တော်ကို စောင်းပြီးတော့ ရေခပ်မယ်လဲ ဟန်ပြင်လိုက် ရော ချောင်းရေဟာ ကြည်လင်အေးမြသွားတယ်၊ ပရိသတ် ဘာဖြစ်သွား။

(ရေကြည်ရေအေး ဖြစ်ပါတယ်ဘုရား)

အဲဒီကြည်ပြီးနေတဲ့ရေကို အရှင်အာနန္ဒာ သပိတ်တော်နဲ့ စောင်းခပ်ပြီး အံ့အားသင့်ရှာတယ်။

ဘုန်းတော်ကြောင့် လှည်းကူးချောင်းရေ ကြည်လင်

"အစ္ဆရိယံ ဝတ ဘော အဗ္ဘုတံ ဝတ ဘော"

သိပ်အံ့ဩဖွယ် ကောင်းတယ်။ သိပ်အဖြစ်ထူးတယ်ဆိုပြီး တော့ ခပ်လာတာနော်။

"တထာဂတဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ"

မြတ်စွာဘုရား သိပ် တန်ခိုးကြီးတယ်ဆိုပြီးတော့ရေသပိတ် ကို ပွေ့လာတယ်။ အရိပ်ရောက်တော့ ပုဆစ်တုပ်ပြီး မြတ်စွာ ဘုရားကို ရေကြည်တော်ဆက်ပြီး လျှောက်ထားတယ်။

"ပိဝတု ဘဂဝါ ပါနီယံ ပိဝတု သုဂတော ပါနီယံ"
(ဒီ-၂-၁၃၈)

ဘဂဝါ-ဘုန်းတော်ကြီးမားတော်မူပါတဲ့ မြတ်စွာဘုရား၊ ပါနီယံ-သောက်တော်ရေကို၊ ပိဝတု - သောက်တော်မူပါ၊ သုဂတော - ကောင်းသောစကားကို ဆိုတော်မူတတ်သော နှောင်တော်မြတ်စွာဘုရား၊ ပါနီယံ-သောက်တော်ရေကို၊ ပိဝတု- သောက်တော်မူပါ။

"အထခေါ ဘဂဝါ ပါနီယံ အပါယိ"

အဲဒီအခါ မြတ်စွာဘုရားက သပိတ်တော်ကိုစောင်းပြီး အားရပါးရ ရေသုံးဆောင်တော်မူတယ်။ အဲဒီတော့မှ မြတ်

စွာဘုရားအပန်းပြေပြီး အမောများ သက်သာသွားသတဲ့ ပရိသတ်နော်။

(မှန်လှပါဘုရား)

## ကကုဒါမြစ်တွင် ရေသောက် ရေချိုးတော်မူ

ပက္ကုသာတိမင်းကိုလဲ မြတ်စွာဘုရား တရားဟောတော်မူမည်ဖြစ်၍ ခရီးဒေသစာရီ ဆက်လက် ကြွချီတော်မူတဲ့အခါ ရွှေနားကျတော့ ကကုဒါမြစ် တွေ့ပြန်ရောတဲ့။ ကကုဒါမြစ်ကျတော့လဲ ဆိပ်ကမ်းကကောင်းတော့ မြစ်ဆိပ်အတွင်းသို့ ဆင်းပြီး ရေသောက်တော်မူတယ်။ ခန္ဓာကိုယ်တော်ကိုလဲ ရေသုံးသပ်တော်မူတယ်။ ရေသနုပ်တော်လဲပြီး ရေချိုးတော် မူတယ်။ ကကုဒါမြစ်က ကြည်လင်စိမ်းလဲ့လို့ ငါးတွေ မကာန်းတွေတောင်မှ မြင်ရတယ်ဆိုကိုး။

ရေပါ သောက်ချိုးလို့ပြီးမှ ရှင်သာရိပုတ္တရာရဲ့ ညီဖြစ်တဲ့ စုန္ဒကနေပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဖေးမပြီး ဆိပ်ကမ်းရဲ့အပေါ်ထက် ဥယျာဉ်တွင်းသို့ ပင့်ဆောင်ခဲ့တယ်။ သရက်ဥယျာဉ်အတွင်း ရောက်ပါတယ်။ ညီတော်အာနန္ဒာက ရေသနုပ်တော်ကို ဆေးကြောလျှော်ဖွပ်ပြီး ကျန်ခဲ့ရှာပါတယ်။ သရက်ဥယျာဉ်ရဲ့အတွင်း ခင်းထားတဲ့နေရာမှာ သီတင်းသုံးနေတယ်။

## သုဇာတာနဲ့ စုန္ဒတို့ ဆွမ်း ၂ မျိုး အကျိုးတူပုံဟောကြား

ညီတော်အာနန္ဒာ ရေသနုပ်ကို ဆေးကြောဖွပ်လျှော်ပြီးတဲ့အခါ နေပါလှန်းပြီး မြတ်စွာဘုရားရဲ့အနီးကို ရောက်ရင်ပဲ ညီတော်အာနန္ဒာ ငါမိန့်မယ်၊ ညီတော် ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒဟာ စိတ်နှလုံး မချမ်းမမြေ့ ဖြစ်နိုင်ပါတယ်။ ငါ့ရဲ့ ဆွမ်းဘုဉ်းပေးပြီး မြတ်စွာဘုရား ဝမ်းတော်လားတယ်လို့ စိတ်ဆင်းရဲနေရှာပါလိမ့်မယ်တဲ့။ ဆွမ်းနှစ်မျိုး အမြတ်ဆုံးဖြစ်ကြောင်း ညီတော်က ပြောကြားရစ်ပါတဲ့။ သုဇာတာရဲ့ သနာနို့ဆွမ်းနဲ့ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့ဆွမ်းနှစ်မျိုးသည် အမြတ်ဆုံးဖြစ်ကြောင်း ပြောကြားရစ်ပါ။

၁။ သုဇာတာရဲ့ ဃနာနို့ဆွမ်းကို ဘုဉ်းပေးရသည်ဖြစ်၍ ကိလေသ ပရိနိဗ္ဗာန်ဝင်စံ ရုပ်သိမ်း ချုပ်ငြိမ်းရပေတယ်။

၂။ ရွှေပန်းတိမ်သည်ရဲ့သား စုန္ဒရဲ့ဆွမ်းကို ဘုဉ်းပေးရသည် ဖြစ်သောကြောင့် ခန္ဓပရိနိဗ္ဗာန် စံရပေတယ်။

အဲဒီလို ဆွမ်းနှစ်မျိုး အမြတ်ဆုံးဖြစ်ကြောင်း ပြောကြားရစ်ပါလို့ မှာကြားပြီးတဲ့အခါ မြတ်စွာဘုရား ရွှေဆက်ကြွလို့ ဟိရညဝတီမြစ် ရောက်ပါတယ်။

## ကုသိနာရုံရောက်ရောက်ချင်း အရှင်အာနန္ဒာ ညောင်စောင်းခင်းရ

ဟိရညဝတီမြစ်ရဲ့ ဟိုမှာဘက် [ကုသိနာရုံကိုသွားတဲ့ လမ်းအကွေ့ရှိတယ်။ အဲဒီအကွေ့မှာ ကုသိနာရုံ မလ္လာမင်းတို့ရဲ့

အင်ကြင်းတောကြီးရှိတယ်။ ဟိရညဝတီမြစ်ကို သံဃာတော်ပေါင်းများစွာနဲ့ ဖြတ်ပြီးတော့ အင်ကြင်းတောကြီးသို့ ကဆုန်လပြည့်နေ့ ညနေပိုင်း ရောက်ပါတယ်။ မြတ်စွာဘုရားမှာ ပင်ပန်းနေပြီ၊ အားခွန်ဗလ ပျော့လျော့နေပြီ။

ညီတော်အာနန္ဒာအား ညောင်စောင်းကို ခင်းပေးပါလို့ မိန့်တဲ့အခါ ညီတော်အာနန္ဒာနှင့် စုန္ဒက အင်ကြင်းပင်ပျို နှစ်ခုတို့ရဲ့အကြားမှာ ညောင်စောင်းကို ခင်းပေးတယ်။ ခေါင်းရင်းပိုင်းက အင်ကြင်းပင်ပျိုတစ်ခု၊ ခြေရင်းပိုင်းက အင်ကြင်းပင်ပျိုတစ်ခု၊ အင်ကြင်းပင်တွေက ပင်ပျိုတွေ တန်းပြီးတော့ စိုက်ထားတယ်။

## တောမှာမွေး၊တောမှာဘုရားဖြစ်၊တောမှာပရိနိဗ္ဗာန်ပြု

အရိပ်ကလည်းကောင်း၊ အကိုင်းချင်းယှက်၊ အခက်ချင်းကလဲ ဆင့်ပြီး တိတ်ဆိတ်ငြိမ်သက်နေတဲ့ အင်ကြင်းတောကြီးထဲ မြတ်စွာဘုရား နောက်ဆုံးရောက်ရှိပါပြီ။ သလွန်ညောင်စောင်းပေါ်မှာ မြောက်အရပ်သို့ ဦးခေါင်းပြုပြီး လျောင်းစက်နေပါပြီ။ အင်ကြင်းတောမှာပဲ ဖွားရ၍၊ အင်ကြင်းတောမှာပဲ ပရိနိဗ္ဗာန်ပြုတဲ့ မြတ်စွာဘုရား၊ မွေးဖွားတုန်းကလဲ လုမ္ဗိနီ အင်ကြင်းတော၊ ဘုရားဖြစ်တော့လဲ ဉရုဝေလတော၊ ပရိနိဗ္ဗာန်စံတော့လဲ ကုသိနာရုံ အင်ကြင်းတောတဲ့။ အဲဒါကြောင့် တောမှာ ဖွားရ၍ တောမှာပဲဘုရားဖြစ်တော်မူပြီး၊ တောမှာပင်

လျှင် ပရိနိဗ္ဗာန်ပြုတဲ့ မြတ်စွာဘုရားလို့ ဗဟုသုတအဖြစ် မှတ်ကြရမယ်။

မြောက်အရပ်သို့ ဦးခေါင်းပြုပြီးတော့ သီတင်းသုံးစံနေတော်မူတဲ့ အချိန်အခါကာလမှာ—

"တေန ခေါ ပန သမယေန ယမကသာလာ သဗ္ဗဖာလိဖုလ္လာ ဟောန္တိ။ အကာလပုပ္ဖေဟိ" (ဒီ-၂၊၁၃၈)

တေန၊ ခေါပန သမယေန-ထိုအချိန် ကာလဆီတုန်းက၊ ယမကသာလာ-အင်ကြင်းပင်ပျိုအစုံတို့သည်၊ အကာလပုပ္ဖေဟိ-အချိန်မဲ့ အခါမဲ့ ပွင့်သောပန်းတို့ဖြင့်၊ သဗ္ဗဖာလိဖုလ္လာ-ပင်လုံးကျွတ် ပွင့်ကြကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

အင်ကြင်းပန်းတွေ ကဆုန်လရာသီမှာ အချိန်မဲ့ပွင့်တယ်။ မြတ်စွာဘုရား အင်ကြင်းတောထဲ ရောက်လျှင် ရောက်ချင်း မြေပြင်က ပေါ်ထွက်နေတဲ့ ပင်စည်ပင်လုံးကအစ အကိုင်းအခက်တွေအထိ အကုန်လုံး ပင်လုံးကျွတ် ပွင့်ကြလို့ မွှေးကြိုင်နေတယ်။ အင်ကြင်းပန်းတွေ တစ်ဖွိုင်ဖွိုင်နဲ့ မြေပြင်သို့ကျပြီး မြတ်စွာဘုရားအား ပူဇော်နေကြပြီ။မန္ဒာရ - နတ်ပန်းတွေကလဲ ကောင်းကင်ကကျတယ်။ စပယ်၊ ဒေါနု၊ သော်က၊ နှင်းဆီ၊ သရဖီ၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာစတဲ့ ပန်းများစွာတို့ကလဲ ကောင်းကင်က ဖွိုင်ဖွိုင်ကျလို့ မြတ်စွာဘုရားအား နောက်ဆုံး ပူဇော်ကြတယ်။ မွှေးကြိုင်ထုံသင်းနေတဲ့ စန္ဒကူးနံ့သာမှုန့်တွေက

လဲ ကောင်းကင်က ကျနေကြပြီ။ ကောင်းကင်မှာလဲ နတ်တို့ရဲ့ တူရိယာအသံတို့ကလဲ ညံ့ညံ့ညံ့ပြီးတော့ နောက်ဆုံးပူဇော်၍ နေရှာကြပြီ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုခါနီး ပြီဖြစ်တဲ့အတွက် မလ္လာမင်းများ အုပ်စုလိုက် မြတ်စွာဘုရား အား ဖူးမြော်ကြတယ်၊ တပည့်တော် မလ္လာမင်း ဘယ်သူ ဖြစ် ကြောင်းပါဘုရား၊ မည်သည့်မိသားစုကပါဘုရားနဲ့ အလိုလေး ဘုရားဖူးလာကြတာနဲ့ ညဥ့်ဦးပိုင်းအချိန် ကုန်သွားရောတဲ့။

အဲဒီလို မလ္လာမင်းတို့ ဖူးမြော်ပြီးတဲ့နောက်ပိုင်းမှာ သုဘဒ္ဒ ပရိဗိုဇ်အားလဲ ခြွေချွတ် ဆုံးမတော်မူတယ်။ မဟာသုဒဿန သုတ် ဟောပြီးတော့ သုဘဒ္ဒ ပရိဗိုဇ်ကို ခြွေချွတ်ဆုံးမတယ်။ သုဘဒ္ဒပရိဗိုဇ် တရားနာ၍ တရားကျင့်တဲ့အခါမှာ ရဟန္တာ ဖြစ်သွားသတဲ့။ နောက်ဆုံး ရဟန္တာဖြစ်တာ သုဘဒ္ဒပေါ့။ အစဆုံး ရဟန္တာဖြစ်တာက ကောဏ္ဍည၊ အားလုံး ပရိသတ် မှတ်ထားနော်။

## မြတ်ဘုရား၏ နောက်ဆုံး မှာတမ်းစကား

အဲဒီတွင် သုဘဒ္ဒပရိဗိုဇ်ကိုလဲခြွေချွတ်ပြီးရော မြတ်စွာဘုရား က သံဃာတော်များအား မှာသင့်တဲ့ကိစ္စတွေ အားလုံးမှာပြီးမှ ကဆုန်လပြည့်ကျော်တစ်ရက်နေ့ မရောက်မီ မိုးသောက်ပိုင်းမှာ နောက်ဆုံးစကား မိန့်ကြားတော်မူတယ်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။
(ဒီ-၂-၁၃၅)

ဘိက္ခဝေ-သံသရာဘေး လာမည့်ရေးကို မျှော်တွေးရှုမြင်အိုချစ်သားတသီး ချစ်သမီးတို့၊ ဟန္ဒဒါနိ-သင်ချစ်သားတို့နှင့်အမျှားသတ္တဝါ ပယ်စွန့်ခွာ၍ သီတာမြနန်း နိဗ္ဗာန်လမ်းသို့ကြွမြန်းခါနီး ယခုလို အခါကာလကြီး၌၊ ဝေါ-သင်ချစ်သားတို့အား၊ အာမန္တယာမိ-တိုစိန္တြေမှာစကားရယ်လို့ စိတ်သွားကာ အရိပ်မှန်းကာ ရှုရအောင် သေတမ်းစာဘစ်ခုအနေနဲ့လှုတ်ဌမ်းပိန့်မှာတော်မူခဲ့ပေအံ့။ သင်္ခါရာ-ကံစိတ်ဥတုအာကြောင်းလေးဖြာတို့ ပေါင်းကာပြုမှဖြစ်ပွားရတဲ့ သင်္ခါရတရားတို့သည်၊ ယသ္မာ-အကြင့်ကြောင့်၊ ဝယဓမ္မာ-ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါ ထာဝရကမှ တားမရလျှင်း ပျက်ပြားကြခြင်း သဘောရှိကုန်၏။ တသ္မာ-ထို တားမရလျှင်း ပျက်ပြားကြခြင်းသဘောရှိသောကြောင့်၊ တုမှေ-သင်ချစ်သားတသီး ချစ်သမီးတို့သည်၊ အပ္ပမာဒေန-လောကီအာရုံ အဖုံဖုံလိုက်စားမေ့လျော့ခြင်းသည့် ပမာဒတရားကိုခွာ အပ္ပမာဒဆိုတဲ့ သတိသမ္ပဇညတရားနှင့်၊ သမ္ပာဒေထ- သီလသမာ မြတ်ပညာကိုသုံးဖြာသိက္ခာ ကိုယ့်ကိစ္စဟု အဝဝမသွေ ပြည့်စုံအောင် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

## ညီတော်အာနန္ဒာ သောကတွေဖြစ်ရှာ

သင်္ခါရတရားတွေ မမေ့ကြနဲ့၊ သတိနဲ့ကပ်ရှုလို့ နောက်ဆုံးမှာကြွား၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်—အာကာသာနဉ္စာယတနဈာန်၊ ဝိညာနဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာ ယတနဈာန် ခေါ်တဲ့ ဈာန်သမာပတ် ၈-ပါးကို ဝင်စားပါတယ်။ထို့နောက် နိရောဓသမာပတ်ဝင်စားတဲ့အခါ စိတ်၊စေတသိက်-စိတ္တဇရုပ်တွေချုပ်ပြီး ထွက်လေဝင်လေတွေ ရပ်သွားတယ်။ အင်ကြင်းတောမှာ၊ ပရိသတ် ဘယ်တောမှဲ့တုံး။

(အင်ကြင်းတောမှာပါဘုရား)

အင်ကြင်းတောမှာ ပန်းတွေကလဲ ဒူးခေါင်းမြုပ်၊ သံဃာတွေကလဲ အင်ကြင်းတောနဲ့ အပြည့်ငြိမ်လို့။ လေမတိုက်ခတ်စေရန် တင်းတိမ်ကန့်လန့်ကာများလဲမြတ်စွာဘုရားရဲ့ပတ်ဝန်းကျင်အနားက ညီတော်အာနန္ဒာနဲ့ စုန္ဒတို့က ကာထားတယ်။ အဲဒီမှာ ဈာန်ဝင်စားပြီးတဲ့နောက် နိရောဓသမာပတ်ဆိုက်သွား၊ ထွက်လေဝင်လေများ ရပ်သွားတော့ ညီတော်အာနန္ဒာ မျက်စိမျက်နှာ ပျက်ရှာတယ်။ မြတ်စွာဘုရားငြိမ်လို့၊ထွက်လေဝင်လေမဖြစ်တော့လို့ ညောင်စောင်းကို မေးတင်ပြီး အကဲခတ်ကြည့်ရှုနေရှာတယ်။ ခြေတော်အစုံကို ဆုပ်နယ်ရင်းနဲ့ မြတ်စွာဘုရား

ရွှေမျက်နှာတော်ကို အကဲခတ်နေရှာတယ်။ ခုမှပရိသတ် ညီတော် အာနန္ဒာကို အာရုံပြုထားကြနော်။

အဲဒီမှာ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးကလဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အနီးနားမှာ တင်ပျဉ်ခွေပြီးတော့ မြတ်စွာဘုရားနှင့်အတူ သမာပတ်များကို အတူလိုက်ပြီး ဝင်စားနေတယ်ဆိုကိုး ပရိသတ်။ ချုပ်သွားတာကို ညီတော်အာနန္ဒာက ပရိနိဗ္ဗာန်ပြုပြီ မှတ်နေတာနဲ့ အဲဒီမှာ သောကနဲ့ မေးရှာတယ်။

"ပရိနိဗ္ဗုတော ဘန္တေ အနုရုဒ္ဓ ဘဂဝါ" (ဒီ ၂၊၁၅၅)

ဘန္တေအနုရုဒ္ဓ-အရှင်မြတ် အနုရုဒ္ဓါ၊ ဘဂဝါ-ရှင်တော်မြတ်ဘုရားကြီးသည်၊ ပရိနိဗ္ဗုတောနုခေါ-ပရိနိဗ္ဗာန် စံမြန်းတော်မူပါပြီလားဘုရား။

အရှင်ဘုရား အနုရုဒ္ဓါ-ဘုန်းတော်ကြီးမားတော်မူတဲ့ နောင်တော်မြတ်စွာဘုရား ထွက်လေဝင်လေ မရှိတော့ဘူးဘုရား။ ရပ်ပြီးတော့နေလို့ ပရိနိဗ္ဗာန်စံသွားပြီလား၊ သနားစဖွယ် အားငယ်စွာနဲ့ မေးရှာသတဲ့။

## အရှင်အနုရုဒ္ဓါမထေရ်က သောကဖြေပေး

ထိုအခါမှာ အနုရုဒ္ဓါက—

"နခေါ အာဝုသော အာနန္ဒ ဘဂဝါ ပရိနိဗ္ဗုတော"
(ဒီ ၂၊၁၅၅)

ညီတော်အာနန္ဒာ၊ ဘုန်းတော် ကြီးမားတော်မူတဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မမူသေးပါဘူး။ စိုးရိမ်ပြီးတော့ မနေပါနဲ့။ သညာဝေဒယိတ နိရောဓ၊ သမာပန္နော-သညာ, ဝေဒနာတို့ရဲ့ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားရှုနေခြင်း ဖြစ်ပါတယ်။ နိရောဓသမာပတ်ဝင်စားပြီး ဆိုက်ရောက်နေတာပါဆိုမှ ညီတော်အာနန္ဒာ စိတ်သက်သာသွားတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မမူသေးဘူးဆိုတော့ အချိန်ပိုင်းရှိသလောက် သူ့မှာ အင်မတန်မှ အားရှိတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံမယ်ဆိုတော့ အားငယ်သပေါ့ ပရိသတ်ရဲ့ခနော်။

(မှန်လှပါဘုရား)

## ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူ

မြတ်စွာဘုရား သမာပတ်ကပြန်ထွ၊ အမြင့်ဆုံးဈာန်တွေကနေ့အနိမ့်ဆုံးဈာန်ထိ အဆင့်ဆင့် အဆင့်ဆင့် ဝင်စားတော်မူတယ်။ အထက်အောက် တက်လိုက်ဆင်းလိုက်, လှေခါးထစ် တက်လိုက်ဆင်းလိုက်လုပ်သလို-ဈာန်တွေကိုလဲ တက်လိုက်ဆင်းလိုက် ခေါက်တုန့်ခေါက်ပြန် အားရပါးရ ဝင်စားပြီးမှ၊ ပထမဈာန်ကနေ၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ရောက်တော်မူတယ်။ စတုတ္ထဈာန်အဆုံးကျမှ—

သမနန္တရာ အနုပါဒိသေသာယ, နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာယိ၊

ဘဂဝါ-ဘုန်းတော်ကြီးမားတော်မူပါသည့် မြတ်စွာဘုရားသည်၊ အနုပါဒိသေသာယ-ခန္ဓာကမ္မဇရုပ် ချုပ်ရာဖြစ်သော၊ နိဗ္ဗာနဓာတုယာ—နိဗ္ဗာနဓာတ်ဖြင့်၊ ပရိနိဗ္ဗာယိ-ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း၍ ရုပ်သိမ်းကြီး ရုပ်သိမ်းတော်ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

မြတ်စွာဘုရား စတုတ္ထစျာန်အဆုံးကျမှ ချုပ်သွားတယ်။ ပရိနိဗ္ဗာန်ပြုသွားတယ်။ ပရိနိဗ္ဗာန် ပြုသွားတဲ့အခါ "မဟာဘူမိစာလော အဟောသိဘိံသနကော၊ လောမဟံသနော" တဲ့။ မြေလျှင်ကြီးတုန်လှုပ်သွားတယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ မြေလျှင်တုန်လှုပ်မှုကြီး တော်လဲသံကြီးဖြစ်ပြီးကြီးစွာတုန်ဟီးသွားတယ်။ အာကာသေ ဒေဝ ဒုန္ဒုဘိယော ဖလိံသု-ကောင်းကင်က နတ်စည်နတ်မောင်းတွေ ကွဲပေါက် ဆူညံပြီးတော့သွားသတဲ့ ဓမ္မပရိသတ်ရှဲနေ၁်။ ဘုရား ပရိနိဗ္ဗာန်စံလို့ မြေလျှင်ကြီးတုန်လှုပ်တယ်၊ တော်လဲသံတွေ ဆူညံသွားတယ်။ ကောင်းကင်က နတ်တို့ရဲ့ တူရိယာသံတွေဟာ ပေါက်ကွဲပြီး ညံညံစွာ ဆူသွားတယ်တဲ့။ အင်မတန် ထိတ်လန့်ဖွယ်ကောင်းတဲ့ အဖြစ်များပေါ့။ အဲဒီမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး မြောက်အရပ်ကို ဦးခေါင်းပြုပြီးတော့ ပရိနိဗ္ဗာန်စံတော်မူတယ်။

## အသီးသီး သံဝေဂတွေယူကြ

ပရိနိဗ္ဗာန်စံတော်မူသည်နှင့် တစ်ပြိုင်နက်တည်း-ဗြဟ္မာမင်းကလဲ "သဗ္ဗေဝနိက္ခိပိဿန္တိ" အစရှိတဲ့ ဂါထာဖြင့် လာရောက်ပြီးတော့ သံဝေဂ ပွားများပါတယ်။

သိကြားမင်းကလဲ "အနိစ္စာဝတသင်္ခါရာ"ဆိုတဲ့ဂါထာဖြင့်လဲ သံဝေဂပြုပါတယ်။

အရှင်အနုရုဒ္ဓါမထေရ်ကလဲ"နာဟုအဿာသပဿာသော" စတဲ့ ဒေသနာတော်ဖြင့် သံဝေဂရွတ်ဆိုပါတယ်။

### ညီတော်အာနန္ဒာ, နောင်ဘုရားမရှိတော့လို့ ကြက်သီးမွေးညင်းထ ကြောက်လန့်

ညီတော်အာနန္ဒာကတော့—

"တဒါသိယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ"
သဗ္ဗါကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ"

လို့ ရွတ်တော်မူတယ်။

(ဒီ-၂-၁၃၇)

"သဗ္ဗာကာရဝရူပေတေ-လုံးစုံမြင့်မြတ် ချီးမွမ်းအပ်သည့်ကောင်းရပ်ဖုံဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြားတော်မူပေ

သော။ သမ္ဗုဒ္ဓေ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ပရိနိဗ္ဗုတေ-ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောမှာ ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်။ တဒါ-ထိုပရိနိဗ္ဗာန် စံတော်မူသည်နှင့်တစ်ပြိုင်နက်၌။ ဘိံသနကံ-ကြောက်ဖွယ်ထန်ပြင်း မြေတုန်လှုပ်ခြင်းသည်။ အာသိ-ဖြစ်ခဲ့ရပြီ။ လောမဟံသနံ-ကြက်သီးမွေးညင်း ထခြင်းဆိုတဲ့ သဘောတရားသည်။ အာသိ-စင်စစ်မသွေ ဖြစ်ခဲ့ရပေတော့သည်။

ညီတော်အာနန္ဒာ ဒီဂါထာကို ရွတ်ဆိုတော်မူတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံသွားတဲ့အခါမှာ သောက ပရိဒေဝ ကြီးစွာဖြစ်တော်မူတယ်။ အဲဒီမှာသောက ဖြစ်ပုံ ပါဠိတော်များမှာ—

"ယေ တေ တတ္ထ ဘိက္ခူ အဝီတရာဂါ အပ္ပေကစ္စေ ဗာဟာ ပဂ္ဂယှ ကန္ဒန္တိ၊ ဆိန္နပါတံ ပပတန္တိ အာဝဋ္ဋန္တိ ဝိဝဋ္ဋန္တိ။

(ဒီ-၂-၁၅၄)

တတ္ထ-ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့ပွဲ၌။ အပ္ပေကစ္စေ-အချို့ကုန်သော၊ ယေဘိက္ခူ-အကြင်ရဟန်းတော် တို့သည်။ အဝီတရာဂါ-ရာဂမကင်းကြကုန်သေး။ တေ-ထိုရာဂမကင်းကြတဲ့ ပုဂ္ဂိုလ်တို့သည်၊ ရာဂမကင်းကြသေးတဲ့ ပုထုဇဉ်၊သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်။ ဗာဟာ-လက်မောင်းတို့ကို။

ပဂ္ဂယှ-မြှောက်ချီကြကုန်သည်ဖြစ်၍။ ကန္ဒိတ္တ-ငိုမြည်တမ်းကြကုန်၏။ ဆိန္နပါတံ-ကမ်းပါးပြတ်မှကျသကဲ့သို့။ ပပတန္တိ-မြေပြင်မှာ လဲ၍ ငိုပွဲဆင်ကြလေကုန်၏။ အာဝဋ္ဋန္တိ-ရှေ့သို့လိမ့်၍ ငိုကြွေးကြလေကုန်၏။ ဝိဝဋ္ဋန္တိ-နောက်ပြန်လှိမ့်ကာ ငိုကြွေး၍ နေရှာကြပါပေကုန်၏။

## အနာဂါမ်-ရဟန္တာမှလွဲ၍ အားလုံးငိုကြ

ငိုကြွေးပုံပါဠိ တိုက်ရိုက်ပြဘယ်။ ကမ်းပါးပြတ်ထဲကျသလို မြေပြင်လဲကျငိုကြတယ်၊ လက်မြှောက်ငိုတယ်၊ လူးလှိမ့်ငိုတယ် ဆိုတာကတော့ ပုထုဇဉ်တွေ ဖြစ်မှာပေါ့။ နှမြောလွန်းလို့ ငိုကြတာ၊ သောတာပန် သကဒါဂါမ်တို့ကတော့ မျက်ရည်လောက်သာ ကျမှာပေါ့၊ ရာဂ မကင်းသေးတာကိုး၊ ရာဂ ကင်းတာက အနာဂါမ်နှင့် ရဟန္တာမှကင်းတာ၊ သောတာပန် ရင့်မကြီးက ငိုရသလားလို့ တစ်ချို့ပြောနေဦးမယ်။ သောတာပန် သကဒါဂါမ် ငိုတဲ့အကြောင်းကို အဋ္ဌကထာ အဖွင့်တွေပါတယ်။ ဘုရားပရိနိဗ္ဗာန်စံသွားလို့ ညီတော်အာနန္ဒာ အဆွေးဆုံး၊ အပူဆုံးပေါ့။

## ၇-ရက်သုံးလီ ၂၁-ရက် ပူဇော်ပွဲကျင်းပ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီလို့ဆိုတော့ မလ္လာမင်းတို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်ကလာပ်တော်ကို

ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပြီးနေကြတာ (၇)ရက်။ မြတ်စွာဘုရား ရုပ်ကလာပ်တော်ကို ပန်းနံ့သာစသည် စောင်း ညင်းပဿာ တူရိယာတွေနဲ့ တီးကြမှုတ်ကြ ပူဇော်နေကြတာ (၇)ရက်။ ဒီနောက်မှ ရုပ်ကလာပ်တော်ကို ပင့်ဆောင်ကြပြီး မကုဋဗန္ဓနအရပ် နံ့သာထင်းပုံပေါ်မှာတင်ပြီးတော့ ထားကြ တာက (၇)ရက်။ နံ့သာထင်းပုံကြီးပေါ်မှာ တင်ထားတဲ့အခါ မီးရှို့လို့မရဘူး၊ ရှင်မဟာကဿပ မကြွလာသေးလို့၊ မဖူးရ သေးလို့ စောင့်နေတာနော်။

(မှန်လှပါဘုရား)

ဒီလိုနဲ့ ရှင်မဟာကဿပကြီးလဲ ကြွလာရော၊ ခြေဖဝါးနှင့် နဖူး ထိတိုက်ပြီးတော့ ဖူးပြီးမှ အလိုလို တေဇောဓာတ်လောင် သွားတယ်။ မီးဟုန်းဟုန်းတောက်ပြီး ဓာတ်တော် မွေတော် ကျတယ်။ အဲဒီဓာတ်တော်မွေတော်တွေကို ကုသိနာရုံ မလ္လာ မင်းတို့က ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်၊ လက်နက်စွဲကိုင်ကြပြီးတော့ အထပ်ထပ်ကာရံပြီး စောင့်ကြပ် ပူဇော်နေကြတာ (၇)ရက်။ အားလုံးပေါင်း (၇)သုံးလီ ဘယ်လောက်ပါလိမ့် (၂၁-ရက်ပါ ဘုရား) ၂၁-ရက်ကြာ တယ်။

ကျေးဇူးရှင်ဖြစ်တဲ့ ဆရာတော်ဘုရားကြီးလဲ ဘယ်လောက် ကြာသွားတုံး မရိသတ်။ ဘယ်ရက်က ပျံတော်မူတုံး၊ ဘယ်သူ မှ မသိကြဘူး။ ကျုပ်လဲ ကြွပါဆိုလို့သာ ကြွလာတာ၊ ဘယ်

ရက်က ပျံတော်မူတယ်ဆိုတဲ့ ကျုပ်လဲမသိဘူး။ စာရွက်ထဲ ကောက်ကြည့်မှ သိရတော့မှာပဲ။ ၁၃၄၉-ခုနှစ် တန်ဆောင်မုန်း လဆုတ် (၈)ရက်နေ့တဲ့၊ ည (၈)နာရီ (၅၅)မိနစ်အချိန် ဘဝနတ်ထံ စုံလွန်တော်မူတယ်ဆိုတော့။ ခု နတ်တော်လဆန်း (၁၁-ရက်) ရက် ပေါင်း ဘယ်လောက်ရှိသွားပြီတုံး။ (၁၉) ရက်၊ ဟုတ်တယ်မဟုတ်လား။ ဒါ ရက် သိပ်အလွန်ကြီးမထား သေးဘူး။

မြတ်စွာဘုရားရှပ်ကလာပ်ထားတာ (၂၁)ရက် ထားတာ နော်။

(မှန်လှပါဘုရား)

## ခုနှစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ရဖို့ စစ်တပ်ချီလာ

အဲဒီနောက်မှခုနစ်ပြည်ထောင်သောမင်းတို့ကစစ်တပ်တွေနဲ့ ချီလာပြီး ဓာတ်တော် မပေးဘူးလား၊ ပေးမှာလား။ပစ်မယ်၊ ခတ်မယ်၊ သတ်မယ် ဖြတ်မယ်နဲ့နော် လက်နက်တွေနဲ့လာတာ။ အတော်ကြောက်စရာကောင်းတယ်နော်။ လက်နက်တွေနဲ့ ဝိုင်း ထားတာ။ အဲဒီဓာတ်တော်ဝေတဲ့ပွဲမှာ ဒေါနပုဏ္ဏားက ကြား က နေပြီးတော့ "ဟေ့–ရပ်ကြ" ဆိုပြီးတော့ တားမြစ်ပါ တယ်။ သူက တက္ကသိုလ်ဆရာကြီးကိုဗျ။ သူ့တပည့်တွေချည်းပဲ ဆိုပြီးတော့ တားမြစ်ခြင်း ဖြစ်ပါတယ်။

ငါတို့ဆရာကြီးက ဦးဆောင်နေတယ်ဆိုပြီး, အကုန်လုံး လက်နက်တွေချတော့မှ ဓာတ်တော်မွေတော် ခွဲဝေပေးတာ။

အဲဒီအကြောင်းကို မြင်လို့ မြတ်စွာဘုရားက ဒီကသိန ာရုံ ကို ကြွလာတာ။ မြတ်စွာဘုရားတို့မည်သည် ရှေ့ကိုမြင်စမြဲပဲ နော်။

(မှန်လှပါဘုရား)

အဲဒီကျမှ ၇-ပြည်ထောင်သောမင်းတို့ ဓာတ်တော်မွေတော် တွေ အသီးသီးရတယ်တဲ့။

ကဲ–ယနေ့ညဒီမှာပဲ ရပ်နားကြစို့။

အရှင်အာနန္ဒာမဟာထေရ်၏ ရဟန်းကိစ္စ ပဉ္စာနုပုဗ္ဗငန်း

## သံဃာ ၇-သိန်း သင်္ဂါယနာတင်ဖို့ စည်းဝေး

ဓာတ်တော်မြှုပ်တော် ခဲ့ဝေတဲ့ပွဲမှာ သံဃာတော်ပေါင်း (၇)သိန်း စည်းဝေးတယ်။ (၇)သိန်းမျှလောက်သော သံဃာတော်အရှင်မြတ်တို့အား အရှင်မဟာကဿပ မထေရ်မြတ်ကြီးက "ငါ့ရှင်တို့ မြတ်စွာဘုရားလဲ ပရိနိဗ္ဗာန်စံ၍သွားပြီ၊ မြတ်စွာဘုရား ဟောတော်မူတဲ့ သုတ္တန်, ဝိနည်း, အဘိဓမ္မာသုံးဖြာသော ပိဋကတ်များကို အချိုးအနှိုးမဖြစ်စေရန်၊ မပျောက်ပျက်စေရန်၊ စုပေါင်း၍ ရွတ်ဆိုခြင်းဆိုတဲ့ သင်္ဂါယနာတင်တဲ့ ပွဲကြီး ကျင်းပကြစို့"လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီမှာ သင်္ဂါယနာတင်ဖို့ မဟာထေရ်မြတ်ကြီးများက သဘောတူကြပါတယ်။

ဒီလိုနဲ့ ခါတ်တော် မွေတော်များ ခွဲဝေပြီးတဲ့ အခါမှာ အရှင်မဟာပုဏ္ဏမထေရ်မြတ်သည် သံဃာတော်ပေါင်း ၇၀၀ ခြံရံ၍ ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောမှာပင် သီတင်းသုံး နေရစ်ခဲ့တယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာဌာနသို့ လာရောက်ပြီး ငိုကြွေးနေကြတဲ့ ဒကာ၊ ဒကာမတွေကို တရားဓမ္မ ဟောပြောပြသ ဆုံးမတော်မူတယ်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးကတော့ နောက်ပါ တပည့်ငါးရာ ခြံရံလျက် ကုသိနာရုံပြည်ကနေပြီးတော့ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူခဲ့တယ်။ ရာဇဂြိုဟ်မြို့ရှိ ဒကာ ဒကာမ တို့အား တရားရေအေး အမြိုက်ဆေး ဟောပြ ဆုံးမတော်မူရန်အလို့ငှာ ကြွချီတော်မူခဲ့ပါပြီ။ အခြားအခြားသော မထေရ်မြတ်တို့သည်လည်း မိမိတို့ တပည့်သာဝကတွေ များစွာ ခြံရံလျက် ကိုယ်စီကိုယ်ငှ ထိုထိုမြို့ပြ ပြည်ရွာတို့သို့ အသီးသီး ကြွချီ၍ သွားကြပါပြီ။

## အရှင်အာနန္ဒာ သာဝတ္ထိမြို့သို့ ကြွတော်မူ

အရှင်အာနန္ဒာ မထေရ်မြတ်သည်လည်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သပိတ်တော်၊ နှစ်ထပ်သင်္ကန်း၊ ထီး၊ ဖိနပ်၊ သင်းပိုင်စတဲ့ ပရိက္ခရာတွေကို ယူဆောင်ပြီး နောက်ပါ သံဃာတော် ၅၀၀ နှင့်တကွ သာဝတ္ထိမြို့လမ်းသို့ ကြွချီတော်မူခဲ့ တယ်။ သံဃာတော်တွေလဲ စိတ်လက်မကြည်သာဘူး။ အဲဒီလို

နဲ့ မျက်စိမျက်နှာ မကောင်းဘဲနဲ့ ပြန်လာခဲ့ရတဲ့ အရှင်အာနန္ဒာ လမ်းခရီးအကြား ကျေးရွာကလေးတွေမှာ နေကြတဲ့ ဒကာ ဒကာမများက လယ်ကွင်းပြင် ရိုးပြတ်တောမှာ ကြွချီတော်မူလာတဲ့ အရှင်အာနန္ဒာမထေရ်မြတ်ကို လှမ်းပြီးတော့ မြင်ကြတဲ့အခါ အရှင်အာနန္ဒာ အခါတိုင်းအခါတိုင်း မြတ်စွာဘုရားနှင့်အတူ ကြွနေကျ၊ ယခုတော့ အရှင်အာနန္ဒာ တစ်ပါးတည်းဖြစ်ပါတယ်။ မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးနေတယ်ဆိုတာကို မေးမြန်းရအောင်ဆိုပြီး ဒကာ ဒကာမတွေက ရွာရဲ့အပြင်ဘက် အရိပ်ကောင်းတဲ့ သစ်ပင်ကြီးအောက်ကနေပြီး စောင့်ကြိုနေရှာကြလေတယ်။

## မြတ်စွာဘုရား ဘယ်မှာလဲဘုရား

ရွာလုံးကျွတ်ဆိုသလို ထွက်ပြီး စောင့်ကြိုနေကြရာမှ အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ဒကာ ဒကာမတွေရဲ့အနီးသို့ ရောက်လာတော့ လက်အုပ်ချီမိုး ရှိခိုး ဝတ်ချကြပြီးလျှင် အရှင် အာနန္ဒာမထေရ်မြတ်ကြီးကို မေးမြန်းပါတယ်။

> ဘန္တေ အာနန္ဒ ကုဟိံ သတ္ထာရံ ဥပေတွာ
> အာဂတောသိ။
>
> (သာရတ္ထဒီ)

ဘန္တေအာနန္ဒ-အရှင်ဘုရားအာနန္ဒာ၊ တုမှေ-အရှင်မြတ်ဘုရားတို့သည်၊ သတ္ထာရံ-ရှင်တော်မြတ်ဘုရားကို၊ ကုဟိံ-ဘယ်

ရှာဒေသ ဘယ်ဌာနဌ်၊ ဌပေတ္တာ- ချန်ထားတော်မူခဲ့သည် ဖြစ်၍၊ အာဂတော-အရှင်မြတ်ဘုရား တစ်ပါးတည်း ကြွလာတော်မူသည်၊ အသိ-ဖြစ်ပါသနည်း ဘုရား။

အရှင်ဘုရားအာနန္ဒာတဲ့၊ ခါတိုင်းခါတိုင်းမှာမြတ်စွာဘုရား နှင့်အတူ ကြွနေကျ ဖြစ်ပါတယ်၊မြတ်စွာဘုရားက ရှေ့တော်က၊ အရှင်ဘုရားကနောက်တော်က၊ ယခုလို သပိတ် ပရိက္ခရာ တွေပိုက်ပြီး လိုက်နေကျ ဖြစ်ပါတယ်၊ ယခု အရှင်ဘုရား ကြွလာတော်မူတဲ့အခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲ မပါပါလားဘုရား။ မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးတော်မူခဲ့ပါသလဲဘုရား။ တပည့်တော်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမြော်ချင်တယ်။

## အရှင်အာနန္ဒာ မျက်ရည်မဆည်နိုင်

အဲဒီလို ဒကာဒကာမတွေက လျှောက်ထားတဲ့အခါမှာ ညီတော်အာနန္ဒာသည် မျက်ရည်မဆည်နိုင် ဖြိုင်ဖြိုင်ယိုစီးပြီး မျက်စိအစုံမှ ကျလာတဲ့ ပူနွေးတဲ့ မျက်ရည်ပေါက်တွေနဲ့ ဘယ်လို အမိန့်တော်ရှိသလဲဆိုတော့—

ဘဝန္တော-များလှသောင်းသောင်း ဒကာ ဒကာမကြီးငယ် အပေါင်း သူတော်ကောင်းတို့၊ သတ္တာ-လူနတ်ဗြဟ္မာ သတ္တဝါ တို့ရဲ့ ဆရာတစ်ဆူ ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်

ကြီးသည်၊ ကုဿိနာရာမေ-ကုသိနာရုံ ရဂုံသာမော အင်ကြင်းတော၌၊ ဒါနိုက္ကဒါနို-ယခုအခါ၊ ပရိနိဗ္ဗုတော - ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း၍ ရုပ်သိမ်းခဲ့ပါပြီ။

“ဒကာ ဒကာမတို့၊ လူနတ်ဗြဟ္မာသတ္တဝါတို့ရဲ့ ဆရာတစ်ဆူ ဖြစ်တော်မူတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ယခုအခါ ကာလမှာ၊ ကုသိနာရုံပြည်၊ မလ္လာမင်းတို့ရဲ့ အင်ကြင်းတောမှာ၊ ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ။ ပရိနိဗ္ဗာန် စံတော်မူ၍ ဓာတ်တော်မွေ့တော်များလဲ ခွဲဝေပြီးခဲ့ပါပြီ။ ဟောဒါက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အမြဲတမ်းခြုံတော်မူတဲ့ နှစ်ထပ်သင်္ကန်း၊ ဒါက သပိတ်တော်၊ ဒါက ကေသီ၊ ဒါကသင်းပိုင်၊ ဒါက ရေစစ် စသည်ဖြင့် ပရိက္ခရာတွေ ပြပြီးတော့ မျက်ရည်တွေတွေကျနေတဲ့ ညီတော်အာနန္ဒာ။ ဒကာ ဒကာမတွေလဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတယ်ဆိုတဲ့ သတင်းကို ကြားရတာနဲ့ တစ်ပြိုင်နက် အရှင်အာနန္ဒာနဲ့အတူ ရောငိုကြွေး ကြတယ်တဲ့။

### ဒကာ ဒကာမတွေလဲ လူးလိမ့်ကာငိုကြွေး

ဆိန္နပါတံ ပပတန္တိ၊ အာဝဋ္ဋန္တိ ဝိဝဋ္ဋန္တိ (ဒီ ၂-၁၅၇)

ဆိန္နပါတံ-ကမ်းပါးပြတ်မှ ကျသကဲ့သို့။ ပပတန္တိ-မြေပြင်မှာ လဲ၍ ကျကြလေကုန်၏။ အာဝဋ္ဋန္တိ-ရှေ့သို့လိမ့်၍လိမ့်၍ ငိုကြွေး

ကြကုန်၏။ ဝိဝဋ္ဋန္တိ-နောက်သို့လှိမ့်ကာလှိမ့်ကာ ငိုကြွေး၍ နေရှာကြပါကုန်၏။

အတိခိပ္ပံ ဘဂဝါ ပရိနိဗ္ဗုတော-မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာ စောလွန်းသေးတယ်ဘုရား။ အတိခိပ္ပံ သုဂတော ပရိနိဗ္ဗုတော-ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခြင်းသည်ကား အင်မတန်မှ စောလွန်းလှပါတယ်ဘုရားလို့ဆိုပြီး ဒကာ ဒကာမတွေပါ၊ အရှင်အာနန္ဒာအား ပြောပြောဆိုဆို ငိုကြွေးကြတယ်။ သောကစိုးရိမ်ခြင်း၊ ပရိဒေဝ-ငိုကြွေးခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း၊ ဒေါမနဿ-နှလုံးနာခြင်း၊ ဥပါယာသ-ရှိုက်ကြီးတငင် ပင်ပန်းခြင်းဆိုတဲ့ အဲဒီတရားတွေ ဒကာ ဒကာမတွေ များစွာ ဖြစ်ကြရပါတယ်။ အရှင်အာနန္ဒာမထေရ်မြတ် သွားလေရာအရပ်တိုင်းမှာ ကြီးစွာ ငိုကြွေးတဲ့ပွဲကြီး၊ ဒီလိုနဲ့ နောက်နေ့ရောက်တဲ့အခါမှာလဲပဲ၊ ယိုနည်းတူစွာ အရှင်အာနန္ဒာမထေရ်မြတ်ကို မေးကြ မြန်းကြတဲ့အခါ အရှင်အာနန္ဒာမထေရ်မြတ်က အကျိုးအကြောင်းကို မိန့်ကြားရတယ်။ ဒီအကြောင်းတွေကို သာရတ္ထဒီပနီဋီကာမှာ ရေးပြထားတယ်။

အဲဒီလိုနဲ့ ကြွချီလာတဲ့အခါ သာဝတ္ထိပြည်သို့ ရောက်တယ်။ သာဝတ္ထိမြို့တွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ဒကာ ဒကာမတွေက မေးမြန်းကြပြန်ပါတယ်။

“ဘန္တေ အာနန္ဒ-အရှင်ဘုရားအာနန္ဒာ၊ ကုဟိံ-အဘယ်ရွာ ဒေသ ဘယ်ဌာနၨ၌၊ သတ္ထာရံ-ရှင်တော်မြတ်ဘုရားကြီးကို၊ ဌပေ

တွာ-ချန်ထားတော်မူခဲ့သည်ဖြစ်၍၊ အာဂတော-ကိုယ်တော်မြတ် တစ်ပါးတည်း အဘယ်ကြောင့် ကြွလာတော် မူရပါသလဲ ဘုရား တဲ့။

"အရှင်ဘုရား၊ မြတ်စွာဘုရား ဘယ်ထားခဲ့ပါသလဲ၊ မြတ်စွာ ဘုရားမပါဘဲနဲ့ ဘယ့်အတွက်ကြောင့် တစ်ပါးတည်း ကြွလာ ရပါသလဲဘုရား"လို့ မေးကြတော့ ပရိက္ခရာတွေပြပြီး အရှင် အာနန္ဒာ ငိုကြွေးလေတော့၊ ဒကာ ဒကာမတွေလဲ လိုက်ပါ ငိုကြွေးကြတယ်။ သာဝတ္ထိပြည်တစ်ပြည်လုံး ငိုကြွေးပူဆွေးပြီး နေရှာကြတယ်။ အဲဒီလိုနဲ့ တစ်မြို့လုံး ပရိဒေဝမီးကြီး တောက် လောင်၍ နေကြပါတယ်။

အဲဒီကနေ သာဝတ္ထိပြည် တောင်ဘက်တံခါးက ထွက်ခဲ့ တော့ ကုလလေးတာ အပြန်ငါးရာဝေးတဲ့နေရာမှာ ဇေတဝန် ကျောင်းတော်ရှိတယ်။ အဆိုပါ ဇေတဝန်ကျောင်းတော်သို့ သံဃာတော်များနဲ့အတူတကွ အရှင်အာနန္ဒာမထေရ်မြတ် ဝင် ခဲ့တယ်။

## ဇေတဝန်ကျောင်းတော်ကြီးလဲ တိတ်ဆိတ်ငြိမ်သက်

ကျောင်းထဲရောက်တော့ သံဃာတွေကလဲ တစ်ပါးမှမရှိ။ တိတ်ဆိတ်ငြိမ်သက်လို့။ အခါတိုင်းအခါတိုင်းမှာ ကျောင်းဝိုင်း ကြီးရဲ့အတွင်း၌ သံဃာတော်တွေ ဝင်းထိန်ပြီး နေတယ်။ အဲဒီမှာ နောက်ပါ ရဟန်းသံဃာတော်များက မိမိတို့ရဲ့ ကျောင်းသင်္ခမ်း

သို့ အသီးသီး ကြွသွားကြပါတယ်။ အရှင်အာနန္ဒာမထေရ်မြတ်ကတော့ ဇေတဝန်ကျောင်းကြီးပေါ်သို့ ပရိက္ခရာများကို ပွေ့ပိုက်ဆောင်ယူပြီး တက်ခဲ့တယ်။ ကျောင်းပေါ်လဲ ရောက်ရော သံဃာ တစ်ပါးမှမရှိ။ အခါတိုင်းအခါတိုင်းမှာ စကြံလျှောက်တဲ့ သံဃာနဲ့၊ တရားထိုင်နေတဲ့ သံဃာနဲ့၊ သက်နှံးချုပ်နေတဲ့ သံဃာနဲ့ အဲဒီလိုသံဃာတော်တွေ ဝင်းရှိန်ထိန်ပြောင်ပြီး နေပါတယ်။ ယခု ညီတော်အာနန္ဒာ ရောက်လာတဲ့အချိန်အခါမှာ ဇေတဝန်ရောင်မောင်း ရွှေကျောင်းတော်ကြီးရဲ့ အပေါ်မှာ သံဃာ တစ်ပါးမှမရှိ တိတ်ဆိတ် ငြိမ်သက်ပြီးနေတယ်။ အိမ်မြှောင်စုတ်ထိုးတဲ့အသံ၊ စုတ်သတ်တဲ့အသံလောက်သာလျှင် ကြားရတယ်၊ ငြိမ်သက်နေတယ်။

သံဃာတော်တွေ ဘယ်ကြွနေသလဲလို့အောက်မေ့စရာပေါ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံသို့ ကြွချီသွားကြတဲ့ သံဃာတွေက များပါတယ်။ တစ်ချို့သံဃာတွေကလဲ ဘုန်းတော်ကြီးမားတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံတော်မူ၍သွားပြီ၊ ငါတို့လဲပဲ တရားထူးတရားမြတ် မရသေးဘူး၊ မဂ်ဖိုလ်မရသေးဘူးတဲ့။ သာသနာကွယ်မလောက် အောက်မေ့ပြီးနေကြတဲ့ အရှင်မြတ်တွေ၊ တရားဓမ္မအားထုတ်ရန်အတွက် ဆိတ်ငြိမ်ဖွယ် တောင်ရိပ်ငြိမ် တောရကျောင်းသို့ အသီးသီး ကြွချီသွားကြလို့ ဇေတဝန်ကျောင်းပေါ်မှာ သံဃာ တစ်ပါးမှ မရှိတော့ဘူး။ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်ငြိမ်သက်လှပါတယ်။

## အရှင်အာနန္ဒာ ဂန္ဓကုဋီတိုက်အတွင်း စိတ်တွေချောက်ချား

အဲဒီမှာ ညီတော်အာနန္ဒာ စိတ်ခေတ်တွေ ချောက်ချားလာတယ်။ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋီအခန်းတွင်းသို့ဝင်ပြီး သီတင်းသုံးတော်မူတဲ့ သလွန်ညောင်စောင်းပေါ်၌ ဖုန်တွေကလဲတက်လို့၊ ခေါင်းရင်းပိုင်းမှာ ထိုးထားတဲ့ ပန်းအိုးတွေကလဲ ခြောက်သွေ့လို့၊ ပိုးမျှင်ဘော့ကလဲ တန်းနေတာကို ညီတော်အာနန္ဒာ မြင်ရ တွေ့ရပါတယ်။ အဲဒီမှာ သပိတ်တော်ကိုချ၊ နှစ်ထပ်သင်္ကန်းကို သပိတ်ပေါ်မှာတင်လို့ထောင့်တစ်နေရာမှာ ထိုင်ပြီး ပလ္လင်ညောင်စောင်းပေါ်ကို မေးတင်ပြီး ညီတော်အာနန္ဒာ ငိုကြွေးရှာတယ်။

အားရပါးရ ငိုကြွေးပြီးတဲ့အခါကျမှ ထိုပလ္လင် ညောင်စောင်း ပေါ်မှာ ခင်းထားတဲ့ ဖျာတွေကိုထုတ်ပြီးတော့ ခါ၊ ဖုန်တွေအမှိုက်တွေ သုတ်သင်ရှင်းလင်း၊ ပြန်ပြီးတော့ခင်း၊ ပိုးမျှင်တွေ တံမျက်စည်းနှင့်လှည်းလို့ခြောက်သွေ့နေတဲ့ပန်းအိုးများကိုလဲပဲ အပြင်သို့ထုတ် သန့်ပစ် သန့်ရှင်းလို့၊ ထွေးခံများကိုလဲ ဆေးကြောလို့၊ အခန်းထဲ ဘုရားရှိစဉ်အခါတုန်းကလို ပြောင်လက်နေအောင် ရှင်းလင်းသုတ်သင်ပြီး ငိုကြွေးရှာနေရှာတဲ့ ညီတော်အာနန္ဒာ။ ဝေယျာဝစ္စပြုရင်း ငိုကြွေးနေတယ်။

## မြတ်စွာဘုရားကို အမျိုးမျိုး တမ်းတငိုကြွေး

အဲဒီလို သာရတ္ထဒီပနီဋီကာဆရာက အရှင်အာနန္ဒာမထေရ် မြတ် ငိုကြွေးနေပုံတွေကို ရေးသားဖွင့်ဆိုပြတယ်။ ဋီကာမှာ ဘယ်လို ရေးပြထားလဲဆိုတော့—

နနု ဘဂဝါ အယံတုမှာကံ နှာနကာလော အယံဓမ္မဒေသနကာလော၊ အယံ ဘိက္ခုနံ ဩဝါဒဒါနကာလော၊ အယံ သီဟသေယျံ ကပ္ပနကာလော၊ အယံ မုခဓောဝနကာလောတိ အာဒိနာ နယေန ပရိဒေဝ မာနော အကာသိ။

(သာရတ္ထဋီ-နှာ ၅၅)

ဘန္တေ-ဘုန်းတော် ကြီးမားတော်မူပါတဲ့ နောင်တော်မြတ်စွာဘုရား။ အယံ-ဤအချိန်အခါကာလသည်။ တုမှာကံ-နောင်တော်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏။ နှာနကာလော နနု-ရေသုံးသပ်တော်မူရာ အချိန်ကာလ မဟုတ်ပါလား ဘုရား။ အယံ-ဤအချိန်အခါသည်။ ဓမ္မဒေသနကာလောနနု-တရားဟောတော်မူရာ အချိန်ကာလ မဟုတ်ပါလားဘုရား။ အယံ ဤ အချိန်ကာလသည်။ တုမှာကံ - နောင်တော်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏။ ဘိက္ခုနံ-ဘုရားသားတော် ရဟန်းသံဃာတော်တို့အား။ ဩဝါဒဒါနကာလောနနု-ဆုံးမဩဝါဒကို ပေးတော်မူရာ အချိန်ကာလ မဟုတ်ပါလားဘုရား။

အယံ-ဤအချိန်ကာလသည်။ တုမှာကံ-နောင်တော်ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ သီဟသေယျံ-ခြင်္သေ့မင်းကဲ့သို့ ကျိန်းစက်တော် မူခြင်းကို။ ကပ္ပနကာလောနနု-ပြုလုပ်တော်မူရာ အချိန်အခါကာလမဟုတ်ပါလားဘုရား။ အယံ-ဤအချိန်ကာလသည်။ တုမှာကံ-နောင်တော်ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ မုခဓောဝနကာလောနနု-မျက်နှာသစ်တော်မူရာ အချိန်ကာလ မဟုတ်ပါလားဘုရား။ ဣတိအာဒိနာနယေန-ဤသို့ အစရှိသောနည်းဖြင့်။ ပရိဒေဝမာနော-မျက်ရည် တစိုစိုဖြင့် ငိုယို မြည်တမ်းသည်ဖြစ်၍သာလျှင်။ အကာသိ-ဝေယျာဝစ္စများကို ပြုတော်မူ၏။

ဋီကာဆရာ ဖွင့်ပြချက်အတိုင်း ဓမ္မပရိသတ်များကို ဟောပြလိုက်ပါတယ်။

"နောင်တော် မြတ်စွာဘုရား၊ ဤအချိန် ကာလသည် နောင်တော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ ရေချိုးရန်အချိန်, ရေသုံးသပ်ရန်အချိန် ဖြစ်ပါတယ်ဘုရား။ ရေသုံးသပ်တော်မူလိုက်ပါဦးဘုရား" လို့ဆိုပြီး ရေချိုးအိမ်မှာ ရေတွေဖြည့်ရင်းနဲ့ ငိုကြွေးနေရှာတဲ့ ညီတော်အာနန္ဒာ။

ဤအချိန်ကတော့ တရားဟောချိန်၊ တရားဟောတော်မူလှဲပါဦးဘုရား။ ဤအချိန် ဤကာလကတော့-နောင်တော်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ရဟန်းသံဃာတော်တို့အား အဆုံးအမဩဝါဒကို ပေးတော်မူတဲ့အချိန်ဘုရား။

ညဥ့်ဦးပိုင်းအချိန်မှာ သံဃာတော် အရှင်မြတ်တွေအား တရားဓမ္မဩဝါဒပေးတော်မူတဲ့အချိန်ပါဘုရား။ ဩဝါဒတရားများ တပည့်တော်တို့ နာချင်ပါတယ်။ အဲဒီလို ဩဝါဒ ပေးတော်မူတဲ့ အချိန်ကာလမှာလဲ မြတ်စွာဘုရားကို တမ်းတမှန်းဆပြီး ငိုကြွေးနေရှာတဲ့အရှင်အာနန္ဒာ။

ဘုန်းတော်ကြီးမားတော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သန်းခေါင်ယံအချိန်ကာလမှာ နတ်ပရိသတ်တို့အား တရားဟောတော်မူတဲ့အချိန်။ နတ်တို့အား တရားဟောတော်မူလှည့်ပါဦး ဘုရား။

ကျိန်းစက်ချိန်ရောက်တော့ ဤအချိန်၌ကား နောင်တော်မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကျိန်းစက်တော်မူချိန်ဘုရား။ ခြင်္သေ့မင်းကြီးကဲ့သို့ ကျိန်းစက်တော်မူလှည့်ဦး နောင်တော်မြတ်စွာဘုရားဆိုပြီး ငိုကြွေးနေရှာတဲ့ အရှင်အာနန္ဒာ။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါမှာ မျက်နှာသစ်ရေများခပ်ထားပြီး ရွှေမျက်နှာတော် သစ်တော်မူလှည့်ဦး နောင်တော်မြတ်စွာဘုရား။ မျက်နှာသစ်ချိန်မှာလဲ မြတ်စွာဘုရားကို သတိရလို့။

ဆွမ်းခံချိန် ရောက်ပြန်တော့လဲ ဆွမ်းခံချိန်ဘုရား။

လူတွေ တရားဓမ္မ ဩဝါဒပေးချိန်ရောက်တော့လဲဩဝါဒတရားများ ပေးလှည့်ပါဦးဘုရာ့။

စသည်ဖြင့် ပရိဒေဝမာနောဝ-မျက်ရည်တွေ ဘာစိုစိုနဲ့ ငိုကြွေးမြည်တမ်းသည်ဖြစ်၍သာလျှင်၊ အကာ၊သိ-ဝေယျာဝစ္စများကို ပြုတော်မူရှာ၏။ ညီတော်အာနန္ဒာ ဝေယျာဝစ္စပြုရင်းနဲ့ ငိုကြွေးနေပုံကို သာရတ္ထဒီပနီဋီကာဆရာ ဖွင့်ဆိုတဲ့အတိုင်း ဘုန်းကြီးဟောပြလိုက်ပါတယ်။

ဒီနေရာမှာ တကာယ်အလွမ်းသယ်လိုက်ရရင် ဒီ ပရိသတ်မျက်ရည်တွေ တုတ်တုဘ်ကျမှယ်နော်။

(မှန်လှပါဘုရား)

## မျက်ရည်ကျတာမကောင်းပါ

ဘုန်းကြီးတို့ မြန်မာလူမျိုးက အလွမ်းခန်းဆို သိပ်ကြိုက်ကိုး၊ မှန်ရဲ့လားပရိသတ်

(မှန်လှပါဘုရား)

အသုဘအိမ်ဆိုရင် ငိုကြပြီနော်၊ ဆူလို့ညံလို့။ တစ်ချို့ကလဲ တကာယ်ကိုပဲ လွမ်းလို့ငိုတာပေါ့။ တစ်ချို့ကလဲ တစ်ယောက်ငိုတာနဲ့ ရောငိုတာပဲ။

အဲဒါနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ပရိသတ် နည်းနည်းပြောရဦးမယ်။ ဘုန်းကြီးတို့ မန္တလေးရပ်ကွက်တစ်ခုမှာ ယောကျ်ားရှာ မိန်းကလေးတစ်ယောက်ရှိတယ်။ သူ့မအေသေ

သွားတော့သူ့ အစ်မဖြစ်သူက ရန်ကုန်မှာနေတာ။ အမေသေတဲ့အချိန်မှာ မျက်နှာမြင်နေတဲ့အတွက်ကြောင့် အသုဘမလာနိုင်ဘူးတဲ့။ ကျန်းမာရေးကောင်းလာတဲ့အချိန်ကျတော့ မန္တလေးပြန်လာတယ်။ မန္တလေးရောက်တော့ အဲဒီမှာ 'ငါ့မောင်တို့၊ အမေ့ရဲ့သုသာန်ကို ငါ့လိုက်ပို့စမ်း''ဆိုတော့ လိုက်ပို့တယ်။ ဆွေတော့မျိုးတော့ကလဲ ပါတာပေါ့။ မြေမြှုပ်ထားတာကိုး။ အဲဒီ ယောက်ျားရှာမိန်းကလေးကမှ သိတာ။ အမေ့မြေပုံ ငါ့ပြစမ်းလို့ ဆိုတော့ အဲဒီသင်္ချိုင်းမှာ မြေပုံတွေကလဲအများကြီးကိုး၊ ခေါ်သွားတော့ အနီးလဲရောက်ရော လက်ညှိုးထိုးပြီး "အစ်မ အစ်မ ဟောဒီမြေပုံဟာ အမေ့မြေပုံ''ဆိုပြီး ပြောတဲ့အခါ အဲဒီ ရန်ကုန်ကအစ်မဖြစ်သူက မြေပုံကိုဖက်ပြီး ငိုလိုက်တာ မပြောနဲ့တော့။ "အမေရေ သမီးလာပြီ ထကြည့်ပါဦး၊ ထကြည့်ပါဦး''လို့ မြေပုံကို တစ်အားဖက်ငိုတယ်။ ဆွေတော့မျိုးတော့ကလဲ မျက်ရည်တွေကျလို့ပေါ့။ အဲဒီမှာယောက်ျားရှာမိန်းကလေးက မြေပုံပေါ်မှောက်ပြီး ငိုနေတဲ့အစ်မရဲ့ကျောကို လက်နဲ့ပုတ်တယ်။ "အစ်မ အစ်မ''ခေါ်တော့အစ်မဖြစ်သူက မော့ပြီးတော့ကြည့်တယ်။ "ဘာတုံးဟဲ့ ငါ့မောင်ရဲ့''လို့ ဆိုတော့ "ဒီအပုံမဟုတ်ဘူးထင်တယ်ဗျတဲ့၊ ဟိုအပုံထင်တယ်''။ ဟိုမယ်ငိုတဲ့လူက ဆတ်တင့်တင့် ဖြစ်သွားတယ်၊ မြေပုံက ဘယ်ဟာမှန်းမှ သူမသိဘဲကိုး။ နဂိုကမှ အူကြောင်ကြောင်ကောင်လေးကိုး။ ဒီအပုံမဟုတ်ဘူးထင်တယ် ဆိုတော့ခက်နေတာပေါ့။ အဲဒါနဲ့ ဘယ်လိုလုပ်မှန်းမသိတာနဲ့ ပြန်လာခဲ့ရဆိုကိုးပရိသတ်ရဲ့။

အဲဒီလို ဘုန်းကြီးတို့ မြန်မာလူမျိုးကအင်မတန်အငိုသန်တယ်။ အဲဒါမှ မဟုတ်ခဲ့လို့ရှိရင် ငိုစရာရှာတော့တာပဲ။ သီတင်းကျွတ်ရာသီမှာဆိုရင် မန္တလေးမှာဇာတ်ရုံတွေဆောက်၊ ဇာတ်ပွဲတွေက၊ အမျိုးသမီးတွေက အဲဒီဇာတ်သွားကြည့်တယ်။ တစ်ခါတည်း မင်းသမီးနှင့် မင်းသားက ဆိုလိုက် ငိုလိုက်၊ အောက်က အမျိုးသမီးတွေက လက်ကိုင်ပုဝါးလေးတွေနဲ့၊ တဘက်ကလေးတွေနဲ့ မျက်ရည်သုတ်လို့၊ အပေါ်ကငိုနေတာ ဟန်ဆောင်ငိုနေတာ၊ အောက်က တကယ်ငိုနေကြတာ၊အဲဒီရုံပွဲကလဲပြန်လာရော၊ အမျိုးသမီးတွေပြောသွားတာ ကျုပ်ကကြားရတယ်။ "အမလေး ကောင်းလိုက်တဲ့ပွဲတဲ့၊မျက်ရည်ကို တုတ်တုတ်ကိုကျရော"—တဲ့။ မျက်ရည်ကျတာ ပရိသတ် ကောင်းသလား မကောင်းဘူးလား။

(မကောင်းပါဘူးဘုရား)

ကောင်းတော့မကောင်းဘူး၊ ဒါပေမယ့် ငိုတာလေးဖွင့်ဟောရင်တော့ အကြိုက်နော်.... အဲဒီတော့ အရှင်အာနန္ဒာမထေရ် ငိုတယ်ဆိုတာကို ဓမ္မသံဝေဂဖြစ်ရုံကလေး တင်ပြလိုက်တာနော်။ ပရိသတ်လွမ်းအောင် ဟောလိုက်တာမဟုတ်ဘူး။

## နတ်သားတစ်ယောက် လာ၍သတိပေး

အရှင်အာနန္ဒာမထေရ်မြတ် နေ့ရောညရော ငိုကြွေးနေတဲ့ အခါ နတ်သားတစ်ဦး ရောက်လာပြီး—

ဘဒ္ဒေအာနန္ဒ-အရှင်ဘုရားအာနန္ဒာ၊ တုမှေဟိ-အရှင်ဘုရားတို့ကသော်မှ၊ စေ-ဤသို့၊ ပရိဒေဝမာနာ-မျက်ရည်တွေတစိုစိုငိုယိုမြည်တမ်း၍ နေရှာကြကုန်သည်ရှိသော်။ အဩေ-အရှင်မြတ်ဘုရားတို့မှ တစ်ပါးကုန်သော မျှားလှသောင်းသောင်းတပည့် ဒကာ ဒကာမအပေါင်းတို့ကို။ ကိံ-အဘယ်မှာလျှင်။ သမဿာသယိဿထ-သက်သာရာကို ရစေနိုင်ပါအံ့နည်းဘုရား။

"အရှင်ဘုရားအာနန္ဒာ အရှင်ဘုရားတို့လို သောတာပန်အရင့်အမာကြီးတွေသော်မှ မျက်ရည်တွေ တွေတွေကျပြီး ပရိဒေဝမီးကြီးစွာ တောက်လောင်နေရှာကြမယ်ဆိုရင်၊ အရှင်ဘုရားတို့ကို မှီခို၍ ကြည်ညိုဆည်းကပ်နေကြတဲ့ ဒကာ ဒကာမတွေမှာ၊ ကောပနဝါဒေါ-ပြောဖွယ်မရှိဘူးဘုရား—တဲ့။ အရှင်ဘုရားတို့ ဟောတဲ့တရားနဲ့ အရှင်ဘုရားတို့ ဆင်ခြင်တော်မူကြပါ"လို့ လာပြီးသတိပေးတယ်။

## အရှင်အာနန္ဒာ သတိရ တရားဟောပြော

အဲဒီအခါကျမှ ညီတော်အာနန္ဒာမထေရ်မြတ် သတိပြန်ရပြီး ကိုယ်တိုင်လဲမျက်ရည်စတွေသိမ်းဆည်း၊ ဇေတဝန်ကျောင်းပေါ်မှာ လာရောက်ပြီး ငိုကြွေးကြတဲ့ ဒကာ ဒကာမတွေကိုလဲ တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေး ဟောပြ ဆုံးမတော်မူရပါတယ်။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

(ဒီ-၂-၁၅၆)

"ဘာဝန္တော-များလှသောင်းသောင်း ဒကာဒကာမကြီးငယ် အပေါင်းတို့။ သင်္ခါရာ-ကံ, စိတ်, ဥ,ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုမှ ဖြစ်ပွားရတဲ့ တေဘူမက သင်္ခါရတရားတို့ သည်။ ဝတ-စင်စစ်ဧကန် အမှန်အားဖြင့်။ အနိစ္စာ-တံဆိတ်မက စိတ်မချရသည့် အနိစ္စသဘောတရားတို့သည်သာတည်း။ ဥပ္ပါဒ ဝယဓမ္မိနော-ဖြစ်လျှင်ပျက်သည့် သဘောလျှင် အဆုံးရှိကြလေ ကုန်၏။ ဥပ္ပဇ္ဇိတွာ-ရေပွက်ပမာ တဖွားဖွား ဖြစ်ပေါ်လာကြ ကုန်ပြီး၍။ နိရုဇ္ဈန္တိ-နေခြည်ဝန်းတောက် ဆီးနှင်းပေါက်သို့ ချုပ်ပျောက်ပျက်စီး ကြရလေကုန်၏။ တေသံ-ထိုသင်္ခါရတရား တို့၏။ ဝူပသမော-ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန် ကြီးသည်။ သုခေါ-စင်စစ်ဧကန် အမှန်မသွေ ချမ်းသာလှ ပါပေ သတည်း။ ။

(သာဓု၊ သာဓု၊ သာဓု)

ဇေတဝန်ကျောင်းပေါ်မှာ လာပြီးတော့ ငိုကြွေးကြတဲ့ ဒကာဒကာမတွေကို အရှင်အာနန္ဒာမထေရ်မြတ်က တရား ဟောတော်မူတယ်။

ယခု သက်တော် (၉၂)နှစ် အရွယ်တော်ရှိတဲ့ မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီး၊ ဘဝနတ်ထံ ပျံလွန်တော်မူတဲ့အခါမှာလဲ ဒကာဒကာမတွေ လာရောက်ပြီး ငိုကြွေးကြ၊ ပူဆွေးကြ၊ နှမြောတသလွန်းလို့၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

အဲဒီလို ငိုကြွေး၊ ပူဆွေးနေကြတဲ့ ဒကာ ဒကာမတွေကိုလဲ ဘုန်းကြီးများက နေတတ်ဆင့် ဖောက်သည်ချပြီးတော့ ဓမ္မသံဝေဂ ပေးရပါတယ်။ သင်္ခါရတရားတွေဟာ ဖြစ်ပြီးရင် ပျက်နေတဲ့ တရားတွေ၊ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

ကျေးဇူးရှင် ဖြစ်တော်မူတဲ့ မဟာဝိဇယာရာမ ပထမတိုက်တည်- အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးသည်လည်း ဘဝနတ်ထံ စံလွန်တော်မူခဲ့ရပြီ။ သင်္ခါရရဲ့သဘောတွေပေါ့။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး ဦးဇောတိကလဲ ဘဝနတ်ထံ စံတော်မူခဲ့ပြီ။ ဆရာတော် ဦးစန္ဒလဲ ဘဝနတ်ထံ စံလွန်တော်မူခဲ့ပြီ။ ယခုဆရာတော်ဘုရားကြီးသည်လည်း ဘဝနတ်ထံ စံလွန်တော်မူခဲ့ပြီ။ သင်္ခါရ သဘောတရားတွေရဲ့ဖြစ်စဉ်ကို ဒကာဒကာမတွေ နှလုံးသွင်း၊ဆင်ခြင်ကြဖို့၊ ဖြစ်ရင်ပျက်တဲ့ တရားတွေပဲလို့ ဒီလိုနှလုံးသွင်းဖို့။

"ပြုပြင်မှုကြောင့်၊ ဝတ္တုထွေရာ၊ ဖြစ်ပေါ်လာသည်၊ သင်္ခါရချုံ၊ ရုပ်နာမ်စုံကား၊ ပျက်တုံမလွဲ၊ ကော်မြဲရှင့်၊ စိုင်ခဲရှည်ခိုင်၊ မတည်နိုင်တည့်၊ အပြိုင်ဥပါဒ်၊ ဖြစ်ပေါ်လတ်က၊ ဆုံးသတ်လျှင်ဆော၊ ချုပ်ရွေ့လျော၏၊ ဖြစ်သောနောက်မှာ၊ အပျက်သာလျှင်၊ မကွာကပ်လျက်၊ ပါရှိချက်ကြောင့်၊ စိတ်သင်္ခါရ၊ ရှိသမျှတို့၊ လုံးဝဥဿုံ၊ ဇာတိမြုံလျက်၊ အကုန်ချုပ်ရာ၊ နိဗ္ဗာန်သာလျှင်၊ ချမ်းသာစင်စစ်၊ အမှန်ဖြစ်သည်၊ ဝဋ်မြစ်မတွယ် မတာ တည်း....။"

( သာဓု၊ သာဓု၊ သာဓု )

အဲဒီလို ဓမ္မသံဝေဂဖြင့် ဆိုဆုံးမတော်မူတော့ ဒကာဒကာမ ခတွေ သောက ငြိမ်းအေးကြရပါတယ်။

## သုဘဒ္ဒရဟန်းကြီးကိုဆုံးမ

အရှင်အာနန္ဒာ မထေရ်မြတ်သည် သုဘဒ္ဒလုလင်အားလည်း သုဘဒ္ဒသုတ္တန်ဖြင့် ဟောကြား သွန်သင် ဆုံးမတော်မူပါသေးဘယ်။

အဲဒီနောက်မှာ သံဃအစည်းအဝေးပွဲကြီး ဖြစ်ပါတယ်။ ဆို သံဃအစည်းအဝေးပွဲမှာ အကြီးအမှူး ဦးစီးနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက သံဃအစည်းအဝေး

ပွဲမှာ သင်္ဂါယနာတင်ရန်အတွက် ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံတော်မူကြတဲ့ ရဟန္တာမထေရ်မြတ်တွေချည်း ရွေးကောက်တော်မူတယ်။ အားလုံး ဘယ်နှစ်ပါးရတုံးဆိုတော့ လေးရာကိုးဆယ့်ကိုးပါး(၄၉၉)ပါး။

## သင်္ဂါယနာတင်ပွဲမှာ အရေးပါတဲ့ ဉာဏ် ၄-မျိုးရ ရဟန္တာ ၄၉၉-ပါးရွေးချယ်

အဲဒီပဋိသမ္ဘိဒါဉာဏ်ဆိုတာက ဘယ်လိုဟာတွေလဲဆိုတော့ကို၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်လို့ ဉာဏ်လေးမျိုးရှိပါတယ်။

နံပါတ်(၁)-က ဘုရားဟော ပါဠိတော်တွေကို နှုတ်တက်အာဂုံရတဲ့ဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဉာဏ်လို့ ခေါ်တယ်။

နံပါတ်(၂) ပါဠိတော်၏အနက်အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းသိတဲ့ဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဉာဏ်လို့ ခေါ်တယ်။

နံပါတ်(၃)-ပါဠိတော်ရဲ့ ဟောကြားတော်မူတဲ့ ဆိုလိုတဲ့စကားများကို ဝိဂြိုဟ်ဝစနတ် စသည်ဖြင့် ပုဒ်အစိတ်စိတ်ခွဲခြမ်းပြီး သိနိုင်တဲ့ဉာဏ်ကို နိရုတ္တိပဋိဘာနဉာဏ်လို့ ခေါ်တယ်။

နံပါတ်(၄) ပါဠိတော်ရဲ့ အနက်အဓိပ္ပါယ်ကို ရှေ့နောက်ထောက်ပြီး ယထာဘူတကျကျ အမှန်အတိုင်းသိ ထိုးထွင်း၍သိတဲ့ဉာဏ်ကို ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်လို့ ခေါ်တယ်။

ပါဠိကိုသိတဲ့ဉာဏ်၊ အနက်ကိုသိတဲ့ဉာဏ်၊ ပုဒ်အစိတ်စိတ်ကိုသိတဲ့ဉာဏ်၊ ထောက်ချင့်ဝေဖန်ပြီးတော့ သိတဲ့ဉာဏ်တို့ ဆိုပြီးတော့ ပဋိသမ္ဘိဒါဉာဏ်လေးပါး။

တချို့ရဟန္တာမထေရ်မြတ်တွေရရှိတော်မူတယ်။ ဘာကြောင့်ရသလဲဆိုတော့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများကဲ့သို့ စာပေပရိယတ္တိကိုပို့ချသင်အံကြိုးကုတ်အားထုတ်ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ကြတဲ့ ရဟန်း သံဃာတော်တွေမှသာလျှင် နောက်ပွင့်တော်မူကြတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ရဲ့ သာသနာမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကပ်ခို ဆိုက်ရောက်တဲ့အခါမှာ အဆိုပါ ပဋိသမ္ဘိဒါဉာဏ်လေးပါး ရရှိနိုင်ခြင်းဖြစ်ပါတယ်။

စာတတ်ပေတတ် ရဟန္တာနဲ့၊ စာမတတ်တဲ့ရဟန္တာလို့ နှစ်မျိုးရှိတယ်။ တချို့က စာသင်နေလဲ အပိုပဲလို့ဆိုပြီး စာမသင်ဘူး။ တရားတော့အားထုတ်တယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးကျတော့ ရဟန္တာတော့ဖြစ်ပါရဲ့၊ ပဋိသမ္ဘိဒါဉာဏ် မရနိုင်ဘူး။ ညီးတော်နောင်တော်တို့ကျတော့ ပရိယတ္တိစာပေကို နေ့ညမပြတ် သင်အံကြိုးကုတ်အားထုတ်တော်မူကြတယ်။ ဖြည့်ကျင့်တော်မူကြတယ်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသောပိဋကတ်ကို လေ့လာဆည်းပူး အားထုတ် သင်ယူကြပါတယ်။ အဲဒီလို သင်ယူခဲ့တဲ့ ပုဂ္ဂိုလ်တို့သည် နောင်ပွင့်တော်မူမည်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ သာသနာမှာ- ရဟန္တာဖြစ်တဲ့အခါကျတော့၊ အရဟတ္တမဂ်နှင့်အတူ ပဋိသမ္ဘိဒါဉာဏ်လေးပါးလဲ တစ်ပြိုင်နက် ပါဝင်ပြီးလာတယ်။

စာမေးပွဲအောင်တဲ့ ကျောင်းသူကျောင်းသားများရှိတယ်။ တချို့ကျတော့ ရိုးရိုးအောင်တယ်။ တချို့ကျတော့ ဂုဏ်ထူးနဲ့အောင်တယ်။ အဲဒီသဘောပဲလို့ မှတ်ရမယ်။

## သောတာပန် အရှင်အာနန္ဒာကို သံဃာဆန္ဒဖြင့် ရွေးကောက်

အဲဒီလို ပဋိသမ္ဘိဒါလေးပါးနဲ့ ပြည့်စုံတော်မူကြတဲ့ ရဟန္တာမထေရ်မြတ်တွေ ရွေးကောက်ထားတာ၊ (၄၉၉) ပါး။ ညီတော်အာနန္ဒာ မပါသေးဘူး။ အရှင်မဟာကဿပ မထေရ်မြတ်က တစ်ပါးတည်း သီးသန့်ချန်ထားတယ်။ အာနန္ဒာက သောတာပန်။ ဒါပေမယ့် သုတ် ဝိနည်းအဘိဓမ္မာ သုံးဖြာသောပိဋကတ်ကို ညီတော်အာနန္ဒာ တတ်ကျွမ်းတယ်ဆိုတာ ရဟန္တာမထေရ်မြတ်တွေအားလုံး သိတယ်။ အရှင်အာနန္ဒာမပါလျှင် သင်္ဂါယနာတင်ကိစ္စ မပြီးဘူးဆိုတာကိုလဲ နားလည်တယ်။ ဒီလို နားလည်ပါရက်သားနဲ့ဘာ့ကြောင့် အရှင်မဟာကဿပက တစ်ပါးတည်း ချန်ထားခဲ့ရသလဲဆိုတော့— "သဗ္ဗေသံ ဆန္ဒေ့ဘ ပိ လဒ္ဓုံ ဝတ္တတိ" သံဃာဆန္ဒ ရယူရန်အလို့ငှာ ချန်ထားခြင်းပါ။

အဲဒီအခါမှ သံဃာတွေက တစ်ပြိုင်တည်း လျှောက်ပါတယ် "ဘန္တေကဿပ-အရှင်ဘုရားကဿပ။ အာယသ္မန္တံ အာနန္ဒံ-အရှင်အာနန္ဒမထေရ်မြတ်ကို။ ဥစ္စိနတု -ရွေးကောက်တော်မူပါ" လို့ တစ်ပြိုင်နက်တည်း ဆန္ဒပြုမှ အရှင် မဟာကဿပမထေရ်မြတ်ကြီးက ရွေးကောက်တော် မူလိုက်တော့—သံဃာတော် အပါးရေငါးရာ (၅၀၀) ဖြစ်သွားတယ်။

အဲဒီတော့ သောတာပန်ကိုယ်တော်မြတ် တစ်ပါး ပါဝင်လာတယ်။ ကျန်တဲ့ရဟန်းတွေက ကိလေသာအာသဝေါကင်းစင်ကြတဲ့ ရဟန္တာ မထေရ်မြတ်တွေချည်းပါ။ အဲဒီလို သံဃာငါးရာ အပါးရေရရှိကြောင်း ဝိနည်းမဟာဝါမှာ ပြဆိုပါတယ်။

## သင်္ဂါယနာတင်ရန် ရာဇဂြိုဟ်မြို့ကိုရွေးချယ်

အဲဒီ သံဃာတော်အရှင်မြတ်တို့သည် သင်္ဂါယနာတင်ကြဖို့အမာခံ ရွေးကောက်ကြပြီးတဲ့နောက် "တို့ ဘယ်မှာသင်္ဂါယနာတင်ကြမလဲ"လို့ သင်္ဂါယနာတင်ဖို့ရာဌာနကို ဆွေးနွေးတော်မူကြပါတယ်။ "ဒီ သာဝတ္ထိပြည်မှာတင်လို့လဲ မသင့်ဘူး။ အကောင်းဆုံးကတော့ ရာဇဂြိုဟ်ပြည်ပဲ။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် ပုထုဇဉ်ဖြစ်ပေမယ်လို့ သာသနာတော်ကို အင်မတန်ကြည်ညိုတဲ့မင်းမြတ်ဖြစ်တယ်။ အဇာတသတ်ထံမှ ပစ္စည်းလေးပါးအထောက်အပံ့ကို ခံယူပြီးတဲ့အခါကျတော့ သင်္ဂါယနာတင်မယ်"လို့ ဆုံးဖြတ်တော်မူကြပြီး၍ အဆိုပါ သံဃာတော် (၅၀၀)တို့သည် သာဝတ္ထိပြည်မှနေပြီး ရာဇဂြိုဟ်ပြည်သို့ ကြွခဲ့ကြတယ်။

ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းရဲ့ ရွှေနန်းတော်ထဲသို့ ရောက်ပြီး သံဃာတော် (၅၀၀)တို့ ခြေစုံမတ်မတ် ရပ်နေသောအခါ အဇာတသတ်မင်းက ရွှေနန်းတော်ပေါ်ကဆင်း၊

ရှိခိုးဝတ်ချပြီးလျှင် "အရှင်ဘုရားတို့ ဘာကိစ္စ ကြွချီ၍ လာတော်မူကြသလဲဘုရား" လို့ မေးတဲ့အခါ "ဒကာတော် ရေမြေ့ရှင်၊ ဘုန်းတော်ကြီးမားတော်မူတဲ့ မြတ်စွာဘုရားလဲ ပရိနိဗ္ဗာန်စံသွားပြီ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး (၄၅) ဝါကာလကြာအောင် ဟောတော်မူခဲ့တဲ့ တရားတော်တွေကို ထပ်မံပြီးတော့ အသိအမှတ်ပြုတဲ့အနေအားဖြင့် မပျောက်မပျက်စေရန် စုပေါင်းပြီးတော့ သင်္ဂါယနာတင်ဖို့ တာဝန်ရှိတယ်။ သင်္ဂါယနာတင်ခြင်းငှာ အလိုရှိကြတယ် ဒကာတော် ရေမြေ့ရှင်မင်းမြတ်" လို့ မိန့်တော်မူကြတယ်။

## အဇာတသတ်မင်း၏ ပစ္စည်း ၄ ပါးနဲ့ သင်္ဂါယနာတင်ပြီ

အဇာတသတ်မင်းက ကြည်ညိုလှန်းသည်ဖြစ်၍ သင်္ဂါယနာတင် ဒါယကာအဖြစ် ခံယူတယ်။ "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး တပည့်တော်ရဲ့ တာဝန်ရှိပါစေ။ အရှင်ဘုရားတို့က သာသနာတော်အတွက် ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြပါ။ တပည့်တော်များက အာဏာစက်ဖြင့် အကူအညီပေးပါမယ်" လို့ သံဃာတော်တို့အား လျှောက်ထားတော့ အရှင်မဟာကဿပအမှူးရှိတဲ့ သံဃာတော်တွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။

အဲဒီအချိန်ကစပြီး ဝါဆိုဦးအချိန်ပိုင်းမှာ အဇာတသတ်မင်းက ဝေဘာရတောင်စောင်း စရည်းပင်ရောက်ရာ လိုဏ်ဂူဦး

အင်မတန်မှ ကြီးကျယ်ခမ်းနားတဲ့ ပန်းချီဆေးရေးတို့ဖြင့် အလှတန်ဆာဆင်တဲ့ မဏ္ဍပ်ကြီးကို ဆောက်တယ်။ မဏ္ဍပ်ဆောက်ပြီး "ခလ္လဖုလ္လပဋိသန်ရဏ" ခေါ်တဲ့ ဟောင်းနွမ်းနေတဲ့ ကျောင်းတိုက် ၁၈-တိုက်ကိုလဲ အသစ်တစ်ဖန်ပြန်ပြီးပြုပြင်မွမ်းမံပါတယ်။ ကျောင်းဟောင်းပြုပြင်၊ မဏ္ဍပ်ကြီးကိုဆောက်၊ ဆွမ်းကွမ်းကိစ္စစသည်တွေကိုလဲ အထူးစီမံဆောင်ရွက်တော်မူကြ၍ သင်္ဂါယနာတင်တော်မူကြပါတယ်။ ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့ သင်္ဂါယနာတင်ပွဲကြီးကျင်းပတယ်လို့ မှတ်ရမယ်။

ဝါခေါင်လပြည့်ကျော် (၄) ရက်နေ့မှာ အကြို သံဃာအစည်းအဝေးပွဲကြီး ကျင်းပပါသေးတယ်။ အဲဒီသံဃာအစည်းအဝေးပွဲမှာ သင်္ဂါယနာကိစ္စနှင့်ပတ်သက်ပြီးတော့ အပြီးသတ်ဆွေးနွေးတိုင်ပင်နေကြတဲ့အထဲမှာ သောတာပန်ဆို၍ အာနန္ဒာတစ်ပါးတည်းသာပါတယ်။ ကျန်တဲ့ကိုယ်တော်တွေက ကိလေသာ အာသဝေါ ကင်းစင်တော်မူကြတဲ့ ရဟန္တာမထေရ်မြတ်တွေချည်းဖြစ်တော်မူကြတယ်။ အရှင်အာနန္ဒာမထေရ်မြတ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဒီနှစ်ပါးတဲ့သာလျှင် ပယ်နိုင်သေးတယ်။ ကျန်တဲ့ ကိလေသာတွေက အကြွင်းအကျန်ဆိုပါစို့။

အဲဒီမှာ သံဃာအလယ် အရှင်အာနန္ဒာမထေရ်မြတ် ထိုင်နေတာကို အချို့အချို့သော ရဟန္တာမထေရ်မြတ် တွေက တစောင်းတစ စောင်းကြည့်ပြီး ပြောင်လှောင်ကြတယ်၊ စ,ကြတယ်။

## သံဃာ့အလယ်မှာ ကိလေသာစော်နံတယ်လို့ အရှင်အာနန္ဒာ ပြက်ရယ်ခံရ

"ဣမသ္မိံ သံဃမဇ္ဈေ ကောသမ္ဘိကွာ ဝိသဂန္ဓော ဝိစရတိ"

"ဣမသ္မိံ သံဃမဇ္ဈေ၊ ဤသံဃာတော်တို့ရဲ့ အလယ်၌။ ကောသမ္ဘိကွာ၊ ရဟန်းတော် တစ်ပါးသည်။ ဝိသဂန္ဓော၊ ကိလေသာအဆိပ်နံ့ နံသည်ဖြစ်၍။ ကိလေသာအပုပ်နံ့ နံသည်ဖြစ်၍။ ဝိစရတိ၊ လှည့်လည်ကျက်စား သွားလာနေထိုင်စွတကား"။

"ငါ့ရှင်တို့ ဟောဒီသံဃပရိသတ်ထဲမှာရဟန်းတော်တစ်ပါး ကိလေသာစော်နံနေတယ်"-တဲ့၊ အာနန္ဒာကို မျက်စောင်းထိုးပြီး စ,ကြတာ။ ရဟန္တာတွေက နှာခေါင်းပိတ်ထားကြတယ်လို့ မှတ်ရမယ်။ အဲဒါ အာနန္ဒာကို မလိုလားလို့ မဟုတ်ဘူး။ အာနန္ဒာရဲ့အကျိုးကို လိုလားလို့ ပြောင်လှောင် စ,ကြတာ။ အာနန္ဒာမထေရ်မြတ် မျက်နှာလေးငယ်နေရှာတယ်။ ရဟန္တာတွေရဲ့အလယ်မှာ သောတာပန် ဂုဏ်မငယ်ဘူးလား။

(ငယ်ပါတယ်ဘုရား)

ဘုန်းကြီးတို့ ပရိသတ်ထဲမှာကော ဘယ်သူတွေ ကိလေသာအပုပ်နံ့ နံပါလိမ့်၊ အင်း.... အကုန်လုံး မွှေးလို့၊ ကြိုင်လို့ဟုတ်လား။

(မှန်လှပါဘုရား)

ကိလေသာအပုပ်နံ့တွေ ထောင်းနေတာပဲ၊ ပုထုဇဉ်တွေ ချည်းဆိုတော့ အကုန်လုံး ကိလေသာစော် နံနေကြတာပဲ။ ရဟန္တာမထေရ်မြတ်တွေနဲ့သာဆိုရင် ဒီပရိသတ်တွေ ဘယ်လို နေကြမလဲ၊ စဉ်းစားသာကြည့်၊ အင်မတန် ရှက်စရာကောင်း တယ်။

(မှန်လှပါဘုရား)

အရိယာ ပုဂ္ဂိုလ်တွေရဲ့ အလယ်မှာ သောတာပန် သော်မှ ရှက်စရာကောင်းနေရင် ပုထုဇဉ်ကတော့ ရွှေဟင်္သာတို့ရဲ့အလယ် မှာ ဗျိုင်းသူငယ်ဖြစ်မှာပဲ။

## သင်္ဂါယနာပွဲမှာ ရဟန္တာအဖြစ်နဲ့ ဝင်မယ်လို့ ဆုံးဖြတ်ချက်ချ

အရှင်အာနန္ဒာမထေရ်မြတ် မျက်နှာကလေး ငယ်ပြီးတော့ ရှက်နိုးတော်မူရှာတယ်။ "တန်တော့ မထေရ်မြတ်တွေ ငါ့ကို စောင်းချိတ်ပြီးတော့ ပြောင်လှောင် စ တော်မူကြခြင်းဖြစ် တယ်။ မှန်ပါရဲ့၊ ငါကလဲ သောတာပန်မျှသာရှိသေးတယ်၊ တစ်ခြား တစ်ခြားသော ကိလေသာတွေ မပယ်နိုင်သေးဘူး။ ငါသည် ဒီ သင်္ဂါယနာတင်ပွဲကြီးမှာ သောတာပန် အဖြစ်နဲ့ ဝင်ရမှာ အင်မတန်မှ ရှက်ဖွယ်လိလိကောင်းလေစွ၊ ဘယ်နည်း နဲ့ဖြစ်ဖြစ် သင်္ဂါယနာတင်ပွဲကြီးမှာ ရဟန္တာအဖြစ်နဲ့ ဝင်ရောက်

နိုင်အောင်တော့ ကြိုးစားရတော့မယ်၊ တရားအားထုတ်မယ်လို့ အာနန္ဒာ ဆုံးဖြတ်ချက်ချတော်မူတယ်။

## အရှင်အာနန္ဒာ ရဟန္တာဖြစ်ဖို့ တရားအားထုတ်ပြီ

စည်းဝေးပွဲပြီးတဲ့အခါ မိမိသီတင်းသုံးတဲ့ ကျောင်းသင်္ခမ်းသို့ပြန်လာပြီး အာနန္ဒာမထေရ်မြတ် တရားအားထုတ်တော်မူပြီ ဓမ္မပရိယတ်ရေ နေ့။

(မှန်လှပါဘုရား)

အာနန္ဒာ မဲထေရ်မြတ် တရားအားထုတ်တယ်လို့ ဆိုတာကို ထေရဂါထာ အဋ္ဌကထာမှာ ဖွင့်ဆိုတယ်။

"စင်္ကမေ ဝီရိယ သမတံ အလဘိတွာ"။

"စင်္ကမေ၊ စင်္ကြံသွားခြင်း၌။ ဝီရိယသမတံ၊ ဝီရိယနှင့် သမာဓိမျှတသည်အဖြစ်ကို။ အလဘိတွာ၊ မရသည်ဖြစ်၍"၊

အာနန္ဒာမထေရ်မြတ် အားထုတ်တဲ့တရားသည် စင်္ကြံရှုနည်းလို့ အကြမ်းဖျဉ်းမှတ်ရမယ်၊ စင်္ကြံသွားခြင်း၌ ဝီရိယနှင့်သမာဓိမျှတအောင် မရရှိဘဲဖြစ်နေသတဲ့။ ညနေပိုင်းကတည်းကစပြီးတော့ စင်္ကြံရှုနည်းနဲ့ တရားအားထုတ်တာ၊ စင်္ကြံရှုနေတယ်ဆိုတော့ စင်္ကြံရှုနည်းက ဘယ်မှာပါသလဲ၊ သုတ်မဟာဝါ

ပါဠိတော်၊ မူလပဏ္ဏာသ ပါဠိတော်တို့မှာ စကြာရှုနည်း ပါတယ်။ ဘယ်လိုပါသလဲလို့ဆိုတော့—

"ဂစ္ဆန္တော ဝါ ဂစ္ဆန္တောမှီတိ ပဇာနာတိ၊
ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊
နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊
သယာနော ဝါ သယာနောမှီတိ ပဇာနာတိ။

(ဒီ-၂-၂၃၀)

ဂစ္ဆန္တော ဝါ၊ သွားလျှင်မူလည်း။ ဂစ္ဆန္တောမှိ၊ ငါသွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဌိတော ဝါ၊ ရပ်လျှင်မူလည်း။ ဌိတောမှိ၊ ငါရပ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ နိသိန္နော ဝါ၊ ထိုင်လျှင်မူလည်း၊ နိသိန္နောမှိ၊ ငါထိုင်နေ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သယာနော ဝါ၊ လျောင်းစက်လျှင်မူလည်း။ သယာနောမှိ၊ ငါလျောင်းစက်၏ဟူ၍။ ပဇာနာတိ၊ ကောင်းစွာပိုင်ပိုင် ကိုယ်တိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## ပဇ္ဇုပ္ပန်တည့်တည့်ပေါ်ခိုက် အသိကပ်မြင်အောင်ရှု

ပါဠိတော်ရှုနည်းပြတဲ့နေရာမှာ—

"ဂစ္ဆန္တော ဝါ ဂစ္ဆန္တောမှီတိ ပဇာနာတိ"

သွားရင် သွားတယ်လို့ ဉာဏ်နဲ့ ကွဲကွဲပြားပြားသိ။
နိသိန္နောဝါ- နိသိန္နောမှိတိ ပဇာနာတိ။
ထိုင်ရင်လဲ ထိုင်တယ်လို့ ပစ္စုပ္ပန်တည့်တည့်သိ။
ဌိတောဝါ ဌိတောမှိတိ ပဇာနာတိ။
ရပ်ရင်လဲ-ရပ်တယ်လို့ ပစ္စုပ္ပန်တည့်တည့်သိ။
သယာနောဝါ သယာနောမှိတိ ပဇာနာတိ။

လျောင်းစက်ရင်လဲ လျောင်းစက်တယ်လို့ သိ။ ပစ္စုပ္ပန်တည့်တည့်ကလေးသိ။ ပစ္စုပ္ပန်တည့်ရမှာ ပရိသတ်, ဘာတည့်ရမှာတုံး။

(ပစ္စုပ္ပန် တည့်ရမှာပါဘုရား)

"ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ"

(မဇ္ဈိမပဏ္ဏာသ)

ယော-အကြင်သူသည်၊ ပစ္စုပ္ပန္နံ-ပစ္စုပ္ပန်တည့်တည့်ဖြစ်သော၊ ဓမ္မံ-တရားအပေါင်းကို၊ တတ္ထတတ္ထ-ထိုထိုပေါ်ခိုက်ပေါ်ခိုက်၌၊ ဝိပဿတိ-ဝိပဿနာ ရှုရမယ်။

ဝိပဿနာဆိုတာ ပစ္စုပ္ပန်တည့်တည့်လေးမှာ အသိကပ် နေရမယ်။

ညီတော်အာနန္ဒာသည် ပြဆိုခဲ့တဲ့အတိုင်း သွားရင် သွားတယ်လို့သိ၊ ရပ်ရင် ရပ်တယ်လို့သိ၊ ထိုင်ရင် ထိုင်တယ်လို့သိ၊

လျှောင်းစက်ရင် လျှောင်းစက်တယ်လို့သိ။ အဲဒီမှာ အသိကလေးနဲ့ကပ်ပြီးတော့ ကမ္မဋ္ဌာန်းကျောင်းရဲ့ နောက် ပိုင်းခေါက်တုန့်ခေါက်ပြန် စင်္ကြံလျှောက်ပြီး တရားအားထုတ်တော်မူတယ်။ သွားရင်သွားတယ်လို့သိ။ 'စင်္ကြံလမ်းဆုံးတော့ ခြေစုံမတ်မတ် ရပ်တော်မူတယ်။ ရပ်တဲ့အခါမှာလဲ ခြေဖျားကနေ ဆံဖျားအထိ ရပ်တဲ့အမူအရာကလေးသိပြီးတော့ နေတော်မူတယ်။ ဘယ်လှမ်းခိုက် သိ၊ ညာလှမ်းခိုက် သိ၊ ကြွခိုက် သိ၊ ချ ခိုက် သိ၊ ရွှေ့ခိုက် သိ၊ အဲဒီလို အသိကလေးတွေကပ်ပြီးတော့ တရားအားထုတ်နေပုံကို ဓမ္မပရိသတ် အာရုံယူထား။ နက်ဖန် သင်္ဂါယနာတင်ပွဲမှာ ရဟန္တာအဖြစ်နဲ့ဝင်ဖို့တဲ့နော်။

(မှန်လှပါဘုရား)

## သွားတာကို သွားတယ်သိတိုင်း အသိမဆိုရ

အဲဒီနေရာမှာ—

"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" (?)

“ကာမံ သောဏ သိင်္ဂါလာဒယောပိ ဂစ္ဆန္တာ
ဂစ္ဆာမာတိ ဇာနန္တိ။

အေး....ခွေး၊ မြေခွေး စသည်တို့သွားရင် သွားတယ်လို့ သိသော်လဲပဲ။

"န ခေါ ပနေတံ ဝေရူပံ ဇာနနံ သန္ဓာယဝုတ္တံ"

ဒီလို ခွေးတို့၊ မြေခွေးတို့၊ သာမန်လူသားတို့ သွားတာကို သွားတယ်လို့ သိတယ်ဆိုတာ မှန်ကန်တဲ့အသိလို့ မဆိုဘူးတဲ့။

"သွားရင်သွားတယ်လို့ သိဆိုတော့ တပည့်တော်တို့လဲ သွားနေတာ၊ ကိုယ်သွားတာတော့ ကိုယ် သိ နေ တာ ပေါ့ ဘုရား"တဲ့၊ မပြောဘူးလား ပြောကြသလား။

(ပြောကြပါတယ်ဘုရား)

အံမယ်လေး၊ ဒကာမစာစ်ယောက်ကများ ပြောလိုက်တာ၊ အရှင်ဘုရား သွားရင် သွားတယ်လို့သိဆိုရင် စစ်သားတွေ ဘယ်ညာ...ဘယ်ညာနဲ့ သူတို့သွားနေတာ။ စစ်သားတွေအကုန် လုံးရဟန္တာဖြစ်ရောပေါ့"တဲ့၊ ဩော် ကပ်သီးကပ်သပ် ဒကာမ နဲ့တွေ့ရန်ကောလို့။ အဲဒါကြောင့် ဒီလိုအသိမျိုးကို မဆိုလိုပါ ဘူးတဲ့။ "နခေါပနေတံ ဝေရူပံ ဇာနနံ သန္ဓာယဝုတ္တံ" ဒီလို ခွေး၊ မြေခွေးစသည်တို့ သွားခြင်းမျိုး၊ ဘယ်ညာ ဘယ်ညာ သွားခြင်းမျိုးကို ရည်ရွယ်ပြီးတော့ မဆိုလိုဘူးတဲ့၊ မြတ်စွာ ဘုရားဆိုလိုတာက—

"ဝေရူပဉ္စ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ"

သာမန်လူတို့၏အသွားသည် သတ္တဝါဟူသောအစွဲကို မစွန့် ဘူးတဲ့။

"န အတ္တဒိဋ္ဌိ ဥဂ္ဂါဌေတိ"

အတ္တဒိဋ္ဌိလဲမပယ်ဘူး။ ငါသွားတယ်၊ ယောကျ်ားသွားတယ်၊ မိန်းမသွားတယ်။ ငါစွဲမစွန့်လို့ ဒီလိုအသွားမျိုးကို မဆိုလိုဘူး။

"ဣမဿ ဟိ ဘိက္ခုနော ဇာနန် သတ္တူပလဒ္ဓိံ ပဇဟာတိ၊ အတ္တသညံ ဥဂ္ဂါဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာန ဘာဝနာစ။

(ဒီ-၂.၄)

ဣမဿပနဘိက္ခုနော-ဤယောဂီဖြစ်တဲ့ပုဂ္ဂိုလ်၏ ဝါ-အရှင် အာနန္ဒာမထေရ်မြတ်၏ကား။ ဇာနန်-သွားရင် သွားတယ်လို့ သိတဲ့ ပစ္စုပ္ပန်တည့်တည့်အသိကလေးသည်၊ သတ္တူပလဒ္ဓိံ-သတ္တဝါအစွဲကိုလဲပဲ၊ ပဇဟာတိ-ပယ်စွန့်ပါပေ၏။ အတ္တဒိဋ္ဌိံ-အတ္တဒိဋ္ဌိကိုလဲ၊ ဥဂ္ဂါဋေတိ-ခွာ၏၊ ငါခေါ်တဲ့ အတ္တဒိဋ္ဌိစွဲလဲ ခွာတယ်။ ကမ္မဋ္ဌာနဉ္စ-ကမ္မဋ္ဌာန်းလဲ မည်၏။ သတိပဋ္ဌာန ဘာဝနာစ-သတိပဋ္ဌာန်-ဗိပဿနာလည်းမည်၏၊

အဲဒီမှာ ရှေ့နေတဲ့အမူအရာကလေးကို ပစ္စုပ္ပန်တည့်တည့် သိတာကမှ မှန်ကန်တဲ့အသိလို့ မှတ်ရမယ်။ အဲဒီနေရာမှာ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"ဆိုတဲ့ အဋ္ဌ ကထာအဖွင့်အတိုင်း-

ဘယ်သူသွားသလဲ၊
ဘယ်သူ၏သွားခြင်းလဲ၊
ဘာကြောင့်သွားသလဲ၊

ဆိုတဲ့ အမေးမျိုးကို ဖြေဖို့အတွက် အဋ္ဌကထာဆရာက ဖွင့်ပြပါတယ်။

"ဂန္တာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယောဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖါရေန၊ သကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိဝုစ္စတိ။

(ဒီ-၂-၄-၃၅၃)

အာနန္ဒာတရားရှုနေတာကို အာရုံပြုထား ခံမှုပရိသတ်။ ပဏ္ဍာမိတိ စိတ္တံ-သွားမယ်လို့ ဆိုတဲ့စိတ်သည်။ ဥပ္ပဇ္ဇတိ-ဖြစ်၏။ တံ-ထိုသွားချင်တဲ့စိတ်သည်။ ဝါယံ-လေခေါ်ဝါယောဲရုပ်ဓာတ်ကို။ ဇနေတိ-ဖြစ်ပေါ်စေ၏။ ဝါယော-လေသည်။ ဝိညတ္တိံ-ဝိညတ်ခေါ်တဲ့အမူအရာရုပ်ကို။ ဇနေတိ-ဖြစ်ပေါ်စေ၏။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန-စိတ်သည် ပြုအပ်သော ဖန်တီးအပ်သောဝါယောဓာတ်ရဲ့ ခန္ဓာကိုယ်ထဲမှာ ပျံ့နှံ့ခြင်းတည်းဟူသော အကြောင်းကြောင့်။ သကလကာယဿ - အလုံးစုံသောခန္ဓာကိုယ်ကြီး၏(ဝါ)အရှင်အာနန္ဒာမထေရ်မြတ်ရဲ့ ခန္ဓာကိုယ်ကြီး၏။ ပုရတော + အဘိနီဟာရော-ရှေ့သို့ တရွေ့ရွေ့

တရွေ့ရွေ့ သွားရှဲနေခြင်းကို။ ဂမနတ္တိ-သွားခြင်းဟူ၍။ ဝုစ္စတိ-ကောင်းစွာမသေ့ ဆိုသင့်ဆိုထိုက်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## ဘယ်သူသွားသလဲ

တရားနာပရိသတ် အာရုံပြုထား၊ အရှင်အာနန္ဒာမထေရ် မြတ် ခြေလှမ်းလေးကြွတယ်၊ သိတယ်၊ ရှေ့ရိပ်ကနဲဆို လှမ်း တယ်၊ သိတယ်။ ဖြတ်ကနဲချတယ်၊ သိတယ်။ ဒါလဲ အာရုံပြု နော်။ ဒီလိုသိနေတဲ့ခြေလှမ်း အမူအရာရုပ်ကလေးကို ပစ္စုပ္ပန် တည့်တည့်ကပ်ပြီး ရှုနေတယ်လို့ မှတ်ရမယ်။ အဲဒီလို ရှုတဲ့ အခါမှာ ပထမဆုံး ဘာဖြစ်ခဲ့သလဲဆိုတော့၊ သွားချင်တဲ့စိတ် ကလေးဖြစ်တယ်။ ဘာစိတ်ကလေးဖြစ်ပါလိမ့်။

(သွားချင်တဲ့စိတ်ကလေးဖြစ်ပါတယ်ဘုရား)

စိတ်ဦးစိတ်သန်းကလေးဆိုတာ သွားချင်တဲ့စိတ်ပဲ။ သွား ချင်လို့သွားတယ်၊ ' စားချင်လို့စားတယ်။ သွားချင်တာသည် အကြောင်းစိတ်။ အဲဒီ"ဂစ္ဆာမိတိစိတ္တံဥပ္ပဇ္ဇတိ" သွားမယ်ဆိုတဲ့ စိတ်ကလေး ပတမဦးဆုံး,ဖြစ်တယ်တဲ့။ တံဝါယံဇနေတိ-အဲဒီ စိတ်က လေ ဝါယောဓာတ်ကို ဖြစ်စေတယ်တဲ့။ ခြေထောက် ထဲမှာ ဝါယောဓာတ်တွေ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

ခန္ဓာထဲမှာ ဝါယောဓာတ်တွေ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

အဲဒီ ဝါယောဓာတ်တွေဟာ နိုးကြားပြီးတော့ လှုပ်ရှားထကြွလာတာ။ ဒီသွားချင်တဲ့စိတ်ကနေ နှိုးဆွပေးလို့ သွားချင်တဲ့စိတ်က ထောက်ပံ့မှုပေးလိုက်တော့ လှုပ်ရှားလာတဲ့သဘောပဲ။ အဲဒီ ဝါယောဓာတ်က ဘာကိုဖြစ်စေတုံးဆိုတော့၊ ဘယ်လှမ်းတဲ့အမူအရာ-ဝိညတ်ရုပ်၊ ညာလှမ်းတဲ့ အမူအရာ-ဝိညတ်ရုပ်ကို ဖြစ်စေတယ်တဲ့။ အဋ္ဌကထာက သုံးချက်ပြတယ်။ သွားချင်တဲ့စိတ်ရယ်, အတွင်းလေလှုပ်ရှားမှု ဝါယောဓာတ်ရယ်, သွားတဲ့အမူအရာ ဝိညတ်ရုပ်ရယ်။ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

အဲဒီလို ဘယ်လှမ်းညာလှမ်း အမူအရာ ဝိညတ်ရုပ်တွေအဆင့်ဆင့် အဆင့်ဆင့် ဖြစ်ပေါ်နေတာကို မနေ့ာနဲ့အာရုံပြုကြည့် "စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရေန"တဲ့။ စိတ်ကပြုလုပ်အပ်တဲ့ ဝါယောဓာတ်က ခန္ဓာထဲမှာ ပျံ့နှံ့ပြီးတော့နေတဲ့အတွက်ကြောင့် စိတ်သည် ပြုပြင်စီမံအပ်တဲ့၊ စိတ်ရဲ့ပြုပြင်ခံရတဲ့ ဝါယောဓာတ်က ခန္ဓာထဲမှာ ပျံ့နှံ့ပြီးတော့နေလို့ "သကလကာယဿ-တစ်ကိုယ်လုံး၏၊ ကိုယ်ကာယ အတုံးအခဲကြီး၏။ အဘိနီဟာရော-ရှေ့သို့ တစ်ရွေ့ရွေ့ တစ်ရွေ့ရွေ့ တိုးခြင်းကို၊ ဂမနန္တိ-သွားခြင်းဟူ၍၊ ပဝုစ္စတိ-ဆိုထိုက်၏။

အဲဒီရုပ် အတုံးအခဲကြီး ရွေ့ရွေ့ရွေ့ရွေ့ပြီးတော့ သွားတဲ့ အမူအရာကို သွားတယ်လို့ခေါ်တယ်။ ပစ္စုပ္ပန်တဲ့တဲ့ အသိလေး ကပ်ရှုလိုက်လို့ရှိရင် ရွေ့နေတဲ့အမူအရာရုပ်နဲ့ သိမှုနဲ့ နှစ်မျိုးထဲ ထင်ရှားတယ်။ ရွေ့တာနဲ့သိတာနဲ့။ ပရိသတ် ဘာနဲ့ ဘာနဲ့တုံး။

(ရွေ့တာနဲ့သိတာပါဘုရား)

ပစ္စုပ္ပန်တည့်တည့် သိရမှာနော်။ စိတ်ကို ဘယ်မှမရောက် စေရဘူး။ အဲဒီခြေလှမ်းအမူအရာလေးပေါ်မှာ ကျွဲကျောင်း သားများ ကျွဲစီးသွားသလို၊ အသိလေးက တစ်ခါတည်း အစ အလယ်အဆုံး ခြေလှမ်းကိုပဲ အသိကပ်နေရမှာ။ ဒါ ပစ္စုပ္ပန် မတည့်ဘူးလား တည့်သလား။

(တည့်ပါတယ်ဘုရား)

## နာမ်နဲ့ရုပ်တရားတွေရဲ့ ဖြစ်စဉ်သဘော

"ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ"
(ဉပရိ-ပါ-၂၂၆)

ဆိုတဲ့ ဘဒ္ဒေကရတ္တသုတ်နှင့် အညီပေါ့၊ ပစ္စုပ္ပန်အတည့်ဆုံး ပဲ။ ရွေ့ခိုက်မှာသိနေရမှာကိုး။ အဲဒီမှာ သိမှုနဲ့ရွေ့မှု ဒီနှစ်မျိုး ထဲပဲ ကွဲတယ်။ အဲဒီတော့ သိတာလေးကနာမ်၊ သွားချင်တဲ့ စိတ်ကလေးကလဲ နာမ်၊ ရွေ့တဲ့အမူအရာက ရုပ်၊ ပေါင်းလိုက် တော့ ဘာပါလိမ့်။

(နာမ်ရုပ်ပါဘုရား)

နာမ်ရုပ်၊ သိတာလေးက နာမ်၊ ရွေ့တာလေးက ရုပ်၊ ဒီသဘောပဲ။ ရှုခိုက်ကို ဒီနှစ်မျိုးထဲမြင်နေတာကို ခေါ်တယ်။ ရှုခိုက်ကလေးမှာ မြင်နေတာ။ အဲဒီနာမ်ကလေးကလဲ ညွတ်ကိုင်းနေတာ။

"အတ္တနိ စတ္တေ နာမေတီတိ နာမံ"

အတ္တနိ- မိမိသို့။ အတ္တေ-ရွေ့နေတဲ့ သဘောတရားတို့ကို။ နာမေတိ-ညွတ်စေ၏။ ဣတိတသ္မာ-ထို့ကြောင့်။ နာမံ-နာမ် မည်၏။

နာမ်ဆိုတာဟာ အသိကလေးဖြစ်သော်လဲပဲ ရွေ့တဲ့အမူအရာ သဘောတရားလေးကို မိမိဆီသို့ ညွတ်ကိုင်းနေစေတဲ့ သတ္တိကို ခေါ်တယ်တဲ့။ ရွေ့နေတဲ့ အမူအရာလေးပေါ် ညွတ်နေတဲ့ သဘောဟာ နာမ်ပဲတဲ့။

ရွေ့တာလေးက ဝါယောဓာတ်အစုပေါင်းအဖွဲ့ဆိုတော့ ရုပ်။ ရုပ်နဲ့နာမ်နဲ့ဆိုတော့ "ဓမ္မာ နိဿတ္တနိဇ္ဇီဝ သဘာဝါ-သတ္တလဲ မဟုတ်- ဇီဝလဲမဟုတ်တဲ့သဘောတရားတို့သည်။ (ဝါ) ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား၊မိန်းမ မဟုတ်တဲ့သဘော တရားတို့သည်။ သံဝိဇ္ဇန္တိ-ရှိကုန်၏။

သတ္တဝါသဲမဟုတ်၊သတ္တဝါသွားတာလဲမဟုတ်၊ယောကျ်ား မိန်းမ သွားတာလဲ မဟုတ်ဘူး၊ ရုပ်နာမ်တရားတွေရဲ့ ဖြစ်စဉ် သဘောပါလားလို့ နားလည်လာတယ်။

"သတ္တူပလဒ္ဓိ-သတ္တဝါဟူသော အစွဲကို။ ပဇဟတိ-ပယ်စွန့်ပါပေ၏။ ဣမဿပနဘိက္ခုနော-ဤအာနန္ဒာမထေရ်မြတ်၏ကား။ ဇာနန်-သွားရင် သွားတယ်လို့ဆိုတဲ့အသိလေးသည်။ သတ္တူပလဒ္ဓိ-သတ္တဝါဟူသောအစွဲကို။ ပဇဟတိ-ပယ်စွန့်ပါပေ၏။

သိမှုလေးနဲ့လှုပ်ရှားတဲ့၊ ဝါယောလေးနဲ့ သွားချင်တဲ့စိတ်ကလေးနဲ့သိတာနဲ့ဆိုတော့ကို ရုပ်နာမ်သိနေပြီဖြစ်သောကြောင့် သတ္တဝါအစွဲစွန့်တယ်။ သတ္တဝါအစွဲပြုတ်တယ်။ ရုပ်-နာမ် အစဉ်တဲ့။ ပရိသတ် ဘာအစဉ်တဲ့တုံး။

(ရုပ်နာမ်အစဉ်ပါဘုရား)

ရုပ်နာမ်တို့ရဲ့ အစဉ်သဘောတရားကို မြင်ပြီးတော့ သတ္တဝါအစွဲပြုတ်တယ်။ "အတ္တဒိဋ္ဌိ ဥဂ္ဃါဋေတိ" အတ္တဒိဋ္ဌိခွာတယ်။

ငါသွားတယ်၊ ငါရပ်တယ်၊ ငါထိုင်တယ်၊ ငါအိပ်တယ်လို့ဆိုတော့ ငါစွဲပါတယ်။ ငါသွားတယ်ဆိုတဲ့ သွားတဲ့အမှုအရာ-ရုပ်ကလေးနဲ့ နာမ်ကလေးရဲ့အပေါ်မှာ ငါစွဲနေခြင်းဖြစ်ပါတယ်။ ငါသည် အတ္တဒိဋ္ဌိ၊ ငါသည်ဘာပါလိမ့်။

(အတ္တဒိဋ္ဌိပါဘုရား)

အတ္တဒိဋ္ဌိခေါ်တဲ့တရားသည်လည်း ညွတ်ကိုင်းတဲ့ နာမ်တရားလေးနဲ့ ရွေ့ရှားပြီးနေတဲ့ ဝါယောရဲ့အပေါ်မှာ သူကစွဲနေလို့၊

အတ္တာဒိဋ္ဌိစွဲနေတယ်။ အေး-ဒိဋ္ဌိပြုတ်တယ်ဆိုတာ ရုပ်နာမ်ကွဲရင် ဒိဋ္ဌိအစွဲပြုတ်တယ်။

**ယောကျ်ား၊ မိန်းမ အမြင်ပျောက် နာမ်ရုပ်မြင်ရင် ဒိဋ္ဌိဝိသုဒ္ဓိ**

"နာမရူပဝဝတ္ထာနံ ဒိဋ္ဌိ ဝိသုဒ္ဓိနာမ"

(သင်္ဂဟ)

နာမရူပဝဝတ္ထာနံ-နာမ်နှဲ့ရုပ်နဲ့ ကွဲ၍ သွားခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ-ဒိဋ္ဌိစင်ကြယ်သည်မည်၏။

ဒိဋ္ဌိစင်ကြယ်တယ်ဆိုတာက သိမှုကလေးနဲ့ လှုပ်ရှားနေတဲ့ ဝါယောဓာတ်ကလေး ဒီနှစ်မျိုးထဲ မြင်နေရင် ရုပ်နာမ်ကွဲတယ် ခေါ်တယ်။ ငါသွားတယ်လို့ဆိုတော့ ငါစွဲပြုတ်ပြီးသွားတယ်။ ပရိသတ် ဘာစွဲပြုတ်တယ်။

(ငါစွဲပြုတ်ပါတယ်ဘုရား)

ဥပမာပေါ်အောင် ပြောရမယ်ဆိုရင်သစ်သားချောင်းကြီး ထဲမှာသံမှိုကြီးရိုက်ထားတယ်ဆိုပါစို့။ သံမှိုကသိပ်ပြီးတော့ခိုင် တယ်၊ နှုတ်မရဘူး။ နှုတ်မရလို့ရှိရင် ဒီသံမှိုပြုတ်အောင် ဘယ် လိုလုပ်ရမတုံးဆိုတော့၊ ဓားမနဲ့ တစ်ခါတည်း ထိပ်တည့်တည့် က ခွဲချလိုက်။ ဗဟိုကခွဲလိုက်တဲ့အခါမှာ အဲဒီသံမှိုကြီး စွဲနိုင် သေးရဲ့လား။

(မစွဲနိုင်ပါဘူးဘုရား)

သံမှိုကြီးပြုတ်သွားပြီ၊ သံမှိုကြီး ဟိုဘက်ခြမ်း ဒီဘက်ခြမ်း ကိုမှီပြီး စွဲနေတာမဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား)

## ဝိပဿနာဉာဏ်ဓား နာမရူပပရိစ္ဆေဒဉာဏ်

အဲဒီလိုပဲ ရုပ်ကတစ်ခြမ်း၊ နာမ်ကတစ်ခြမ်း၊ ငါက သံမှိုကြီးစွဲနေရောတဲ့။ စွဲနေတဲ့ ဒိဋ္ဌိသံမှိုကြီး ပြုတ်ချင်လို့ရှိရင်၊ ဝိပဿနာဉာဏ်ဓားနဲ့ ထိပ်တည့်တည့်ကနေခွဲလိုက်၊ ရုပ်နာမ်နှစ်ခြမ်း ဉာဏ်ထဲမှာ ဖြန်းခနဲ ကွဲပေ့လေ့စ်။ ဟုတ်ရဲ့လား။

(မှန်လှပါဘုရား)

ဉာဏ်ဓားနဲ့ခွဲလိုက်တော့ အဲဒီဒိဋ္ဌိကြီး မပြုတ်ဘူးလား ပြုတ်သလား။

(ပြုတ်ပါတယ်ဘုရား)

ရှုလို့ပြုတ်တာလား၊ မရှုဘဲနေလို့ပြုတ်တာလား။

(ရှုလို့ပြုတ်တာပါဘုရား)

ငါစွဲပြုတ်တယ်၊ ငါစွဲပြုတ်တယ်နဲ့ လွယ်တယ်များအောင်း မေ့မနေနဲ့။ ရုပ်နာမ် ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား ပြတ်ပြတ်သားသား မြင်သိမှ အဲဒီဒိဋ္ဌိကြီး ပြုတ်တယ်တဲ့။ ရှုမှပြုတ်

တယ်လို့ ဒီလိုမှတ်။ ကောင်းပြီ အဲဒီရုပ်နာမ်ကွဲတော့ ဒိဋ္ဌိစင်သွားရော။ အဲဒါကို ဘာခေါ်သလဲဆိုတော့–"နာမရူပ ပရိစ္ဆေဒဉာဏ်"လို့ ခေါ်တယ်။ နာမရူပပရိစ္ဆေဒဉာဏ်–နာမကနာမ်၊ ရူပက ရုပ်၊ ပရိစ္ဆေဒက ကွဲကွဲခြားခြား ဖြစ်သွား၍ဉာဏ်က သိတာ။ ရုပ်နာမ် ကွဲကွဲပြားပြား သိသွားတဲ့ဉာဏ်။ ဒိဋ္ဌိ ပြုတ်သွားရော။ အဲဒီလို တရားနာပရိသတ်တွေ မှတ်ကြရမယ်။

## အကြောင်းကိုသိမ်းဆည်းတော့ ပစ္စယပရိဂ္ဂဟဉာဏ်

အကြောင်းကို သိမ်းဆည်းပြီးတော့ သိတဲ့ဉာဏ်ကို "ပစ္စယပရိဂ္ဂဟဉာဏ်"လို့ ခေါ်တယ်။ ယခုတင်တုန်းက သွားချင်တဲ့စိတ်ကြောင့် သွားရတယ်။ သွားချင်တဲ့စိတ်သည် အကြောင်းတရား။ ရွေ့လျားတဲ့သဘောသည် အကျိုးတရား၊ ရွေ့လျားတဲ့သဘောကလေး ပေါ်လာတယ်။ အဲဒါကို ဉာဏ်ကလေးနဲ့ သိလိုက်ပြန်တယ်။ရွေ့လျားတဲ့ဝါယောဓာတ်သည် အကြောင်းတရား၊ နောက်ထပ်တစ်ဆင့်သိတဲ့ ဉာဏ်ကလေးသည် အကျိုးတရား၊ ကြောင်းကျိုးဖြစ်ပုံ၊ အဲဒီလို အကြောင်းရယ်အကျိုးရယ် သိခဲ့လို့ရှိရင်ပစ္စယပရိဂ္ဂဟခေါ်တယ်။ပစ္စယကအကြောင်း၊ ပရိဂ္ဂဟက ဉာဏ်နဲ့သိမ်းဆည်းတာ။ အကြောင်းကို သိမ်းဆည်းတာ။ ပရိသတ် ဘာကိုသိမ်းဆည်းတာ။

(အကြောင်းကို သိမ်းဆည်းတာပါဘုရား)

အကျိုးကိုရှုခဲ့လို့ရှိရင် အကြောင်းကိုလဲသိတယ်။ ပရိသတ် အကျိုးကိုရှုရင် ဘာကိုသိတယ်။

(အကြောင်းကို သိပါတယ်ဘုရား)

ရေကန်ထဲမှာ ရေပွက်ကလေး ပွက်ပြီးတော့နေတယ်။ ရေပွက်ကလေးကိုကြည့်နေတယ်။ ရေပွက်သည် အကျိုးတရား၊ ရေဘာကြောင့်ပွက်သလဲ ကြည့်ရင်းကြည့်ရင်းနဲ့ သဘောပေါက်လာတယ်။ ဟိုရေ့ရဲ့အောက်မှာ ချိုင့်ကလေးရှိတယ်၊ ကျင်းကလေးရှိတယ်၊ တွင်းကလေးရှိတယ်လို့ မသိဘူးလား။အကျိုးကိုမြင်လို့ အကြောင်းကိုမြင်တာ။ အဲဒီလို ရုပ်ကိုရှုနေတယ်၊ ဝါယောဓာတ်ကလေးကို ရှုနေတယ်။ ဝါယောဓာတ်ကလေး ရှုနေတော့ အဲဒီမှ အကြောင်းပေါ်မှာသွားပြီးတော့ သိမ်းဆည်းတယ်။ သွားချင်တဲ့စိတ်ကြောင့် သွားတယ်၊ သွားရသောကြောင့် ရှုသိတဲ့စိတ်ကလေး ထပ်ဆင့်ပြီးတော့ ပေါ်တယ်။ အဲဒါကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။

## ပေါ်မှုပျောက်မှုကို သုံးသပ်တဲ့ သမ္မသနဉာဏ်

အဲဒီလို အကြောင်းအကျိုး သိပြီးတဲ့အခါကျတော့ ဘယ်လိုဖြစ်လာသလဲလို့ဆိုတာကို ရှုရင်း ရှုရင်းနဲ့ ရွေ့လျားနေတဲ့ ဝါယောဓာတ်သဘောတရားလေးရဲ့ "ဉပ္ပါဒဝယ" တဲ့။ ဉပ္ပါဒ-ပေါ်မှု၊ ဝယ-ပျောက်မှု။ ပေါ်တာ ပျောက်တာလာပြီ ပရိသတ်။

(မှန်လှပါဘုရား)

သင်္ခါရေ သမ္မသနေ္တာ-သင်္ခါရတရားတို့ကို သုံးသပ်ပြီ။ သမ္မသနဉာဏ်လို့ဆိုရာမှာ သမ္မသနက-အနိစ္စ-ဒုက္ခ-အနတ္တ လို့ ဉာဏ်ဖြင့် သုံးသပ်တာကို ခေါ်တယ်။ အဲဒီမှာ ရှေ့နေတဲ့ သဘောတရားလေး တဖြည်းဖြည်း အဆင့်အဆင့် ဖြစ်ချုပ် ဖြစ်ချုပ် ဒီလိုဖြစ်ချုပ်အစဉ် သဘောတရား မြင်လာတယ်။ ပထမတုန်းက ရုပ်နာမ်တွေတယ်။ ဒုတိယ အကြောင်းကိုသိမ်း ဆည်းသိတယ်၊ တတိယကျတော့ ဖြစ်ချုပ်အစဉ် မြင်လာတယ်။ ဖြစ်ချုပ်က အပေါ်အပျောက်နှေးတာနဲ့ မြန်တာ နှစ်မျိုးရှိ တယ်၊ အဖြစ်အပျက်နှေးတာကို သမ္မသနဉာဏ်။

သမ္မသနဆိုတာ ရှုရင်းရှုရင်းနဲ့ ခြေလှမ်းအမူအရာရုပ်တွေ တဖြည်းဖြည်း ချုပ်ဆုံးချုပ်ဆုံးပြီးသွားတာ ကွဲကွဲပြားပြား မြင်ပြီးလာတာကို ခေါ်တယ်။ အနိစ္စသမ္မသန-အနိစ္စလို့ သုံး သပ်တယ်။ ဒုက္ခသမ္မသန-ဒုက္ခလို့ သုံးသပ်တယ်။ အနတ္တသမ္မသန အနတ္တလို့ သုံးသပ်တယ်။ ဉာဏ်ကသိတယ်။ အဲဒါကို သမ္မသန ဉာဏ်။

အဲဒီ သမ္မသနဉာဏ်ကနေ တစ်ဆင့် တက်လာတဲ့အခါကျ တော့၊ ဥဒယဗ္ဗယ-လျင်မြန်စွာ ဖြစ်ပျက်ဖြစ်ပျက် ပေါ်လာ တယ်။ ခုနတုန်းက ပေါ်တာပျောက်တာ နှေးတယ်။ အဲဒါ သမ္မသနပဲ။ ဉာဏ်ထက်လာတော့ ဖြစ်ပျက် ပြောင်းသွားတယ်။ ဘာ ဘာပါလိမ့်။

(ဖြစ်ပျက်ပါဘုရား)

ခြေလှမ်းအမူအရာလေး လျင်စွာ အဆင့်ဆင့် အဆင့်ဆင့် ဖြစ်ချုပ်ပြီးတော့နေတာ ဉာဏ်ထဲမှာထင်ရှားလာတယ်။

## ဖြစ်,ပျက် ထင်ရင် ဥဒယဗ္ဗယဉာဏ်

ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ။

ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဝယော၊ ပျက်ခြင်းသည်။ ပညာယတိ၊ ထင်၏။

ဖြစ်ပျက် ဖြစ်ပျက်သွားနေတာ အဆင့်ဆင့် အဆင့်ဆင့် ရိပ်ရိပ် ရိပ်ရိပ်နဲ့ ရုပ်တွေ အသစ်အသစ်ဖြစ်ပြီးတော့ အဟောင်း အဟောင်းတွေချုပ်နေပုံ။ဉာဏ်ထဲထင်ရှားပြီးနေတယ်။ညီတော် အာနန္ဒာရဲ့ ဉာဏ်ထဲမှာ ထင်ရှားပြီးတော့ နေတယ်။ ဖြစ်ပျက် ဖြစ်ပျက်လို့ ပါးစပ်ကဆိုရတာ မဟုတ်ဘူး။ ရှုလို့ ဉာဏ်ထဲမှာ မြင်ရတာပြောတာ၊ ဘယ်ထဲမှာမြင်နေတာပါလိမ့်။

(ဉာဏ်ထဲမှာမြင်နေတာပါဘုရား)

ရုပ်ရှင်ဖလင်ကို ဓမ္မပရိသတ်တို့မြင်ဖူးကြပါတယ်၊ မင်းသား တစ်ယောက် အခန်းတစ်ခန်း ရိုက်မယ်ဆိုရင် ဖလင်ကွက်လေး တွေ တစ်ခုနဲ့တစ်ခု အပ်ချည်မျှင်လောက်တော့ ခြားက

ခြားနေတာပဲ။ ဖလင်အကွက်ပေါင်း ထောင် သောင်း သိန်း သန်း ရိုက်ထားရတာ၊ အဲဒါမှ ဘီးကို စက်နဲ့ လျှင်စွာ လည်စေပြီး ဆလိုက်မီးထိုးတော့မှ ဟိုပိတ်ကားပေါ်မှာ သွား အရုပ်ပေါ်တာ မဟုတ်လား။

(မှန်လှပါဘုရား)

ဟိုမှာသွား အရုပ်ပေါ်နေတာကို ဒကာ ဒကာမတွေက ဘာထင်တုံးဆိုတော့ တကယ့်မင်းသား တကယ့်မင်းသမီးထင်နေကြတယ်၊ ထိုးကြသတ်ကြမယ်ဆိုတော့ လက်ခုပ်တီးလိုက်ကြတာ တဖျောင်းဖျောင်းနဲ့၊ တကယ်အဟုတ် မှတ်နေတာ။ ခုနက ဖလင်ကွက် ကလေးတွေ တရိပ်ရိပ် ပြောင်းလဲနေတာ။ အဲဒါလိုပဲ ဒကာ ဒကာမတို့ရဲ့ ရုပ်နာမ်တရားတွေဟာ အဆင့်ဆင့် ဖြစ်ချုပ်နေတာ။ ဟိုပိတ်ကားအရိပ်မှာ ကြည့်တော့ ဖြစ်ချုပ် မမြင်ဘူးပေါ့။ ဘာဖြစ်လို့တုံးဆိုတော့ ဉာဏ်က တိမ်နေတာကိုး။ ဒီအရုပ်ကားရဲ့ ဖြစ် ချုပ် မြင်ဖို့ ဆိုတာ ကျတော့ တကယ်ဉာဏ်လျှင်လာမှ မြင်မယ်တဲ့။ ဖလင်ကွက်ကလေးတွေ အဆင့်ဆင့် ချုပ်နေသလို၊ ခန္ဓာတို့သည်လဲ ထိုနည်းအတိုင်း ချုပ်ဆုံးနေပါတယ်။အဲဒီတော့ဖလင်ကွက်ကလေးဟာမီးရောင်ရဲ့ရှေ့ဖြတ်ကနဲ့ပေါ်တယ်၊ဖြတ်ကနဲဆိုပျောက်သွားတာပဲ၊ အမှန်ကတော့ 'ပေါ်တယ် ပျောက်တယ်' သို့မဟုတ်၊ 'ဖြစ်တယ်ပျက်တယ်'။လောကကြီးက ဖြစ်ပျက်အစဉ်၊ ဘာအစဉ်ကြီးပါလိမ့်။

(ဖြစ်ပျက်အစဉ်ကြီးပါဘုရား)

ခန္ဓာရဲ့ ဖြစ် ပျက် အစဉ်တွေ ဆိုတာ သိပ်ထင်ရှားတယ်။ မနေ့တုန်းက ဒကာ ဒကာမတွေ တရားနာရောက်တယ်၊ မနေ့က ခန္ဓာကိုယ်ဆိုတာ ကနေ့ရှိသေးရဲ့လား။

(မရှိပါဘုရား)

မနေ့ကထိုင်တဲ့ အမူအရာ ရုပ်တွေ ချုပ်မသွားဘူးလား။

(ချုပ်သွားပါတယ်ဘုရား)

ကနေ့ဖြစ်တဲ့၊ အခုဖြစ်ဆဲ ခန္ဓာအသစ်တွေပဲမဟုတ်လား။

(မှန်ပါဘုရား)

အသစ်ဖြစ်ပြီး အဟောင်းတွေချုပ်နေတာပဲ။ ရေစီးများ သဖွယ်ပေါ့၊ ရေများဟာ စီးနေတာကိုကြည့်ပေါ့။ ရေစီး တယ်ဆိုတာ မနေ့ကသွားလဲ ဒီနေစီး၊ ကနေ့လဲ ဒီရေစီးလို့ ထင်နေတာ၊ မဟုတ်ဘူး။ မနေ့ကရေကတစ်မျိုး၊ ကနေ့ရေက တစ်မျိုးပဲ။ ခန္ဓာတို့သည်လဲ ဒီသဘောတဲ့၊ ရှေ့က အဟောင်း တွေချုပ်ပြီး နောက်က အသစ်တွေ ဖြစ်နေတာပဲ။

## ဖြစ်,ပျက်မြင်ရင် မဂ္ဂင်ရှစ်ပါးသိပြီ

အဲဒီတော့ ဖြစ်ပျက်မြင်လာပြီဆိုတော့ ရှေ့ကအရှုခံဖြစ်တဲ့ ခြေလှမ်းအမူအရာရဲ့ အဆင့်ဆင့်ဖြစ်ပျက် နောက်ကအသိလေး က မဂ်။ နောက်ကအသိလေးက ဘာပါလိမ့်။

(မဂ်ပါဘုရား)

မဂ္ဂင်(၈)ပါးပါ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

သမ္မာဒိဋ္ဌိ၊ အမြင်မှန်ခြင်း။ "သမ္မာပဿတီတိ သမ္မာဒိဋ္ဌိ" ယခင်ကဖြစ်ပျက်မမြင်၊ ယခု ရှုရင်းရှုရင်းနဲ့ အားကောင်းလာတော့ ဖြစ်ပျက်မြင်တယ်။ မြင်တာ, သိတာသည် ဉာဏ်၊ ဖြစ်ပျက်ကလေးကိုသိတာသည် ဉာဏ်။ အဲဒီဉာဏ်ကို မဂ္ဂင်ရှစ်ပါးနဲ့ ဝေဖန်လိုက်မယ်လို့ဆိုရင် သမာဒိဋ္ဌိမဂ္ဂင်။ သမ္မာဆိုတာ-အဝိပရိတ မဖောက်မပြန် အမှန်အကန်အတိုင်း၊ ပဿတိ-မြင်တာသိတာ သမ္မာဒိဋ္ဌိ။ နဂိုက အမြင်တစ်မျိုး၊ ခုတော့ ရှုလို့မြင်လာတာ ဖြစ်ပျက်ကလေးဆိုတော့ သမ္မာဒိဋ္ဌိ ဖြစ်သွားပါတယ်။ သိတဲ့အသိလေးမှာ ဉာဏ်ကလေးကိုပြောနေတာ။ ဖြစ်ပျက် သိတဲ့ နောက်က အသိလေးမှာ သမ္မာဒိဋ္ဌိ ဉာဏ်ကလေးရှိနေတာကို နားလည်ရမယ်။

သမ္မာသင်္ကပ္ပမဂ္ဂင်ကျတော့ "သမ္မာ အဘိနိရောပနလက္ခဏော သမ္မာသင်္ကပ္ပေါ"-သမ္မာသင်္ကပ္ပက-အဲဒီအသိလေးကို ဖြစ်ပျက်ဆီသို့ ရောက်အောင် ရှေ့ရှုတင်ပေးတဲ့ သတ္တိလေးကို သမ္မာသင်္ကပ္ပမဂ္ဂင် ခေါ်တယ်။ သူက သမ္မာဒိဋ္ဌိရဲ့ နောက်နားက ဆွယ်ပြီးတော့ ဖြစ်တဲ့သဘောလေးပါပဲ။ ဖြစ်ပျက်သိတယ်လို့ဆိုတာ ဒကာ ဒကာမတွေ ဉာဏ်တစ်လုံးထဲပြီးတာမဟုတ်ဘူး။ ဖြစ်ပျက်သိတယ်ဆိုတာနောက်က သမ္မာသင်္ကပ္ပကလဲ တင်ပေး

တဲ့သဘော၊ တန်းပေးတဲ့သဘောလေးရှိတယ်။ အဲဒါ သမ္မာသင်္ကပ္ပမဂ္ဂင်။

သမ္မာဝါယာမမဂ္ဂင်ကျတော့ ရှေ့ကဖြစ်ပျက်၊ အဲဒီအသိက ဟိုက ဖြစ်ပျက်ဆီသို့ ရောက်ဖို့အတွက် ကြောင့်ကြစိုက်ပေးရတဲ့ သတ္တိကလေး ရှိတယ်။ အဲဒီ ကြောင့်ကြစိုက်ပေးတဲ့သတ္တိကို သမ္မာဝါယာမမဂ္ဂင်တဲ့၊ ဟိုကဖြစ်ပျက်နဲ့ ဒီကအသိနဲ့တဲ့ကနဲ တန်းကနဲ သွားဖို့အတွက် ဘေးတိမ်း မသွားအောင် ကြောင့်ကြစိုက်ပေးရပါတယ်။ အဲဒီအသိကလေးမှာ ကြောင့်ကြစိုက်ပေးတဲ့ သဘောလေးကို သမ္မာဝါယာမ မဂ္ဂင် ခေါ်တယ်။ အေး... သမ္မာဝါယာမမဂ္ဂင်ဆိုတာ သူက တဲ့အောင်တန်းအောင် ဖြောင့်ပေးတာကို ကြောင့်ကြစိုက်တယ်လို့ခေါ်တယ်။

သမ္မာသတိမဂ္ဂင်ကတော့ "သမ္မာဥပဋ္ဌာနလက္ခဏော"တဲ့။ သူ့ရဲ့ သဘာဝက ဒီအသိကလေးကို ဟိုကဖြစ်ပျက်ပေါ် သို့ထွန်းပြတဲ့သဘောပဲ။ အနီးကပ်ထင်စေတဲ့ သတ္တိပါပဲ။ သမ္မာဥပဋ္ဌာနလက္ခဏော-သူက အနီးက ထင်စေခြင်းဆိုတဲ့ အဓိပ္ပာယ်ပြန်ဆိုရင် ကောင်းမယ်။ လက်နှိပ်ဓာတ်မီးနဲ့ထိုးတော့ အရာဝတ္ထုမြင်ရတယ်။ သတိကရှေ့ဆောင်၊ သူက စိတ်တည်ငြိမ်တဲ့အပိုင်းမှာအလုပ်လုပ်လို့ သူ့ကို သမာဓိမဂ္ဂင်ထဲ ထည့်ထားတာ။ အနီးကပ်ထင်စေတာလဲ စိတ်တည်ငြိမ်တဲ့အပိုင်းမှာ တာဝန်ယူရလို့သမာဓိမဂ္ဂင်ထဲ သွင်းရတဲ့သဘောပါ။

သမ္မာသမာဓိမဂ္ဂင်ကတော့“သမ္မာအာဒီယတီတိ သမာဓိ” ဖြစ်ပျက်အာရုံကို ကောင်းစွာယူတာကို သမာဓိမဂ္ဂင် ခေါ်တာပဲ။ ဟိုကဖြစ်ပျက်ခိုက်နဲ့ ဒီကသိခိုက်လေးနဲ့ ချပ်ကနဲ ခဏတ္တယ အတွင်းကလေးနော်။ အချိန်ပိုင်းလေးမှာ တည်ငြိမ်စွာ ကျရောက်တာ သမာဓိမဂ္ဂင်-သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိမဂ္ဂင် လို့-ဒီလိုမှတ်။ သမာဓိ တည်ငြိမ်အောင်အလုပ်လုပ်တဲ့ အင်္ဂါအချက်သုံးချက်လို့သိရတယ်။ တည်ငြိမ်မှ ဟိုက သမာဓိဋ္ဌိနဲ့ သက်ပွက ရှေက ဖြစ်ပျက်ကို ကွဲကွဲပြားပြားသိတာ။ အဲဒီတော့ စိတ်တည်ငြိမ်အောင် အားထုတ်တဲ့ မဂ္ဂင်ကို သမာဓိမဂ္ဂင်။ ဒီသမာဓိက ဘာကြောင့်ဖြစ်သလဲ ဆိုတော့ သီလမဂ္ဂင်ကြောင့်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ=သီလမဂ္ဂင်သုံးပါး။

သမ္မာဝါစာက ကောင်းစွာသိမ်းဆည်းခြင်း။ သမ္မာပရိဂ္ဂဟလက္ခဏာ။ဖြစ်ပျက်ဆီသို့ကျရောက်တဲ့ အဲဒီအသိကလေးကို သိမ်းဆည်းပြီးတော့ထားတဲ့သတ္တိ၊ စုစည်းတဲ့သတ္တိကို သမ္မာဝါစာ။

သမ္မာကမ္မန္တက အဲဒီ ဖြစ်ပျက်သိတဲ့အသိကလေး နိုးကြားတက်ကြွစေတာ။ “သမ္မာသမုဋ္ဌာပနလက္ခဏော” ကောင်းစွာ နိုးကြားတက်ကြွစေတာ။ ဖျတ်ဖျတ်လတ်လတ်ရှိနေတာ၊ အသိကလေးနဲ့ ဖြစ်ပျက်နဲ့ ချက်မှန်မှန်ကျရောက်အောင် ရှင်ရှင်လန်းလန်း သွက်သွက်လက်လက် ကျရောက်စေတဲ့သတ္တိကို သမ္မာကမ္မန္တမဂ္ဂင်။ သမ္မာဝါစာက -သိမ်းဆည်း၊ သမ္မာကမ္မန္တက နိုးကြားတက်ကြွနော်။

သမ္မာအာဇီဝက ကောင်းစွာ ဖွပ်လျှော် ဆေးကြောတာ။ "သမ္မာဝေါဒါပနလက္ခဏာ"တဲ့။ ဖွပ်လျှော်ဆေးကြောတာ။ အဲဒီအသိကလေးက စင်ကြယ်နေတာ။ သမ္မာအာဇီဝက ဆေးကြောထားတာ။

ကောင်းပြီတဲ့ အားလုံးပေါင်းလိုက်တော့ မဂ္ဂင်ရှစ်ပါး။ ဖြစ်ပျက်သိတဲ့ အသိကလေးမှာ သီလမဂ္ဂင်သုံးပါး၊ ဖြစ်ပျက်ကွဲကွဲပြားပြားသိတဲ့ပညာ မဂ္ဂင်နှစ်ပါး၊ ဖြစ်ပျက်အသိလေးကို တည်ငြိမ်အောင်လုပ်တဲ့ သမာဓိမဂ္ဂင်သုံးပါး။ အေး....ခုနတုန်းက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးက စောင့်စည်းမှု၊ စောင့်ရှောက်မှု၊ ထိန်းသိမ်းမှုမှာ တာဝန်ယူ အလုပ်လုပ်ရတာ။

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ၃ ပါးက ဖြစ်ပျက်ဆီသို့ သွားနေတဲ့ အသိကလေးကို တည်ငြိမ်အောင် အလုပ်လုပ်ရတယ်။ သူ့အလုပ်နှင့်သူ။

ရှေ့က သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနှစ်ပါးက ဖြစ်ပျက် ကွဲကွဲပြားပြားသိဖို့ အလုပ်လုပ်ရတာ။ သူ့အဆင့်နဲ့သူ သွားတယ်။ သီလ-သမာဓိ-ပညာ သိက္ခာသုံးပါး အကျင့်တရား။ သိက္ခာသုံးပါး။

"သိက္ခိတဗ္ဗာတိ သိက္ခာ"

သိက္ခိတဗ္ဗာ- ကျင့်ရ၏။ ဣတိ-ထို့ကြောင့်။ သိက္ခာ-သိက္ခာမည်၏။ ကျင့်တာ သိက္ခာ။

ဖြစ်ပျက်ကို သိရမယ်။ တချို့က ဖြစ်ပျက်သိနေစရာ မလိုဘူး။ ဖြစ်ပျက်သိနေလို့ ဘယ်ဆုံးမှာတုံးတဲ့။ ဖြစ်ပျက် ဘာစဉ်အတန်းကြီးလိုက်သိနေလို့ ဘယ်တော့မှ သံသရာမဆုံးဘူးဆိုပြီး ပြောတဲ့ဟောတဲ့ ပုဂ္ဂိုလ်ကရှိသေးတယ်။ အဲဒါကို အရမ်းမယုံနဲ့။ ဖြစ်ပျက်သိတဲ့လူဟာ မဂ္ဂင်ရှစ်ပါးထဲ ဝင်နေပုံကို ဓမ္မပရိသတ် မှတ်နော်။

ဖြစ်ပျက်သိ ဥဒယဗ္ဗယဉာဏ်၊ အဲဒီနောက် ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ ဒါတွေဆက်ပြောနေရင် ဘုန်းကြီးတရား မဆုံးတော့ဘူး။

ကဲ....အရှင်အာနန္ဒာ အားထုတ်နေပုံကိုသာ အာရုံပြုထားပေတော့။

## အရှင်အာနန္ဒာဝီရိယလွန်ကဲနေ

ရှင်အာနန္ဒာမထေရ်မြတ် တရားအားထုတ်တာ ဘယ်အချိန်ရောက်သလဲ။ ညသန်းခေါင်ယံအချိန်ရောက်ပြီ။ မလျှော့ဘူး၊ ဇွဲက သိပ်ကောင်းတာ။ အထက်မဂ်ဖိုလ်ရဖို့အတွက် ကြိုးစားနေတာ ဝီရိယလွန်ကဲနေတယ်။ ဝီရိယ လွန်ကဲပြီးနေတာကို

“သညာတုဿာဟော”တဲ့။ ထေရဂါထာ အဋ္ဌကထာက ဆိုတယ်။ သန်းခေါင်ယံအချိန်လဲပဲ သူ့ဘာမှ မဖြစ်ဘူး။ သန်းခေါင်ယံကြက်တွေတွန်လဲ အရှင်အာနန္ဒာ ဘာမှ မဖြစ်သေးဘူး။ အဲဒီမှာ စင်္ကြံကိုပဲ ကြိုးစားပမ်းစားရှုပြီးတော့ နေတယ်။ ရဟန္တာဖြစ်ချင်လွန်းတော့ ကြောင့်ကြစိုက်မှု ဝီရိယလွန်ကဲပြီးတော့နေတာကိုး။

လွန်တတ်တဲ့တရားက သဒ္ဓါတရား လွန်တတ်တယ်၊ ဝီရိယတရား လွန်တတ်တယ်၊ သမာဓိတရား လွန်တတ်တယ်၊ ပညာ လွန်တတ်တယ်၊သတိက လွန်တတ်တယ်လို့ မရှိဘူးတဲ့ မေ့ပရိသတ်။အရှင်အာနန္ဒာမထေရ်မြတ် လွန်နေတာက ဝီရိယ။ဝီရိယလွန်တော့ ဥဒ္ဓစ္စ စိတ်တွေပြန့်ဝေနေတာ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဥပမာဆိုပါစို့။ နွေရာသီရောက်ပြီဆိုတော့ တဒေါင်ဒေါင်နဲ့ မီးသံချောင်းကြီး ခေါက်ရောတဲ့။ အိမ်ရှင်မှာ ဘာဖြစ်နေတုံး။ ကပျာကယာ ကြောင့်ကြစိုက်မှု ဝီရိယလွန်နေတယ်။ ကိုယ့်အိမ်ထဲက ပစ္စည်းတွေဆွဲပြီးတော့ ထုတ်ချင်နေတယ်မဟုတ်လား။ ဆွဲချင်လွန်း၊ ထုတ်ချင်လွန်းအားကြီးတဲ့အခါကျတော့ ကရောင်ကရင် ဖြစ်နေတယ်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတယ်။ အဲဒါ ခြေမကိုင်မိ လက်မကိုင်မိက ဥဒ္ဓစ္စ။ ကြောင့်ကြစိုက်မှုက ဝီရိယ။ ဥဒ္ဓစ္စက ခြေမကိုင်မိ လက်မကိုင်မိ စိတ်တွေဝေပြန့်လွင့်တာ။

## အရှင်အာနန္ဒာ သူ့ကိုယ်သူသတိပေး

အရှင်အာနန္ဒာ ဝီရိယလွန်နေတော့ ဥဒ္ဓစ္စဖြစ်နေတာပဲ။ အထက်ဉာဏ် မပေါ်ဘူး။ သန်းခေါင်ယံရောက်တဲ့အခါ သူ့ကိုယ်သူ သတိပေးတယ်။ ဘုန်းတော်ကြီးမားတော်မူတဲ့ မြတ်စွာဘုရားက ငါ့အား ပရိနိဗ္ဗာန်မစံမီ မိန့်ကြားတော်မူခဲ့တာ ရှိတယ်မဟုတ်လား။

ကတပုညောသိ တွံ အာနန္ဒ ပဓာန မနုယုဉ္ဇ-ခိပ္ပံ
ဟောဟိသိ အနာသဝေါ (ဒီ-၂-၁၄၅)

အာနန္ဒ-ညီတော်အာနန္ဒာ၊ တွံ-သင်သည်၊ ကတပုညော-ရှေးကပြုခဲ့ဖူးသောကောင်းမှု အထူးရှိသည်၊ အသိ-ဖြစ်၏။ ပဓာန်-ကျင့်ကြံ ပွားလမ်း ဝိပဿနာကမ္မဋ္ဌာန်းကို၊ အနုယုဉ္ဇ-အားထုတ်ရစ်ပါလေ။ ခိပ္ပံ-မကြာမတင် ဆောလျင်စွာ၊ အနာသဝေါ-အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်ကြီးသည်၊ ဟောဟိသိ-စင်စစ်မသွေ ဖြစ်ရစ်ပါပေလိမ့်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"ညီတော်အာနန္ဒာ တရားကိုပဲ ကြိုးစား အားထုတ်ရစ်ပါ။ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် မကြာမီမှာ ရဟန္တာဖြစ်ပါလိမ့်မယ်လို့ မိန့်ကြားခဲ့တယ်မဟုတ်လား" လို့ဆိုပြီး သူ့ကိုယ်သူ ပြန်အားပေးရတယ်။

ဆက်ပြီးတော့ ကြိုးစားပွားများ အားထုတ်တဲ့ဇွဲက သိပ်လွန်ကဲနေတယ်။ အဲဒါနဲ့ အရှက်ကျင်းလို့ လင်းကြက်တွေတွန်ပြီ။ လင်းကြက်တွေ တွန်တဲ့အချိန်ကျတော့လဲ ဘာမဂ်မှ မပေါ်လာသေးဘူး။ အဲဒီအခါ စိတ်ဓာတ်တွေ လျှော့သွားတယ်။ 'သင်္ဂါယနာတင်တဲ့ပွဲမှာ ရဟန္တာအဖြစ်နဲ့ ပါဝင်နိုင်တော့မှာ မဟုတ်ဘူး၊ သောတာပန်အဖြစ်နဲ့ ဂုဏ်ငယ်စွာနဲ့ ဝင်ရတော့မယ်ဆိုပြီး စိတ်ဓာတ်လျှော့ကျသွားတယ်။တင်းလွန်းတဲ့ဝီရိယ လျှော့သွားတယ်လို့ ခေါ်ရတယ်။ ဝီရိယလျှော့သွားသော်လဲပဲ ရှုမှတ်မှုက မပြတ်ဘူးတဲ့။

## အရှင်အာနန္ဒာ ရဟန်းကိစ္စပြီးသွားပြီ

အဲဒီတင် ကျောင်းသခ်ပ်းထဲဝင် ခေတ္တခဏ လျောင်းစက်ဦးမှပဲဆိုပြီး ရွှေ့လျားတဲ့ အမူအရာ ရုပ်ကလေးပေါ်မှာ ပစ္စုပ္ပန်တည့်တည့်သိပြီး နှလုံးသွင်းလျက် ကြွချီအလာ။ ဒီအခါမှာ ဝီရိယက လျှော့သွားတဲ့အတွက် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အားပြိုင် ညီမျှနေပြီဖြစ်သောကြောင့် ကမ္မဋ္ဌာန်းကျောင်းထဲလဲရောက်ရော သလွန်ညောင်စောင်းအနီးမှာ ခြေစုံမတ်မတ် ရပ်တော်မူ၍ နှလုံးသွင်းလျက် လျောင်းစက်တော်မူလိုက်တယ်တဲ့။ ခြေထောက်က မြေပြင်ကအကြွ၊ ခေါင်းက ခေါင်းအုံးပေါ်မရောက်မီ၊ ခြေထောက်ကအကြွ၊ တင်ပါးက သလွန်ညောင်စောင်းပေါ်မှာတင်ခိုက်—

အပတ္တာဝ သီသံ ဗိမ္ဗောဟနံ ပါဒါ စ ဘူမိတော၊ မုတ္တာ-
မတ္တာ တေသံ့ အန္တရေ အနုပါဒါယ အာသဝေဟိ
စိတ္တံ ဝိမုစ္စိ။ (ထေရဂါထာဋ္ဌ-၄၁၆)

သီသံ-အရှင်အာနန္ဒာ မထေရ်မြတ်ရဲ့ ဦးခေါင်းတော်သည်-
ဗိမ္ဗောဟနံ-ခေါင်းအုံးပေါ်သို့၊ အပတ္တာဝ-မရောက်မီ၊ ပါဒါစ
ခြေတော်အစုံတို့သည်လဲပဲ၊ ဘူမိတော-မြေအပြင်မှ၊ မုတ္တာမတ္တာ-
လွတ်ခိုက်၊ တေသံ့ အန္တရေ-ထိုနှစ်ခုတို့၏အကြား၌၊ စိတ္တံ-
ညီတော်အာနန္ဒာရဲ့ စိတ်တော်အစဉ်သည်၊ အနုပါဒါယ-တဏှာ
ဒိဋ္ဌိတို့ဖြင့် မစွဲငြိမူ၍၊ အာသဝေဟိ-အာသဝေါတရားတို့မှ၊
ဝိမုစ္စိ-ကောင်းစွာ ရှင်းကျွတ်၍ ကင်းလွတ်ထွက်မြောက်တော်
မူခဲ့ရပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဆဋ္ဌဘိညောအဟောသိ-အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံ
တဲ့ ရဟန္တာကြီးဖြစ်သွားတယ်။ ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက်
မှ ဖြစ်တာနော်။ သင်္ဂါယနာတင်မယ့်နေ့ဘက်လဲ ကူးသွားတာပဲ၊
ဝါခေါင်လပြည့်ကျော်၅-ရက်နေ့လဲ ရောက်သွားတယ်လို့မှတ်ရ
မယ်။ ခေတ္တခဏ လျှောင်းစက်တော်မူတယ်။ ရည်ရွယ်ချက်
အောင်မြင်သွားပြီပေါ့။ ပရိသတ်ရေ - အားထုတ်လို့လား
အားမထုတ်လို့လား။

(အားထုတ်လို့ပါဘုရား)

ကိုယ့်ဟာကို အားမထုတ်ချင်ရင် အသာနေ။ သူများအား ထုတ်တာ သွားပြီးတော့ မဖျက်ဆီးနဲ့နော်။ တရားနာပရိသတ် တို့ "စလွတ်ပလွတ်" ဝိပဿနာဖြစ်သွားဦးမယ်။ အားထုတ်ရမယ် လို့ဆိုတာ သိထားပါ။ အာနန္ဒာတို့ အားထုတ်တယ်ဆိုတာကို သက်သေသွားပြတယ်။

## သင်္ဂါယနာသဘင် သံဃာ့အလယ် မြေလျှိုး ပလ္လင်ပေါ်ကြွ

ရဟန္တာဖြစ်သွားတော့ ဟိုမှာ သင်္ဂါယနာပွဲက သံဃာ တွေစုံနေပြီ။ အရှင်မဟာကဿပကြီးကလဲ အာနန္ဒာကို စောင့် လို့နေတယ်။ သံဃပရိသတ်တွေကလဲ ဝင်းလို့၊ ဒကာ ဒကာမ ဟော့ကလဲ အဆင်သင့်ဖြစ်နေပြီ။ အာနန္ဒာက မကြွလာသေး တဲ့အတွက် မျှော်လို့နေကြတယ်။ အချိန်ကျတဲ့အခါမှာ အရှင် အာနန္ဒာမထေရ်မြတ်သည် ခြေလက်သုတ်သင်တော်မူပြီး မြေ ကြီးထဲကနေ တန်ခိုးတော်ဖြင့် ငုပ်လျှိုးတော်မူပြီးတဲ့အခါ မဏ္ဍပ်အတွင်း ဘွားခနဲ ပေါ်လာတယ်တဲ့။ ပလ္လင်ပေါ်မှာ ချက်ချင်းရောက်လာသတဲ့။

သုမနမင်းသား ဘဝက အလယ်အကျေးဖြစ်တဲ့ သုမန မထေရ်ကို အားကျခဲ့တာ ခုအဲဒီဆုတောင်း မပြည့်ဘူးလား။

(ပြည့်ပါတယ်ဘုရား)

အဘိညာဉ်တန်ခိုးများ တယ်အံ့ဖွယ်ကောင်းတယ်။ ကောင်း ကင်လဲ ပျံနိုင်တယ်။ မြေကြီးထဲလဲ ငုပ်နိုင်တယ်။

တစ်နေ့တုန်းက မြဝတီနဲ့ ကော့ကရိတ်သွားတဲ့လမ်းမှာ ရဟန္တာမထေရ်မြတ်တွေ ကောင်းကင်ကကြွလာတာ လူပေါင်း (၁၅၀)လောက် ဖူးမြော်လိုက်ကြရတယ်။ ကောင်းကင် ကိုက် (၁၀၀)လောက်မှာတဲ့နော်၊ ကနေ့ခေတ်သဲ ကောင်းကင်ပျံနိုင်တဲ့ရဟန္တာတွေ ရှိတယ်ဆိုတာ ဒကာ ဒကာမတို့ကို အကျဉ်း ချုပ် ပြောနေတာ၊ ကိုယ်တွေ့ မျက်မြင်ပုဂ္ဂိုလ်တွေ (၁၅၀) တောင် တွေ့ရတယ်ဆိုကိုး။

## အရှင်မဟာကဿပမထေရ်ကြီးက အရှင်အာနန္ဒာ ရဟန္တာဖြစ်ကြောင်း ကြေညာ

အဲဒီတော့ ကောင်းကင်ကလဲ ပျံနိုင်တယ်။ မြေကြီးထဲကလဲ ငုပ်နိုင်တယ်။ အရှင်အာနန္ဒာ မြေကြီးထဲက ငုပ်ပြီးတော့ကြွ လာပါတယ်။ ပလ္လင်ပေါ်ရောက်တော့ အရှင်မဟာကဿပကြီး က "ဩော် ညီတော်အာနန္ဒာ ရဟန္တာဖြစ်လာပြီ၊ သူ့ နောင်တော် မြတ်စွာဘုရားသာ ရှိမယ်ဆိုရင် သူ့ညီတော်ကို ချီးမွမ်း ထောမနာ ပြုလိုက်မယ့်ဖြစ်ခြင်း၊ ခုတော့ ပရိနိဗ္ဗာန် ပြုသွားပြီဖြစ်တဲ့အတွက် သူ့ညီတော် ရဟန္တာဖြစ်တာ မမြင် ရရှာဘူး" လို့ အဲဒီလို ကရုဏာသက်တော်မူပြီးတော့ အရှင် ကဿပက မြတ်စွာဘုရားရဲ့ကိုယ်စား သင်္ဂါယနာပွဲမှာ—

သောဘာတိ ဝတ ဘော အရဟတ္တပတ္တော
အာနန္ဒော

(သာရတ္ထဋီ-ပ-၅၉)

အဲဒီလို အရှင်မဟာကဿပက ရဟန္တာဖြစ်ကြောင်း ပြသိပေး ကြေညာတော်မူတယ်။

ဘော-အိုအချင်းတို့။ အရဟတ္တပတ္တော -ရဟန္တာအဖြစ်သို့ ရောက်၍လာသော၊ အာနန္ဒော - အာနန္ဒာမထေရ်မြတ်သည်။ သောဘာတိဝတ-တင့်တယ်လေစွတကား၊ ကြည်ညိုဖွယ်ကောင်း လေစွတကားလို့ သုံးကြိမ်မိန့်ကြားတော်မူပါတယ်။

ထိုအခါမှာ သံဃာတော် ပရိသတ်ကြီးက ရဟန္တာ ဖြစ်လာတာ သိသွားတယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။ ကိလေသာ အပုပ်နံ့နံတယ်လို့ ပြောင်လှောင်တာ စ,တာဟာ အကျိုးလိုလား၍ စ,တာဆိုတာ ပရိသတ် သဘောပေါက်ပြီ လား။

(ပေါက်ပါတယ်ဘုရား)

ရဟန္တာဖြစ်စေချင်လို့,စတာ၊ မလိုမုန်းထားတဲ့စိတ်နဲ့ ပြောင်တာမဟုတ်ဘူးနော်။ နှိမ်ချင်တဲ့စိတ်နဲ့ ပြောင်တာမဟုတ်ဘူး။

(မဟုတ်ပါဘုရား)

## ၇-လအကြာ သင်္ဂါယနာတင်ပွဲပြီးစီး

ရဟန္တာဖြစ်သွားတော့ သင်္ဂါယနာပွဲမှာ ရှင်မဟာကဿပက-ပုစ္ဆကအမေး၊ အရှင်အာနန္ဒာက ဝိဿဇ္ဇက-အဖြေ တာဝန်ယူ၍ သင်္ဂါယနာတင်ကြတယ်။ ဧဝံမေ သုတံ-ပါတဲ့ ပါဠိတွေဟာ အရှင်အာနန္ဒာရဲ့ အဖြေတွေချည့်ပဲလို့ ဓမ္မပရိသတ်ကြီး မှတ်ကြ။ သင်္ဂါယနာတင်တာ (၇)လကြာတဲ့အခါ ပြီးဆုံးသွားပါတယ်။

## အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန်စံဝင်ခန်း

### သာသနာတော် တည်တံ့ပြန့်ပွားရေးကြိုးစားဆောင်ရွက်

သင်္ဂါယနာတင်ပွဲ ပြီးစီးသွားတဲ့နောက် အရှင်အာနန္ဒာမထေရ်မြတ်ဟာ သာသနာတော်ကို ဦးစီးဦးဆောင်ပြုပြီး အားထုတ် ရွက်ဆောင်တော်မူရပါတယ်။ မြတ်စွာဘုရား မရှိတော့ ဒကာ-ဒကာမတွေက အရှင်အာနန္ဒာကို သိပ် အားကိုးတာ။ ဘုရားရှင်ကိုယ်တော်မြတ်နှင့်ညီတော်အာနန္ဒာကလဲရုပ်လက္ခဏာချင်း အတော်အသင့်ဆင်တယ်တဲ့နော်။ ညီအစ်ကို ဝမ်းကွဲပေမယ်လို့ ရုပ်ချင်းဆင်သတဲ့။ ဒကာ-ဒကာမတွေက "မြတ်စွာဘုရားမရှိသော်လဲ တော်သေးတယ်၊ ညီတော်အာနန္ဒာရှိလို့" ဆိုပြီး အရှင်အာနန္ဒာမထေရ်မြတ်ကို သိပ်ကြည်ညိုသမှု အားကိုးသမှုပြုကြပါတယ်။

ညီတော်အာနန္ဒာသည် သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီပြည်၊ ကောသမ္ဗီပြည်၊ ကောသလတိုင်း၊ ဘဂ္ဂတိုင်းစတဲ့ ထိုထိုမြို့ပြပြည်ရွာသို့ အကြောင်းအားလျော်စွာ ကြွချီတော်မူ၍ ဒကာ-ဒကာမတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားဆုံးမတော်မူပါတယ်။ သာသနာတော် အရှည်ခန့် တည်တံ့ပြန့်ပွားအောင် ကြိုးစား ရွက်ဆောင်တော်မူပါတယ်။

အဲဒီလိုနဲ့ သာသနာတော်ရဲ့အကျိုးကို အားသွန်ခွန်စိုက် ရွက်ဆောင်တော်မူခဲ့တဲ့ ညီတော်အာနန္ဒာသည် သက်တော် (၁၂၀)အရွယ် ရှိလာခဲ့ပြီ။ အရှင်အာနန္ဒာ သက်တော်မရှည်ဘူးလား။

(ရှည်ပါတယ်ဘုရား)

မြတ်စွာဘုရားနဲ့ဖွားဘက်တော်ပဲ ပရိသတ်ရေနော်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာက သက်တော်(၈၀)။ ညီတော်အာနန္ဒာက ဘယ်လောက်ပါလိမ့်။

(၁၂၀-ပါဘုရား)

ဘုရားထက် အာနန္ဒာက ဘယ်လောက်ပိုရှည်တုံး။

(၄၀-ပိုရှည်ပါတယ်ဘုရား)

## သက်တော်ရှည် ပုဂ္ဂိုလ်များ

၄၀-ပိုရှည်တယ်နော်။ ဘုန်းကြီးတို့ သာသနာတော်မှာ အသက်ရှည်တဲ့ပုဂ္ဂိုလ်များစာရင်းရှိတယ်။ အင်္ဂုတ္တိုရ် အဋ္ဌကထာ တိက နိပါတ်မှာ ဖွင့်ထားတာ ရှိပါတယ်။

မဟာကပ် ထေရ်မြတ်နဲ့ အာနန္ဒာ။
ပေါက္ခရသာတိနဲ့ ဗာဝရိ ဗြဟ္မာယုငယ်ပြင်၊
ဆင်းနုပျိုတစ် ဂုဏ်သွင်းပါရ၊ မင်းဝိသာခါ။
ခြောက်ယောက်မှာ တစ်ရာကနှစ်ဆယ်စွန်း။
နှုရှုဒ္ဓါ ထေရ်မြတ်ဗာကုလာတို၊
တစ်ရာမှာ ငါးဆယ်လျှောက်တဲ့အပြင်၊ ခြောက်ဆယ်
တိုင် သက်ရှည်မြင့်တယ်လို့၊
မြတ်အဋ္ဌကထာ တိကင်္ဂုတ်မှာ ဖွင့်ထုတ်ဖော်ညွှန်း။ ။

ဒါ အသက်ရှည် ပုဂ္ဂိုလ်စာရင်း။ ပရိသတ် ကျက်ထားရဲ့ပဲ။

၁။ အရှင်မဟာကဿပ
၂။ အရှင်အာနန္ဒာ
၃။ ပေါက္ခရသာတိပုဏ္ဏား
၄။ ဗာဝရိပုဏ္ဏား
၅။ ဗြဟ္မာယုပုဏ္ဏား
၆။ ဝိသာခါကျောင်းအမ

ဒီ(၆)ဦးဟာ အသက်(၁၂၀)စီ ရှည်ကြတယ်။

အရှင်အနုရုဒ္ဓါမထေရ်မြတ် သက်တော် (၁၅၀)

အရှင်ဗာကုလာကတော့ သက်တော်(၁၆၀) ရှည်တော်မူတယ်။

(မှတ်ချက်)။ သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပဒါနသုတ် အဖွင့်(၆)တွင် သေလပုဏ္ဏားပါထည့်၍ အသက် တစ်ရာကျော် ပုဂ္ဂိုလ်ထူး(၉)ဦးရှိကြောင်း ပြထားသည်။

အရှင်ဗာကုလတို့များ သိပ် ကျန်းမာရေးကောင်းတာပဲထဲ့။ ချောင်းလဲမဆိုးဘူးတဲ့။ နှာလဲမစေးဘူးတဲ့နော်။ ဟတ်ချီးလို့ဆိုပြီးတော့ ချောဆတ်ခြင်းတောင် မရှိဘူးတဲ့။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေနဲ့ ဘယ့်နှဲနေတုံး၊ ပွတ်သီးပွတ်သပ်ပဲ ကွာမှာပဲနော်၊

အရှင်ဗာကူရဲ့ အသက် ၁၆၀ ရှိတဲ့အနက် အပိုအရှန် အသက်(၆၀)ပိုတယ်။ ခင်ဗျားတို့(၆၀)ကိုပဲ အတော်နေယူရတယ်။ ဆေးပညာ တိုးတက်လို့ အသက်ရှည်တယ်လို့ ပြောနေကြတာပဲ။ သတင်းစာထဲ ဘုန်းကြီးလျှောက်ဖတ်ကြည့်တယ်။ ကိုဘယ်သူ အသက်(၂၅)နှစ်၊ မဘယ်သူ အသက်(၃၀)နှစ်၊ (၄၀)နှစ်၊ အမယ်လေး သေလိုက်ကြတာ။ အရွယ်ကောင်းတွေချည့်ပဲ။ အသက်ရှည်ပြီးတော့ သေတဲ့ပုဂ္ဂိုလ် အရှားကြီး။

ယခု ဆရာတော်ဘုရားကြီးလို အသက် (၉၀)အထိနေရတဲ့ ပုဂ္ဂိုလ်မျိုး မရှားဘူးလား။

(ရှားပါတယ်ဘုရား)

## ကနေ့ခေတ်နဲ့ ရှေးခေတ်

ကနေ့ခေတ် အသက်မတိုဘူးလား။

(တိုပါတယ်ဘုရား)

ရှေးခေတ်က အသက်မရှည်ဘူးလား။

(ရှည်ပါတယ်ဘုရား)

ရှေးခေတ်ကစားသောက်တဲ့အာဟာရက သန့်တယ်။ ကနေ့ခေတ် စားရသောက်ရတာ မသန့်ဘူး၊ ဆန်ဆိုခဲ့လို့ရှိရင်လဲ ဂိုဒေါင်ထဲမှာ(၄-၅-၆)နှစ်လောက်ကြာမှုံတက်ပြီးမှစားရတာ။ ဒီမှုံတက်တွေ စားနေရတော့ ဒကာ-ဒကာမတို့ အသက်ရှည်နိုင်ပါ့မလား။

(မရှည်နိုင်ပါဘုရား)

ဆိုလဲ ဒီလိုပဲ စားသောက်နေကြတာ ဘုန်းကြီးကသိတယ်။ ဆီပုလင်းများထောင်ကြည့်လိုက်လို့ရှိရင် ပုလင်းထဲ ထမင်းရေတွေ ထည့်ထားတဲ့အတိုင်းပဲ ဖွေးလို့၊ ဆီကလဲဈေးကောင်းတော့ ဟိုဟာနဲ့ရော, ဒီဟာနဲ့ရော၊ အဲဒါတွေ စားနေတာကြာတော့

ရောဂါဖြစ်တာပေါ့၊ ဟင်းချိုမှုန့်ကလဲအတု၊ ကိုယ့်ဟာကိုယ်တော့ စားနေတာ အတု-အတုမှုန်း တစ်ချို့က သိတာမဟုတ်ဘူး။

(မသိကြပါဘုရား)

ဒကာမကြီးတစ်ယောက်ကပြောတယ်၊ တပည့်တော်ဘုရားကံကောင်းလို့တဲ့၊ ဘာဖြစ်လို့တုံးဆိုတော့၊ ဟင်းချိုမှုန့်အတုနဲ့တွေ့လို့၊ ဘယ်လိုလုပ်သိတုံးဆိုတော့၊ အရှင်ဘုရား ဟင်းချိုမှုန့်ဘူးဝယ်တာ အကွင်းထဲက စာကလေး ပါတယ်၊ ဘာစာတုံး ဒကာမကြီးရဲ့လို့မေးကြည့်တော့၊ "အဲဒီဘူးထဲမှာပါတဲ့ အမှုန့်တွေဟာ ဟင်းချိုမှုန့် မဟုတ်ပါဘူးတဲ့၊ ဓာတ်မီးချောင်းကို ထောင်းထုထည့်ထားတာ ဖြစ်ပါတယ်"တဲ့၊ ဒကာ-ဒကာမတို့ ခေါင်းပေါ်ကမီးချောင်းကြည့်နော်၊ အဲဒါ ထောင်းထားရင် ဟင်းချိုမှုန့်ဖြစ်သတဲ့နော်။ တော်သေးဘုရားတဲ့၊ တပည့်တော်တို့ စာကလေးပါလာလို့ တော်-တော်သေး။ ဘူးကတော့ ဟုတ်တယ်ဘုရား။ ဟင်းချိုမှုန့်ဘူးပဲတဲ့။ အထဲကတော့ ဓာတ်မီးချောင်း ထောင်းထည့်ထားတာတဲ့။ အတုလုပ်ချင်တဲ့ပုဂ္ဂိုလ်က မီးချောင်းတွေ လျှောက်ဝယ်ရင်တော့ အခက်။ အဲဒါ ဟင်းချိုမှုန့်ကလဲအတု စားရသောက်ရတယ်၊ ငရုတ်သီးမှုန့်ကလဲအတု။

ငရုတ်သီးမှုန့်အဘုရော ပရိသတ် တွေ့ဖူးရဲ့လား။

(မတွေ့ဘူးပါဘုရား)

ဘုန်းကြီးကတွေ့ဖူးတယ်။ တောရွာတစ်ရွာသွား တရားဟောတော့ အဲဒီအရပ်က ငရုတ်သီးထွက်တာကိုး၊ ရွာထဲကဒကာမသုံးယောက်က အိတ်ကြီးတွေနဲ့ လိုက်ပြီးတော့ ငရုတ်သီးအဖြူတောင့်တွေ ဖလံဖြူခေါ်တာပဲ၊ အဲဒါတွေ လိုက်ဝယ်တယ်။ ဘုန်းကြီးက မြင်တော့ မနေနိုင်ဘူး၊ ရင်းနှီးတဲ့အိမ်ဆိုတော့ မေးကြည့်မိတာပေါ့၊ ဘယ့်နှယ်လဲ ဒီဒကာမတွေက ငရုတ်သီးအကောင်းမဝယ်ဘဲနဲ့ ပိုးထိုးဖလံဖြူတွေ လျှောက်ဝယ်နေတာတုံး။ ဘာလုပ်ဖို့ဝယ်တာတုံးလို့ မေးတော့ အိမ်ရှင်က မပြောဘူး တော်တော်နဲ့။ ခဏခဏမေးမှပြောတယ်။ အရှင်ဘုရားတဲ့ အဲဒါ ငရုတ်သီးအမှုန့်အထုပ်လုပ်မလို့ ဝယ်တာဘုရားတဲ့။ ငရုတ်သီးက ဈေးကောင်းသကိုးဘုရာ့။ ငရုတ်သီးမှုန့်အဖြူကို ဘယ်လိုလုပ်ပြီးတော့ အတုလုပ်တုံးဆိုတော့၊ အရှင်ဘုရားတဲ့ အဲဒါ တရားထဲတော့ ထည့်မဟောနဲ့နော်တဲ့။ အဲဒါ အရှင်ဘုရား အမှုန့်ထောင်းတာတဲ့၊ အရှင်ဘုရားတို့ သင်္ကန်းဆိုးတဲ့ ရှန်နီဆေးမှုန့်နဲ့ ငရုတ်အဖြူမှုန့်ကို ဆိုးတဲ့ ဆေးနီမှုန့်နဲ့ဆိုး၊ ပရိသတ်ဘာနဲ့ဆိုးတုံး။

(ဆေးနီနဲ့ဆိုးပါတယ်ဘုရား)

အဲဒါ အရောင်ရဲလာတာပေါ့ ဘုရားတဲ့။ နဲနဲအစပ်ကနည်းသွားတော့ ရှေ့အပ်ငရုတ်သီးကို ထောင်းထည့်ရတယ်။ အပူအစပ်လေးရအောင်လို့၊ အရောင်က ရဲနေတာပေါ့ ဘုရားတဲ့။ အချိန်ကသိပ်မစီးတော့ အဲဒါ အုတ်နီခဲမှုန့်ကလေးဘာလေးလဲ

လောင်းထည့်လိုက်တာပေါ့ ဘုရားတဲ့။ ပြီးတော့ မီးလေးနဲ့ သင်းလိုက်သပေါ့၊ ဒါငရုတ်သီးမှုန့်ဖြစ်သွားရော၊ အတုလုပ်နည်းတော့ ကျုပ်က ပြောမိသွားပေါ့နော်၊ အဲဒါကို မြို့က ဒကာမတွေက ငရုတ်သီးမှုန့်ဆိုင်သွားဝယ်၊ အိမ်ကျတဲ့ ပေါ ကျတော့ မုန့်ဟင်းခါးထဲထည့်၊ ဟင်းအိုးထဲထည့်၊ အမယ်လေး ကောင်းလိုက်တဲ့ ငရုတ်သီးမှုန့်ကလေးဟဲ့၊ အရောင်က ရဲလို့၊ တစ်ခါတ[illegible] ဆေးတွေဆိုးထားတာ သူတို့ မသိဘူး၊ အဲဒါစား တော့ အုတ်ခဲမှုန့်က ဝမ်းထဲပါသွားတာ သူတို့မသိဘူး။

(မသိပါဘုရား)

အဲဒါတွေစားရင် ကျန်းမာရေးကောင်းမလား။

(မကောင်းပါဘုရား)

ကျန်းမာရေးမကောင်းရင် အသက်ရှည်ပါ့မလား။

(မရှည်ပါဘုရား)

စပ်မိလို့ပြောရဦးမယ်၊ မလိုင်တောင်မှ အတုရှိသဗျနော်။ နွားနို့သောက်တဲ့ ပုဂ္ဂိုလ်တွေ သတိထား။ ရန်ကုန်မယ် ဘုန်းကြီးရဲ့ ဒကာအရင်းတစ်ယောက်က လျှောက်တယ်။ နွားနို့ မလိုင်တောင် အတုရှိတယ် ဘုရားတဲ့၊ ဟာ....လာလှချည့်လား ဒကာကြီးရေ၊ လုပ်စမ်းပါဦးဆိုတော့၊ အရှင်ဘုရားတဲ့၊ နွားနို့ ထဲကို နှင်ခြေဖြူးကလာတဲ့ အိမ်သာသုံးစက္ကူအနုကလေးရှိတယ်၊ အဲဒါ ဆုတ်ထည့်လိုက်တာပဲ ဘုရားတဲ့။ အဲဒါ နွားနို့ထဲရော

တော့ နူပြီးတော့ အိနေတာဘုရားတဲ့။ သောက်တဲ့လူကလဲ နူအိနေတော့ တခါထဲ မလိုင်အစစ်မှတ်နေတာတဲ့။ အဲဒီဆိုင်စိုင်းအုံ သောက်ကြလေရှဲဘုရားတဲ့။

ကိုင်း....အတုတွေလျှောက်ပြောနေရင် စကားဆုံးမှာမဟုတ်တော့ဘူး။

## ဝိသမလောဘသမားတွေကြောင့် အသက်တို

အဲဒါကြောင့်မို့ ကျုပ်တို့ ကံနေ့ခေတ်ဟာ ဝိသမလောဘတွေကြောင့် ကျန်းမာရေးတွေ ချွတ်ယွင်းကြတယ် မဟုတ်လား။

(မှန်ပါဘုရား)

ဖျားကြ နာကြ၊ ကင်ဆာရောဂါဖြစ်လိုက်၊ တီဘီရောဂါဖြစ်လိုက်၊ အသားဝါရောဂါဖြစ်လိုက်၊ အို–စုံလို့၊ သေလိုက်ကြတာ အလောင်းချင်းထပ်၊ သတင်းစာ နာရေးကြော်ငြာဖတ်၊ အသက်တိုကြောင်း ခင်ဗျားတို့တွေ့ပါလိမ့်မယ်နော်။

(မှန်လှပါဘုရား)

## အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော့မယ်ဟု သံဃာအားပန်ကြား

ရှေးတုန်းကတော့ အသက်ရှည်တယ်။ အရှင်အာနန္ဒာမထေရ်မြတ်သည် သက်တော် (၁၂၀) ရှည်တော်မူတယ်။ အဲဒါလို

သက်တော် (၁၂၀) အရွယ်သို့ ရောက်တဲ့ အခါ ကျတော့။ "မယှံ အာယုသင်္ခါရော ကိတ္တကော"- ငါ့ရဲ့အသက်တမ်းသည် ဘယ်လောက်ကျန်သေးသလဲ ဆင်ခြင်တဲ့အခါမှာ- "ဣတော သတ္တမေ ဒိဝသေ ပရိနိဗ္ဗာယိဿာမိ။ ဣတော - ဤနေ့မှ၊ သတ္တမေဒိဝသေ-၇-ရက်မြောက်သောနေ့၌။ ပရိနိဗ္ဗာယိဿာမိ- ပရိနိဗ္ဗာန်စံဝင်ချုပ်ငြိမ်း ရုပ်သိမ်းရပေတော့မယ်။ အင်း-ကနေ့မှ နောက်ခုနစ်ရက်မြောက်တဲ့နေ့မှာ ပရိနိဗ္ဗာန်စံရတော့မယ်လို့ အရှင်အာနန္ဒာမထေရ်မြတ် သိတော်မူလို့ ရဟန်းသံဃာတော်တို့အား ပန်ကြားတော်မူတယ်။

သံဃာမှတစ်ဆင့် ဒကာ ဒကာမတွေ ကြားတဲ့အခါ ကပိလဝတ်နဲ့ ကောလိယတိုင်းပြည်တို့ အငြင်းအခုံဖြစ်ကြပြီ၊ အဲဒီအချိန်မှာ အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ကပိလဝတ်နဲ့ ကောလိယရောက်နေတယ်လို့ မှတ်ရမယ်။

## ကပိလဝတ်နဲ့ ကောလိယပြည် ငြင်းခုံ

အဲဒီအခါမှာ ကပိလဝတ်တိုင်းပြည်က ဘာပြောသလဲဆိုတော့—

> မယှံ ထေရော ဗဟူပကာရော အမှာကံ သန္တိကေ ပရိနိဗ္ဗာယိဿတိ"

မယှံ-ငါတို့ကပိလဝတ်တိုင်းသူပြည်သားတို့သည်။ထေရဿ- အရှင်အာနန္ဒာ မထေရ်မြတ်ရဲ့အပေါ်မှာ။ ဗဟူပကာရော -

ကျေးဇူးကြီးမားပါပေ၏။ အမှာကံ-ငါတို့၏။ သန္တိကေ-အနီး ဖြစ်သော ကပိလဝတ် တိုင်းပြည်ဘက်၌။ ပရိနိဗ္ဗာယိဿတိ- ပရိနိဗ္ဗာန်စံပါလိမ့်မယ်။

ကပိလဝတ်က သျှေတော်မျိုးတော်တွေက ပြောတယ်။ အရှင်အာနန္ဒာမထေရ်မြတ် ပရိနိဗ္ဗာန်စံခဲ့လို့ရှိရင် ငါတို့ ကပိလ ဝတ် တိုင်းသူပြည်သားတို့ဘက်မှာ ပရိနိဗ္ဗာန်စံ၍ ဓာတ်တော် မွေတော် ပေးသောအားဖြင့် ကျေးဇူးဆပ်ပါလိမ့်မယ်။ တို့က အရှင်အာနန္ဒာအပေါ်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ထားလို့ ကျေးဇူးတွေ များ တယ်။

တစ်ဖန် ကောလိယတိုင်းပြည်က ပုဂ္ဂိုလ်တွေက ပြောပြန် တယ်။

"မယှံ့ ထေရော ဗဟူပကာရာ အမှာကံ သန္တိကေ ပရိနိဗ္ဗာယိဿတိ"

ငါတို့က အရှင်အာနန္ဒာမထေရ်မြတ်ပေါ်မှာ ကျေးဇူးပို များတယ်။ ငါတို့ ကောလိယတိုင်းပြည်ဘက်မှာ အရှင်အာနန္ဒာ ပရိနိဗ္ဗာန် စံလိမ့်မယ်။

ကောလိယကလဲ အညံ့မခံဘူး။ မင်းတို့ ကပိလဝတ်ဘက် ဘယ်တော့မှ မစံဘူး၊ တို့ကောလိယဘက် စံမှာ၊ ကပိလဝတ်က

လဲ မင်းတို့ဘက် မစံဘူး၊ တို့ဘက်စံမှာ။ တို့ကသေ့မျိုးအရင်း။ ကောလိယကလဲ တို့ကလဲ အမျိုး တို့ဘက် စံမှာ။ ရန်ဖြစ်ကြတော့မှာတဲ့။ ကပိလနှင့် ကောလိယကြားက ရောဟိနီခေါ်တဲ့ မြစ်ငယ်လေးတစ်ခု ရှိတယ်။ ပရိသတ် ဘာမြစ်လေး ရှိတုံး။

(ရောဟိနီမြစ်ငယ်လေး ရှိပါတယ်ဘုရား)

အဲဒီမှာ တို့ဘက်မှာစံမယ်၊ မင်းတို့ဘက် မစံဘူး။ ငြင်းကြခုံကြ ရန်ဖြစ်ကြတဲ့အဆင့် ရောက်ရောတဲ့ပရိသတ်။

ဒီ ကပိလဝတ်နဲ့ ကောလိယက တည့်ကိုမတည့်ဘူးတဲ့။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းက ရောဟိနီမြစ်က ရေကို သူရထိုက်တယ်၊ ငါရထိုက်တယ် ငြင်းခုံကြရာမှာ ဆဲကြဆိုကြတော့ သာကီဝင်မင်းမျိုးတွေ ဂုဏ်သိက္ခာထိခိုက်ပြီးတော့ တိုင်းထွာကြတဲ့အတွက် မင်းတွေပါ ပါလာပြီး ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေနဲ့ သတ်ဖြတ်ခုတ်ထစ်ကြမယ့် သွေးချောင်းစီးမယ့်ဆဲဆဲ မြတ်စွာဘုရားကြွလာပြီး ကောင်းကင်ကနေ "အတ္တဒဏ္ဍ" သုတ္တန် ဒေသနာတော်ကြီးကို ဟောပြောပြသဆုံးမပြီးမှ ရန်ပြေငြိမ်းစေတော်မူခဲ့ရဖူးတယ်။

ယခုလဲပဲ အာနန္ဒာအကြောင်းပြုပြီးတော့ သူတို့ရန်ဖြစ်ကြတော့မှာ။ သတ်ကြပုတ်ကြမယ့်အခြေ ပြန်ရောက်လာပြီတဲ့။ ထိုအခါ ညီတော်အာနန္ဒာက စဉ်းစားတယ်။

## အရှင်အာနန္ဒာ ရန်ပွဲငြိမ်းရေး ဆင်ခြင်တော်မူ

ကလဟော ဥပ္ပဇ္ဇမာနေ ပိ မံ နိဿာယေဝ ဥပ္ပဇ္ဇိဿတိ၊
ဝူပသမမာနေ ပိ မံ နိဿာယေဝ ဝူပသမေဿတိ။

ခိုက်ရန်ငြင်းခုံကြလို့ရှိလျှင်လဲ ငါ့ကိုအကြောင်းပြုပြီးတော့ ငြင်းခုံကြပေလိမ့်မယ်။ ခိုက်ရန်ဖြစ် သွေးချောင်းစီးရင်လဲ ငါ့ကိုအကြောင်းပြုပြီးတော့ သွေးချောင်းစီးမယ်တဲ့။ ခိုက်ရန်ငြိမ်းရင်လဲ ငါ့ကို အကြောင်းပြုပြီးတော့ ငြိမ်းမယ်။ ငါသည် အဓိကပါတကား။ ဘယ်လိုလုပ်ပြီးတော့ ရန်ပြေငြိမ်းစေရပါ မလဲလို့ ဆင်ခြင်စဉ်းစားတဲ့အခါ၊ ဒီအတိုင်းတော့ မဖြစ်ဘူး။ အားလုံး ဓာတ်တော်မွေတော်များ ရအောင် ချီးမြှောက်မှ ဖြစ်မယ်။

"ကပိလဝတ်နဲ့ ကောလိယ တိုင်းသူပြည်သား အပေါင်းတို့၊ ယနေ့မှ နောက်ခုနစ်ရက်မြောက်တဲ့အခါ ရောဟိနီမြစ်ဆိပ်ကမ်းသို့ အသီးသီး ကိုယ်စီကိုယ်ငှ လာကြ၊ ရန်မဖြစ်ကြနဲ့၊ အားလုံး ဓာတ်တော်မွေတော်ရစေမယ်"လို့ အမိန့်ရှိတော်မူတယ်။

## အရှင်အာနန္ဒာပရိနိဗ္ဗာန်စံပွဲ ရောဟိနီမြစ်ဆိပ်ကမ်းလုံးညွတ်

ခုနစ်ရက်မြောက်တဲ့နေ့ ရောက်တဲ့အခါ ကပိလဝတ်ကလဲ မြို့လုံးကျွတ် ထွက်။ ကောလိယကလဲ မြို့လုံးကျွတ် ထွက်။

ရောဟိနီမြစ်ဆိပ်ကမ်းမှာ ဖေ့လို့။ တစ်ခြား တိုင်းပြည်က ပရိသတ်တွေလဲ ရောက်လာကြတာပဲ ပရိသတ်ရဲ့နေဝ်။

(မှန်လှပါဘုရား)

အာနန္ဒာ ပရိနိဗ္ဗာန်စံတဲ့ပွဲမှာ ကမ်းလုံးညွတ်ပေါ့။ ရောဟိနီမြစ်ကလဲ တသွင်သွင်စီးပြီးတော့ နေပါတယ်။ အရှင်အာနန္ဒာ ဘယ်က ကြွလာမှာလဲဆိုတာ သူတို့မသိသေးဘူး၊ စောင့်နေတယ်။

အဲဒီမှာ အရှင်အာနန္ဒာ မထေရ်မြတ် သံဃာတော်တွေ ခြင့်ပြုပန်ကြွားပြီး သင်္ကန်းကို သပ္ပါယ်စွာရုံပြီး ကောင်းကင်က ကြွလာတယ်။ ကောင်းကင်အထက်မှာ ထိုမှ ဤမှ ဝဲပျံတော်မူပြီး ဈာန်အဘိညာဉ်ဖြင့် ကြွမြန်းရှိနေတော်မူတာကို ဒကာ ဒကာမတွေ မြင်တွေ့ကြရတဲ့အခါ—

"အရှင်ဘုရား အာနန္ဒာ တပည့်တော်တို့ဘက် ကြွတော်မူပါ ဘုရား။ တပည့်တော်တို့ဘက် ကြွပြီးတော့ ပရိနိဗ္ဗာန်စံပါ ဘုရား။ တပည့်တော်တို့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို အရှင်ဘုရားအား လှူဒါန်း ထောက်ပံ့ ခဲ့ပါတယ်။ တပည့်တော်တို့က အရှင်ဘုရားအပေါ်မှာ ကျေးဇူး တွေ များပါတယ်ဘုရား။ တပည့်တော်တို့ဘက်မှာ ပရိနိဗ္ဗာန် စံတော်မူပါ"လို့ ကပိလဝတ်ကလဲ ပင့်။

ကောလိယကလဲ "တပည့်တော်တို့ဘက်ကြွပါဘုရား၊ ကပိလဝတ်ဘက် မကြွပါနဲ့ဘုရား၊ တပည့်တော်တို့ဘက် ကြွတော်မူပါ၊ တပည့်တော်တို့ကို ချီးမြှောက်တော်မူပါ" လို့ ငိုယိုတဲ့အသံတွေရော၊ ပင့်ခေါ်တဲ့အသံတွေရော ဆူညံပြီးတော့နေတယ်။

## ရောဟိနီမြစ်ထက် ကောင်းကင်၌ ရှင်အာနန္ဒာ ကြွလာ

ထိုအခါမှာ အရှင်အာနန္ဒာမထေရ်မြတ်သည် ရောဟိနီမြစ်ရဲ့ အထက်ကောင်းကင် ထန်းပင်ခုနစ်ပင် မြင့်တဲ့အရပ်မှာ—

"နိသီဒိ အာယသ္မာ အာနန္ဒော ပလ္လင်္ကံ အာဘုဇိတွာ"

အာယသ္မာအာနန္ဒော - အရှင်အာနန္ဒာမထေရ်မြတ်သည်။ ပလ္လင်္ကံ-ထက်ဝယ်ပလ္လင်ကို၊ အာဘုဇိတွာ-ပွဲခွေ၍။ နိသီဒိ-ကောင်းစွာမသွေ့ ရွှေရည်ဝင်းဥ ဆင်းတုသဖွယ် သီတင်းသုံးသပ္ပါယ်စံနေတော်မူပါပေတော့သတည်း။ ။

(သာဓု၊ သာဓု၊ သာဓု)

ကောင်းကင်မှာ ဆင်းတုသဖွယ် တင်ပလ္လင်ခွေ စံနေတော်မူပြီ။ လက်အုပ်ကလေးတွေချီလို့ မျက်စိအစုံက မျက်ရည်များစီးကျလို့ ကိုယ်တော်မြတ်ကို မော်ပြီးတော့ဖူးမြော်နေကြတယ်၊ ငြိမ်သက် တိတ်ဆိတ်လို့ ရောဟိနီမြစ်ရေကလဲ တသွင်သွင်စီး

ဆင်းနေတယ်။ ဟိုအရှေ့လောကဓာတ်က သူရိန်နေဝန်းကြီးက
လဲ ပေါ်ထွန်း ထွက်ပြူစအချိန်။

## ရန်ငြိမ်းကြောင်း တရားဟောကြား

သိပ်ပြီး ရှုမျှော်ခင်းကောင်းပေသပေါ့။ သူရိန်နေဝန်းကြီး
က ထွက်ပြူစ။ ရောဟိနီမြစ်ရေကလဲစီးလို့။ ပတ်ဝန်းကျင်ကလဲ
စိမ်းလဲ့လို့။ အဲဒီမှာ တင်ပလ္လင်ခွေပြီးတော့ စံနေတော်မူပါ
တယ်။ ငြိမ်သက်ပြီးတော့နေတဲ့ ပရိသတ်ကို အာနန္ဒာက တရား
ဟောတယ်။

ဘဝန္တော-မျှားလှသောင်းသောင်း ကပိလဝတ် ကော
လိယတိုင်းသူပြည်သား အပေါင်းတို့။ တုမ္ဟေ-သင်တို့သည်။
သုဏာထ-နားထောင်ကြကုန်။ ဓမ္မံ-တရားကို။ ဒေသေဿာမိ-
ဟောကြားပေတော့အံ့။

တရားဟောမယ်လို့ အမိန့်ရှိတော့ တဘက်ကလေးတွေ ပခုံး
ပေါ်တင် ကောင်းကင်ပေါ်မော်ဖူးပြီး တရားနာနေကြတယ်။
အရှင်အာနန္ဒာမထေရ်မြတ်က ကောင်းကင်ကနေ တရားစတင်
ပြီး ဟောကြားတော်မူတယ်။

ထေရဂါထာပါဠိတော်နှင့် အဋ္ဌကထာများမှာ - အရှင်
အာနန္ဒာ ကောင်းကင်ကဟောတဲ့ ဂါထာတွေများစွာရှိတယ်။

ခပ်ချုံးချုံး ဟောမှပဲ။ တရားဘယ်လို ဟောကြားသလဲဆို ဟော့ကို—

အပ္ပဿုတာယံ ပုရိသော
ဗလိဗဒ္ဒေါဝ ဇီဝတိ
မံသာနိ တဿ ဝဍ္ဎန္တိ၊
ပညာ တဿ န ဝဍ္ဎတိ။

အဘာနန္ဒာ-မျှားလှသောင်းသောင်း ကပိလဝတ် ကော လိယတိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့။ အပ္ပဿု တော-စာပေပရိယတ်၌ ဗဟုသုတမရှိသော။ အယံ ပုရိသော- ဤယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ-နွားလားတိရစ္ဆာန်ကဲ့သို့၊ ဇီဝတိ- အသက်ရှင်ရပါပေ၏။ တဿ - ထိုဗဟုသုတမရှိသော ပုဂ္ဂိုလ်၏။ မံသာနိ-အသားတို့သည်။ ဝဍ္ဎန္တိ-တိုးပွား၍ နေပါ ကုန်၏။ ပညာ—ဗဟုသုတပညာသည်။ နဝဍ္ဎတိ-နည်းနည်းတစ်ဓေ့ ကမှ မတိုးပွားတော့သည်တကား။

( သာဓု၊ သာဓု၊ သာဓု )

## စာပေဗဟုသုတမရှိသူ နွားနှင့်တူ

ရှင်အာနန္ဒာက ကောင်းကင်က တရားဟောတယ်။ အပ္ပဿု တော-စာပေပရိယတ် ဗဟုသုတမရှိသော။ အယံပုရိသော - ဤ ယောကျ်ားသည်၊ စာပေပရိယတ်ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်, တရား

ဓမ္မ၌ ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်သည်။ ဇလီဗဒ္ဒေါ-နွားဝဲ့။ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ် အာတဲ့တိုး ပရိသတ်။

(နွားပါတဲ့ဘုရား)

ဘုန်းကြီးတို့ပရိသတ်ကော ဗဟုသုတရှိကြရဲ့လား။

(ရှိပါတယ်ဘုရား)

မရှိဘူးလို့သာပြောရင် ဒကာတို့ ဗလိဗဒ္ဒေါ - နွားလား တိရစ္ဆာန်နှင့် သွားတူတော့မှာ သေချာပေါ့နော်၊ အင်း... ကိုယ့်ကိုယ်ကိုတော့ လွတ်အောင်ကြည့်ပြောကြရတာပဲ။

(မှန်လှပါဘုရား)

တရားနာတယ်ဆိုတော့နာတဲ့ဗဟုသုတတွေ မရကြဘူးလား။

(ရပါတယ်ဘုရား)

နွားများကျတော့ အာဖြစ်တိုးဆိုတော့ စားလိုက်အိပ်လိုက် ဝဖြိုးနေတယ်မဟုတ်လား။

(မှန်ပါဘုရား)

စားလိုက်အိပ်လိုက်၊ စားလိုက်အိပ်လိုက် နွားများ ပညာ တတ်ရှဲလား။

(မတတ်ပါဘုရား)

အဲဒီလိုပဲတဲ့ ရှင်အာနန္ဒာက ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်လဲပဲ နွားလိုပဲတဲ့။ အသားပဲ တိုးတယ်၊ ပညာမတိုးဘူးတဲ့။

အဲဒီလို ဂါထာအဓိပ္ပာယ်သိတော့မှ အခု ပခုက္ကူ ဟောဒီ ကျောင်းတိုက်ကြီးမှာ ပညာသင်စဉ်တုန်းက ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးက ဥပုသ်နေ့များမယ် ဩဝါဒပေးလေ့ရှိတယ်။ တစ်နေ့ အမိန့်ရှိတယ်။ ဟယ်....မောင်ပဥ္စင်းတို့စာမဘတ်မှုဗိုက်ခေါက်ထူတဲ့ကွယ့်။ ပရိသတ် စာမတတ်သူ ဘာတဲ့တုံး။

(ဗိုက်ခေါက်ထူပါတဲ့ဘုရား)

စာတတ်မှုကား ဗိုက်ခေါက်ပါးတဲ့ကွယ့်နဲ့ ဆုံးမ ဩဝါဒ ပေးတယ်။ အဲဒီတုန်းက ကျုပ်က သိပ်သဘောမပေါက်ဘူး။ ငယ်လဲငယ်သေးတာကိုး။ စာမတတ်မှု ဗိုက်ခေါက်ထူ ဆိုတာ ဟုတ်တယ်၊ ဒီဂါထာအရ မိန့်တာ။ ခုမှ သဘောပေါက်တာ။ ဟုတ်တယ်လေ စာပေပရိယတ္တိ မသင်တဲ့ကိုယ်တော်၊ စာမအံတဲ့ကိုယ်တော်၊ မနက်စောစော ဆွမ်းခံစား၊ ကျောင်းပြန်၊ ခေါင်းမြီးခြုံအိပ်၊ နေ့လဲအိပ်၊ ညလဲအိပ်။ စာမအံပေမအံ ကြာတော့ ဘာဖြစ်လာလဲ၊ ဝဖိုးပြီး ဗိုက်ခေါက်ကြီးထူလာတယ်။

ဘုန်းကြီးတို့ ပရိသတ်က ဝတဲ့ ကိုယ်တော်သွားပြီးတော့ ကိုယ်တော် စာမတတ်ဘူးလို့ လက်ညှိုးထိုး သွားမပြောနဲ့ဦး။ ဝတဲ့ကိုယ်တော်တိုင်း စာမတတ်ဘူးလို့ သွားမပြောနဲ့၊ တစ်ချို့

ကိုယ်တော်တွေကျတော့ ငယ်စဉ်တုန်းကစာကြိုးစားတယ်။ နေ့လဲအံ၊ ညလဲအံ၊ ပိန်ချိနေတယ်မဟုတ်လား။ အဲ....ကျောင်းထိုင်ဘုန်းကြီးဖြစ်တဲ့အခါကျ စိတ်ကချမ်းသာသာပြီး တစ်ခါထဲဝနေတဲ့ ကိုယ်တော်ကြီးတွေလဲ ရှိသေးတာကိုး ပရိသတ်ရဲ့။

(မှန်ပါဘုရား)

ဒါကြောင့် ဝတဲ့ကိုယ်တော်တိုင်းစာမတတ်ဘူးလို့ လျှောက်မပြောကြနဲ့ဦး။

(မှန်လှပါဘုရား)

စာတတ်မှုကား ဗိုက်ခေါက်ပါး။ နေ့လဲစာအံ၊ ညလဲစာအံ၊ ၁၂-နာရီ၊ နာရီပြန် ၁-ချက်ထိ အံတော့၊ အိပ်ရေးပျက်။ အိပ်ရေးပျက်တော့ ပိန်ချိပြီးနေတယ်မဟုတ်လား။

(မှန်လှပါဘုရား)

စာအံတော့ ပညာမတိုးဘူးလား။

(တိုးပါတယ်ဘုရား)

အသားအရေတိုးရဲ့လား။

(မတိုးပါဘုရား)

ပိန်ပြီးတော့နေတာ။ စာမတတ်တဲ့ ကိုယ်တော်များကျတော့၊ နေ့လဲကျိန်း၊ ညလဲကျိန်း၊ ဝဖြိုးနေတာပဲ။ ပညာကျတော့မတိုးဘူးတဲ့၊ အသားပဲတိုးတယ်။

(မှန်ပါဘုရား)

စာအံတဲ့ကိုယ်ကျော်ကျတော့ ပညာတိုးတယ်၊ အသားမတိုးဘူးတဲ့။

(မှန်လှပါဘုရား)

ဩော်–ဆရာတော်ဘုရားကြီးက ဒါရည်ရွယ်မိန့်တာ။ တရားနာပရိသတ်လဲ ဒီလိုပဲ ယခုတရားနာလာကြတဲ့ ပရိသတ်တွေက ဒီတရားတော်နာရတော့ ဗဟုသုတမရှိဘူးလား။

(ရှိပါတယ်ဘုရား)

ပညာမတိုးဘူးလား။

(တိုးပါတယ်ဘုရား)

တရားနာလာတော့ အိပ်ရေးမပျက်ဘူးလား ပျက်လား။

(ပျက်ပါတယ်ဘုရား)

အိပ်ရေးပျက်တော့ အသားတိုးသေးသလား။

(မတိုးပါဘူးဘုရား)

ဒါဖြင့် တို့ပရိသတ်က နွားဘဝကတော့ လွတ်သွားပြီ။

(လွတ်သွားပါပြီဘုရား)

အိမ်မှာကျန်ရစ်တဲ့ ကိုပျင်းထူတို့၊ မပျင်းထူတို့၊ ဘိုးပျင်းထူ၊ ဘွားပျင်းထူတို့ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

အဲဒါတွေက အိပ်ရေးပျက်မှာကြောက်လို့ တရားနာ လာရဲ့လား။

(မလာပါဘူးဘုရား)

ခုချိန်ဆိုရင် တခေါခေါနဲ့ အိပ်နေရောပေါ့။ အိပ်နေတဲ့သူတွေ အသားမတိုးဘူးတဲ။

(တိုးပါတယ်ဘုရား)

ပညာတိုးရဲ့လား။

(မတိုးပါဘူးဘုရား)

အိမ်မှာအိပ်နေတဲ့သူတွေ ဘာတွေပါလိမ့်။

(နွားတွေပါဘုရား)

ခေါ်ချိန်ကချိန်ထားတယ်။ ကိုယ့်အိမ်ကဟာ ပါမှာစိုးနေတာ၊ ပရိသတ် အိမ်မှာအိပ်နေတဲ့သူတွေ ဘာတွေပါလိမ့်။

(နွားတွေပါဘုရား)

ပြောစမ်းပါ၊ အားနာမနေစမ်းပါနဲ့။ သူတို့မှ မနာချင်တဲ့ဥစ္စာပဲ။ အရှင်အာနန္ဒာဟောတာ ပြောတာပါ။ ဒီတရားဟောတဲ့ ဘုန်းကြီးဦးတိက္ခက ဟောတာ ပြောတာ မဟုတ်ဘူးလို့ ပြောလိုက်ကြပါဦး။ တော်ကြာ ဘုန်းကြီးပါ ထိနေပါဦးမယ်။

ဗလိဗဒ္ဓါဝ-နွားလား တိရစ္ဆာန်ကဲ့သို့၊ ဇီဝတိ-အသက်ရှင်ပါပေ၏။ တဿ-ထိုပုဂ္ဂိုလ်အား၊ မံသာနိ-အသားတို့သည်၊ ဝဍ္ဎန္တိ-တိုးပွားကုန်၏။ ပညာ-ပညာတရားသည်၊ နဝဍ္ဎတိ-နည်းနည်းကလေးမှ မတိုးပွားရိုး မှန်လှပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

## ပညာရှိကို ဆည်းကပ်ပါ

အရှင်အာနန္ဒာ ကောင်းကင်ကနေ ဟောတော်မူတယ်။ ပရိသတ်တွေ ငြိမ်သက်ပြီးနေတယ်။ ဗဟုသုတတွေရှာကြ၊ တရားတော်တွေ လိုက်စားကြလို့ ဒီလိုမိန့်ကြားခြင်း ဖြစ်ပါတယ်။ နောက်ပြီး ဆက်မိန့်ကြားတာက—

"ဗဟုဿုတံ ဥပါသေယျ၊
တဉ္စာပိ နဝိနာသယေ။
တံ မူလံ ဗြဟ္မစရိယဿ၊
တသ္မာ ဓမ္မဓရော သိယာ။"

ဘဒန္တာ-များလှသောင်းသောင်း ကပိလဝတ်ကောသလိယ တိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့၊ ဗဟုဿုတံ-စာပေပရိယတ်၌ နှံ့စပ်ကျွမ်းကျင် ဗဟုသုတပညာရှင် ဖြစ်ပေသော၊ ဗဟုသုတပညာရှင်ဖြစ်တဲ့ပုဂ္ဂိုလ်ကို၊ ဥပါသေယျ-ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ကြရာ၏။ သုတဉ္စာပိ-ဗဟုသုတရှိ

သော ပုဂ္ဂိုလ်ထံမှ ကြားနာရသော တရားဓမ္မကိုလည်း။ နဝိနာ·သယေ-မပျောက်မပျက်စေရာ။ တံ-ထိုသို့ မပျောက်စေခြင်းသည်။ ဗြဟ္မစရိယဿ-မဂ်ဖိုလ်၏။ မူလံ-ရရာရကြောင်း အားကောင်းသော အထောက်အပံ့ပေတည်း။ တသ္မာ-ထို့ကြောင့်။ ဘုမ္မေ-ကပိလဝတ်ကောလိယ တိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့သည်။ ဓမ္မဓရော-မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကိုဆောင်သည်။ သိယာ·ကောင်းစွာ မသွေ ဖြစ်အောင်အားထုတ်နိုင်ရစ်ကြကုန်ရာသတည်း။

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်၊ စာပေပရိယတ္တိ နှံ့စပ် ကျွမ်းကျင် ဗဟုသုတ ပညာရှင်ပုဂ္ဂိုလ်ကို ဥပါသေယျ—ဆည်းကပ်ပါတဲ့။

ဘုန်းကြီးဟို့ ဓမ္မပရိသတ်၊ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်ကို ဆည်းကပ်ကိုးကွယ်ပါ။ ယခု ဘဝနတ်ထံစံလွန်တော်မူတဲ့ ဆရာတော်ဘုရားကြီးသည် စာပေပရိယတ္တိ၌ အင်မတန်မှ တတ်ကျွမ်းတော်မူတယ်။ ဆရာတော်ဘုရားကြီးဟာ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ သုံးပြားသောပိဋကတ် နှံ့စပ် ကျွမ်းကျင်တော်မူတယ်။ ပါဠိတော် အဋ္ဌကထာ ဋီကာ အနုမဓု ယောဇနာဂဏ္ဌိ ကျမ်းစုံညီပြီးတော့ ပို့ချတော်မူလေ့ရှိတဲ့ ဆရာတော်ဘုရားကြီး။

ဝိနည်း ၅-ကျမ်းကို ပို့ချတော်မူခဲ့တာ၊ ၁၇-ခေါက်အဆုံးသို့ ရောက်တော်မူခဲ့တယ်။ သက်တော် ကိုးဆယ်အရွယ်ထိ ပရိယတ္တိ ပို့ချ၍၊ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့တဲ့ ဆရာတော်

ဘုရားကြီး။ အဲဒီလို ဆရာတော်ဘုရားကြီး ပခုက္ကူမြို့မှာ သာသနာဦးစီး ဦးဆောင်ပြုပြီး သာသနာပြု အားထုတ်ဆောင်ရွက်နေတာကို ဒကာ ဒကာမတွေက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် ထောက်ပင့်နေရတာ သိပ်အကျိုးကြီးတယ်။ ဒီလို ဆရာတော်ဘုရားကြီးတွေ ဆည်းကပ်ရတာ အမြတ်ထွက်တယ် ဒကာ ဒကာမတို့။

(မှန်လှပါဘုရား)

အဲဒါကြောင့် ဗဟုဿုတံ-ပရိယတ္တိ နှံ့စပ်ကျွမ်းကျင် ဗဟုသုတပညာရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို။ ဥပါသေယျ-ပေါင်းဖော်ယှဉ်တွဲမှီဝဲဆည်းကပ်ရာ၏။ သုတဥ္စာပိ-ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ထံမှ ကြားနာရတဲ့ တရားဓမ္မကိုလည်း။ နဝိနာသယေ-မပျောက်မပျက်စေရာ။ တံ-ထိုသို့ မပျောက်မပျက်စေခြင်းသည်။ ဗြဟ္မစရိယဿ-မဂ်ဖိုလ်၏။ မူလံ-ရှေးရှုကြောင်း၊ ရောက်ရာရောက်ကြောင်း * အားကောင်းသော အထောက်အပံ့ပါပေတည်း။ တသ္မာ-ထို့ကြောင့်။ ဓမ္မဓရော—တရားကို ဆောင်သည်။ သိယာ ဖြစ်ရစ်ကြဟု အာနန္ဒာက ကောင်းကင်က မှာတော်မူတယ်။

## ဗဟုသုတရှိတဲ့ရဟန်းကို ပူဇော်ပါ

"ဗဟုဿုတော ဓမ္မဓရော
ကောသာရက္ခော မဟေသိနော၊
စက္ခု သဗ္ဗဿ လောကဿ၊
ပူဇနိယော ဗဟုဿုတော။"

ဗဟုဿုတော-စာပေပရိယတ်၌ဗဟုသုတရှိသော။ ဓမ္မဓရော-မြတ်ဘုရားရဲ့ တရားတော်ကို ဆောင်သော။ မဟေသိနော-မြတ်စွာဘုရား၏။ ဂေါသာရက္ခော-တရားဘဏ္ဍာစိုးဘဏ္ဍာတိုက်ဖြစ်ပေထသော။ သဗ္ဗဿလောကဿ-လူနတ်ဗြဟ္မာ သတ္တဝါဟူသော လောကကြီး၏။ စက္ခု-ရွှေဆောင် မျက်စိသဖွယ်ဖြစ်ပေသော။ ဗဟုဿုတော-ဗဟုသုတပညာရှင်ဖြစ်တဲ့ ရဟန်းတော်များကို။ ပူဇနိယော-ကောင်းစွာမသွေ ပူဇော်သင့်ပူဇော်ထိုက်ပါပေသတည်း။ ။

(သာဓု၊ သာဓု၊ သာဓု)

ဗဟုသုတရှိတဲ့ ရဟန်းသံဃာတော်တွေကို ပူဇော်ရစ်ကြလို့ အရှင်အာနန္ဒာက မိန့်တော်မူတယ်။

အရှင်အာနန္ဒာဟာ သူကိုယ်တိုင်ကလဲ ဗဟုသုတရှိတယ်။ အဲဒီတော့ ပရိယတ္တိ ဗဟုသုတနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ပူဇော်ကြရမယ်ဆိုတဲ့အတိုင်း ယခု ပူဇော်ကြရမယ်။ ဆရာတော်ဘုရားကြီးကို နောက် ပူဇော်ချင်လို့ မဖြစ်တော့ဘူး။ ဒါ အန္တိမပူဇာ။ နောက်ဆုံး ပူဇော်ခြင်းပါပဲ၊ ဒါင်း- တို့ မပူဇော်လိုက်ရဘူးလို့ မဖြစ်ကြရလေအောင် ယခုလို ရုပ်ကလာပ်ကို ဦးခိုက်ပူဇော်သင့်ကြတယ်။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပူဇော်ကြရတယ်။ ပူဇော်ရမယ်။

"ဓမ္မာရာမော ဓမ္မရတော၊
ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊
သဒ္ဓမ္မာ န ပရိဟာယတိ။

ဓမ္မာရာမော-တရားတော်၌လဲပဲ မွေ့လျော်ပေထသော။ ဓမ္မရတော-တရားတော်ကိုလဲ နှစ်ခြိုက်ခြင်းရှိပေထသော။ ဓမ္မံ အနုဝိစိန္တယံ-တရားတော်ကို ထပ်ပြန်တလဲလဲ ဆင်ခြင်၍နေလေ့ရှိပေထသော။ ဓမ္မံအနုဿရံ-တရားတော်ကိုလဲ ထပ်ပြန်တလဲလဲ အောက်မေ့ နှလုံးသွင်း၍ နေလေ့ရှိပေထသော။ ဘိက္ခု-ရဟန်းတော်သည်။ ဘိက္ခု-ယောဂီဖြစ်တဲ့ပုဂ္ဂိုလ်သည်။ သဒ္ဓမ္မာ-သူတော်ကောင်း တရားမှ။နပရိဟာယတိ- နည်းနည်းကလေးမှ မဆုတ်ယုတ်ရိုး မှန်လှပါပေတော့သတည်း။ ။

(သာဓု၊ သာဓု၊ သာဓု)

ဒီဂါထာရဲ့ အဓိပ္ပါယ်က တရားကို နေ့ညမပြတ်၊ အဆက်မပြတ် ဒလစပ် ရှုမှတ်ပွားများ နှလုံးသွင်းအားထုတ်ပြီးတော့ နေမယ်ဆိုရင် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ဘူးတဲ့။ တရားတက်မယ်။ အားမထုတ်ရင် မတက်ဘူး။အင်း-အားထုတ်မှ တက်မယ်။ အားထုတ်မှ ရင့်ကျက်လာမယ်တဲ့။အရှင်အာနန္ဒာက ကောင်းကင်က ဟောတော်မူတယ်။

"အဗ္ဘာတီတသဟာယဿ
အတီတာဂတသတ္ထုနော။
နတ္ထိ တောဒိသံ မိတ္တံ၊
ယထာကာယဂတာသတိ"

(ထေရဂါထာ ၄-၄၁၉)

သူ-အားထုတ်တဲ့တရားကို ချီးမွမ်းထောမနာ ပြုပါတယ်။ ကောင်းကင်က။ပရိသတ်တွေ ငြိမ်သက်လို့၊ ရောဟိနီမြစ်ရေ တွေကလဲ တသွင်သွင်စီးလို့၊ ကောင်းကင်က ဟောကြားတဲ့ တရားတော်အသံကလဲ လွှမ်းလို့။ နောက်ဆုံးဟောကြားတော် မူခြင်းပါပဲ။

အဗ္ဘာတီတသဟာယဿ-မြတ်စွာဘုရားတည်းဟူသော သူ ငယ်ချင်း ကောင်းမှလဲ လွန်ပြီးဖြစ်ပေသော၊ အတီတာဂတ သတ္ထုနော-မဂ်ဖိုလ်ရကြောင်း တရားကောင်းကို ကောင်းစွာ ပြတတ်တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးမှလဲ လွန်တော် မူပြီးဖြစ်ထသော။ သတ္တဿ-သတ္တဝါအား။ ကာယဂတာ-ခန္ဓာ ကိုယ်၌ဖြစ်သော။ သတိ-သတိသည်။ မိတ္တံယထာ-အဆွေခင်ပွန်း ဖြစ်သကဲ့သို့။ တောဒိသံမိတ္တံ-ထိုကာယဂတာသတိနှင့် တူသော မိတ်ကောင်းသည်။ နတ္ထိ-လောကကြီး၌ နည်းနည်းကလေးမှ မရှိရှိးမှန်လှပါပေ၏။

အင်း-မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် မိတ်ဆွေ ကောင်းကတော့ကာယဂတာသတိကမ္မဋ္ဌာန်းတဲ့။ဘာကမ္မဋ္ဌာန်း တဲ့တုံး။

(ကာယဂတာသတိ ကမ္မဋ္ဌာန်းပါဘုရား)

"ကာယေ ပဝတ္တာ ဂတာ သတိ ကာယဂတာသတိ" ခန္ဓာမှာဖြစ်တဲ့ သတိဟာ ကာယဂတာသတိတဲ့နော်။

(မှန်လှပါဘုရား)

သူဆိုလိုတာက "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဆိုတော့ ကာယဂတာသတိ မဟုတ်ဘူးလား။

(ဟုတ်ပါတယ်ဘုရား)

အေး-အဲဒါ မိတ်ဆွေကောင်းတဲ့။ တရားဟာ ဘာတဲ့တုံး။

(မိတ်ဆွေကောင်းပါဘုရား)

လူလူချင်း ပေါင်းသင်းတယ်ဆိုတာ တော်ကြာနေ စိတ်ဒုက္ခပေးချင် ပေးတာပဲမဟုတ်လား။

(မှန်ပါ့ဘုရား)

ကောင်းကျိုးပေးချင်ရင် ပေးတာပဲ။

(မှန်ပါဘုရား)

ခင်တုန်းမင်တုန်း စကားကောင်းပြောတာပဲ။ အတော်နေ အတင်းပြောတာပဲ မဟုတ်လား။

(မှန်လှပါဘုရား)

ဟင်း၊ တော်ကြာနေ အတင်းပြောရုံက အနှောင့်အယှက် ပေးတာ ပိုသေးတယ်။ တရားများ ရှုနေကြည့်ပါလား။တရားက ဒကာတို့ကို အနှောင့်အယှက်ပေးမလား။

(မပေးပါဘုရား)

အေးငြိမ်းမှု မပေးဘူးလား။

(ပေးပါတယ်ဘုရား)

တရားကို အဖော်လုပ်ရတယ်။ တရားကို မိတ်ဆွေလုပ်ရတယ်။ အဘိုးအို၊ အဘွားအိုတွေ မှတ်ထား။

(မှန်ပါဘုရား)

ယနေ့ခေတ် အဘိုးအို၊ အဘွားအိုတွေက တရားလက်လွတ် ငှက်တောင်ကျွတ် ဖြစ်နေကြတယ်။ ဘာဖြစ်လို့ အရှင်ဘုရားက အဘိုးအို၊ အဘွားအိုတွေ တရားလက်လွတ် ငှက်တောင်ကျွတ် ဖြစ်တာ တပ်အပ်ပြောနိုင်တုံးလို့ ဒကာတို့က ပြောလိမ့်မယ်။ ဖြစ်ကိုဖြစ်လို့ ဘုန်းကြီးကပြောတာ။

ရှေးတုန်းက အဘိုးအိုတွေ အဘွားအိုတွေ ရုပ်ရှင်ရုံတို့ဘာတို့ သွားကြည့်ကြရိုးထုံးစံ မရှိဘူး။ ညပိုင်းဆိုရင် ကြေးစည်လေး ခေါက်ပြီးတော့ ဂုဏ်တော်တို့ ပရိတ်ကြီး(၁၁)သုတ်တို့ သတိပဋ္ဌာန်တို့ကို ရွတ်ပွားပြီးတော့ အားထုတ်နေလေ့ရှိတယ်။ ယနေ့ခေတ် အဘိုးအို အဘွားအိုတွေက ဒီလိုမဟုတ်ဘူး။ဘုရားစင်နား

တယ်လီဗေးရှင်းက ရောက်လာပြီ။ ညစာလဲစားပြီးရော ဘုရားလဲ ဝတ်မတက်၊ ကြေးစည်လဲမခေါက်၊ ပရိတ်လဲမရွတ်၊ တယ်လီဗေးရှင်း အနီးထိုင်ပြီး ကြည့်တော့တာပဲ။ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ ဂြိုဟ်တုသတင်းကလေး၊ ဂြိုဟ်တုသတင်းကလေးနဲ့၊ ဇာတ်ထုပ်တွေလဲ အကုန်ကြည့်ကြပြီ။

ဟိုအရင်တုန်းကသွားကျိုးပါးကျိုး အဘိုးအိုတွေက ရုပ်ရှင်သွားရမှာကို ရှက်လို့မသွားဘူး။ ယနေ့ခေတ်ကျတော့ ဘုရားစင်ဘေးရောက်လာတော့ အိမ်မှာကုလားထိုင်ပေါ်ခြေထောက်ကြီးတွေ ဘုရားစင်ဘက် လှည့်ချကြည့်တော့တာပဲ၊ အဲဒီလိုဖြစ်တာ၊ အင်း....အသက်ကြီးမှ ဘာဝနာ လုပ်ရမယ့် အရွယ်၊ တတိယအရွယ် ဘာဝနာလုပ်ရမယ့်အရွယ်။ ဘာဖြစ်ကုန်ကြတုံး၊ တတိယအရွယ်မှာ တယ်လီဗေးရှင်း ပြောင်းလိုက်ကြပြီနော်။

အင်း....မန္တလေးမှာ ဒကာမတစ်ယောက် ပြောပါမယ်။ သားသမီးတွေကလဲသူ့ကိုရောဂါဝေဒနာခံစားနေရလို့တဲ့၊ စိတ်ချမ်းသာမှုရှိအောင်ဆိုပြီးတော့ ခုတင်ပေါ်မှာ ခေါင်းအုံးနှစ်လုံးသုံးလုံးထပ်ပြီးတော့ ကျောနဲ့မှီပေးထားတယ်၊ ဟိုကအသဲကင်ဆာရောဂါ ဖြစ်နေတာ။ ဒီက ခုတင်ခြေရင်းကနေတယ်လီဗေးရှင်းတောင် ဖွင့်ပေးထားတယ်။ ဟုတ်ပေ့ကွာလို့။ လူမမာလဲကြည့်၊ ဟိုက က,သူက က,လို့၊ အင်း– ကြည့်သူကကြည့်လို့၊ ရောဂါခံစားရင်း တယ်လီဗေးရှင်ကြည့်ရင်းသေသွားတယ်။ အဲဒီဒကာမကြီး အပါယ်လေးပါးသာဖြစ်မှာ သေချာတယ်။ သေခါနီးမှာ ဒါနနဲ့၊ သီလနဲ့၊ ဘာဝနာနဲ့ အာရုံ

ပြုပြီးတော့ သေနိုင်ဖို့ ကြိုးစားရမှာ မဟုတ်ဘူးလား။ တွေး ကြည့်လိုက်က ရင်လေးလွန်းလို့ ဘုန်းကြီးပြောတာပါ။ တရား ကလေးရှု ဘာဝနာလေးပွားနေရမှာ ဟုတ်တယ်မဟုတ်လား။

(မှန်ပါဘုရား)

အဲဒါ အဗ္ဘာတီတသဟာယဿ၊ အတီတဂတဿတ္ထုနော နတ္ထိ တောဒိသံ မိတ္တံ၊ ယထာကာယဂတာသတိ။

ခြော်—တရားကလေး ရှုနေရမှာ၊ တရားဟာ မိတ်ဆွေ အဖော်တဲ့။ တယ်လီဗေးရှင်းဟာ မိတ်ဆွေ အဖော်မဟုတ်ဘူး ဆိုတာ ပြောတာကနေပြီး ထွက်သွားတာနော်။

(မှန်ပါဘုရား)

အဲဒီမှာ ဆက်ပြီးတော့ ကောင်းကင်ကနေ ဟောပြန်ပါ တယ်၊

ပဏ္ဏဝီသတိဝဿာနိ၊
သေခဘူတဿ မေ သတော။
န ကာမသညာ ဥပ္ပဇ္ဇိ၊
န ဒေါသညာ ဥပ္ပဇ္ဇိ၊
န မောဟသညာ ဥပ္ပဇ္ဇိ၊
ပဿ ဓမ္မ သုဓမ္မတံ။

သောဘန္တော-များလှသောင်းသောင်း ကပိလဝတ် ကောလိယ တိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့။ ပဏ္ဏ-

င်သတိ၀ဿာနိ—၂၅ နှစ်တို့ ကာလပတ်လုံး။ သောဘုတာဿ-တရားကျင့်သော သေက္ခပုဂ္ဂိုလ်တို့မျှ သာလျှင်။ သတော သန္တဿ-ဖြစ်သော။ မေ-ငါ့အား။ ကာမဿညာ-ကာမသညာ သည်။ ဒေါသဿညာ-ဒေါသသညာသည်။ မောဟဿညာ-မောဟသညာသည်၊ န ဥပ္ပဇ္ဇိ-တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးပါ။ ဓမ္မဿ-တရားတော်မြတ်၏၊ ရှုမှတ်တဲ့ တရားတော် မြတ်၏။ သုဓမ္မတံ-ကောင်းသော တရားတော်၏အဖြစ်ကို။ တုမှေ-သင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်။ ပဿ-စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ကြကုန်ရာသဘည်း။

(သာဓု၊ သာဓု၊ သာဓု)

တရားတော်ကို ရှုပါ။ ပဿ ဓမ္မသုဓမ္မတံ - တရားတော်ရဲ့ ကောင်းတဲ့တရားတော်အဖြစ်ကို ရှုပါ နှလုံးသွင်းပါလို့ အရှင် အာနန္ဒာကမိန့်တယ်။ သူဟာ တရားကျင့်ဆဲ သေက္ခပုဂ္ဂိုလ် သောတာပန်အဖြစ်နဲ့ နေခဲ့ရတာ (၂၅) နှစ်။ ကာမသညာ၊ ဒေါသသညာ၊ မောဟသညာ မဖြစ်ပါဘူးလို့ မိန့်ကြားတော် မူပါတယ်။ တစ်ဖန်ဆက်ပြီးတော့—

ပဏ္ဏာဝီသတိ ဝဿာနိ၊
ဘဂဝန္တံ ဥပဋ္ဌဟိံ။
မေတ္တေန ကာယကမ္မေန၊
မေတ္တေန ဝစီကမ္မေန၊
မေတ္တေန မနောကမ္မေန၊
ဆာယာဝ အနုပါယိနီ—(ထေရဂါထာ-ဌ ၄၂၀)

ဘောဓန္တော-များလှသောင်းသောင်း ကပိလဝတ် ကောလိယ တိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့။အဟော်-ပေါ်သည်။ ဘဂဝန္တံ-ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ ဆာယာဝ-အရိပ်ပမာကဲ့သို့။ အနုပါယိနီ၊ အနုယာယိနီ-အစဉ်တစိုက် နောက်ကလိုက်သည် ဖြစ်၍။ မေတ္တေနကာယကမ္မေန-မေတ္တာကာယကံဖြင့်။ မေတ္တေန ဝစီ-ကမ္မေန-မေတ္တာဝစီကံဖြင့်။ မေတ္တေန မနောကမ္မေန-မေတ္တာမနောကံဖြင့်။ ပဉ္စဝီသတိဝဿာနိ-၂၅ နှစ်တို့ကာလပတ်လုံး။ ဘဂဝန္တံ - နောင်တော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ ဥပဋ္ဌဟိံ - လုပ်ကျွေးပြုစုခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

မြတ်ဗုဒ္ဓဘုရားကို လုပ်ကျွေးပြုစုခဲ့တာ ၂၅ နှစ်။သက်တော် ၅၅ နှစ်ကစပြီး လုပ်ကျွေးခဲ့တယ်။ အားလုံးပေါင်း ပရိနိဗ္ဗာန်စံတဲ့အထိ လုပ်ကျွေးခဲ့တာ ၂၅ နှစ်ကြာတယ်။

ညောင်းညာတဲ့အခါ ခြေဆုပ်လက်နယ်ပြုခြင်း— မေတ္တာကာယကံ၊ အရှင်ဘုရား, တပည့်တော် စသည်ဖြင့် ပြောဆိုလျှောက်ထားခြင်း-မေတ္တာဝစီကံ၊ မြတ်စွာဘုရား၏ပုံတော်နှင့်ဂုဏ်တော်ကို စိတ်ထဲက ကြည်ညိုနေခြင်း မေတ္တာမနောကံတို့ဖြင့် နေ့ညမပြတ် ပြုစုလုပ်ကျွေးနေခဲ့တဲ့ ညီတော်အာနန္ဒာဖြစ်ပါတယ်။ အဲဒီလိုလုပ်ကျွေးခဲ့ကြောင်းကို ပြဆိုတဲ့ ဂါထာဖြစ်ပါတယ်။ အဲဒီနောက် သာသနာပြုခဲ့ကြောင်းကို ဆက်၍မိန့်ကြားတာက—

ပရိစိဏ္ဏော မယာ သတ္ထာ၊
ကတံ ဗုဒ္ဓဿ သာသနံ။
ဩဟိတော ဂရုကော ဘာရော၊
ဘဝနေတ္တိသမူဟတော။

(ထေရဂါထာ-ဌ-၄၂၁)

ဘဝန္တော - ကပိလဝတ် ကောလိယ တိုင်းသူပြည်သား အပေါင်းတို့။ မယာ-ငါသည်၊ သတ္ထာ-ရှင်တော်မြတ်ဘုရားကြီးကို၊ ပရိစိဏ္ဏော-နေ့ညမပြတ် ပြုစုလုပ်ကျွေးခဲ့လေပြီ၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သာသနံ-သာသနာတော်မြတ်ကြီးကို၊ ကတံ-ပြုစုအားထုတ်ခဲ့ပါပြီ၊ ဘဝနေတ္တိ-သုံးဆယ့်တစ်ဘုံ၌ ရှေ့ရှု ဆောင်တတ်သောတဏှာကို၊ သမူဟတော-နုတ်အပ်သည်ဖြစ်၍၊ ဂရုကော-လေးလံလှစွာသော၊ ဘာရော-ခန္ဓာဝန်ထုပ်ကြီးကို၊ ဩဟိတော-ကောင်းစွာမသေ့ အပြီးသတ် စွန့်ပစ်အပ်ပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

အရှင်အာနန္ဒာက ငါသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား နှစ်ဆယ့်ငါးနှစ်ကာလပတ်လုံး နေ့ညမပြတ် ပြုစုလုပ်ကျွေးခဲ့သဖြင့် တာဝန်ကျေပွန်ပါပြီ၊ ဒါတင်မက မြတ်စွာဘုရားရဲ့ ပရိယတ် ပဋိပတ် ပဋိဝေဓဆိုတဲ့ သာသနာ ၃ ရပ်ကိုလဲ ခိုင်ခံ့အောင် ကြီးပွားအောင် အားထုတ်ပြုစုရွက်ဆောင်ရှ်လဲ ပြီးပါပြီ၊ ဘဝ သုံးပါး၌ တုပ်နှောင်ဖွဲ့ချည်တတ်သော တဏှာကိုလဲ အရဟတ္တမဂ်နဲ့ပယ်ဖြတ်ပြီး၍ ဘုံသရာမှာ ခန္ဓာ

ဝန်ထုပ်ကိုလဲ ချ၍ပြီးပါပြီ ဆိုတဲ့အကြောင်းကောင်းကင်က မိန့်ကြားနေတော်မူပါတယ်။ ဆက်လက်ပြီး အရှင်အာနန္ဒာက သူ တရားထူးရ၍ ဘဝနိဂုံးဆုံးပြီဖြစ်ကြောင်း မိန့်ကြားတာက—

ယဿစတ္ထာယ ပဗ္ဗဇိတော၊
အဂါရသ္မာ အနဂါရိယံ။
သော မေ အတ္ထောအနုပ္ပတ္တော
သဗ္ဗသံယောဇနက္ခယော။

(ထေရဂါထာ ပါ)

ဘဝန္တော - ကပိလဝတ် ကောလိယ တိုင်းသူ ပြည်သားအပေါင်းသူတော်ကောင်းတို့၊ မယာ-ငါသည်၊ ယဿ-အကြင်အရဟတ္တဖိုလ်၏၊ အတ္ထာယ-အကျိုးငှာ၊ အဂါရသ္မာ-အိမ်ရာတည်ထောင်လူတို့ဘောင်မှ၊ အနဂါရိယံ-ရဟန်းဘောင်၌၊ ပဗ္ဗဇိတော-ရဟန်းခံခဲ့ပါပေ၏၊ သဗ္ဗသံယောဇနက္ခယော - အလုံးစုံသောသံယောဇဉ်တို့၏ကုန်ရာဖြစ်သော၊ သော အတ္ထော-ထိုအရဟတ္တဖိုလ်တည်းဟူသော အကျိုးတရားသို့၊ မေ မယာ-ငါသည်။ အနုပ္ပတ္တော-ကောင်းစွာမသွေ ရောက်ရပါလေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဆိုလိုတဲ့အဓိပ္ပာယ်က အရဟတ္တဖိုလ်ရဖို့အတွက် သူဟာ ရဟန်းဘောင်ကို တက်ခဲ့ရာမှာ ယခုအခါ သံယောဇဉ်ကုန်ရာ

အရဟတ္တဖိုလ်သို့ အထွတ်အထိပ် ရောက်၍ အောင်မြင်ပြီ ဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။

ကမ္ဘာတစ်သိန်းထက်ကစပြီး ဆုတောင်းပါရမီဖြည့်ခဲ့ရတာ ယခုအခါ ပြည့်စုံအောင်မြင်ပြီးဖြစ်၍ ဝမ်းသာသဖြင့်၊ ဒကာ ဒကာမတွေလဲ သူ့လိုဖြစ်စေချင်လို့ မိန့်ကြားတာဖြစ်ပါတယ်။ အဲဒါလို မိန့်ကြားပြီးမှ နောက်ဆုံးပိတ် မိန့်ကြားတဲ့ဂါထာ ကတော့—

"သမ္မာဒေထပ္ပမာဒေန၊
ဧသာ မေ အနုသာသနီ။
ဟန္ဒာဟံ ပရိနိဗ္ဗိဿံ၊
ဝိပ္ပမုတ္တောမှိ သဗ္ဗဓိ-(ထေရဂါထာ)

ဘဝန္တော၊ များလှသောင်းသောင်း ကပိလဝတ် ကောလိယ တိုင်းသူပြည်သားအပေါင်း သူတော်ကောင်းတို့။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ သတိသမ္ပဇည တရားနှင့်။ သမ္မာဒေထ၊ ပြည့်စုံအောင် အားထုတ်နေထိုင်ရစ်ကြကုန်လော့။ ဧသာ၊ ဤသို့မှာကြားဒီစကားသည်။ မေ၊ အာနန္ဒာဟု သညာ မှည့်ခေါ် ငါရဟန်းတော်၏။ အနုသာသနီ၊ အဖန်ဖန်အထပ် ထပ် မမေ့အောင် မှာကြားအပ်သော အနုသာသနီ စကားဖြစ် ပါပေ၏။ ဟန္ဒ၊ ယခုချက်ချင်းပင်။ အဟံ၊ ငါသည်။ ပရိနိဗ္ဗိဿံ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းပေတော့အံ့။ သဗ္ဗဓိ၊ အလုံးစုံသော တေဘူမကဝဋ္ဋဒုက္ခမှ။ ဝိပ္ပမုတ္တော၊ ကောင်းစွာ

ရှင်းကျွတ် ကင်းလွတ်ထွက်မြောက်ရခြင်းသည်။ အမှို စင်စစ် မကွာ ဖြစ်ရပါတော့အံ့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

အရှင်အာနန္ဒာက ကပိလဝတ် ကောလိယတို့ ငါမရှိတဲ့ နောက်မှာလဲ ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတို့၌ သတိလက်မလွတ်ကြရန် နောက်ဆုံး အနုသာသနီဩဝါဒဖြင့် မိန့်ကြားတော်မူပါတယ်။ ယနေ့ပဲ ပရိနိဗ္ဗာန်စံတော့မယ်၊ ငါ တော့ သံသရာမှလွတ်မြောက်ပြီလို့ နောက်ဆုံးမိန့်ကြားတော်မူ ပြီးနောက် အရှင်အာနန္ဒာ၏အသံဘော် ဟိတ်ဟိတ်ငြိမ်သက် သွားပါတယ်။

အရှင်အာနန္ဒာသည် ခါတ်တော် ကိုယ်စီကိုယ်ငှ ရစေ သတည်းဟု အဓိဋ္ဌာန်ပြုတော်မူ၍ တေဇောဓာတ်သိုက်းကိုဝင်စား တော်မူတယ်။ တေဇောဆိုတာက မီးကိုဆိုလိုပါတယ်၊ မှန်ရဲ့ လား ပရိသတ်။

(မှန်ပါဘုရား)

## အရှင်အာနန္ဒာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံပြီ

ခန္ဓာကိုယ်တော်မှ မီးတောက်မီးလျှံတွေ ရဲရဲညီးပြီးတော့ နေတာပဲ၊ တင်ပျဉ်ခွေလျက်နေ၏။ မီးအလျှံတွေ တစ်ကိုယ် လုံးကထွက်ပြီးတော့ လာခဲ့ပြီ။ ဟိုအရှေ့လောကဓာတ်အာသူရိန်

နေဝန်းကလဲ ရဲရဲညီး တောက်ပပြီးတော့ နေတယ်။ အာနန္ဒာ မထေရ်မြတ်၏ ခန္ဓာတော်ကလည်း ရဲရဲညီး တောက်ပပြီးတော့ နေတယ်။ မီးအားအင်မတန်ကောင်းတယ်။ တဖြည်းဖြည်းနဲ့ မီးအားလျော့လာတဲ့အခါမှာ အောက်ကကြည့်ကြတဲ့ ပရိသတ်တွေက ဝိုင်းဝိုင်းစက်စက်ပုံသဏ္ဍာန် မြင်ကြရတယ်။ အရှေ့က သဘာဝနေဝန်းကြီးတစ်ခု၊ ပရိသတ်ရဲ့ ထက်ကောင်းကင်က သူ့ရိုန်နေဝန်းကြီးသဖွယ်ကတစ်ခု မြင်တွေ့နေကြရတယ်။

အဲဒီမှာ ကပိလဝတ် ကောလိယ ဒကာ ဒကာမတွေဟာ အရှင်အာနန္ဒာ နေဝန်းကြီးသဏ္ဍာန် ပေါ်တဲ့အချိန်က စပြီးတော့ "ဆိန္ဒပါတံ ပပတန္တု" ကမ်းပါး ပြတ်ကျသလို လဲ၍ ငိုပွဲဆင် နေကြတယ်။ "အာဝတ္တန္တိ" ရှေ့သို့လိမ့်၍ ငိုကြတယ်၊ "ဝိဝတ္တန္တိ" နောက်ပြန် လိမ့်တဲ့လိမ့်တဲ့ပြီးတော့ ငိုကြွေးပူဆွေး နေရှာကြပါတယ်။

"ဗဟုဿုတော ဓမ္မဓရော၊
ကောသာရက္ခော မဟေသိနော။
စက္ခုသဗ္ဗဿလောကဿ၊
အာနန္ဒော ပရိနိဗ္ဗုတော။" (ထေရဂါထာပါဠိ)

ဒကာ ဒကာမတွေဟာ ရောဟိနီမြစ်ရဲ့ အထက်ကောင်းကင်မှာ ရဲရဲညီးပြီးတော့နေတဲ့ အရှင်အာနန္ဒာရဲ့ သရီရ ခန္ဓာကိုယ်တော်ကို ကြည့်ရှုရင်းနဲ့ ငိုကြွေး၍နေကြပုံက....

ဗဟုဿုတော- စာပေပရိယတ် နှံ့စပ်ကျွမ်းကျင် ဗဟုသုတ ပညာရှင် ဖြစ်တော်မူပေထသော။ ဓမ္မဓရော-သုတ် ဝိနည်း အဘိဓမ္မာ သုံးဖြာသောပိဋကတ်ကိုလဲ ဆောင်တော်မူနိုင်ပေထ သော။ မဟေသိနော-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ ကောသာရက္ခော-တရားဘဏ္ဍာစိုး ဘဏ္ဍာတိုက်ကြီးလဲဖြစ်တော် မူပေထသော။ သဗ္ဗဿလောကဿ—လူနတ်ဗြဟ္မာ သတ္တဝါဟူ သော လောကကြီး၏။ စက္ခု-ရှေ့ဆောင် မျက်လုံးသဖွယ်လဲ ဖြစ်တော် မူပေထသော။ ယော အာနန္ဒော - မြတ်စွာဘုရားရဲ့ ညီဖွား သည်းချာ အာနန္ဒာမထေရ်မြတ်သည်။ ပရိနိဗ္ဗုတော- ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ရုပ်သိမ်းကြီး ရုပ်သိမ်းတော်မူခဲ့ပါ ပေဇတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

အာနန္ဒာမထေရ်မြတ် ပရိနိဗ္ဗာန်စံပြီ။ အာနန္ဒာမထေရ် မြတ်ကြီး ပရိနိဗ္ဗာန်စံပေါ့။ ဗဟုသုတပညာရှင် ဖြစ်တော်မူတဲ့ အရှင်ဘုရားအာနန္ဒာ၊ သုတ်,ဝိနည်း,အဘိဓမ္မာ သုံးဖြာသော ပိဋကတ်ကို မေ့တယ်၊ လျော့တယ်မရှိ ဆောင်နိုင်တော်မူတဲ့ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပေါ့။ တရားဘဏ္ဍာစိုး၊ တရား ဘဏ္ဍာတိုက်ကြီး ပြိုပေါ့ကွဲပေါ့။ လူနတ်တို့ရဲ့ ရှေ့ဆောင်မျက်လုံး သဖွယ် ဖြစ်တော်မူတဲ့အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပေါ့လို့ နှမျော လွန်းလို့ တသ,လွန်းလို့ ငိုကြွေးရှာကြတယ်။

အေး.... အာဂမမဟာပဏ္ဍိတ ဂန္ထရုဏာဝဟ ဖြစ်တော်မူတဲ့ သက်တော် (၉၂) နှစ်ရှိ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သည်လဲပဲ စာပေတာဝန်ထမ်းဆောင်ရာမှ ငါ့တာဝန်ကျေပြီ၊ အပန်းပြေအနားယူအုံးမယ်ဆိုပြီးတော့ ဘဝနတ်နန်း စံမြန်း တော်မူခဲ့ပြီ။ ပရိယတ္တိပညာတွေ နှမြောစရာ ကောင်းလှပါ တယ်။ နောက်ထပ် ဒီဆရာတော်ဘုရားကြီးထံမှ ပညာရင်နို့ သောက်စို့ချင်လို့ အင်း.... ငိုကြွေးပြီးနေသော်လဲ မရတော့ ဘူး။

အရှင်အာနန္ဒာမထေရ်မြတ်သည်လဲ ထိုနည်းတူစွာပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ။ နှမြောတသလွန်းလို့ ငိုကြွေးကြပါတယ်။ အဲဒီမှာ သူရိန်နေဝန်းကြီးသဖွယ် ရဲရဲညီးပြီးတော့နေပါတယ်။ ရောဟိနီမြစ်ရေကတော့ အဝိဇ္ဇာဏကဖြစ်လို့ ဘာမှမသိဘူး တသွင်သွင်နဲ့ စီးဆင်းလို့ ရေပြင်မှာ အရိပ်ကထင်ပြီးတော့နေ ပါတယ်။ ရေစီးကတော့ စီးမြဲပါပဲ။ အရှေ့က သူရိန်နေဝန်း ကြီး အရောင်နဲ့ အဲဒီမှာ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ရဲ့ ခန္ဓာတော်ကဖြစ်တဲ့ အရောင်နဲ့ပေါင်းစပ်တော့ အလင်းရောင် ဟာ ပိုပြီးတောက်ပနေတယ်။

## ရောင်ခြည်တော်အမျိုးမျိုးပြတဲ့ ခေတ်ပေါင်းစုကြီး

အဓိဋ္ဌာန်တော်မူခဲ့တဲ့အတိုင်း ရဲရဲညီးနေတဲ့ အရောင်ကနေ တဖြည်းဖြည်းချင်း ပန်းနုရောင်အဆင်းပြောင်းပြီးတော့ ဖျော့

တော့သော ငွေရောင်အဆင်း တောက်ပသွားတယ်။ လပြည့်ဝန်းကြီးသဖွယ် ဝိုင်းဝိုင်းစက်စက်ကြီး ဖြစ်သွားသတဲ့၊ အဲပထမတော့ ရဲရဲညီးအလုံးအဝန်းကြီးပေါ့။ ဒုတိယ ပန်းရောင်ကနေ ဖြူဖွေးတောက်ပတဲ့ လပြည့်ဝန်းကြီးလို ဖြစ်သွားတယ်။ ခေတ်ပေါင်းစုကြီးပေါ့နော်။ အဲဒီပုံစံသို့ ပြောင်းသွားတဲ့အခါမှာလဲပဲ ဒကာ ဒကာမတွေက လက်အုပ်ချီမိုးရှိခိုး ငိုကြွေးကြပြန်တယ်။ ကပိလဝတ်ကောလိယ နှစ်တိုင်း-နှစ်ပြည်စလုံးပေါ့နော်။

## ရောပါဒ်နှံမြစ်ကမ်းနှစ်ဖက် ပျံဝဲကွန့်မြူး

“ဗဟုဿုတော ဓမ္မဓရော၊
ကောသာရက္ခော မဟေသိနော။
စက္ခု သဗ္ဗဿလောကဿ၊
အာနန္ဒော တမောနုဒေါ။” (ထေရဂါထာပါဠိ)

ဗဟုဿုတော-တေပိဋကဓရိယတ် နှံစပ်ကျွမ်းကျင် ဗဟုသုတပညာရှင်လဲ ဖြစ်ပေထသော။ ဓမ္မဓရော-မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်ကိုလဲ ဆောင်တော်မူနိုင်ပေထသော။ မဟေသိနော - မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ ကောသာရက္ခော - တရားဘဏ္ဍာစိုး ဘဏ္ဍာတိုက်သဖွယ်လဲ ဖြစ်တော်မူပေထသော။ သဗ္ဗဿလောကဿ - လူနတ်ဗြဟ္မာ သတ္တဝါ ဟူသော လောကကြီး၏။ စက္ခု - ရှေ့ဆောင်မျက်လုံးသဖွယ်လဲ ဖြစ်ပေထသော။ အာနန္ဒော-အဝိဇ္ဇာတည်း ဟူသော အမှောင်ထုဥ်။ တမောနုဒေါ၊ ဝိဇ္ဇာတည်းဟူသော

ဉာဏ်ရောင်အလင်းကိုလဲ ထွန်းပေါင်းတောက်ပ စေနိုင်ထသော။ အာနန္ဒာ-မြတ်စွာဘုရား ညီဘွား သည်းချာ အာနန္ဒာ မထေရ်မြတ်သည်။ ပရိနိဗ္ဗုတော-ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ရုပ်သိမ်းကြီး ရုပ်သိမ်းတော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဗဟုသုတ ပညာရှင်ဖြစ်တော်မူတဲ့ အာနန္ဒာ ပရိနိဗ္ဗာန်စံပေါ့၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တဲ့ အာနန္ဒာ ပရိနိဗ္ဗာန်ပြုပြီ၊ တရားဘဏ္ဍာစိုးကြီး ပရိနိဗ္ဗာန်စံပြီ၊ ရွှေဆောင် မျက်စိသဖွယ် သာသနာ့ရွှေဆောင်ဖြစ်တဲ့ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပြီ၊ အဝိဇ္ဇာအမှောင်ကို ဖြိုခွဲနိုင်တဲ့ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပြီ စသည်ဖြင့် ငိုကြွေး၍နေရှာကြတယ်။

ဓိဋ္ဌာန်တော် မူခဲ့တဲ့အတိုင်း လပြည့်ဝန်းကြီးရဲ့ အသွင်သဏ္ဌာန်ကနေပြီးတော့ ကောင်းကင်မှာ နက်စွာသော အသံကြီးမြည်ဟီး၍ လပြည့်ဝန်းကြီးသဏ္ဌာန်ကနေ ပေါက်ကွဲကာ လွတ်လပ်ရေးအခါကာလ မီးရှူးမီးပန်း ပစ်လိုက်တဲ့အခါမှာ ပေါက်ကွဲပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားသလို ကောင်းကင်မှာ ကြယ်တာရာများသဖွယ် အဆင့်သို့ပြောင်းပြီး ပျံ့နှံ့သွားတယ်။

အဲဒီပေါက်ကွဲသွားရာမှ ကြယ်တာရာသဖွယ် ဓာတ်တော်တို့သည် ကောင်းကင်ထက်မှာ ဝဲပျံပြီးတော့ နေကြပြီ။ ကပိလ

ဝတ်တိုင်းပြည်ဘက်မှာလဲ ကြယ်တာရာတွေဝဲလို့၊ ခတ်တော်အကြမ်းထည်တွေပေါ့။ ကောလိယတိုင်းပြည်ဘက်မှာလဲဝဲလို့။ ထိုမှ ဤမှ ရွေ့လျားပြီးတော့ နေတယ်။ တန်ဆောင်မုန်းလပြည့်နေ့ည အခါကာလ ကြယ်တာရာများ ကောင်းကင်မှာတည်ရှိနေသလို မြင်ကြ တွေ့ကြရပါတယ်။ အဲဒီမှာ ဒကာဒကာမတွေက ငိုကြွေးပြီးတော့ နေရှာကြပြန်ပါတယ်။

## တေဇောခတ်ငြိမ်းပြီး ခတ်တော်မိုးရွာ

"ဂုတ္တိမန္တော သတိမန္တော၊
ဓိတိမန္တော စ ယော ဣသိ၊
သဒ္ဓမ္မဓာရကော ထေရော၊
အာနန္ဒော ရတနာကရော။ ။

ဂုတ္တိမန္တော-ခက်ခဲနက်နဲသော ပညာနဲ့လဲ ပြည့်စုံတော်မူပေထသော။ သတိမန္တော-သတိလည်း ကောင်းတော်မူပေထသော။ ဓိတိမန္တော-လုံ့လဝီရိယလဲ ကောင်းတော်မူပေထသော။ ဣသိ-သီလအစရှိသော ဂုဏ်ကျေးဇူးကိုလဲ ရှာမှီးတော်မူလေ့ ရှိပေထသော။ သဒ္ဓမ္မဓာရကော-မဂ္ဂင်ရှစ်ပါး တည်းဟူသော လှေဖောင်ဖြင့်နိဗ္ဗာန်သောင်သို့ ပို့ဆောင်ကယ်တင်တော်မူတတ်ပေထသော။ ယော ထေရော-အကြင် အာနန္ဒာမထေရ်မြတ်သည်။ အတ္ထိ-ရှိပါပေ၏။ သော ထေရော-ထိုအာနန္ဒာမထေရ်မြတ်သည်။ (ဝ၁)-ငါတို့ရဲ့ ကြည်ညိုရာ၊ ကိုးစားရာ၊

အားထားရာဖြစ်တော်မူပါသော အရှင်အာနန္ဒာ မသေရုံဖြတ်ကြီးသည်။ ပရိနိဗ္ဗုတော-ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ရုပ်သိမ်းကြီး ရုပ်သိမ်းတော်မူခဲ့လေပြီတကား။

(သာဓု၊ သာဓု၊ သာဓု)

အင်း–အားလုံးသော ဒကာ ဒကာမတွေ ငိုကြွေး၍နေရှာကြပုံ၊ ပညာကြီးတဲ့ အရှင်အာနန္ဒာ၊ သတိကောင်းတဲ့ အရှင်အာနန္ဒာ၊ ဝီရိယကောင်းတဲ့ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပြီ။ မဂ္ဂင်ရှစ်ပါး လှေဖောင်ကြီးဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတွေ နိဗ္ဗာန်သို့ ကယ်တင်တော်မူတတ်တဲ့ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံပေါ့လို့ ဆိုပြီးတော့ ငိုကြွေးကြတယ်တဲ့။

အဲဒီမှာ ဓာတ်တော်တွေ ဝဲပျံနေရာမှ မိဋ္ဌာန်ခဲ့တဲ့အတိုင်း တေဇောဓာတ်များ ငြိမ်းပြီး ကြယ်တာရာများရဲ့ အဆင့်မှ မုန်ညင်းစေ့ပမာဏ အကုန်လုံး ပြိုကွဲပြီးတော့ သွားတယ်။ ကောင်းကင်မှ ဓာတ်တော်မိုး ရွာချတယ်။ ပရိသတ် ဘာမိုး ရွာသလဲ။

(ဓာတ်တော်မိုး ရွာပါတယ်ဘုရား)

အစိတ်စိတ်ထပ်ဆင့်ထပ်ဆင့် ကွဲပြီးတော့ ကောင်းကင်က ဓာတ်တော် မွှေတော် မိုးရွာချတယ်။ ရောဟိနီမြစ်ရဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်း အကုန်ကျတယ်။ မရတဲ့ ဒကာ ဒကာမ မရှိ

ဘူးတဲ့နော်။ အဲဒီမှာ ခုတ်တော်ကလေးတွေ လက်ဝါးပေါ် တင်ပြီးတော့—

"ဣဒါ နိနေသတ္ထာ ပရိနိဗ္ဗုတောတိ ဝိလပန္တာ ဝိစရိံသု" တဲ့။ (ဓမ္မပဒအဋ္ဌကထာ)

ဣဒါနိ-ယခုအခါကာလ၌။ နော-ငါတို့၏။ သတ္ထာ-ဆရာ တစ်ဆူဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်ကြီးသည်။ ပရိနိဗ္ဗုတော-ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ရုပ်သိမ်းတော်မူခဲ့ ပြီ။ ဣတိ-ဤသို့။ ဝိလပန္တာ-ငိုယို မြည်တမ်းကြကုန်သည်ဖြစ်၍။ ဝိစရိံသု-အရှူးသဖွယ်ထိုမှ ဤမှ လှည့်လည်ပြေးသွား၍ နေရှာ ကြလေကုန်ပြီ။

အရှင်အာနန္ဒာမထေရ်မြတ် ပရိနိဗ္ဗာန်စံပြီ၊ တို့ရဲ့ဆရာသမား ပရိနိဗ္ဗာန်စံပြီလို့ ဆိုပြီးတော့ ခုတ်တော်လေးတွေကြည့်ပြီး မိမိတို့နေရာ အိမ်ဂေဟာသို့ ပြန်သွားကြတယ်တဲ့။ အရှင် အာနန္ဒာကို နှမြောလွန်းလို့ အရူးသဖွယ် ဖြစ်ကြရရှာတယ် တဲ့။ ရန်ဖြစ်ကြသေးရဲ့လား ပရိသတ်။

(မဖြစ်တော့ပါဘူးဘုရား)

ခုတ်တော်မွေတော် ကိုယ်စီကိုယ်ငှ ယူဆောင်ပြီး အိမ်သို့ အသီးသီး ပြန်သွားတယ်တဲ့။အဲဒါကတော့ အားလုံး ဆွေတော် မျိုးတော်တွေကို ချီးမြှောက်ခြင်းပါ။

ယခု ဘဝနတ်ထံ စံလွန်တော်မူတဲ့ ဆရာတော်ဘုရားကြီး သည်လဲပဲ ကျုံပခုက္ကူမြို့မှာပင်လျှင် သာသနာတော်ကို ပြုစု တော်မူပြီးတော့ ပခုက္ကူမြို့သား ဒကာ ဒကာမ အများတို့အား ချီးမြှောက်တဲ့အနေနဲ့ ဒီမှာပဲ ခေါင်းချ၊ ဘဝနတ်နန်း စံမြန်း တော်မူသွားရှိအဲဒီ သရီရရုပ်ကလာပ်တော်ကိုဒကာဒကာမတွေ ပူဇော်ခွင့်ရကြတာဟာ ကံကောင်းခြင်းပါပဲတဲ့။ မှန်ရဲ့သား ပရိသတ်။

(မှန်ပါတယ်ဘုရား)

အရှင်ကောဏ္ဍည မထေရ်မြတ်ကြီး ပရိနိဗ္ဗာန် စံတော့ ဟိမဝန္တာ တောထဲမှာ စံတယ်နော်။ ဆင်တကာတွေကို ချီးမြှောက်သွားတယ်။ ဟိမဝန္တာမှာ ဆင်တွေကနေပြီးတော့ ပြုစုတာ။

အရှင်သာရိပုတ္တရာကတော့ မယ်တော်ကြီး ချီးမြှောက်တဲ့ အနေနဲ့ သူ့အခန်းမှာ ပြန်ပြီးတော့ ပရိနိဗ္ဗာန်ပြုတယ်။

မြတ်စွာဘုရားက ကုသိနာရုံမှာကြွပြီးတော့ ပရိနိဗ္ဗာန်ပြု တယ်။

အရှင်မောဂ္ဂလာန်ကတော့ ဣသိဂိလိတောင်ခြေ၊ ကာလ သေလာ ကျောက်ညိုဖျာပေါ်မှာ ပရိနိဗ္ဗာန် ပြုတော်မူတယ်။

အရှင်ရာဟုလာကတော့ တာဝတိံသာနတ်ပြည်မှာ တက် ပြီးတော့ ပရိနိဗ္ဗာန် ပြုတော်မူတယ်။ ဒါ ချီးမြှောက်တာကို ပြောတာပါ။

အရှင်ရာဟုလာ ပရိနိဗ္ဗာန်စံခန်း ဘုန်းကြီးဟောချင်လို့။ ပါဠိတော် အဋ္ဌကထာဋီကာ စုမ်းနိုင်သလို လိုက်ရှာတာမတွေ့သေးဘူး။ ကစ်ချို့က နာချင်လို့မေးတယ်။ "ရာဟုလော, တာဝတိံသေသု ပရိဗ္ဗုတော"လို့ သံယုဂ်အဋ္ဌကထာများမှာတော့ တွေ့ပါတယ်။ ရာဟုလာ တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန် သွားပြုတယ်တဲ့။ တာဝတိံသာနတ်ဟောကို သွားချီးမြှောက်တာပါပဲ။ ဘယ်လိုအခြင်းအရာပုံစံဖြင့် ပရိနိဗ္ဗာန်စံတယ်ဆိုတာ မတွေ့ပါဘူး။

အဲဒါကြောင့်မို့ ဆရာတော်ဘုရားကြီးသည် ဒီမှာပဲ သက်တော်(၈၂)အထိ သုတ္တန်-ဝိနည်း-အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တွေပို့ချလို့၊ ဒီမှာပဲ ဘဝနတ်နန်း စံမြန်းတော်မူသွား၍ သရီရရုပ်ကလာပ်တော်ကို ပူဇော်ခွင့်ရရှိကြတယ်လို့ဆိုပြီးတော့ နောက်ဆုံးပူဇော်ကြနော်။

(မှန်လှပါဘုရား)

"ပူဇာရဟေ ပူဇယတော ဗုဒ္ဓေဝါ ယဒိသာဝကေ" လို့ ဆိုတာ ဓမ္မပဒမှာ မိန့်ကြားချက်ရှိပါတယ်။ ပူဇော်သင့်ပူဇော်ထိုက်တဲ့ ဘုရားနဲ့ ဘုရားရဲ့တပည့်သား သာဝက တို့ကို ပူဇော်ကြတဲ့။ ပပဉ္စသမတိက္ကန္တေတိဏ္ဏာသောကပရိဒ္ဒဝေ" တဲ့ သံသရာမှ လွတ်မြောက်ပြီးဖြစ်တဲ့၊ သောကမှငြိမ်းပြီးဖြစ်ကြတဲ့ ဗုဒ္ဓနဲ့ တပည့်သား သာဝကတွေကို ပူဇော်ကြလို့ဆိုတဲ့ ဒေသနာတော်နဲ့အညီပါပဲတဲ့နော်။

(မှန်လှပါဘုရား)

ဤသည်ပင်လျှင် အရှင်အာနန္ဒာမထေရ်မြတ် ပရိနိဗ္ဗာန် စံခန်း အပြီးအဆုံး နိဂုံးသတ်သွားပြီ။

## ပဋ္ဌာနနိဂုံး

ဘုန်းကြီးတို့ ဘဝကို မြေတောင် မြှောက်ပေးလိုက်တဲ့ ကျောင်းတိုက်ကြီးဖြစ်လို့၊ ပညာရည်နို့ သောက်စို့ရာ ကျောင်းတိုက်ကြီးဖြစ်လို့၊ ကျေးဇူးရှင်ဆရာသမားများဖြစ်လို့၊ တရားနဲ့ အားရပါးရ ပူဇော်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဘုန်းကြီးအနေနဲ့က တော့ ဓမ္မပူဇာဖြင့် ပူဇော်ပြီးပြီ။ ဒကာ ဒကာမတွေက အာမိသ ပူဇာနဲ့ ပူဇော်နိုင်ကြပါစေလို့ ပဋ္ဌာနာပြုရင်း နိဂုံး ချုပ်ကြစို့ လိုက်ဆို—

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊
ဣဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ။"

ဘန္တေ-အရှင်ဘုရား။ မေအမှာကံ တပည့်တော်တို့၏။ ဣဒံ ပုညံ-ယန္နေ့ယခု ဆရာတော်ဘုရားကြီးအား ရည်မှန်း၍ လှူဒါန်း ရသော အာမိသဒါနကုသိုလ်၊ တရားပွဲသဘင်ဆင်ယင်ကျင်းပ၍ ပူဇော်ရသော ဓမ္မဒါနကုသိုလ်သည်။ နိဗ္ဗာနဿ-မီးတစ်ဆယ့်

တစ်တန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်ရွှေပြည်မြတ်၏။ ပစ္စယော-ရရာရကြောင်း အားကောင်းသော အထောက်အပံ့သည်။ ဟောတု-ဖြစ်ပါစေသတည်း။

ဣဒံပုညဘာဂံ-ဤကောင်းမှု ဤကုသိုလ်၏ အဖို့ဘာဂကို။ သဗ္ဗသတ္တာနံ- အမိအဘ ဆရာသမား အမှူးရှိကုန်သော သုံးဆယ့်တစ်ဘုံ အလုံးစုံသော သတ္တဝါအပေါင်းတို့အား။ ဘာဇေမ-အမျှပေးဝေပါကုန်၏။ ဘာဇေမ-အမျှပေးဝေပါကုန်၏။ ဘာဇေမ-အမျှပေးဝေပါကုန်၏။ သဗ္ဗေသတ္တာ-အလုံးစုံသော သတ္တဝါအပေါင်းတို့သည်။ အမှေဟိ-အကျွန်ုပ်တို့နှင့်။ သမသမံ-ထပ်တူညီမျှ။ ပုညဘာဂံ-ကောင်းမှုကုသိုလ် အဖို့ဘာဂကို။ လဘန္တု-ရကြပါစေကုန်သတည်း။ လဘိတွာ-အမျှရကြကုန်သည်ဖြစ်၍။ သုခိတာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ မုဒိတာ-ဝမ်းသာကြကုန်သည်။ နိရောဂါ-ရောဂါကင်းကြကုန်သည်။ နိဗ္ဘယာ-ဘေးရန်ကင်းကြကုန်သည်။ နိဒ္ဒုက္ခာ-ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း....။

(သာဓု၊ သာဓု၊ သာဓု)

အားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးရန်ကင်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။
အလိုရှိသောဆု ပြည့်စုံကြပါစေ။

ဤတွင် ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်း တရားတော် ပြီး၏။

ညီတော်အာနန္ဒာ ပရိနိဗ္ဗာန်စံခန်းတရားတော် စာအုပ်အတွက်

## ဓမ္မဒါန ကုသိုလ်ရှင်များ

စဉ် အလှူရှင်အမည်

၅၇၅ကျပ် လှူဒါန်းသောအလှူရှင်

၁။ စံပြကွက်သစ်ယောဂီများ ပတ်ကိုးပျော်ဘွယ်ရပ်
မန္တလေး

၅၀၀ကျပ် လှူဒါန်းသောအလှူရှင်

၂။ တောင်ထားဝယ်ယောဂီများ မန္တလေး

၃၀၀ ကျပ်-လှူဒါန်းသောအလှူရှင်

၃။ ဦးဟန်သိန်း-ဒေါ်တင်တင်အုန်း
ဆင်ခြေကော်ကောင်ဖိနပ်၊ မန္တလေး

၂၅၀ ကျပ်လှူဒါန်းသောအလှူရှင်များ

၄။ ဦးဝိစိတ္တာလင်္ကာရ တောင်စလင်းတိုက်သစ်
၅။ မခင်ပြုံး မြေနီကျင်းရပ်၊ မန္တလေး

၆။ ဦးစံဝ-ဒေါ်ညွန့်ညွန့် မိသားစု
ရွှေကြေးစည် အိမ်တော်ရာ၊ မန္တလေး
၇။ ဦးရွှေမန်း-ဒေါ်မြင့်မြင့်ရွှေ ဒီဘိုးဝင်းရပ်၊ မန္တလေး
၈။ ဦးသိန်း-ဒေါ်ခင်သန်း ထင်းဝင်းအိုးဘိုရပ် မန္တလေး
၉။ ဦးဘိုကြီး-ဒေါ်မြသန်း မျက်ပါးရပ်၊ မန္တလေး
၁၀။ [ဦးသန်းရွှေ]ရည်စူး၍ ဒေါ်ဝင်း
သား မောင်မြင့်ဆွေ၊ သမီးမကြူကြူဝင်း
လေးကောင်းရပ်၊ မန္တလေး
၁၁။ ဦးဇော်သိန်း-ဒေါ်တင်ရွှေ
ဇော်သိန်း ခေတ်လွှန်ပရိဘောဂ၊ မန္တလေး
၁၂။ ဦးလှအောင်-ဒေါ်ခင်မေ မိဘဂုဏ်ရောင်ပရိဘောဂ
၁၃။ ဦးညွန့်မောင်-ဒေါ်တင်ဦး ရွှေလှန်ရပ်၊မန္တလေး
၁၄။ ယောဂီ ဒေါ်တင်တင်
ဘောင်စလင်းတိုက်သစ်၊မန္တလေး
၁၅။ ဒုရဲအုပ် ဦးခဲအောင်ကို-ဒေါ်သီတာသန်း
သမီး မဟန်ဝင့်ဝါကို ကျပ်ပြင်ရဲစခန်း၊ မိုးကုတ်
၁၆။ မောင်ဦးအေးအား ရည်စူး၍
ဦးဘိုသန်း-ဒေါ်ကြည်စိန်မိသားစု
စိဗ္ဗလိုင်းရပ်၊မန္တလေး
၁၇။ ဦးကျော်ဟိုး-ဒေါ်စိန်ယုံ သာရဝေါ
၁၈။ ဦးတင်မောင်-ဒေါ်ကြည် ရည်စူး၍ မိသားစု
မောရဂီဝါရပ်၊ မန္တလေး

## ၁၂၅ ကျပ် လှူဒါန်းသောအလှူရှင်များ

၁၉။ ဒေါ်တင် ထရံကာဝင်း မန္တလေး
၂၀။ ဦးကိုလေး-ဒေါ်ကြည်အေး
တိုင်းအရန်ရဲတပ်ဖွဲ့ မန္တလေး
၂၁။ ဒေါ်ငွေ(အငြိမ်းစားဆရာမ)ရန်မျိုးလုံရပ်၊ မန္တလေး
၂၂။ ဦးပေါ်ဦး-ဒေါ်စိစိစန်း ထီးတိုင်ဈေး၊ မန္တလေး
၂၃။ ဦးခင်မောင်-ဒေါ်သိ ထီးတိုင်ဈေး၊ မန္တလေး
၂၄။ ဦးအောင်ခင်-ဒေါ်လှရင် ထီးတိုင်ဈေး၊ မန္တလေး
၂၅။ ဦးမောင်မောင်-ဒေါ်စောမြ ရန်မျိုးလုံရပ်၊ မန္တလေး
၂၆။ ဒေါ်မြခင် ရွှေဟိုင်းဈေး၊ မန္တလေး
၂၇။ ဦးကျော်မင်း-ဒေါ်ခင်အုံးမြင့် ကန်းတွင်းရပ်၊ မန္တလေး
၂၈။ ဦးသန်းနွံအောင်-ဒေါ်ရှိစိ မူဆယ်မြို့
၂၉။ ဒေါ်လှလှ မိသားစု ဃ-၅/၃၄ မြို့သစ်၊ မန္တလေး
၃၀။ ဦးလှသွယ်-ဒေါ်အုံးရွှေ မြမာလာဖိနပ်၊ မန္တလေး
၃၁။ ဒေါ်ညွန့်ညွန့်မိသားစု မင်္ဂလာညွန့်ထိုးမုန့်၊ မန္တလေး

## ၁၀၀ ကျပ် လှူဒါန်းသောအလှူရှင်များ

၃၂။ ဦးအောင်ဒင်-ဒေါ်မေရင် မောရဂီဝါရပ်၊မန္တလေး
၃၃။ ဦးသောင်းစိန်-ဒေါ်ခင်စိန်
ကြောနွယ်စဉ် ကျားတက်တန်း
၃၄။ ဦးသန်းမောင်-ဒေါ်စန်း မဟာနွယ်စဉ် ဒိုင်တော်ရပ်

၃၅။ ဦးကျော်မင်း-ဒေါ်အမာစိန်
ရွှေဒဂုံ၊ ညောင်ရိပ်မွန်၊ မန္တလေး
၃၆။ ဒေါ်မြင့်မြင့်သက် မိသားစု ရန်မျိုးလုံရပ်၊ မန္တလေး
၃၇။ ဒေါ်ခင်ကြည်အဖွဲ့ မုံရွာမြို့
၃၈။ ကိုကျော်ညွန့်-မမြင့်မြင့်နိုင် ထီးဘိုင်စျေး၊ မန္တလေး
၃၉။ ဦးအေးမောင် ရည်စူး၍ ဒေါ်ခင်မိသားစု
ထီးတိုင်စျေး၊ မန္တလေး
၄၀။ ဦးမြမောင်-ဒေါ်သန်းမေ
သိဒ္ဓိရှင်ဆေးသနပ်ခါး၊ မန္တလေး
၄၁။ ဦးကျင်စိန်၊ ဦးကျော်မင်း မောင်နှမတစ်စု
၄၂။ ဦးထွင်မောင်-ဒေါ်အုန်းမေ
မင်္ဂလာစျေး၊ ချယ်လီအအေးဆိုင်၊ မန္တလေး
၄၃။ ဦးထွန်းသောင်း(ရည်စူး၍)ဒေါ်မြတ်သန်း မိသားစု
စိဗ္ဗလိုင်းရပ်၊ မန္တလေး
၄၄။ ဦးအောင်မင်း-ဒေါ်သိန်း၊ သမီး ဆရာမဒေါ်ခင်မြင့်
မိသားစု စိဗ္ဗလိုင်းရပ်၊ မန္တလေး

# ၂၅၀ မှ ၇၅၀ ထိ လှူဒါန်းသော ဓမ္မဒါန ကုသိုလ်ရှင်များ

| စဉ် | အလှူရှင်အမည် | |
|---|---|---|
| ၁။ | ဦးကြည်ပွား(နှမ)ဒေါ်ကြည်ကြည်၊ | တောင်ကုန်းကြီး |
| ၂။ | ဦးဘကန့်-ဒေါ်ခင်ညွန့် | တောင်ကုန်းကြီး |
| ၃။ | ဦးဆောင်-ဒေါ်အေးရီ | တောင်ကုန်းကြီး |
| ၄။ | ဒေါ်စိန်စိန် မိသားစု | တောင်ကုန်းကြီး |
| ၅။ | ဒေါ်ခင်ကြည် | ရန်ကုန် |
| ၆။ | ဦးငွေ-ဒေါ်လှိုင်မြင့် | လေးကောင်းရပ် |
| ၇။ | ဒေါ်ဈေး | မင်္ဂလာဈေး |
| ၈။ | ဒေါ်ရွှောက်ဟော်၊ ဒေါ်ရွှေရင် | မိုးကုတ် |
| ၉။ | မမြတ်မြတ် | တရုတ်တန်း၊ မန္တလေး |
| ၁၀။ | ဦးတင်မောင်-ဒေါ်ခင်ညွန့် မိသားစု<br>သား မောင်ဇော်ဝင်း၊ မောင်အေးလွင် | ကံကောက်ရွာသစ်၊ ပုသိမ်ကြီး |
| ၁၁။ | ဒေါ်ကြည်၊ ဒေါ်သန်း | ရွှေချည်ထိုး |
| ၁၂။ | ဒေါ်သန်းတင် | မင်္ဂလာဈေး |
| ၁၃။ | ဒေါ်တင်ညွန့် | မင်္ဂလာဈေး |
| ၁၄။ | ဦးစောမောင်-ဒေါ်မြင့်ကြည် | ဒဂုံမြို့သစ်မြောက်ပိုင်း |
| ၁၅။ | ဦးကျော်မောင်-ဒေါ်တင်ညွန့် | |

၁၆။ ဒေါ်မြခင် ရွာဟိုင်းဈေး မန္တလေး
၁၇။ ဦးချစ်ညွန့်-ဒေါ်ခင်ဆွေတင့် မန္တလေး
၁၈။ ဦးကျော်သန်း- မင်္ဂလာဈေး
၁၉။ ဦးစောမောင်-ဒေါ်တင် စံပြကွက်သစ်
၂၀။ ဦးလှညွန့်-ဒေါ်ခင်နု စိဗ္ဗလိုင်း
၂၁။ ဦးဘလွန်း-ဒေါ်လှရီ မိသားစု၊ ညွန့်ပေါင်းဈေး
၂၂။ ဦးစံမြိုင်-ဒေါ်သန်းရှိန် မိသားစု၊ အောင်တော်မူ
၂၃။ ဒေါ်မို မိသားစု စိန်ပန်းရပ်၊ မန္တလေး
၂၄။ ဒေါ်ပု၊ ဒေါ်ဆက် မန္တလေးမြို့
၂၅။ ဒေါ်သန်းတင်မောရဂီဝါရပ် မန္တလေးမြို့
၂၆။ ဦးကြည်မောင်-ဒေါ်စန်းစန်းတင် မိသားစု
လေးကောင်းရပ်၊ မန္တလေး
၂၇။ ဦးတင်ဦး-ဒေါ်ပြေ မိသားစု တရုတ်တန်း၊ မန္တလေး
၂၈။ ဆရာလေး မဈာနသိဂီ တောင်စလင်း၊ မန္တလေး
၂၉။ ဦးသိန်းတင်-ဒေါ်စိန်စိန် မိသားစု လေးကောင်းရပ်
မန္တလေး
၃၀။ ဒေါ်ကြွေ မိသားစု မန္တလေးမြို့
၃၁။ ဦးစိုးမြင့်-ဒေါ်ပုပု သဲတော
၃၂။ ဒေါ်ကျင်ရွှေ မိသားစု မန္တလေးမြို့
၃၃။ ဦးမောင်မောင်နိုင်-ဒေါ်သောင်းသောင်း မိသားစု
မန္တလေးမြို့
၃၄။ ဦးသိန်းသိန်း-ဒေါ်မြင့်မြင့် မိသားစု ။
၃၅။ ဦးစံပိုင်-ဒေါ်ကြည်ရင် မိသားစု ။

၃၆။ ဦးကျော်ရ-ဒေါ်စန်းကြည် မိသားစု ၁၉-လမ်း မန္တလေး

၃၇။ မရီမြင့်-မသန်းသန်းအေး ၁၉-လမ်း၊ မန္တလေး

၃၈။ ဦးညွန့်မောင်-ဒေါ်ကောင်း မိသားစု စံပြကွက်သစ်

၃၉။ ဒေါ်စိန်ညွန့် မိသားစု လေးကောင်းရပ်

၄၀။ ဦးအုန်းမြင့်-ဒေါ်ခင်ဦး မိသားစု ပေါက်ကုန်းပျော်ဘွယ်

၄၁။ ဦးစန်းမောင်-ဒေါ်မြင့်သိန်း မိသားစု ပေါက်ကုန်းပျော်ဘွယ်

၄၂။ ဒေါ်ခင် မိသားစု မောရဂိဒါရပ်၊ မန္တလေး

၄၃။ မမြင့်ခင် မာလကာခြံရပ် မန္တလေးမြို့

၄၄။ မသန်းသန်းဆင့် ။

၄၅။ ဦးမောင်ကို-ဒေါ်လှရှင် မိသားစု မြို့သစ်၊ မန္တလေး

၄၆။ ဒေါ်ခင်ရီ တောင်ထားဝယ်ရပ် ၃၅-လမ်း၊ မန္တလေး

၄၇။ ဦးငြိမ်းအောင်-ဒေါ်သိန်း ဆရာအတတ်သင်သိပ္ပံ

၄၈။ ဦးတင်အောင်-ဒေါ်ဝင်းကြည် မိသားစု စိဗ္ဗလိုင်း

၄၉။ ဦးတာတာ-ဒေါ်သန်းတင် မိသားစု ရန်မျိုးလုံ

၅၀။ ဒေါ်တင်အောင် မိသားစု စိတ္တရမဟီရပ်

၅၁။ ဦးလှသွယ်-ဒေါ်အုန်းရွှေ မိသားစု မြမာလာဖိနပ်

၅၂။ ဒေါ်ရီရီလှ မိသားစု စံပြကွက်သစ် ၊

၅၃။ ဒေါ်တင်အေး မိသားစု ရန်မျိုးလုံရပ်၊ မန္တလေး

၅၄။ ဦးရွှေ-ဒေါ်ခင်လှ မိသားစု စိဗ္ဗလိုင်း ။

၅၅။ ဦးစိုး-ဒေါ်သန်းမြ ရဲ ကြိုးမဲ့ကြေးနန်းတပ်ဖွဲ့ ။

၅၆။ ဦးသိန်းမြင့်-ဒေါ်ပို ရန်ကင်းတောင် ပုသိမ်ကြီး
၅၇။ ဦးတင်မောင်-ဒေါ်မြင့်မြင့်သန်း ရန်မျိုးလုံရပ်
၅၈။ ဦးကျော်ညွန့်-ဒေါ်ခင်စိုး ဆရာအတတ်သင်သိပ္ပံ
၅၉။ ဦးအေးမောင်-ဒေါ်သောင်း အကြော်စုရပ်
၆၀။ ဒေါ်တင်တင်ဝင်း၊ ဒေါ်အုန်းအုန်းဝင်း စိတ္တရမဟီရပ်
၆၁။ ဦးဘကြည်-ဒေါ်ခင်စော တံတိုင်း
၆၂။ ဒေါ်မမကြီး စိတ္တရမဟီရပ်
၆၃။ ဒေါ်အုန်းတင် သား ကိုဌေး မိသားစု ဒေးဝန်းအရှေ့
၆၄။ ဦးဇော်ဝင်း-ဒေါ်ဆွေဆွေဝင်း မိသားစု
၆၅။ ဦးလှမောင်-ဒေါ်မြရင် မိသားစု အောင်တော်မူ
၆၆။ ဒေါ်မူမူမြင့် မိသားစု ၂၂ အထက မန္တလေး
၆၇။ ဒေါ်ပု မိသားစု ။
၆၈။ ဒေါ်စန်းရီ၊ ဒေါ်ညွန့်ကြည် စိတ္တရမဟီ ကသဲဝင်း
၆၉။ ဦးအေးကျော်-ဒေါ်စန်းကြည် မိသားစု
၇၀။ ဒေါ်ကြည် မန္တလေး
၇၁။ ဦးထွန်းကြည်-ဒေါ်ရင် မိသားစု မင်္ဂလာဈေး
၇၂။ ဦးစိန်ဝင်း မိသားစု မန္တလေးမြို့
၇၃။ ဦးချစ်-ဒေါ်စောတင် မိသားစု ။
၇၄။ ဦးရန်နိုင်-ဒေါ်ကျင်မြ မိသားစု မြို့သစ်
၇၅။ ဒေါ်တင်ဦး မောရဂိဝါရပ်၊ မန္တလေး
၇၆။ ဦးသော်အား ရည်စူး၍ ဒေါ်ရင်မေ မိသားစု
၇၇။ ဦးချစ်စိုင်း-ဒေါ်စိန်ရီ မိသားစု လေးကောင်းရပ်
၇၈။ ဦးမောင်မောင်-ဒေါ်သန်းလှ ဗေဒမိကုန်း၊ မန္တလေး

၇၉။ ဦးသောင်းတင် မန္တလေး
၈၀။ ဦးထွန်းရီ-ဒေါ်မြင့်သန်း မိသားစု ပြည်လုံးချမ်းသာ
၈၁။ ဒေါ်သန်း မိသားစု မန္တလေးမြို့
၈၂။ ဒေါ်ခင်ကြီး မိသားစု ။
၈၃။ ဒေါ်ခင်သန်း ။
၈၄။ ဦးစိန်တုပ်-ဒေါ်လှိုင် မိသားစု ။
၈၅။ မမမိမိချို-မမသန္တာ ။
၈၆။ ဒေါ်ခင်မြ မိသားစု စိဗ္ဗိလိုင်း၊ မန္တလေး
၈၇။ ဒေါ်စိန်ရင် မိသားစု ဥယျာဉ်တန်း၊ မန္တလေး
၈၈။ ဒေါ်အုန်း သမီး စန်းစန်း ရွှေချည်ထိုးရပ်
၈၉။ ဦးလှထွန်း မိသားစု ရွှေလှန်ရပ်၊ မန္တလေးမြို့
၉၀။ ဦးမျိုးညွန့်-ဒေါ်မြမြစိန် သမီး မမိုမိုလှိုင်
နဘဲကြူးရပ်၊ မန္တလေး
၉၁။ ဦးတင်အောင်-ဒေါ်ခင်ဝိ နေဝန်းပဲခွဲစက်
၉၂။ ဦးမြင့်ဆွေ-ဒေါ်ကျင်သောင်း မိသားစု
မန္တလေးမြို့
၉၃။ ဦးမြင့်စိန်-ဒေါ်ကြူကြူ မိသားစု ။
၉၄။ ရွှေမြစက်ချုပ်စက် မိသားစု ။
၉၅။ ဦးထွန်းကြည်-ဒေါ်ရင် မိသားစု မင်္ဂလာဈေး
၉၆။ ဦးငွေအောင်-ဒေါ်စန်းစန်းထွေး မိသားစု
မောရဂီဝါစက်ဝန်း မန္တလေး
၉၇။ ဒေါ်အုန်းတင် ရွှေခဲပွားရွာ ပုသိမ်ကြီး
၉၈။ ဦးစံတင်-ဒေါ်ဝင်းကြည် မိသားစု မဟာမြိုင်

၉၉။ မောင်မြင့်ခွေး (ကွယ်လွန်) လေးကောင်းရပ်
၁၀၀။ ဒေါ်အေးရီ မောရဂီဝါရပ်၊ မန္တလေး
၁၀၁။ ဦးသိန်းဒန်-ဒေါ်တင်ဦး
သား မောင်ဝင်းမြင့် မိသားစု
စိတ္တရမဟီရပ်၊ ရွှေအိမ်နန်းကဖေး၊ မန္တလေး
၁၀၂။ ဦးလှထူး-ဒေါ်အုန်းတင် မိသားစု မန္တလေးမြို့
၁၀၃။ ဒေါ်အေးမြိုင် သမီး ခိုခိုခိုင် ရွှေချည်ထိုးရပ်
၁၀၄။ ဦးအောင်သန်း-ဒေါ်ခင်သန်း စံပြကွက်သစ်
မန္တလေး
၁၀၅။ ဒေါ်လှ မိသားစု မြင်းတန်းရပ်၊မန္တလေး
၁၀၆။ ဒေါ်ခင်တင့် သား မောင်မောင်ဦး
သမီး အိဒိဒိသိန်း ကဋ္ဌနမဟီရပ်၊ မန္တလေး
၁၀၇။ ကိုကိုနဲ့ အသဲပြုမ မေတ္တာရှေ ရန်ကုန်

ဗဟုဿုတော စမ္မရော၊
ကောသာရက္ခော မဟောသိနော။
စက္ခု သမ္ဗဿ လောကဿ၊
ပူဇနီယော ဗဟုဿုတော။

တရားရတနာကို အမှတ်ထင်ထင် ပူဇော်ချင်ရင် ဗဟုဿုတရှိပြီး၊တရားတော်ကို ကျင့်ဆောင်၊ လောကသားတို့ကို အသိပညာ အလင်းရောင်ပေးတတ်၊ မြတ်စွာဘုရားရဲ့သားတော်မြတ် ရဟန်းတော်ကို ပူဇော်ပါ၊

(အာနန္ဒထေရဂါထာ)